မဟာကမ္မဋ္ဌာနာစရိယ

မောင်းထောင်

မြေဇင်းတောရဆရာတော်ဘုရားကြီး

# ဒဿနုပါရဂူကျမ်း

နိဗ္ဗာနမဂ္ဂအာနာပါန

## အလုပ်ပေးတရားတော်

(သမထ–ပထမပိုင်း)



ဓမ္မာစရိယဦးဌေးလှိုင်

စုစည်းစီစဉ်၍ အမှာနိဒါန်းရေးသည်။

ဘုရားကြိုက်သောပူဇော်ခြင်း

ရဟန်းဖြစ်စေ ...

လူဖြစ်စေ ...

ယခုလို

တစ်ရှူ-တစ်ရှိုက်

တရားရှုမှတ်ပွားများပြီး

ပူဇော်တာကမှ

'ပရမာယ ပူဇာယ

အကောင်းဆုံး

ပူဇော်ခြင်း ... 'တဲ့ဗျာ။

မောင်းထောင်မြေဇင်းကောရဆရာတော်ဘုရားကြီး

design : konyi (2003/2)

မဟာကမ္မဋ္ဌာနာစရိယ

မောင်းထောင်

မြေဇင်းတောရဆရာတော်ဘုရားကြီး

# ဒဿနပါရဂူကျမ်း

နိဗ္ဗာနမဂ္ဂအာနာပါန

အလုပ်ပေးတရားတော်


(သမထ၊ ပထမပိုင်း)

ဓမ္မာစရိယဦးဌေးလှိုင်

စုစည်းစီစဉ်၍ အမှာနိဒါန်းရေးသည်။

သာသနာ-၂၅၄၆ ကောဇာ-၁၃၆၄ ခရစ်-၂၀၀၃

ရန်ကုန်မြို့-ကမ္ဘာအေး
သာသနာရေးဝန်ကြီးဌာန
သာသနာရေး **ဦးစီးဌာန** ပုံနှိပ်တိုက်အတွက်-
ဦးလှချို(၀၄၈၂၉)
တိုက်ဂါးအော့ဖ်ဆက်၊ အမှတ်-၁၅
သုဒဿနလမ်း၊ ကျောက်မြောင်း
တာမွေမြို့နယ်၊ ရန်ကုန် (ဖုန်း-၅၆၀၈၂၉)က
တာဝန်ယူပုံနှိပ်ပြီး
သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး
ဦးညွန့်မောင် (မှတ်ပုံတင်အမှတ်-၀၂၄၀၅/၀၂၅၂၇)က
ထုတ်ဝေသည်။




မောင်းထောင်
မြေဇင်းတောရဆရာတော်ဘုရားကြီး

2/24/03, 8:28 AM



မြေဇင်းတောရဆရာတော်ဘုရားကြီး၏
ခမည်းတော်ကြီးဦးဖိုးကဲ (၁၂၅၄-၁၃၅၀)
(ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းလက်ထက်၊ ဒုတိယ
မောင်းထောင် သာသနာပိုင်အရှင်ဉေယျဓမ္မ၏မြေးတော်)



ယောဂီပါရဂူကျမ်းပြု

ကန္နီရွှေသိမ်တော်တောရဆရာတော်ဘုရားကြီး

(၁၂၄၁-၁၃၂၈)

မောင်းထောင် မြေဇင်းတောရဆရာတော်ဘုရားကြီး
ရေးသားပြုစုပြီး

မြေဇင်းတောရဝိပဿနာ ပြန့်ပွားရေးအတွက်

'မြေဇင်းတောရ ရုပ်/သံစာပေအဖွဲ့' မှတာဝန်ယူဆောင်ရွက်ကာ

'ဗုဒ္ဓအသံစာပေ'မှ စီစဉ်ထုတ်ဝေသည့်

အောက်ပါစာအုပ်များကို

ဝယ်ယူဖတ်ရှု ဓမ္မဒါနပြုခြင်းဖြင့်


ကုသိုလ်အထူး ဆည်းပူးနိုင်ကြပါပြီ။

၁။ ဒသနပါရဂူကျမ်း (သမထ ပထမပိုင်း)၊

၂။ ဓမ္မစကြာကျမ်း၊

၃။ ကန်နီနည်းဥပနိသျ သမထ ဝိပဿနာလက်စွဲ နှင့်
သမိုင်းဦးသာသနာဝင်၊

၄။ မိုးကုတ်ပဋ္ဌာန်း (မြေဇင်းတောရဆရာတော်ဘုရားကြီး
စာသင်သားဘဝ မိုးကုတ်ဆရာတော်ဘုရားကြီးထံ
ပဋ္ဌာန်းသင်ယူခဲ့စဉ်က ရေးမှတ်ခဲ့သော လက်ရေးမှတ်စု
စာမူ)။



မြေဇင်းတောရဆရာတော်ဘုရားကြီး၏
မယ်တော်ကြီးဒေါ်ပြော့ (၁၂၅၅-၁၃၃၇)
(သီပေါမင်းလက်ထက် သံတော်ဆင့်သွေးသောက်ကြီး
ဦးဆိုင်၏ တူမ)

ဗုဒ္ဓအသံစာပေ

၁၉(စ)၊ မြစပယ်လမ်း

၈ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်

ရန်ကုန်မြို့၊ ဖုန်း-၆၆၅၂၁၁

## မာတိကာ


♦ သမိုင်းခြေရာခံ နိဒါန်းစကား------------------- (က)

(၁)

♦ ပရိကံ-ရှေးဦးပြုဖွယ်------------------------- ၁
(ယောဂီအရည်အချင်း ---တရားရမည့်သူအရည်အချင်း--
ဘဝကောင်းအခါကောင်း ဘဝဒေသာတရားတော်------
သူတော်ကောင်းတွေ နတ်ပြည်ကြောက်၊ မိရိုးဖလာနတ်
မပစ်ပယ်နှင့်၊ယောဂီဦးတောမောင်၊ သဗ္ဗတ္ထကကမ္မဋ္ဌာန်း-)၊

(၂)

♦ မေတ္တာဘာဝနာ ------------------------------ ၈၉

(၃)

♦ မရဏာနုဿတိဘာဝနာ ---------------------၁၀၀(က)

(၄)


♦ အာနာပါနဿတိ (အိတ်ဆောင်လက်စွဲကမ္မဋ္ဌာန်း)--၁၀၆

(က) သတိမြဲရာ ပထမာ -------------------- ၁၁၄

(အားထုတ်နည်း ---- မဂ္ဂင်စောင့်နည်း ---------
ကလျာဏပုထုဇဉ်ဖြစ်ပြီ---- လူဝကြီးတွေ သွက်လက်
ပေါ့ပါးလာ -----)။

(ခ) ဒုမှာ ရှည်တိုသိ -----------------------၁၄၀(က)

(နိမိတ်ပို့လွှတ်ပုံ --- သမထအပြစ်ပြောသူများ ------
နှစ်မိုင်အထက်ပို့လွှတ်ပုံ ---- နတ်ကတော် မှော်ဆရာ
မဖြစ်စေနဲ့ --- နတ်/ဗြဟ္မာပြည်ရှိ ဘုရားများဖူး ---
ကမ္ဘာပေါ်မှာ အဦးဆုံးစေတီ ----)။

(ဂ) လုံးစုံလင်းရာ တ,ဠ်သာ ----------------၁၈၃(က)

(မြေပြိုမှာစိုးလို့ ---နတ်ပြည်နှင့်ငရဲဘုံရောက်သူများ--
ငရဲနှင့်နတ်ပြည်ပြပြီး တရားဟောသူ -- ယမိုက်ပြာဋိဟာ
သတိရဖွယ် --- အပိုဆုရသူ ဒေါ်မြမြဝင်း ---- တရား

(ဃ) စ,မှာ ငြိမ်းစေဘိ ---------------------- ၂၀၂(က)
(အသက်မရှူ လူခုနစ်ယောက် --- ပဋ္ဌိဘာဂရဖို့မလွယ် --- ဆင်ထားလို့ ညွှမ့်စီးပါဦး --- ဘုရားရှင် အာနာပါန ချီးကျူး ---)။

ကိုယ့်ဝေစုကိုယ် ရအောင် ယူကြတရားတော် ------ ၂၃၂
(လယ်တီဆရာတော်နှင့် ပဋ္ဌိဘာဂနိမိတ် -------- ကင်းဝန်မင်းကြီး မျက်ရည်ကျတဲ့တရား ------- ဘုရားဖြစ်မယ့် အာနာပါန -- အရိယူပဝါဒကံကြီး သတိပြု လယ်တီဆရာတော် ဝေဖန်သတိပေး--ဘုရားဖြစ်မည့်နေ့ နေ့ထိုင်ပြုမူပုံ --- အာနာပါန ကူဋ္ဌာသယ ကမ္မဋ္ဌာန်း-- တစ်လောကလုံးကို ကြည့်ရှု၍ သင့်အတွက် ဝေစုထားခဲ့----)။

## နောက်ဆက်တွဲ

♦ ကန္နီဆရာတော်ဘုရားကြီးကိုယ်တိုင် ရေးသားတော်မူခဲ့သော အားထုတ်စဉ်အကျဉ်း ------- ၂၄၃

♦ အပ္ပနာစျာန်ထူထောင်နည်း --------------------- ၂၈၉

မာတိကာ ပြီး၏

မောင်းထောင်

## မြေဇင်းတောရ ရုပ်/သံစာပေအဖွဲ့

၁။ ဆရာတော် ဦးဣန္ဒာစာရ(ဓမ္မာစရိယ)
(အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ)
ယွန်းဆက်တိုက်၊ မောင်းထောင်။
၂။ ဆရာတော်ဦးစက္ကိန္ဒ
(ဓမ္မာစရိယ၊ မဟာစည်ကမ္မဋ္ဌာနာစရိယ၊ အမေရိက)၊
၃။ ဦးပရမ(ဓမ္မာစရိယ၊ B.Sc, Physics. သီရိလင်္ကာနိုင်ငံ)၊
၄။ ဦးစက္ကိန္ဒ(တက္ကသိလ ဓမ္မာစရိယ၊ B.A. Buddhism.
အင်္ဂလိပ်စာအဓိက–ဒုတိယနှစ်)
ရတနာပုဂံတိုက်၊ မန္တလေးမြို့။
၅။ ဦးထွန်းရွှေ (ဓမ္မာစရိယ၊ ဘီအေ)
လက်ထောက်ညွှန်ကြားရေးမှူး၊ ရန်ကုန်။
၆။ ဆရာဦးလှချစ် (သာမဏေကျော်–ဓမ္မာစရိယ)
မုံအို၊ မြေဇင်းတောရ။
၇။ ဆရာဦးဝင်းမောင်(ဓမ္မာစရိယ) ရေ –ဘုတလင်။
၈။ ဆရာစံ(ဓမ္မာစရိယ၊ ပါဠိပါရဂူ) အစုကြီး။
၉။ ဦးမြင့်သိန်း (ခ) ဦးဘဌေး(ဓမ္မာစရိယ) ရေကန်စု။
၁၀။ ဆရာကိုဆွေ B.Sc, Physics. ညောင်ကန်။
၁၁။ အကြံပေး ဓမ္မာစရိယ ဦးဌေးလှိုင်

### ဓမ္မာစရိယဦးငွေးလှိုင် ၏

# သမိုင်းခြေရာခံ နိဒါန်းစကား

(၁)

## ရွှေဥမင်ဆရာတော်ကြီး ဩဝါဒ

ကိုယ်တိုင်ကန္တီနည်းကို အားထုတ်ခွင့် ရသောအခါတွင်မှ 'တိဗက်ရဟန်းတော် အရှင်သျှီလတိဿမှ စတင်ခဲ့သည်' ဆိုသော သမိုင်းရင်းမြစ်နှင့် သမိုင်းကွင်းဆက်များ လေ့လာဖြစ်တော့၏။

အချိန်တိုတိုဖြင့် အံ့သြကြည်ညိုဖွယ်ရာ သဒ္ဒါဓာတ်ကို နှိုးဆွပေးနိုင်ပုံနှင့် ကျေးဇူးရှင် လယ်တီဆရာကော် (၁၂၀၈–၁၂၈၅) နှင့် ဝေဘူဆရာတော်ကြီးများပင် ဤနည်းကို လက်ခံကျင့်ကြံသွားတော်မူကြကြောင်း သိရပြန်သောအခါ ထက်သန်လာသော သဒ္ဒါတရားမှာ ပို၍ အားကောင်းသွားတော့သည်။

[မှတ်ချက်၊ ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး (၁၂၅၇–၁၃၃၉) လည်း တောထွက်စက ပထမဆုံး ရွှေဘို ပုသိမ်ကြီးတောရ၌ တစ်ဝါဆို နည်းခံသည်ဆိုသဖြင့် ဤကန္တီ နည်းကို စတင်အားထုတ်ခဲ့ရပေလိမ့်မည်။ ပုသိမ်ကြီးတောရ ဆရာတော်၏ ဓာတ်ပုံကိုလည်း ဆရာတော်ကြီးခေါင်းရင်း၌ အမြဲ ပူဇော် ချိတ်ဆွဲထားသည်ကို တွေ့ရ၏။]

## ရန်ကုန်လှပဒါး ရက် ၆၀ တရားစခန်း

ဝိပဿနာ တရားများ နည်းနိဿယစုံ ပြန့်ပွားလျက်ရှိသော ရန်ကုန် မြို့ ဧရိယာတွင် ကန္တီနည်းဥပနိဿယ အာနာပါန သမထ ဝိပဿနာ ရက် ၆၀– တရားစခန်းကို ၁၃၆၄–ခုနှစ်၊ တန်ခူးလဆန်း ၁၂–ရက်၊ (၂၄၊ ၄၊ ၂၀၀၂) မှ နယုန်လဆန်း ၁၃–ရက် (၂၃၊ ၆၊ ၀၂) ထိ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် လှပဒါးကျေးရွာကျောင်း၌ ဖွင့်လှစ်ခဲ့ကြသည်။

ပညာတတ် ရဟန်း၊ သီလရှင်၊ လူယောဂီ ၅၀ ကျော် တရားဝင်ခဲ့ကြ၏။ ဤခေတ်တွင် ထင်ရှားရှိနေသော ဝိပဿနာ နည်းမျိုးစုံကို လ–ချီ အားထုတ်ဖူးသူ ယောဂီက ပို၍ များ၏။ ပထမတွင် ခပ်အမ်းအမ်း ဖြစ်နေကြသော်လည်း သမထ တစ်လ၊ ဝိပဿနာ တစ်လ တရားစခန်း ပြီးသောအခါ ယောဂီများအားလုံး လိုလို အထူးရွှင်လန်း တက်ကြွနေကြ၏။ ရှေးက မခံစားဖူးသော

မေ့ရသကို ခံစားကြရသည်။

'မြန်မာနိုင်ငံ ပဋိပတ္တိသာသနာကို တစ်ခေတ် ပြောင်းပေးနိုင်၍ လက်တွေ့မှ ယုံကြည်လို သူများအတွက် ခေတ်ကောင်းဆို၍ ပြန်လည်ဆန်းသစ် ဖြစ်ပေါ်လာရသော နည်းစနစ်ကောင်းတစ်ခုဟု တူညီသော ခံစားချက်များ ဖြစ်ပေါ်စေခဲ့လေသည်။

## တရားအလှူရှင်နှင့် ပစ္စည်းအလှူရှင်

တရားပြသသော ဆရာတော်ကား သက်တော် ၈၂ နှစ်ရှိ မဟာစည်၊ ဝေဘူ၊ အင်ချောင်နှင့် ကန္နီဆရာတော်ကြီးများ တပည့်၊ ပဌမသံဂါယနာ ရတနာပုံခေတ် ဒုတိယ မောင်းထောင် သာသနာပိုင်ကြီး အရှင်ဥေယျမေ့၏ မြစ်တော်၊ မဟာကမ္မဋ္ဌာနာစရိယ မောင်းထောင် မြေဇင်းတောရ ဆရာတော်ကြီး ဖြစ်သည်။

ပစ္စည်းလေးပါးဖြင့် နှစ်လတိုင်တိုင် ဝေယျာဝစ္စတာဝန်ယူ ကျင်းပသောအဖွဲ့မှာ ကွက်လပ်ဖြည့်–မ,တည်အလှူရှင် ရွှေသရဖူ ဦးသန်းအောင်၊ ဦးစောသာယံ၊ နိုင်ငံတော် တရားရုံးရှေ့နေကြီး ဦးထွန်းရွှေ နှင့် စာရေးသူ ဥက္ကဋ္ဌအဖြစ် ပါဝင်ဖွဲ့စည်းထားသော **'အပြည်ပြည်ဆိုင်ရာ သဒ္ဓမ္မ ဇောတိက (သူတော်ကောင်းတရား ထွန်းကားရေး) ဖောင်ဒေးရှင်း'** ဖြစ်သည်။

လှပဒါးတရားစခန်း မဖွင့်မီ တစ်ညနေတွင် မောင်းထောင်မြေဇင်းတောရ ဆရာတော်ကြီးနှင့် တပည့် ဒကာများ မင်္ဂလာဒုံမြို့နယ်၊ ရွှေဥမင် ဓမ္မသုခ တောရရိပ်သာသို့ အများပြည်သူ ရဟန်းရှင်လူ လေးစားကြ၍ ရဟန္တာဟု ကျော်ကြားသော ကျေးဇူးရှင် ဘိက်တော်ရှည် **ရွှေဥမင်ဆရာတော်ဘုရားကြီး** (၁၂၇၅–၁၃၆၄) အား သွားရောက်ဖူးမြော် ကန်တော့ကြပါသည်။

ဆရာတော်ဘုရားကြီးကား တစ်ချိန်က ဆရာတော် ဦးသုဇာတနှင့်အတူ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး (၁၂၆၆–၁၃၄၄) ၏ လက်ရုံးတစ်ဆူ ဖြစ်တော်မူခဲ့၏။ စာရေးသူ၏ ငယ်ဆရာပင်ဖြစ်သည်။ လှပဒါးမှာ တရားစခန်းဖွင့်မည့်အကြောင်း လျှောက်ထားသောအခါ ရွှေဥမင် ဆရာတော်ဘုရားကြီးက အလွန်အားရ ကျေနပ်တော်မူလှသော အမူအရာဖြင့်–

"ဘုန်းကြီးတို့လဲ ကန္တိနည်းကို အားထုတ်ခဲ့ဖူးပါတယ်။ သာသနာတော်မှာ အလွန်ကျေးဇူးများတဲ့ နည်းတစ်ခုပါပဲ" ဟူ၍ မိန့်ကြား အားပေးတော်မူပါသည်။

* * *

(၂)

## လယ်တီဆရာတော်နှင့် ကန္တိနည်း

အသက် ၇၀–ကျမှ နိုင်ငံတော်တာဝန်မှ အနားရ၍ တရားစခန်းနှင့် အချိန်ကျ တိုက်ဆိုင်လာသဖြင့် ကန္တိနည်းကို

စတင် အားထုတ်ခွင့် ရ၏။

မခံစားဖူးသော သဒ္ဓါတရားနှင့် အသိသစ် အမြင်သစ်များ ရရှိလာသဖြင့် အထူးကြိုးစား၍ အားထုတ်ဖြစ်ပါသည်။ ခြေခြေမြစ်မြစ် စာတွေ့၊ လက်တွေ့ တစ်ဆင့်မျှဝေလိုသော သမ္မာဆန္ဒလည်း ဖြစ်ပွားနေခဲ့သောကြောင့် ဖြစ်သည်။

တရားဝင်၍ ရက် ၂၀ ခန့် ရှိသောအခါ ဦးစွာ သမထ လေးဆင့်တွင် တတိယအဆင့်သို့ တက်ရ၏။ တတိယဆင့် ဟူသည်မှာ–

'သဗ္ဗကာယ ပဋိသံဝေဒီ'–

ထွက်ဝင်လေ အားလုံးကို သိအောင်ပြုလျက် ရှူရှိုက် လေ့ကျင့်ရသော သင်ခန်းစာဖြစ်၏။

ဒုတိယ (တိုရှည်) ဆင့်ကတည်းက (ထွက်လေ ဝင်လေကို အထူး မရှုမှတ်ရတော့ဘဲ 'ထွက်လေဝင်လေသည်ပင် နိမိတ်၊ နိမိတ်သည်ပင် ထွက်လေဝင်လေ' ဖြစ်နေတော့ရာ အလင်းနိမိတ် ကို ဦးခေါင်းထက်တင်၍ ခန္ဓာကိုယ်တွင်းကို ဖြတ်သန်းစေကာ ခြေဖျားအထိ သက်တုံ တက်တုံ ရှုပွားရသော လေ့ကျင့်ခန်း ဖြစ်သည်။

အထက်ဘဝင် အောက်အာကာသ၊ ဝဲယာ စကြဝဠာ တံတိုင်းထိ၊ ထက်အောက်ဝဲယာ တိုး၍ တိုး၍ အလင်းနိမိတ်ကို စေစားရသည်။ ကိုယ်တွင်းရောဂါကို နိမိတ်ဖြင့် ချေဖျက်နိုင်သော

သင်ခန်းစာတစ်ရပ်လည်း ပူးတွဲပါလာ၏။

ရက်ပိုင်းမျှနှင့် စကြဝဠာ တိုးလျှိုပေါက် ကြည့်မြင်နိုင်သော မေ္ဘစကျွမှန်ပြောင်း ရလာ၍ ဒိဗ္ဗစက္ခု ရရှိသူပမာ ရှေးက မရရှိဖူးသော သဒ္ဒါဓာတ်တွေ ဖြစ်ပွားလာ၏။

## လုံးစုံလင်းရာ တ–ဦသာ

ဤတတိယဆင့် လေ့ကျင့်ခန်း အားထုတ်နေစဉ်–'သဗ္ဗကာယ ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ' ပါဠိတော်ကို ရွတ်ဆိုရင်း အဓိပ္ပာယ်ကိုပါ ဆက်၍ စဉ်းစားနေမိ၏။ 'ထွက်လေဝင်လေအားလုံးကို တစ်စက္ကန့်မလပ်၊ ဖြတ်သန်းထွက်ဝင်သမျှ သိနေရမည်၊ လစ်လပ်လွတ်ထွက်သွားတာ မရှိစေရ'ဟု ရှေးမဆွကပင် သဘောကျနေခဲ့သည်။

ဤမျှ ဆိုလျှင် ဘုရားရှင်အလိုတော် လုံလောက်ပြီဟုလည်း ယူဆ၏။ သို့သော် အဋ္ဌကထာဌ်–'နှာသီးဖျား၊ ရင်ညွန့်၊ ချက်' သုံးချက်လုံး သိရမည်ဟု ဖွင့်ထားပြန်ရာ 'ဤတတိယသင်ခန်းစာ ရှေ့တစ်ဆင့် တိုးရဦးမည်'ဟု သိလာရ၏။ သိ၍ စမ်းပြီး ရှုကြည့်သော်လည်း ပီပြင်ထင်ရှားအောင် မရ။ နည်းပြမည့်သူလည်း မရှိ။

သို့ဖြင့် 'ထိသိ'မျှဖြင့် ကာလအတန်ကြာ ရောင့်ရဲနေခဲ့ရသည်။

ဤကန္တီနည်းကို ရှုပွားခွင့်ရသောအခါမှ နှာသီးဖျား၊ ရင်ညွန့်၊ ချက်တွင်မှုမက၊ အထက်ဘဝဂ်၊ အောက်အာကာသ၊ ဝဲယာ စကြဝဠာအထိ သွားပုံကို သိရတော့သည်။ ဤကို ရည်၍ ကန္တီဆရာတော်ဘုရားကြီးက **'သုံးချက်သီမှာ တတီယာ'** ဟု ဆောင်ပုဒ်ပြုတော်မူ၏။

ကျေးဖူးရှင် လယ်တီဆရာတော် ဘုရားကြီးကမူ 'သဗ္ဗကာယ ပဋိသံဝေဒီ' ဟူသော ဝေါဟာရ၏ မူလပါဠိသဒ္ဒါအနက်ကို မျက်ကွယ်ပြုကာ **'လုံးစုံလင်းရာ တ–ဒုသာ'** ဟု ရဲရဲကြီး မြန်မာပြန် ဆောင်ပုဒ်ပြုသွားသည်။

ဤတတိနည်းကို ရှုပွားသောအခါ အမှန်တကယ်လည်း စကြဝဠာတစ်ခုလုံး ထွင်းဖောက်လင်းချင်းသွား၏။ ခန္ဓာကိုယ် တစ်ကိုယ်လုံးလည်း ဖန်တုံး၊ မှန်တုံး၊ ဖန်ရုပ်၊ မှန်ရုပ်ကြီးသဖွယ် ရှုမြင်ရသည်။ အလုံးစုံ လင်းလေပြီ။

ရှုပွားရင်း 'သဗ္ဗကာယ ပဋိသံဝေဒီ' ပါဠိတော်နှင့် 'လုံးစုံလင်းရာ တ–ဒုသာ'ဆောင်ပုဒ်ကို ရေရွတ်ရင်း အသိဉာဏ်တစ်ခု ဝင်လာသည်မှာ–

'လယ်တီဆရာတော်သည် ဤကန္တီနည်းနှင့် တစ်စုံတစ်ခုသော အတိုင်းအတာအထိ ပတ်သက်ဆက်စပ်မှု ရှိရမည်။'

* * *

## (၃)

## လက်ပံတောရရှိ လယ်တီကျောက်လိုဏ်ဝ

ရန်ကုန် လှပဒါးတရားစခန်း ပြီးသွားသောအခါ နှစ်လစခန်း ဝင်ခွင့်မရသော ရန်ကုန် ယောဂီ ၂၀ ကျော်ကို အထက်တန်းစရိတ်ခံကာ မြေဇင်းတောရ၌ တစ်ဝါတွင်း တရားထိုင်နိုင်ရန် စီစဉ်ရပြန်တော့သည်။ ယောဂီစောင့်ရင်း ကိုယ်တိုင်လည်း တစ်ဝါတွင်း တရားဝင်နေသဖြင့် မည်သည့်စာမျှ ဖတ်ခွင့်မရသေး။

ရန်ကုန်ယောဂီများ ပြန်ပို့ပြီး တန်ဆောင်မုန်း–နတ်တော်ကျမှ ကန္နီနည်းဆိုင်ရာ စာအုပ်များကို မြေဇင်းယောဂီဟောင်း ဆရာဦးသန်းဝင်း (ညောင်ဦး) အကူအညီဖြင့် ဖတ်ရတော့သည်။ ပထမဆုံး လယ်တီဆရာတော်အကြောင်းကိုပင် စိတ်စွဲလျက်ရှိရာ ကန္နီဆရာတော်ကြီး ၁၂၈၅–ခုနှစ်ရေး ယောဂီပါရဂူကျမ်း နိဒါန်း၌–

> 'အဂ္ဂမဟာပဏ္ဍိတ၊ ဒီလစ်ဘွဲ့ရ၊ ပိဋကတ္တယကောဝိဒ၊ မဟာမေ္ဃကထိက မုံရွာမြို့၊ လယ်တီဆရာတော်ဘုရားကြီးတို့၏ ကောင်းချီးပေးအပ်သော ကိုယ်နှင့်အသက် ငဲ့ကွက်ခြင်းမရှိ၊ အလုံ့နှင့် ရွှေဘိုနယ်စပ် အုတ်ဖိုတောင်ကြား တောကြီးထဲ၌ ပဓာနအလုပ်ကို အားထုတ်၍ နေတော်မူသော အရှင်အာဒိစ္စ မည်သော လက်ပံဆရာတော်ဘုရားကြီး'

ဟူသော စာပိုဒ်ကို ဦးစွာ ဖတ်ရှုရ၍ ပီတိဖြစ်ရပါသည်။

## လက်ပံတောရ သုတေသနစရီး

လက်ပံရွာသည် သုံးရွာရှိ၍ လက်ပံတောင်ရွာ ယခုလက်ရှိ ရွာကျောင်းသည်ပင် လွန်ခဲ့သော နှစ် ၁၀၀ ကျော်ကတည်းက ထင်ရှားသော လက်ပံတောရကျောင်းပင်တည်း။

လက်ပံရွာကား မုံရွာ–ရေဦး ကားလမ်းမအရှေ့ဘက် ဘုတလင်မြို့နှင့် ၈–မိုင်ဝေး၏။ တောရကျောင်းကား အုတ်ဖို တောင်ခြေ၌ တည်ရှိ၍ တစ်ချိန်က ဆင်နေကျားအောင်း ဒေသ ဖြစ်၏။ အင်္ဂလိပ် အစိုးရ လမ်းဖောက်လုပ်လိုက်သဖြင့် ယခုအခါ ရွာကျောင်းဖြစ်သွားသည်။

ယင်းတောရ၏ တောင်ဘက် ၂–မိုင်ခန့်တွင် ဘိုးတော် ဘုရားလက်ထက်က 'ရွှေတိဂုံဘုရား အနီးကလေးပါဟယ်' ဟု မိန့်လေ့ရှိသော ဘုန်းကြီး ဦးဒွေးနှောင်း(ဘဒ္ဒန္တအရိယဉာဏ) ၏ တောင်တလာပ်တောရ ရှိသည်။

မြောက်ဘက် နှစ်မိုင်ကျော်ကျော်တွင် လယ်တီဆရာတော် ဘုရားကြီး၏ ဇာတိ စိုင်ပြင်ရွာရှိ၏။

အင်္ဂလိပ်အစိုးရ အုပ်စိုးစအချိန် ၁၂၄၇–ခုနှစ်များက (ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများတွင် ဖော်ပြခဲ့သော) ရဟန္တာဦးသာရွှန်း (ဦးကဝိန္ဒ)ဆရာတော်ကြီး ထိုလက်ပံတောရ၌ သီတင်းသုံး နေထိုင်တော်မူဖူး၏။

လက်ပံဆရာတော် ဦးအာဒိစ္စအကြောင်း အတ္ထုပ္ပတ္တိကား ပြည့်ပြည့်စုံစုံ မသိရချေ။ လက်ပံတောင်ရွာဇာတိလက်ပံတောရ

ကျောင်းထွက် ဦးအောင်ထွန်းဝင်း (ဓမ္မာစရိယ ဒိယဘာဏက)၊ လက်ထောက်၊ တိုင်းသာသနာရေး ဦးစီးမှူး၊မန္တလေး ပြောပြချက် အရ လက်ပ ဆရာတော်နှင့်လယ်တီဆရာတော်တို့ ဆက်နွယ် ပုံကို ဤသို့ မှတ်သားရ၏။

'လယ်တီဆရာတော်မှာ မုံရွာမှ ဓာတိစိုင်ပြင်ရွာသို့ တစ်နှစ် သုံးကြိမ်လောက် ကြွလေ့ရှိရာ လက်ပံတောရဆရာတော် ဦးအာဒိစ္စ ထံ၌ တစ်ခါကြွလျှင် ၃–ရက်မှ ၇–ရက်ထိ နေလေ့ရှိ၏။

လက်ပံဆရာတော်ကြီးမှာ သူ၏ ဂန္ဓကုဋိ စံကျောင်း (၁၀–ပေ၊ ပေ ၂၀– ခန့်) ထဲ၌ ၇–ရက်လုံးလုံး မည်သည့် အစားအစာမျှ မဘုဉ်းပေးဘဲ (သမာပတ်ဝင်စား) နေလေ့ရှိ၏။ ဆရာတော်သီတင်းသုံးသော စံကျောင်းမှာ တစ်ပါးနေမျှသာ ရှိသဖြင့် လယ်တီဆရာတော် ကြွလာသောအခါ သီတင်းသုံး ရန် ၇–တောင် ၅–တောင်ကျော်ရှိ ကျောက်ဂူတစ်လုံး ဆောက် လုပ်ထားကြ၏။ ရွာသားတို့က ဆရာတော်နှစ်ပါး တရားဆွေး နွေးသော နေရာဟု ပြောဆိုကြသည်။

ထိုဒေသသို့ ကွင်းဆင်းလေ့လာသူ စာရေးဆရာ ဦးအောင် မွန်၏ 'မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင်နှင့် တိဗက်ရဟန်းတော် အရှင်သီလတိဿ' ဆောင်းပါးကိုလည်း အပ္ပမာဒ မဂ္ဂဇင်း

(အောက်တိုဘာ–၂၀၀၁)တွင် ဖတ်ရှုရသည်။ ဦးအောင်ထွန်းဝင်း နှင့် ဦးအောင်မွန်တို့၏ သတင်းပေး ရေးသားချက်များ အားလုံး ကျေးဇူးများလှပါ၏။

## လိုဏ်ဂူတည် ကျောက်စာတိုင်

၁၃၆၄–ခုနှစ်၊ ပြာသိုလဆန်း ၂–ရက်၊ (၂၀၀၃–ခု၊ ဇန်နဝါရီလ ၄–ရက်၊ လွတ်လပ်ရေးနေ့)တွင် ညောင်ကန်ရွာမှ မြေဇင်းယောဂီ ဆရာကိုဆွေ၊ ကိုသံ၊ သတင်းထောက် ကိုဟိန်၊ ဆရာတော်ဖုစ် စာကြည့်တိုက် ကိုလေးနိုင်၊ ကိုတင်မိုးတို့နှင့်အတူ မော်တော်ဆိုင်ကယ်ဖြင့် ညောင်ကန်မှ ၁၃–မိုင်ဝေးသော လက်ပံ တောင်ရွာသို့ လေ့လာရေးခရီး ထွက်ခဲ့ကြ၏။

အရှေ့ဘက်က အုတ်ဖိုတောင်ရိုးကို နောက်ခံပြုထားသော လက်ပံတောရကို မြင်တွေ့လိုက်ရသည်နှင့် အမောပြေကာ စိတ်တွေ တက်ကြွလန်းဆန်းသွား၏။ ကျောင်းဝင်းထဲ ဝင်လိုက် သည်နှင့် ကျောက်လိုဏ်ဂူငယ်တစ်ခုကို တွေ့ရာ အပြင်၌ ထိုင်ပြီး ဦးချကြသည်။ ဂူထဲသို့ ဝင်ကြည့်ရာ ဂူအရှေ့ဘက် ထိပ်နံရံ၌ လယ်တီဆရာတော်ဘုရားကြီး ဓာတ်ပုံ ချိတ်ဆွဲထားသည်ကို ဖူးရသောအခါ လွန်စွာ အားရပီတိ ဖြစ်ကြရပါသည်။

ကျောက်လိုဏ်ဂူထိပ် အပြင်ဘက်၌ ၁၉၁၀– (၁၂၇၁) ခုနှစ်က သူကြီး ဦးဘိုးရောင်ကြီးမှူး၍ (လမ်းတံတား လုပ်သားများ

ဟု ယူဆရသော) ဟိန္ဒူလူမျိုးများ တည်ဆောက်ကြောင်း ကျောက်စာတိုင်တစ်တိုင်လည်း စိုက်ထူထား၏။ ဟိန္ဒီလို 'ရာဂျာ ဆျ– ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် စံရာ' ဟုလည်းရေးထိုးထားသည်။

ကျောက်လိုဏ်ဂူ၏ ခေါင်းရင်း၌ ၁၀–ပေ၊ ပေ ၂၀–ခန့် ရှေးတိုက်တစ်လုံး၊ လက်ပံဆရာတော်၏ စံကျောင်းပါပေ၊ ဆင်နေကျားအောင်း တောကြီးမျက်မဲတွင် ရာသီဥတုဒဏ်၊ သားရဲတိရစ္ဆာန်ဒဏ် ခံနိုင်အောင် ဆောက်လုပ်ထားခြင်း ဖြစ်ကြောင်း သိသာလှပါ၏။

အဝိဇ္ဇာဟိတဗ္ဗာနဖြစ်သော ထိုနှစ်နေရာလုံးကို အပြင်ဘက်မှလည်း ဦးချကန်တော့ကြ၊ အထဲသို့ ဝင်၍လည်း တရားဖြင့် ပူဇော်ခဲ့ကြ၏။ သိမ်နှင့် အရိုးအိုးစေတီ ဆိုသည်များကိုလည်းကောင်း၊ လက်ပံဆရာတော် သုံးစွဲသွားသော ကျောက်ဖျာ၊ အင်ကြင်းကျောက်ပြား၊ကျောက်ရေခွက်ကြီးများကိုလည်းကောင်း ဓာတ်ပုံမှတ်တမ်း တင်ခဲ့ကြသည်။

၁၃၆၄–ခုနှစ်၊ ပြာသိုလဆန်း ၉–ရက်နေ့တွင်လည်း မြေဇင်းတောရ ဆရာတော်ကြီးကိုယ်တိုင် မန္တလေးမှ ယောဂီ **ဦးခင်ဝင်း**၊ **ဦးသန်းအောင်** တို့နှင့်အတူ သွားရောက်ကြရာ မြေဇင်းတောရ ဆရာတော်ကြီးမှာ **အမွှေးနံ့သာ** တို့ဖြင့်လည်း ပူဇော်၍ မဝ နိုင်အောင် ရှိလေသည်။

(ယခု ဖော်ပြထားသော ဓာတ်ပုံများမှာ မန္တလေး မြေဇင်း ယောဂီ ဦးခင်ဝင်းနှင့် ညောင်ကန်ရွာ သတင်းထောက်

ကိုမောင်ဟိန်းတို့ ကောင်းမှုဖြစ်ပါသည်။)

ခြုံ၍ဆိုရသော်....

သူတော်ကောင်းကြီးများ၏ သဘာဝ၊ မိမိတို့ဘဝကို အထူးလျှို့ဝှက်လေ့ ရှိတော်မူကြသည့်အပြင်၊ မြန်မာလူမျိုးတို့၏ မှတ်တမ်းမှတ်ရာ အတ္ထုပ္ပတ္တိ သမိုင်းအမြင် အားနည်းကြသဖြင့် လက်ပံဆရာတော် ဦးအာဒိစ္စအကြောင်း ပြည့်စုံစွာ မသိရှိရ သေးသော်လည်း...

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး (၁၂၀၈– ၁၂၈၅)ကား ယနေ့ ကန္တိနည်းခေါ်တွင်နေသော အာနာပါန သမထ ဝိပဿနာနည်းကို မူရင်းကျကျ သိမီ ရရှိတော်မူသဖြင့် ကိုယ်တော်တိုင်လည်း ကျင့်ကြံသွားခဲ့မည်မှာ ယုံမှားစရာ မရှိ ပါချေ။

## (၄)

## တိဘက် ရဟန်းတော် အရှင်သျှိလတိဿ မှ ဆင်းသက်ပြန့်ပွားလာခြင်း

ကန္တိနည်း ဖြစ်ပေါ်လာပုံနှင့် စပ်၍ ဆရာစဉ်ဆက် ဆင်း သက်ပြန့်ပွားလာပုံကို မောင်းထောင် မြေဇင်းတောရ ဆရာတော်ကြီးက စာရေးသူအား သူ၏ မှတ်တမ်းများကို ထုတ်ပေးတော်မူ၏။

ဆရာတော်သည် မှတ်တမ်း မှတ်ရာများကို အထူး အလေ့အထ ရှိတော်မူသဖြင့် 'ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ' ရေးစဉ်ကပင် ဆရာတော်သိမ်းဆည်းထားသော စာအုပ်စာတမ်း နှင့် မှတ်တမ်းမှတ်ရာတို့ကို များစွာ မှီခိုခဲ့ရပါ၏။

၁၃၆၄–ခုနှစ်၊ တန်ဆောင်မုန်းလမှစ၍ ကန္နီနည်းနှင့် စပ်သမျှ စာအုပ်စာတမ်းများကိုလည်း ဖတ်ရှုရတော့သည်။ ကန္နီနှင့် စပ်သော ခုနှစ်အကြောင်းအရာများ နည်းပါးလှသေး၍၊ တွေ့ရှိရသမျှလည်း မရှင်းလင်းလှသေးပါ။ တွေ့ရှိသမျှ အကျဉ်း ချုပ် ဖော်ပြပါအံ့။

## ကန္နီဆရာတော်နှင့် ယောဂီပါရဂူ

ကျေးဇူးရှင် ကန္နီဆရာတော်ဘုရားကြီးသည် မုံရွာခရိုင်၊ ကန္နီမြို့၊ ကမ်ပြုရွာ ခမည်းတော် ကျောင်းဒကာကြီး ဦးသာနု၊ မယ်တော်ကြီး၊ ဒေါ်ကောင်းတို့မှ ၁၂၄၁–ခုနှစ်၊ တပေါင်းလပြည့် ကျော် ၄–ရက်၊ သောကြာနေ့၊ ညည့် ၄–ချက် မတီးမီ ဖွားမြင်တော်မူခဲ့၏။

ဆရာတော်၏ ပရိယတ္တိ ဆရာများမှာ ဒုတိယ ဗားကရာ ဆရာတော် ဦးဂန္ဓသာရ၊ ကျည်ဝန်ဆရာတော်၊ မိုင်းခိုင်းဆရာတော်၊ နှင့် မာန်လည်ဆရာတော်တို့ ဖြစ်ကြ၏။

(မြေဇင်းဆရာတော်မှတ်တမ်း။)

ပဋိပတ္တိနှင့်စပ်၍ လက်ပံတောရ ဆရာတော်ထံ ရှစ်လ နည်းခံ အားထုတ်တော်မူခဲ့သည်။ (ယောဂီပါရဂူ–ပါ အတ္ထုပ္ပတ္တိ။)

လက်ပံတောရသို့ သွားရောက်အားထုတ်ပုံကို ၁၃၀၉– ခုနှစ်ရေး၊ ရွှေဘို ပုသိမ်ကြီး တောရဆရာတော် အရှင် ဗုဒ္ဓဝံသ၏ 'ယောဂီပါရဂူကျင့်စဉ်ကျမ်း'၌ ဤသို့ တွေ့ရှိရ၏။

"ငါတို့ ကျေးဇူးရှင် ကန္နီဆရာတော်ဘုရားသည် စာပေပို့ချ နေလေရာ ၁၈–ဝါရသောအခါ (၁၀– ဖြစ်ရာ၏)...တောထွက်ကာ တရားကို အားထုတ်သတဲ့။ အားထုတ်လို့ နှစ်ဝါရသော်လဲ မိမိအလိုရှိတိုင်း တရားကို မရသဖြင့် 'ဆရာရှာမှ ဖြစ်ချေမည်။ လက်ပံဆရာတော် တရားပေးကောင်းကြောင်း ကြားသိရ၍ ထိုဆရာတော်ထံ သွားမည်ဟု အကြံတော်ဖြစ်တော်မူ၏။ ထိုကြံစည်သော ညမှာပင် ဤသို့ အိပ်မက်မြင်မက်တော်မူ၏။

အလွန်တရာ ထူးဆန်းသော ရွှေကျောင်းကြီးနှင့် ထိုကျောင်းကြီး၏ လှေကားခြေရင်း၌ ထူးဆန်းသော ငှက်ပျောခိုင်ကြီး နှစ်ခိုင်ကို မြင်ရသည်ဟု မြင်မိ၏။ ၎င်းရွှေကျောင်းကြီး ပေါ်မှ ဘုန်းတော်ကြီး ဦးသူရိယဆင်းလာပြီးလျှင် "ဟော့... မောင်သောဘိတ၊ ဟောဒီ ငှက်ပျောဟာ အထူးအဆန်းကွဲ့။ သာသနာတွင်း ငှက်ပျောလို့ခေါ်တယ်။ ဒီငှက်ပျောဟာ မင်းနှင့်သာ ထိုက်တန် တယ်"ဟု ပြော၍ ပေးသတဲ့။

ဤသို့ မြင်မက်၍ နိုးလာသောအခါ 'ငါသည် မုချ တရားထူး တွေ့ရတော့မည်'ဟု ဝမ်းသာကာ အိပ်မပျော်နိုင်အောင် ရှိသတဲ့။

ကျေးဇူးရှင် ကန္နီဆရာတော်ကြီးသည် လက်ပံဆရာတော် ဦးအာဒိစ္စထံလာ၍ တရားတောင်းကာ ဝါတွင်းသုံးလပတ်လုံး အားထုတ်တော်မူသတဲ့။ ဝါလယ်လောက်မှာပင် ညကြီးသန်းခေါင်ယံမှာ တရားဖြစ်ပုံဖြစ်နည်း သဘာဝတွေကို လက်ပံဆရာတော်အား လျှောက်သောအခါ ဆရာတော်က ဦးသောဘိတကျောကို လက်ဖြင့်သပ်ကာ သြဝါဒ ပေးတော်မူသတဲ့။

ယောဂီပါရဂူကျမ်းလာ ထေရုပ္ပတ္တိတွင် 'ထို(လက်ပံ) ဆရာတော်ဘုရားကြီး၏ သမထ ဝိပဿနာ နည်းလမ်းတို့ကို ရှစ်လခန့်မျှ ကျနစွာ သင်ယူအားထုတ်ပြီးလျှင် မိမိနေရင်းဖြစ်သော ကင်းတောင်တောရသို့ ပြန်ရန် ခွင့်ပန်လျှောက်ထားသောအခါ လက်ပံဆရာတော် အမိန့်ရှိပုံကို ဤသို့ ဖော်ပြထားသည်။

> 'ငါတပည့်ကြီး၊ နောက်သား နောင်လာ ယောဂီပုဂ္ဂိုလ်အပေါင်း တို့ ဆရာနည်းရ၍ နိဗ္ဗာန်သွားရာ ပဋိပတ္တိသာသနာ လောကုတ္တရာ နှစ်ဆီကို ကျွေးမွေးသောအနေဖြင့် 'ပါရဂူ' မည်သော သမထဝိပဿနာ လုပ်နည်းလုပ်ထုံးတို့ကို စုရုံးပေါင်းစပ်၍ ကျမ်းကြီးတစ်စောင် ရေးသားရစ်ပါ'ဟု အကြိမ်ကြိမ် မိန့်တော်မူသောကြောင့် ဆရာတော်ဘုရားကြီး၏ ကျေးဇူးတော်ကို ဆပ်သောအနေဖြင့် ရေးသားပါမည်ဘုရားဟု ဝန်ကြီးခံခဲ့လေသတည်း။' (ယောဂီပါရဂူကျမ်း–၁၂၈၅ ခုနှစ်ရေး၊ သစ္စပါရဂူကျမ်း ၁၂၉၃–ခုနှစ်ရေး။)

ကျေးဇူးရှင် ကန်နီဆရာတော်ဘုရားကြီးကား ၁၃၂၈-ခုနှစ်၊ တန်ခူးလဆန်း ၁-ရက်(၁၀-၄-၁၉၆၇) တနင်္လာနေ့၊ နံနက် ၁၁း၃၀ အချိန် လွန်တော်မူသည်။

## ကန်နီနွယ်ဝင် ထေရ်အရှင်များ

'ဘုတလင်မြို့နယ် အင်ချောင်ဆရာတော် အရှင်သီရိသုန္ဒရ၊ ရွှေဘိုပုသိမ်ကြီးတောရရိပ်သာဆရာတော်အရှင်ဗုဒ္ဓဝံသ၊သရေခေတ္တရာမြို့သစ် စုက္ခရုတောင်၊နောင်- အောင်ဆန်းမြို့ အောင်ဗောဓိရိပ်ငြိမ် အရှင်မဟာထေရတိဿ၊ တောင်ငူနယ်၊ စိမ့်စမ်းမြောင်ရိပ်သာ ဘဒ္ဒန္တဝိဗောဓာလင်္ကာရ၊ စစ်ကိုင်းမဟာမြို့ကြီးချောင် ဆရာတော် ကြီး၊ အနောက်ပရက္ကမဆရာတော် အရှင်ဝဏ္ဏ၊ အရှေ့ပရက္ကမဆရာတော် အရှင်ဝါယာမ၊ ရွှေဘို ကိုင်းကန်ဆရာတော် အရှင်သုမင်္ဂလ၊ ကြည်ဘုရားထွက် အရှင်ကောဝိဒ၊ ညောင်ကန် အရှင်ယောသိတ၊ ပေါင်းတည် အရှင်ကဝိန္ဒ၊ လူဆရာဦးအောင်ကြီး' စသော တပည့်ကြီးများ အစဉ်အဆက် ပြန့်ပွားထွန်းကားခဲ့၏။

ကြားသိရသမျှ ယခုအခါ ပခုက္ကူဆရာတော်ဘုရားကြီး (ရန်ကုန်)နှင့် သက်တော် ၈၃-နှစ်ရှိ မြေဖင်းတောရ ဆရာတော်နှင့် တပည့်အချို့သာ ရှိတော့မည် ထင်ပါသည်။ ရှေးက ပုဂ္ဂိုလ်များအားလုံး လွန်တော်မူကြပြီ။

ယခုအခါ ထင်ရှားသော ဖားအောက်ဆရာတော်လည်း ကန်နီဆရာတော်ထံ၌လည်း နည်းခံကျင့်ကြံဖူးရာ၊ ဆရာတော့်နည်းမှာ ပို၍ နက်ရှိုင်း၏။ ဈာန်သမာပတ် အဘိညာဉ်တို့ကိုပါ ပေးပြီးမှဝိပဿနာသွားသည်။ တခေတ်ဆန်းလာခြင်းပင်တည်း။

## တိဘက်ရဟန်းတော်နှင့် ဆုံစည်းခဲ့သူ

လက်ပံဆရာတော်နှင့် တိဘက်ရဟန်းတော် အရှင်သျှိလ တိဿတို့အကြောင်း ပြည့်စုံစွာ မသိရ၊ သိရှိရသမျှ ဖော်ပြရသော် အောက်ပါအတိုင်း ဖြစ်ပါသည်။

လက်ပံဆရာတော်၏ ပရိယတ္တိဆရာကား သီးလုံး ဆရာတော်၏တပည့် အရှင်အာဒိစ္စရံသီ ဖြစ်သည်။ ဓမ္မိပတ္တိ ဆရာတော်မှာ နှောင်တော် ဦးဒေဝိန္ဒ၊ ဦးဒေဝိန္ဒ၏ ဆရာကား တိဘက်ရဟန်းတော် အရှင်သျှိလတိဿ ဖြစ်သည်။

တိဘက်ရဟန်းတော် အရှင်သျှိလတိဿ၏ ဆရာကား သီဟိုဠ်(သီရိလင်္ကာ)ပြန် စိတြတောင်၌ သီတင်းသုံးနေဖူးသော ဈာန်အဘိညာဉ်ရ စိတ္တလမထေရ် ဖြစ်၏။

(မြေဇင်းတောရ ဆရာတော်မှတ်စု၊ တိဘက်ရဟန်းတော်မှာ သီဟိုဠ်(သီရိလင်္ကာ)၌ ရဟန်းပြု၍ သီဟိုဠ်(သီရိလင်္ကာ)ကျွန်း စိတ္တလတောင်နေ ဈာန်အဘိညာဉ်ရ စိတ္တလ မထေရ်ထံ နည်းခံသည်ဟု ဖြစ်ဖွယ်ရှိ၏။ အရေးအမှတ် ချွတ်ယွင်းဟန်ရှိသည် ထင်ပါသည်။)

ဤမှတ်တမ်းအရ– ကန္နီနည်းသည် တိဘက်ရဟန်းတော်မှ ဆင်းသက်လာသော်လည်း မဟာယာနနည်း မဟုတ်၊ ထေရဝါဒ နည်းပင် ဖြစ်ကြောင်း ထင်ရှား၏။ ဝိမုတ္တိမဂ် ကျမ်းတွင်လည်း မပါရှိချေ။ သုတ္တာနုဒေသာမ အာစရိယဝါဒဟုကား ဆိုနိုင်ရာ၏။

ပခုက္ကူ မြို့နယ်၊ ညှောင်အုပ် ဖောင်းကွဲရွာဇာတိ၊ ၁၂၆၄– ခုနှစ်ဖွား၊ ကန္နီဆရာတော်၏တပည့် အသျှင်မဟာထေရတိဿရေး

သံသာရမဂ္ဂပါရဂူကျမ်း(စာ–၁၃၂)၌ ကျမ်းပြုဆရာ ကိုယ်တိုင် ၁၂၈၇–၈၈–ခုနှစ်က မန္တလေးမြို့၊ စကုတိုက် ဒေါ်သင်အုတ်ကျောင်း၌ တိဘက်ရဟန်းတော် အရှင်သျှီလတိဿနှင့် တွေ့ဆုံ၍ စကား စမြည် ပြောဆိုဖူးကြောင်း၊ မြသိန်းတန်ဆရာတော် ဦးဉာဏုတ္တရ၊ တောင်တန်းသာသနာပြု ဦးပဏ္ဍိစ္စ၊ ရွှေမန်း ဦးကေသရတို့လည်း ရှိနေကြ၍ ဦးကေသရက စကားပြန်လုပ်ကြောင်း ဖတ်ရှုရ၏။

ဤမှတ်တမ်းသည် ခေတ်ပြိုင်ပုဂ္ဂိုလ်များနှင့် ခုနှစ်သက္ကရာဇ် ချိန်ထိုးစရာ တစ်ခုဖြစ်၍ တန်ဖိုးရှိလှပါသည်။ တစ်ဖန် ဤဆရာတော်ပင် ရေးသားသော 'ပဋိသန္ဓာရ အနုပါဒိသေသနိဗ္ဗာနကျမ်း' (၁၃၃၄–ခုနှစ် သုဓမ္မဝတီစာပုံနှိပ်တိုက်) စာမျက်နှာ–၄၃–၌ တိဘက်ရဟန်းတော်နှင့် စပ်၍ ဤသို့ တွေ့ရှိရ၏။ ကန္တီလောင်းလျာ အကြောင်းကိုပါ တစ်စေ့တစ်စောင်း တွေ့နိုင်သည်။

'၁၂၈၇–ခုနှစ်မှာ မန္တလေးနေပြည်တော်သို့ ရဟန်းငယ် ၁၀ သိက္ခာတော် ၄–ဝါအရတွင် စကုတိုက် ဒေါ်သင်အုတ်ကျောင်းဝယ် ပိဋကတ်အသွယ်သွယ် သုတမယနယ်မှာ ဝါသနာအလိုက် ထုံမွမ်းသည့်အခိုက်တွင်...

တိဘက်ပြည်မှ အိန္ဒိယ သီဟိုဠ်(သီရိလင်္ကာ) မြန်မာပြည်သို့ ခရီးလှည့်လည် ကြွလာသည့် သီလတိဿ ခေါ် ထေရ်မဟာသည်

ကမ္မဋ္ဌာန်းအာရုံ ပုံယူ၍ ထိုင်ပုံ ထိုင်နည်းနှင့်တကွ ဤသည်မှ သဲလွန်စ ပြသမှု တွေ့ရှိလေရာ သဘောနှင့် ဝသိ ပါရမိ အလီလီဖြင့် ငယ်စဉ်ကအစ၊ ပခုက္ကူ မဟာဝိသုတာရာမ အလယ်တိုက်မှ ဓမ္မာစာရ ကျောင်းဝယ် အရှင်သောဘိမထေရ် ရယ်လို့ သိခဲ့ရ၊ ထိုတိဘက်ရှင် ကြွစဉ်က မန္တလေး သိမ်တိုက်မှ အရှင်သောဘိတ ရှိလေရာ သွား၍ အကြောင်းပြုခဲ့ရာဝယ် အရှင်သောဘိတသည်ကား သီလတိဿ တိဘက်ဆရာထံမှ ဤနည်းကို ရယူလေရာ ထိုစာရေးသော ဆရာတော်သည်ကား ထိုတိဘက်ဆရာထံမှ ထိုသဲလွန်စဖြင့် အချိန်ကုန်ခဲ့လေရာ ရှေ့မဆက် နောက်မဆက်နှင့်သာ အနှစ်နှစ်အလလ ကာလဖြင့် ပြတ်ခဲ့လေ၏။

ထိုမှတဖန် ဓမ္မသံဝေဂ အရုံ ရှာပြန်ပါက ပလိဗောဓ ဖြတ်တောက်ကာ အရှင်သောဘိတထံသို့ အတွေ့ရှာ၍ လိုက် လေရာ၊ ထိုအရှင်ကား မုံရွာခရိုင်၊ ကန်နီမြို့၊ ရွှေသိမ်တော်တောရ ဆရာတော်ဘုရားကြီးပင်တည်း။'

**တိဘက်ရဟန်းတော် လက်ပံတောရသို့ ကြွပုံ**

အရှင်သျှီလတိဿ၊ တိဘက်ရဟန်းတော် မန္တလေးမှ အုတ်ဖိုလက်ပံတောရသို့ မည်သို့ ရောက်ရှိကြောင်း ပုသိမ်ကြီး တောရ ဆရာတော် အရှင်ဗုဒ္ဓဝံသ၏ 'ယောဂီပါရဂူကျင့်စဉ်'၌ ပို၍ ပီပြင်ထင်ရှားစွာ အောက်ပါအတိုင်း ဖတ်ရှုရလေသည်။

'တိဘက်ပြည်သား ရဟန်းတော် သျှိလတိဿမထေရ်သည် သီဟိုဠ်(သီရိလင်္ကာ)က ဘုရားတွေဖူးပြီး မြန်မာပြည်သို့ လှည့်လည်တော်မူခဲ့ရာ သပိတ်တစ်လုံး သက်န်းသုံးထည်ဖြင့် ရောက်လေရာ အရပ်တွင် ဆိတ်ငြိမ်ရာ တောဌ်သာ နေလေ့ရှိသတဲ့။

မေမြို့(ပြင်ဦးလွင်)မြို့စွန် တောဖျားကျသောနေရာ၌ နေစဉ် လက်ပံ ဆရာတော် ဦးဒေဝိန္ဒသည် တရားထူးရှာရင်း မေမြို့ (ပြင်ဦးလွင်)သို့ ရောက်အသွား၊သဘောတူညီမျှသော သျှိလတိဿနှင့် တွေ့ကြသတဲ့။

ဦးဒေဝိန္ဒကား သျှိလတိဿမထေရ်၏ အပြောအဆို အနေအထိုင်ကို ကြည်ညိုသည်ဖြစ်၍ မိမိနေရပ်ဖြစ်သော မုံရွာနှင့် ရေဦးမြို့အကြား အုတ်ဖိုလက်ပံရွာသို့ ပင့်ဆောင်ခေါ်လာပြီး တောမှာပင် နေကာ၊ မြန်မာစကား လယ်ဝယ်အောင် သင်ကြားပေး၏။

မြန်မာစကားလုံး များများပြောတတ်လာ၍ သူ၏ အားထုတ်စဉ် နည်းလမ်းကို မေးကြသောအခါ သူက 'အခြားမဟုတ်ပါ၊ ဂေါတမဗုဒ္ဓ ဟောသော သတိပဋ္ဌာန် အလုပ်ပါပဲ' ဟု သူ့မှာပါလာသော ကျင့်စဉ်စာအုပ်ကို ထိုးပြသတဲ့။

တိဘက်ဘာသာလို ရေးထားလို့ မသိကြရကား သျှိလတိဿကိုယ်တိုင် မြန်မာလို မပီတပီနှင့် ပြောပြ၏။

ထိုအခါ အရာတော် ဆရာတော်၊ ရှိမ်းမကား ဆရာတော်၊ လက်ပံဆရာတော် ဦးဒေဝိန္ဒနှင့် ဆရာတော် ဦးအာဒိစ္စတို့က–

'သျှီလတိသ၏ အားထုတ်စဉ်နည်းလမ်းသည် တရားလမ်းမှန် စည်းကမ်းကျရုံမျှမက၊ ငါတို့ ပိဋကတ်နှင့်လည်း တစ်ထပ်တည်းကျသည်' ဟု ပြောပြီးလျှင် ဆရာတော်လေးပါးတို့သည် သျှီလတိသထံ တရားတောင်းကာ အားထုတ်တော်မူကြသတဲ့။

အနေအထိုင် အလွန်ကောင်းသော၊ ဂါမဝါသီ နေလေ့မရှိ၊ တောကျောင်း၌သာ နေလေ့ရှိသော သျှီလတိသ မထေရ်သည် ဤအရပ်မှာပင် ပြန်တော်မူရှာလေသည်။'

ဤကား ရွှေဘိုပုသိမ်ကြီး တောရဆရာတော်၏ မှတ်တမ်းဖြစ်၏။

## အားလုံးကို ကျေးဇူးတင်ပါ၏

လက်ပံတောရ, ကန္နီနည်းနှင့် စပ်သမျှ လတ်တလောလေ့လာသိရှိရသည်မှာ ဤမျှသာ ဖြစ်ပါသည်။ သာသနာတော်၌ သဒ္ဓါဝီရိယရှိသော ပုဂ္ဂိုလ်ထူးတစ်ယောက် ထွန်းပေါ်ပေါက်က 'နဋဝန် သရဝန်' – ကျူဆစ်တစ်ဆစ်၊ မျောက်မြားစေ့တစ်စေ့မှ ကျူတော မြားတောကြီးပမာ စဉ်ဆက်မပြတ် ပြန့်ပွား၍ မည်မျှ ကျေးဇူးကြီးမားကြောင်း အောက်မေ့တ,သဖွယ် ဂုဏ်ယူအားကျဖွယ် ဖြစ်ပါသည်။

ဤသို့ သမိုင်းခြေရာ ခံနိုင်အောင် အဘက်ဘက်က ကူညီခဲ့ကြသော ပုဂ္ဂိုလ်များနှင့် စာအုပ်ဖြစ်မြောက်အောင် ဆောင်ရွက်ကြသော မြေဇင်းတောရ ရုပ် သံစာပေအဖွဲ့၊ ဂေါပက အဖွဲ့နှင့် ဦးညွန့်တင် (စာရေးဆရာ–စိတြ)၊ ဦးလှချို (တိုက်ဂါး အော့ဖ်ဆက်)၊ ဒေါ်ကြင်မြင့် (ဗုဒ္ဓအသံစာပေတိုက်) စသည်တို့အား ပါရမီ ကူညီဖြည့်သူများအဖြစ် ကျေးဇူးမှတ်တမ်း တင်ရပါ ကြောင်း။

*** နိုင်ငံခပ်သိမ်း၊ တရားကိန်း၊ ငြိမ်းကြပါစေ။**


အပ္ပမာဒေန သမ္ပာဒေထ။

**မြွာစရိယဦးဒွေးလှိုင်**

၁၃၆၄–ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃–ရက်။
(၃၀–၁–၂၀၀၃)
မောင်းထောင်–မြေဇင်းတောရ၊
ဘုတလင်၊ မုံရွာမြို့။




အုတ်ဖိုတောင်တန်းကို ကျောခိုင်းတည်ရှိသော
လက်ပံတောရကျောင်းမြင်ကွင်း။
[လွတ်လပ်ရေးနေ့ ၄၊၁၊၀၃]



အရှေ့ဘက်- လက်ပံတောရဆရာတော်ဘုရားကြီး၏
ဂန္ဓကုဋိ စံကျောင်းတိုက်ငယ်။
အနောက်ဘက်- လယ်တီကျောက်လိုဏ်ဂူတော်။



လယ်တီကျောက်လိုဏ်ဂူတော်ကို
တောင်ဘက်မှတွေ့မြင်ရပုံ
(ခေါင်းရင်း၌ကျောက်စာတိုင်ရှိသည်။)





လယ်တီကျောက်လိုဏ်ဂူတော်ကျောက်စာ

(အေဒီ-၁၉၁၀၊ ရာဇာဆျ- ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်စံရာ)



လက်ပံတောရဆရာတော်ဘုရားကြီးအသုံးပြုသွားသည်
ဟုဆိုသော ကျောက်ရေအိုး၊ ကျောက်အင်းပျဉ်တို့ကို
မြေဇင်းတောရဆရာတော်ကြီးနှင့် တပည့်ယောဂီများ
တိုင်းထွာမှတ်သားနေကြပုံ။
၁၃၆၄-ခုနှစ်၊ ပြာသိုလဆန်း(၉)ရက်နေ့။



မြေဇင်းတောရဆရာတော်ကြီး
လယ်တီးကျောက်လိုဏ်ဂူတော် အတွင်းအပြင်
ပေါင်ဒါရေမွှေးတို့ဖြင့်
ပူဇော်နေပုံ။ (၁၁၁၀၃)



လယ်တီကျောက်လိုဏ်ဂူတော်အတွင်းတရားဖြင့်ပူဇော်အပြီး
အမှတ်တရ
ယောဂီ ကိုသံ၊ ကိုကျော်တင့်၊ ဓမ္မာစရိယဦးဌေးလှိုင်၊
ဆရာကိုဆွေ၊ ကိုလေးနိုင် (ဝဲမှယာ)

# ဒဿနုပါရုဂ္ဂကျမ်း

## နိဗ္ဗာနမဂ္ဂ အာနုပါန
## အလုပ်ပေး တရားတော်
(သမထ ပထမပိုင်း)

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ပရိက်-ရှေးဦးပြုဖွယ်

ဒီနေ့ စပြီး တရားအပ်မယ်၊ တရားအားထုတ်ကြမယ်ဆိုတော့ ထုံးစံအတိုင်း ပုဗ္ဗကိစ္စ-ရှေးဦးပြုဖွယ် ပရိက်တွေပြုပြီးကြပြီ။

၁။ ယောဂီ ရဟန်းတော်များက သီလသန့်စင်အောင် ဒေသနာကြားလို့၊ လူယောဂီ ဒကာ,

ဒကာမတွေက ၉-ပါးသီလ ဆောက်တည်လို့ တရားမထိုင်ခင်ကတည်းက ဟော. . . ကုသိုလ်တွေ တိုးလာပြီ။ မဟုတ်ဘူးလား။ နောက် ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်များ ညှိထွန်းပူဇော်ပြီး-

၂။ ပွင့်တော်မူကြကုန် ပြီးသောဘုရားရှင်အဆူဆူ၊ ပစ္စေကဗုဒ္ဓါ အဆူဆူ၊ ရဟန္တာအရှင်မြတ် အပေါင်း အရိယာသူတော်ကောင်း အားလုံး တို့အား အစမထင် သံသရာကစပြီး ကာယကံ၊ ဝစီကံ၊ မနောကံ အပြစ်များရှိခဲ့သော် ကျေ ပျောက်ပါစေခြင်းအကျိုးငှာ သည်းခံ, ခွင့်လွှတ် ကျေအေးတော်မူကြပါ ဆိုပြီးလဲ ကန်တော့ပြီး ကြပြီ။

'ဆရာသမား,မိဘ အနန္တော အနန္တငါးပါး ဆွေကြီးမျိုးကြီး၊ အစမထင်သံသရာက ဆက် ဆံခဲ့ကြရတဲ့ သူအပေါင်းကိုလဲ စိတ်ထဲက

မှန်းပြီး 'ခွင့်လွှတ်ကျေအေးကြပါ၊ ကျွန်ုပ်တို့က လည်း ခွင့်လွှတ်ပါ၏' လို့ တောင်းပန်ဝန်ချရ တယ်။ ကန်တော့ ဝန်ချလိုက်တယ်ဆိုရင်ပဲ စိတ်တွေတခါတည်း ရှင်းပြီးပေါ့ပါးသွားတယ်။ နောက်. . . ဘုရားရှင် အဆူဆူတို့အား မိမိ ရုပ်နာမ်နှစ်ပါး ခန္ဓာ၅-ပါးကို အပ်နှင်းလှူဒါန်း ရတဲ့ ကုသိုလ်တစ်မျိုး တိုးပြန်ပြီ။

တရားမထိုင်ခင်ကတည်းက ရတဲ့ကုသိုလ် တွေနည်းလား။ ဒီခေတ်လူတွေ ဘုန်းထူး ကံထူး ပါရမီ ထူးရှိကြတယ်. . . ဆိုတာ ဒါ. . . ပြောတာ။

အဲသလို ခန္ဓာကိုယ်ကို ဘုရားရှင်အဆူဆူ တို့အား အပ်နှင်းလှူဒါန်းလိုက်တယ်ဆိုရင်ပဲ ဘယ်သူကမှ ယောဂီကို မနှောင့်ယှက်နိုင် ဘူးပေါ့။ ကြည့်စမ်း. . . ကုသိုလ်အကျိုးတွေ တိုးလာပြန်ပြီလေ. . .။ နောက်ပြီးတော့. . .

၃။ နိဗ္ဗာန်လမ်းပြပေးတော်မူသော ကမ္မဋ္ဌာန်း
ဆရာကိုလည်း အပြစ်ကြီးငယ် ကန်တော့လို့၊
ခန္ဓာကိုယ် အပ်နှင်းလှူဒါန်းလို့၊ နောက်-

၄။ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ပါရ
စေခြင်း အကျိုးငှာ ကမ္မဋ္ဌာန်းတရားတောင်း
ခံ-လို့။

'သံသရာဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ကမ္မဋ္ဌာနံ မေ ဒေထ။' မြန်မာလိုတောင်း တောင်း၊ ပါဠိလို တောင်း တောင်းပေ့ါ။ ဒါတွေ အားလုံး 'ပုဗ္ဗကိစ္စ' ခေါ်တယ်။

ဒါက ခု ကမ္မဋ္ဌာန်းအပ်တဲ့ အချိန်၊ ကမ္မဋ္ဌာန်း တောင်းတဲ့အခိုက် ကလေးတင်မဟုတ်ဘူး။ နေ့စဉ် ကမ္မဋ္ဌာန်းတစ်ကြိမ် ထိုင်တိုင်း ထိုင်တိုင်း အတိုချုံးပြီးတော့ ကန်တော့ရမယ်။ ခန္ဓာကိုယ် လှူရမယ်။ ကန်တော့တိုင်း ကန်တော့တိုင်း၊ ခန္ဓာကိုယ် အပ်နှင်းလှူဒါန်းတိုင်း ကုသိုလ် တွေ တိုးလာတယ်။ အားတွေ တက်လာတယ်။

နောက်ပြီး ဦးပဥ္စင်းယောဂီများက နေ့စဉ် ဒေသနာကြား၊ လူယောဂီ ဒကာ၊ ဒကာမများက နေ့စဉ် ၉-ပါးသီလ ဆောက်တည်သွားရမယ်။

'မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟရဏံ သမာဒိယာမိ။'

မေတ္တာသဟဂတေန-မေတ္တာနှင့် တကွဖြစ်သော၊ စေတသာ-စိတ်ဖြင့်၊ (မေတ္တာစိတ်ဖြင့်)၊ သဗ္ဗပါဏဘူတေသု - အသက်ခန္ဓာကိုယ်ထင်ရှားရှိသော သတ္တဝါ အားလုံးတို့အပေါ်၌၊ ဖရိတွာ-ဖြန့်ကျက်၍၊ ဖြန့် လွှမ်း၍၊ ဝိဟရဏံ-လျောင်းထိုင်ရပ်သွား ဣရိယာပုတ်လေးပါးဖြင့် နေခြင်းကို၊ သမာဒိယာမိ-ဆောက်တည်ပါ၏။ ဝိဟရဏံ သမာဒိယာမိ-နေပါမည် အရှင်ဘုရား။

ဟော. . . နေ့စဉ် မေတ္တာဓာတ်တွေလဲ လွှမ်းခြုံနေပြီ။ ဒါ. . . နည်းတဲ့ ကုသိုလ်တွေလား။

ဘုန်းကြီးဖြင့် နေ့စဉ် ဒေသနာကြားတယ်၊ ၂-ကြိမ် ၃-ကြိမ်ကြားတယ်, ကုဋေကိုးထောင်သော ရဟန်းသီလ သိက္ခာပုဒ်တွေ တစ်ခါတည်း သန့်ရှင်းစင်ကြယ်သွားတယ်။ သီလစင်ကြယ်တော့ ဝိပ္ပဋိသာရ-သံသယကုက္ကုစ္စတွေရှင်းပြီး ပီတိ ပါမောဇ္ဇတွေဖြစ်၊ ဘုန်းကြီးက ဒီတွင်မနေသေးဘူး။

'ဤသန့်ပြန့်စင်ကြယ်သော ကုဋေကိုးထောင်သော ရဟန်းသီလ သိက္ခာပုဒ်တော်တို့ဖြင့် ဘုရားရှင်အဆူဆူ တို့အား လှူဒါန်းပူဇော်ပါသည်ဘုရား' ပူဇော်လိုက်သေးတယ်။ ကောင်းဘူးလား။ ဦးပဥ္စင်းတို့လဲ အတုယူသင့် ယူဖို့ ပါပဲ။

## တရားထိုင်ပြီးတိုင်း ရွတ်ဆိုပါ

ဒါ တရားမထိုင်ခင် အမြဲ လုပ်ရမယ့်အလုပ်၊ နောက်ပြီး . . . တရားတစ်ထိုင် ထိုင်ပြီးတိုင်း ပြီးတိုင်း လုပ်ရမယ့်အလုပ်လဲ ရှိသေးတယ်။ အဲဒါက-

(က) 'ဣမာယ ဓမ္မာနုဓမ္မပ္ပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။ . . .. ဓမ္မံ ပူဇေမိ။ . . . . သံဃံ ပူဇေမိ။

မဂ် ၄-တန်၊ ဖိုလ် ၄-တန် နိဗ္ဗာန်ဟူဆိုအပ်သော လောကုတ္တရာ တရား ၉-ပါးအား လျှော်သော တရားရှုမှတ်ပွားများခြင်း အကျင့်မြတ်ဖြင့် ဘုရားကို ပူဇော်ပါ၏။ တရားတော်ကို, သံဃာတော်ကို ပူဇော်ပါ၏။

(ခ) 'အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇာတိဇရာ ဗျာဓိ, မရဏမှာ ပရိမုစ္စိဿာမိ။'

ဤလောကုတ္တရာတရား ၉-ပါးအား လျှော်သော တရားရှုမှတ်ပွားများသော အကျင့်မြတ်ကြောင့် အဖန်ဖန် ပဋိသန္ဓေနေရသော ဇာတိဘေးကြီး၊ အိုခြင်း ဘေးကြီး၊ နာခြင်း ဘေးကြီး၊ သေခြင်းဘေးကြီးတို့မှ လွတ်မြောက်ရပါလို၏ အရှင်ဘုရား။

(ဂ) 'ဣဒံ မေ ပုညံ အာသဝက္ခယာ ဝဟံ ဟောတု။ ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။'

ဤကောင်းမှုသည် အာသဝေါတရား ၄-ပါးတို့ကုန်ရာ နိဗ္ဗာန်ကို ယူဆောင်ပေးနိုင်ပါစေသတည်း။ နိဗ္ဗာန်ရောက်ကြောင်း ကောင်းသော အထောက်အပံ့ ဖြစ်ပါစေသတည်း။

(ဃ) ဣမံ ပုညဘာဂံ သဗ္ဗသတ္တာနံ ဒေမ။

ဤကုသိုလ်အဖို့ကို ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ အရံစောင့်နတ်မှစ၍ သတ္တဝါအားလုံးတို့အား အမျှအမျှ ပေးဝေပါ၏။

အထူးသဖြင့် မိဆိုင်ဖဆိုင် ကွင်းပိုင်၊ နယ်ပိုင်နတ်တွေကို ကြပ်ကြပ်မေတ္တာပို့ အမျှဝေပေး။ တရားတစ်ထိုင်ပြီးတိုင်း ပြီးတိုင်း ခပ်တိုတိုဖြစ်တော့ မေတ္တာပို့ အမျှဝေ။ သူတို့က အမျှလိုချင်နေကြတာဗျာ့။

နောက် သူတို့တွေ ဝမ်းသာကြလွန်းလို့ ကူညီတာ စောင့်ရှောက်တာ ကိုယ်တိုင်တွေ့ရ မြင်ရတတ်ပါတယ်။

မြတ်စွာဘုရား လက်ထက်တော်က မေတ္တာမပို့၊ အမျှမဝေပဲနဲ့ တောထဲမှာ တရားထိုင်ကြတဲ့ရဟန်းတော်တွေ တစ်ဝါတွင်းလုံး တရားထိုင်လို့ မရကြဘူး။ အမျိုးမျိုး နှောင့်ယှက်ကြ၊ ဒုက္ခပေးကြတာ။

ဟော . . . ဘုရားထံပြန်လျှောက်ပြီး ဘုရားရှင်က မေတ္တာသုတ်ဟောပြောပေးလိုက်လို့ တောအုပ်ထဲ မဝင်ခင် ကတည်းက မေတ္တာသုတ်တော်ကို ရွတ်လဲရွတ်၊ ပွားလဲပွား များလိုက်ကြရော. . . တောစောင့်နတ် တောင်စောင့်နတ် တွေအားလုံး မိတ်ဆွေတွေဖြစ်လာပြီး ရဟန်းတော်တွေကို ကူညီစောင့်ရှောက်ကြတာ၊ အချို့နတ်တွေကများ နင်းနှိပ် ပေးလို့၊ ရေနွေးကျိုပေးတဲ့နတ်က ကျိုပေးလို့၊ ဘာမှလိုလေ သေးမရှိဘူး. . . တဲ့။ ကူညီကြတာ။

မြတ်စွာဘုရားက ဟောတယ်။ ရဟန္တာတောင်မှ မေတ္တာဘာဝနာမလုပ်ရင် အန္တရာယ်ပေးနိုင်ကြသေးတယ်- တဲ့။ မေတ္တာ နာနာပွားကြ၊ အမျှအတမ်း ပေးကြ။

## ဒါမှ ဘုရားကြိုက်သော ပူဇော်ခြင်း

တရားတစ်ရှူတစ်ရှိုက် ထိုင်ပြီးတိုင်း တရားနှင့်ပူဇော်၊ နိဗ္ဗာန်ကိုပဲတောင့်တ၊ အမျှဝေ . . . ရေးပြ၊ ပြောပြတော့ အကြာကြီးထင်ရတယ်။ တကယ်လုပ်တော့ ခဏကလေးပါပဲ။

ဒီ အခြေခံ ပရိကံလုပ်ပုံကလေး သေသေချာချာ မှတ်ထား၊ သိပ် အရေးကြီးတယ်၊ အကျိုးလဲ သိပ်ကြီးတယ်၊ နောက် လုပ်ရင်းလုပ်ရင်း ကိုယ့်ဟာကိုယ် သိလာမှာပါ။

ခုလို တစ်ရှူတစ်ရှိုက် တရားရှုမှတ်ပြီး နေရတာဟာ ဘုရားကိုကျေးဇူးဆပ်ရာ ရောက်တယ်၊ ပူဇော်ရာ ရောက်တယ်၊ သာသနာတော်ကြီးကို စောင့်ရှောက်ထိန်းသိမ်းရာလဲ ရောက်တယ်၊ ကိုယ့်ကိုကိုယ် ကယ်ဆယ်ရာလဲ ရောက်တယ်။ 'သာသနာပြုတယ် . . . သာသနာပြုတယ်' ဆိုတာ ဒါကို ပြောတာဗျာ့။

လူတိုင်းလူတိုင်း ဆွမ်း၊သင်္ကန်း၊ကျောင်း၊ဆေး ပစ္စည်းလေးပါး ပန်း ရေချမ်း ဆီမီး အမွှေးနံ့သာစသည်ဖြင့်

ကိုယ်နှင့်တန်သလောက် ပူဇော်ဖူးကြတဲ့ လူချည်းပဲ။ ခုလို တရားရှုပွားပြီး ပူဇော်ရတာမျိုးတော့ ပူဇော်ရဖို့မလွယ်ဘူး။ လွယ်လွယ်နှင့် ရပ့ါမလား?

ကိုယ့်မှာ ဘုန်းထူးကံထူး ပါရမီထူးရှိလို့၊ ဘုရားသာသနာနှင့် ကြုံလို့၊ လူ့အဖြစ်ရလို့- ဒီလိုမဟုတ်ဘူးလား။ အခါကောင်းတယ်၊ ဘဝကောင်းတယ်၊ ကံကောင်းတယ်။

အေး . . . မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကလဲ ဟိုဟာဒီဟာတွေနဲ့ ပူဇော်ကြတာကို လိုလားနှစ်သက်တော်မမူဘူး။ သူ့ကိုမြတ်နိုးရင် ခုလို တရားနှင့်ပူဇော်မှ ကြိုက်တာဗျာ့။

ပရိနိဗ္ဗာန် ပြုတော်မူခါနီးကလေး. . . လူတွေနတ်တွေ ဗြဟ္မာတွေအားလုံးအတီးအမှုတ်၊ သီဆိုကျူးရင့်တာတွေ . . . ပန်းနံ့သာ အမွှေးအကြိုင်တွေ လိုလေသေးမရှိ၊ တစ်လောကလုံး အခါမဲ့ပန်းတွေပွင့်လို့ သက်မဲ့သစ်ပင်တွေကတောင် ပူဇော်ကြတယ်။ အင်ကြင်းပင်ပျို နှစ်ပင်ကြားမှာ မြောက်ဘက်သို့ ဦးခေါင်းထားပြီး လျောင်းတော်မူ

နေတော့ အင်ကြင်းပန်းဝတ်မှုန်တွေ၊ မန္ဒာဝရ နတ်ပန်းတွေ အမွှေးအထုံတွေ ကိုယ်တော်ပေါ်မှာရော၊ မလ္လာမင်း ဥယျာဉ်ကြီးတစ်ခုလုံး မွှမ်းထုံ ပူဇော်ကြတာ. . . တဲ့။

'ဧဝံ အစိန္တိယာ ဗုဒ္ဓါ' ဘုရားရှင်တို့ရဲ့ ဘုန်းတန်ခိုးတော်တွေ . . . အံ့ဩလို့ကုန်နိုင်စရာ မရှိဘူးဗျာ့။

ဒီလို ပူဇော်ကြတာတွေ ကြည့်ပြီး အရှင်အာနန္ဒာကို နောက်ဆုံးမှာသွားတယ်လေ-

'နခေါ အာနန္ဒ တ္တောဝတာ တထာဂတော သက္ကတော ဝါ ဟောတိ, ဂရုကတော ဝါ,မာနိတောဝါ ပူဇိတော ဝါ အပစိတော ဝါ, မြတ်စွာဘုရားက- 'အာနန္ဒာ . . . တဲ့၊ ဒီလိုပစ္စည်းဝတ္ထုတွေနှင့် ပူဇော်ကြတာဟာ ငါ့ကို ရိုသေလေးစားရာမရောက်ဖူး၊ မြတ်နိုးကော်ရော် ပူဇော်ရာမရောက်ဖူး' တဲ့။

'ယော ခေါ အာနန္ဒ ဘိက္ခုဝါ ဘိက္ခုနီဝါ ဥပါသကောဝါ ဥပါသိကာဝါ ဓမ္မနုဓမ္မပ္ပဋိပန္နော ဝိဟာရတိ သာမီစိပ္ပဋိပန္နော အနုဓမ္မစာရီ၊ သော

တထာဂတံ သက္ကရောတိ ဂရုံကရောတိ မာနေတိ
ပူဇေတိ အပစိယတိ ပရမာယ ပူဇာယ။'

ရဟန်းဖြစ်စေ၊ လူဖြစ်စေ ယခုလိုတစ်ရှူတစ်ရှိုက်
တရားရှုမှတ်ပွားများပြီး ပူဇော်တာကမှ 'ပရမာယ
ပူဇာယ' အကောင်းဆုံး ပူဇော်ခြင်း. . . တဲ့ဗျာ့။

ကိုင်း. . . ဒီနေ့ကစပြီး ဗုဒ္ဓါနုဿတိဘာဝနာ အရဟံဂုဏ်တော် ၃-ရက်ပွား၊ အားလုံး ပွားတတ်ကြပါတယ်။ အဲသလို ဘုရားကြိုက်တဲ့ အကောင်းဆုံး ပူဇော်ခြင်းနှင့် ပူဇော်ကြရအောင်ဗျာ့။ ပူဇော်ကြဗျာ့။

## ယောဂီအရည်အချင်း ၁၅-မျိုး

နောက်တစ်ခု အရေးကြီးတာ ပြောရဦးမယ်။ ကမ္မဋ္ဌာန်းအားထုတ်တယ်ဆိုတာ လူတိုင်းဝင်အားထုတ်ချင်လို့ အားထုတ်လို့ ရတာမျိုးမဟုတ်ဘူး။ တွေ့ကရာလူ လက်ခံလို့ဖြစ်တာ မဟုတ်ဘူး။ အားထုတ်မယ့်လူကို ရွေးချယ်စိစစ်ဖို့ နည်းကမ်းတွေရှိသေးတယ်။

ဥပမာ ကျောင်းတက်ချင်တယ်ဆိုရင် ကိုယ်တက်ချင်တဲ့ကျောင်း သွားတက်လို့ရသလား? သူ့အရည်အချင်းနှင့်သူ၊ သူ့အဆင့်နှင့် သူ တက်ကြရတာမဟုတ်လား? ရုံးပြင်ကန္တားတွေ အလုပ်ရုံ စက်ရုံတွေလဲ ကိုယ်တက်ချင်တဲ့ရုံးဘက်၊ ကုယ်လုပ်ချင်တဲ့ အလုပ်ရုံလုပ်လို့တော့ မရဘူးမဟုတ်လား?

ကိုယ်တက်ချင်တဲ့ကျောင်း၊ ကိုယ်လုပ်ချင်တဲ့ ရုံးတို့ အလုပ်ရုံတို့ကို လျှောက်ထားရတယ်၊ လျှောက်လွှာတွေဘာတွေနဲ့ ခေါ်မယ်။ ခေါ်တော့လဲ သူ့အရည်အချင်းနှင့်သူ ရွေးချယ်စိစစ်ပြီး ခေါ်တယ်။ ဝင်ချင်တဲ့လူတိုင်း လျှောက်လို့ ဝင်လို့မရဘူး။ ပြီးတော့ တကယ် အရည်အချင်းရှိမရှိ စစ်ရ ဆေးရသေးတယ် မဟုတ်လား?

အေး. . . ဘုန်းကြီးတို့ ကမ္မဋ္ဌာန်း အလုပ်ကလဲ သည်အတိုင်းပဲ။ တွေ့ကရာလူ လက်ခံလို့ဖြစ်တာမဟုတ်ဘူး။ အရည်အချင်းတွေ စစ်ရဆေးရသေးတယ်။ အခု ဘုန်းကြီး စစ်ဆေးကြည့်မယ်။

အဲဒီ ယောဂီလုပ်မယ့် ပုဂ္ဂိုလ်ရဲ့ အရည်အချင်းတွေက ဘာတွေလဲဆိုတော့ ၁၅-မျိုးရှိတယ်။ ဒါ. . . ဦးပဥ္စင်း တို့ ခဏခဏရွတ်နေတဲ့ဟာပဲ-

'ကရဏီယ' မတ္ထကုသလေန၊
ယန္တ သန္တံ ပဒံ အဘိသမေစ္စ။'

အလွန်အေးငြိမ်းတဲ့ နိဗ္ဗာန်ချမ်းသာကြီးကို မျက်မှောက်ပြုခံစားလိုသော ယောဂီဟာ သိက္ခာ ၃-ပါးကျင့်ဖို့၊ ကျင့်နိုင်အောင် အောက်ပါအရည်အချင်း ၁၅-မျိုးနှင့် ပြည့်စုံသူ ဖြစ်ရမယ်. . . တဲ့။

(၁) သက္ကော- ဒီကမ္မဋ္ဌာန်းအလုပ်ကို အဟုတ်လုပ်နိုင်သူ ဖြစ်ရမယ်။

(၂) ဥဇု- ကိုယ်ရောစိတ်ပါ မလိမ်ညာပဲ မှန်ရာကို ပြောဆိုလုပ်ကိုင်သူလဲ ဖြစ်ရမယ်။ တရား လျှောက်ရင်လဲ လိမ်မလျှောက်ရဘူး၊ ဟန်မလုပ်ရဘူး။

(၃) သုဟုဇု- စိတ်ထဲမှာကိုက ရိုးသားဖြောင့်မတ်သူ

ဖြစ်ရမယ်။ ရိုးတဲ့ဂုဏ်လောက်ကောင်းတာ လောကမှာ ဘာမှမရှိဘူး။

(၄) သုဝစော- ပြောဆိုဆုံးမရင် နာခံလွယ်သူ၊ နားထောင်တတ်သူလဲ ဖြစ်ရမယ်၊ ပြန်မပြော- နားမထောင်မလုပ်ရဘူး။
အရှင်သာရိပုတြာမထေရ်ကြီး ကိုရင်ကလေးက ဆုံးမတာကိုတောင် နာယူတယ်၊ ရှင်ရာဟုလာ ငယ်ငယ်ကနံနက်တိုင်း သဲတွေလက်နှင့် ဆုပ်ပြီး ဒီသဲလုံးလေးတွေလောက် ဆုံးမမယ့်သူ ရပါရစေလို့ တောင့်တတယ်တဲ့။

(၅) မုဒု- ကိုယ်နှုတ်နှလုံး သုံးပါးလုံး နူးညံ့ပျော့ပျောင်း သိမ်မွေ့ ယဉ်ကျေးသူဖြစ်ရမယ်။ တစ်နည်းအားဖြင့် အလုပ်ခွင်မှာသွက်လက်ပေါ့ပါးသူဖြစ်ရမယ်။

(၆) အနတိမာနီ-မာနမကြီးရဘူး၊ မောက်မောက်မာမာ

ထောင်ထောင်လွှားလွှား မရှိရဘူး၊
နှိမ့်ချသူဖြစ်ရမယ်။

(၇) သန္တုဿကော- ရသမျှ၊ ရှိသမျှနှင့် မျှတရောင့်ရဲ
လွယ်သူလဲ ဖြစ်ရမယ်။ ကိုယ့်ရှိတာ
ကလေးနှင့် ကျေနပ်တင်းတိမ်ရမယ်။

(၈) သုဘရော- မွေးမြူရ လွယ်ကူသူ၊ စားဝတ်နေမှု
ပြုစုစောင့်ရှောက်ရလွယ်သူလဲ ဖြစ်စေ
ရမယ်။ ဘယ်ဟာ စားရမှ, ဘယ်လို
နေရမှ-လို့ ဇီဇာကြောင်မှု မရှိ
ရဘူး။ ကိုယ့်အတွက် သူတစ်ဖက်သား
အပေါ် တာဝန်မတက်စေရဘူး။

(၉) အပ္ပကိစ္စော- ကြောင့်ကြဗျာပါရတက်တဲ့ အလုပ်
ပိုတွေ မရှိရဘူး။ အမှုကိစ္စနည်းရမယ်၊
ကျောင်းဝေယျာဝစ္စ လေးလေး
ပင်ပင်တွေ မလုပ်ချင်နှင့်ဦး။

(၁၀) သလ္လဟုကဝုတ္တိ- အသုံးအဆောင် ပရိက္ခရာ

အဝတ်အထည် အပိုတွေ မရှိရဘူး။ အတောင်ပံသာလျှင်ဝန်ရှိသော ငှက်ကဲ့သို့ လွယ်ကူပေါ့ပါးတဲ့ မွေးမြူနေထိုင်မှု ရှိသူလဲဖြစ်ရမယ်။ ဒါမှ ထိန်းသိမ်းစောင့်ရှောက်ပြုပြင်ရမှု တာဝန်တွေ ပေါ့မယ်။ ပေါ့ပေါ့ပါးပါး နေရမယ်။

(၁၁) သန္တိန္ဒြိယော- အေးဆေးတည်ငြိမ်တဲ့ ကိုယ်နှုတ်အမူအရာရှိသူလဲ ဖြစ်ရမယ်။ ယောက်ယက်ခတ်ပြာလောင်တာ, ပူလောင်တာ, ဂဏှာမငြိမ်တာတွေ ကင်းရမယ်။ ကောင်းဆိုးအာရုံအပေါ် တည်ငြိမ်ရမယ်။

(၁၂) နိပကော- အရာရာမှာ ချင့်ချင့်ချိန်ချိန် မြော်မြော်မြင်မြင်နှင့် ဆင်ခြင်လုပ်ကိုင်နိုင်တဲ့ အသိဉာဏ်ရင့်ကျက်သူလဲ ဖြစ်ရမယ်။

(၁၃) အ-ပ္ပဂဗ္ဘော- ကိုယ်နှုတ်စိတ်ရိုင်းပျခြင်းမရှိ ချောင်ယဉ်ကျေးလိမ်မာသူ၊ မရိုင်းစိုင်းသူလဲ ဖြစ်ရမယ်။

(၁၄) ကုလေသု အနနုဂိဒ္ဓေါ - ဒကာ ဒကာမများ အပေါ်၊ မိသားစု မိတ်ဆွေများ အပေါ် အလွန်အမင်း မခင်တွယ်သူ၊ သံယောဇဉ် မကြီးသူလဲ ဖြစ်ရမယ်။

(၁၅) န စ ခုဒ္ဒ မာစရေ ကိဉ္စိ၊ ယေန ဝိညူ ပရေ ဥပဝဒေယျုံ- ပညာရှိသူတော်ကောင်းများ ကဲ့ရဲ့ ရှုတ်ချစရာဆို၍ မည်မျှ သေးငယ်သော မကောင်းမှုကိုသော်မျှ မကျူးလွန် မပြုလုပ်သူလဲ ဖြစ်ရမယ်။

## လိုလျှင်ဖြည့်စွက် တရားတက်

ဒါ ဦးပဉ္ဇင်းတို့ သာမှုနာမှုရှိတိုင်း ရွတ်ဆိုနေကြတဲ့ မေတ္တသုတ်ထဲမှာ ပါတာမဟုတ်လား။ ဒကာ ဒကာမ

တွေလဲ ခဏခဏ နာရတယ်၊ ရတဲ့လူလဲ ရတယ်။

ဒါတွေကို ဒီလောက်လေးနက်တယ် တန်ဖိုးရှိတယ်လို့ ထင်ချင်မှထင်ကြမှာ၊ ရ-လို့ရွတ်နေကြတာပဲ။ မြတ်စွာဘုရားရှင်ဟောတော်မူတာ ကြည်ညိုစရာ ကောင်းလိုက်တာ၊ ဒီအရည်အချင်းတွေ သူတော်ကောင်းတရားတွေ ရချင်စရာကောင်းလိုက်တာ။

ဒီ အရည်အချင်းကောင်းတွေ ရှိတဲ့လူဟာ ဆင်းရဲပါဦးမလား? ဘယ်မှာနေနေ၊ ဘာပဲလုပ်လုပ် ဒါတွေရှိထားရင် ချမ်းသာပြီဗျာ့။ ကိုယ့်မှာ ဘယ်ဟာဘယ်ဟာဖြင့် လိုနေသေးတယ်ဆိုရင် ကိုယ့်ဟာကိုယ်သိပြီး ဖြည့်ကြ။ ကျင့်ကြ။

ဒါတွေ မပါပဲ မရှိပဲနဲ့ တရားအားထုတ်လို့ မရဘူး။ ဒါ ယောဂီတိုင်း ကြိုတင်ရှိထားရမယ့် အရည်အချင်းတွေ..

'မေတ္တာ ပုဗ္ဗဘာဂ ပဋိပဒါ' မေတ္တာ ဘာဝနာမလုပ်ခင် ကြိုတင်ရှိထားရမယ့် အကျင့် ၁၅-မျိုးလို့လဲ **ခေါ်တယ်**။ 'ကမ္မဋ္ဌာ-နုပစာရ'-ကမ္မဋ္ဌာန်းရှေ့ပြေး အကျင့်လို့လဲ ခေါ်ကြတယ်။

ကမ္မဋ္ဌာန်းတရား အားထုတ်နေတဲ့ ယောဂီတိုင်း ရှိထားရမယ့် အရည်အချင်း ၁၅-မျိုး. . .။ ဒါတွေနှင့် ပြည့်စုံတဲ့ ယောဂီမှ တရားရလွယ်တာ။

အဲဒီ အရည်အချင်းတွေက စာပေဗဟုသုတ စိတ်ကူးနှင့် ကိုယ့်ဟာကိုယ် ဆုံးမ၊ ယောနိသော မနသိကာရ နှင့်လဲ လုပ်ယူရတယ်။ ဒါပေမယ့် ရေရှည်မခံဘူး။

တစ်စုံတစ်ခုသော တရားဘာဝနာအလုပ် လုပ်လိုက်မယ်ဆိုရင် ဒါတွေ တစ်ခုစီလုပ်မနေရဘူး။ တစ်ချက်တည်းပြည့်စုံသွားတာဗျ။ အကုန်ကို နေရာကျသွားတာဗျ။ စဉ်းစားကြည့်စမ်း . . . ဘယ်လောက်ကျက်သရေရှိသွားမလဲ? ချမ်းသာသွားမလဲ။ အားကျစရာတွေနော်. . .။

## တရားရမည့်သူ အရည်အချင်း ၅-ပါး
## (ပဓာနိယင်္ဂတရား)

နောက်ပြီး ယောဂီများရှိထားရမယ့် အရည်အချင်းနှင့် စပ်လို့ ဘုရားဟောတော်မူတာရှိသေးတယ်။ ဒါလဲ

ကြိုတင်သိထားရမှာပဲ။ 'ပဓာနိယင်္ဂတရား ၅-ပါး'- တရားရနိုင်တဲ့လူရဲ့ အရည်အချင်း ၅-မျိုးတဲ့။

တစ်ခါက (မဇ္ဈိမ ပဏ္ဏာသပါဠိတော် ဗောဓိရာဇကုမာရသုတ်-မှာ) မြတ်စွာဘုရားဟောတော်မူတာရှိတယ်။ ဗောဓိမင်းသားက မြတ်စွာဘုရားရှင်ကို လျှောက်တယ်-

'အရှင်ဘုရား၊ ဘုရားရှင်အဆုံးအမ, ရတဲ့ပုဂ္ဂိုလ်ဟာ ဘယ်လောက်ကြာကြာ အားထုတ်မှ အရဟတ္တဖိုလ်ကို ရနိုင်ပါသလဲ' . . . တဲ့။

ဒီတော့ မြတ်စွာဘုရားက-

ကောင်းပြီ မင်းသား၊ ဒီအမေးကို သင့်ကိုပဲ ပြန်မေးမယ်၊ မင်းသား. . . သင်ဟာ ဆင်စီးချွန်းကိုင် အတတ်ကို တတ်တယ်မဟုတ်လား'၊ 'တတ်ပါတယ်ဘုရား'

ဒါဖြင့် ဆင်စီးချွန်းကိုင် အတတ်ပညာသင်ရအောင် လူတစ်ယောက် သင့်ထံလာပြီဆိုပါတော့. . . ဒါပေမယ့် အဲဒီလူဟာ . . .

၁။ ယုံကြည်မှုလဲ မရှိဘူး။

၂။ မကျန်းလဲ မကျန်းမာဘူး။

၃။ ကောက်ကျစ်စဉ်းလဲပြီး၊ အဖြစ်မှန်ကိုလဲ ဝန်ခံ မပြောဘူး။ လိမ်တယ်။

၄။ ပျင်းကလဲ ပျင်းသေးတယ်။

၅။ အသိဉာဏ်လဲ မရှိ၊ ထုံထိုင်းတယ်။

အဲသည်လို လူကို မင်းသားတတ်အောင် သင်ပေးနိုင်ပါ့မလား. . .' တဲ့။

'အဲဒီအင်္ဂါ ၅-ပါးလုံးမပြောနှင့်၊ တစ်ခုတည်းရှိရုံနှင့်တောင် သင်မပေးနိုင်ပါဘူးဘုရား။'

'ကောင်းပြီ မင်းသား. . .၊ ဒါဖြင့် လူတစ်ယောက်ကတော့- ယုံလဲ ယုံကြည်တယ်၊ ကျန်းမာတယ်၊ ရိုးသားတယ်၊မပျင်းမရိလဲ ကြိုးစားတယ်၊ ဉာဏ်လဲ ကောင်းတယ်ဆိုပါတော့. . .'

'ဒီ အရည်အချင်း ၅-ခုလုံး မပြောနှင့်၊ တစ်ခုတည်းရှိရုံနှင့်လဲ တပည့်တော် ထိုသူကို ဆင်စီးချွန်းကိုင်အတတ်

တတ်အောင် သင်ပေးလို့ရပါတယ် ဘုရား'. . . တဲ့။

'အေး. . . ငါဘုရားလဲ သည်အတိုင်းပဲ' လို့ မိန့်တော်မူကာ ပဓာနိယင်္ဂတရား ၅-ပါးနှင့် ပြည့်စုံတဲ့သူဟာ ၄-၅-၆နှစ်၊ ၄-၅-၆လ၊ ၄-၅-၆ရက်၊ တစ်ရက် တစ်ည မဆိုထားဘိ-

'သာယ' မနုသိဋ္ဌော ပါတော ဝိသေသံ အဓိဂမိဿ-

တိ၊ပါတ' မနုသိဋ္ဌော၊ သာယံ ဝိသေသံ အဓိဂမိ-

ဿတိ-ညနေ တရားပေး နံနက်ရ၊ နံနက်တရားပေး၊ ညနေ ရသကွာ. .' လို့ မိန့်တော်မူလိုက်တယ်။ ဒီတော့ ဗောဓိမင်းသားဟာ-

'အဟော ဗုဒ္ဓေါ၊ အဟော ဓမ္မော၊ အဟော ဓမ္မဿ

သွာက္ခာတတာ-

'မြတ်စွာဘုရားရှင်ရဲ့ ဘုန်းတန်ခိုးအစွမ်းတော်၊ ကောင်းစွာ ဟောကြားအပ်သော တရားတော်ရဲ့ ဘုန်းတန်ခိုးအစွမ်းတော်တွေဟာ အံ့သြစရာ၊ အားရကျေနပ်စရာ ကောင်းလှပါပေတယ် ဘုရား' လို့ ဝမ်းသာ အားရ ဟျောက်ထားခဲ့ဖူးတယ်။

ဒီတော့. . . အားရစရာ အားကျစရာ မကောင်းဘူးလား တရားက ဘာမှမခက်ဘူး။ ကိုယ့်စိတ်ကသာ ခက်နေတာ။

**ယုံကြည်, ကျန်းမာ၊ ဖြောင့်စွာ, အားထုတ်၊ နာမ်နှင့်ရုပ်၊ ဖြစ်ချုပ်သိပါစေ။ (သမထ-မှာ နိမိတ်မြင်၍၊ ဝိပဿနာ-မှာ ဖြစ်ပျက်သိတဲ့ ဉာဏ် ရှိရမည်ဆိုလိုသည်။)**

⯈⯈⯈⯇⯇⯇

# ဘဝကောင်းအခါကောင်း

## ဘဝပဒေသာ တရားတော်

ဦးပဥ္စင်းတို့ လက်ဖျစ်တစ်တွက်အတွင်း စိတ်တွေက ဘယ်လောက်ဖြစ်သတဲ့တုံး။ (ကုဋေတစ်သိန်းမက- လို့ ကြားဖူးပါတယ်ဘုရား။)

အေး. . . ဟုတ်တယ်။ သံယုတ်အဋ္ဌကထာမှာ မိန့်ဆိုထားတယ်။ ကုဋေတစ်သိန်းမကဘူး. . . တဲ့။ တစ်ရှူ တစ်ရှိုက်ဖြစ်တဲ့ စိတ်လဲ ဒီအတိုင်းပေါ့။

ခုံ ဦးပဥ္စင်းတို့၊ ဒကာ ဒကာမကြီးတို့ တစ်ရှူတစ်ရှိုက် အတွင်းမှာဖြစ်တဲ့ ဉာဏသမ္ပယုတ် ကုသိုလ်စိတ်တွေ ကုသိုလ်ဇောတွေကကော ကုဋေတစ်သိန်း က-ပါ့မလား။

သည်တော့ တရားအားထုတ်လို့ ရတဲ့ ကုသိုလ်တွေက နည်းသလား။

'စိတ္တပ္ပသာဒမတ္တမ္ပိ ခေါ စုန္ဒ ကုသလေသု ဓမ္မေသု ဗဟုကာရံ ဝဒါမိ'

ချစ်သားစုန္ဒ. . . ကုသိုလ်စိတ်ကလေးဖြစ်ရုံမျှနှင့် အလွန်အကျိုးများလှပေ၏. . . ဟု ငါဘုရားဟောတော်မူသည်'- တဲ့။

ကြည့်စမ်းလေ. . . မဋ္ဌကုဏ္ဍလီသတို့သားလေး. .၊ အဖေလုပ်သူ ပုဏ္ဏားကြီးက ဆေးဆရာခေါ်ပြီး ဆေးကုရင် ပိုက်ဆံကုန်မှာစိုးလို့ အိမ်ရှေ့ဝရံတာမှာ ပစ်ထားတာ၊ မြတ်စွာဘုရား ဆွမ်းခံကြွတော်မူတာ ရိပ်ခနဲ ဖူးလိုက်ရပြီး သေသွားရှာတယ်။ သူက ဗုဒ္ဓဘာသာ မဟုတ်ဘူး။ မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားကြီး သား။

## ကုသိုလ်အစုအပုံကြီး

ဒါပေမယ့် လျှပ်တစ်ပြက်ကလေး မြတ်စွာဘုရား အသရေတော်ကို ဖူးလိုက်ရတာနှင့် နတ်ပြည်မှာ သွားဖြစ်တယ်။ အလွန်ကြီးကျယ်တဲ့ နတ်စည်းစိမ်တွေ ခံစား

ရတာ မယုံကြလို့ ကိုယ်ထင်ရှားလာပြပြီး ဘုရားရှင်ရဲ့ ကျေးဇူးတော်တွေ ရှင်းပြရသေးတယ်။

ရတနာသုံးပါးရဲ့ ကျေးဇူးဂုဏ်တွေက ယုံနိုင်စရာ မရှိဘူးဇလား။

ခုနက ပြောတဲ့ တစ်ချက်တစ်ရှိက်အတွင်းဖြစ်တဲ့ ကုဋေ တစ်သိန်းမကဘူး . . . ဆိုတဲ့ စိတ်တွေဟာ ပဲစပါးနှမ်း ပြောင်းလို အစုအပုံ လုပ်လို့ရမယ်ဆိုရင် အပုံကြီး ဘယ် လောက်ရှိမယ်ထင်သလဲ?

' ဝါဟာသတ်ခေါ် မဟာရာဇ ဂိဟီနံ--' မိလိန္ဒပဉ္ဇာ ပါဠိတော် (၁၀၉) မှာ ဆိုထား တယ်။ တစ်ချက်တစ်ရှိက် လက်ဖျစ်တစ်တွက်မှာ ဖြစ်ပျက်သွား တဲ့ စိတ်ကလေးကို စပါးလို ပြောင်းလို စုပုံထားလို့ ရမယ် ဆိုရင် . . . တဲ့၊

လှည်းအစည်းတစ်ရာကျော်တိုက်၊ စပါးတင်းပေါင်း ရှစ်ထောင်ကျော်က စပါးစေ့တွေလောက် မကဘူး . . . တဲ့။ ပုံကြည့်လို့ရမယ်ဆိုရင် အဲသည်လောက်များတယ်တဲ့။

ကဲ . . လှည်းအစည်းတစ်ရာက စပါးပဲကြည့်ပါဦး၊ ဘယ်လောက်များမလဲ။

ယောဂီတို့ ဦးပဉ္ဇင်းတို့ နေ့စဉ် အရဟံ... အာနာပါန ရှုပွားတဲ့ ကုသိုလ်တွေ မိလိန္ဒပဉှာမှာ ဟောတော်မူသလို စုပုံထားမယ်ဆိုရင် ဒီကျောင်းဝင်းကြီး ဆံ့ပါမလား?

အေး... ဦးပဉ္ဇင်းတို့ ခုလိုတရားအားထုတ်ရတဲ့ ကုသိုလ်တွေဆိုတာ ရဖို့ မလွယ်ဘူး။ အားရစရာ သိပ်ကောင်းတယ်။ ဓမ္မပဒပါဠိတော် ဗိဠာရပါဒက သုတ္တေဝတ္ထုမှာလေ...

'မာဝ မညေထ ပုညဿ၊

န မန္တံ အာဂမိဿတိ-

ကုသိုလ်ကောင်းမှုဆိုတာ အကျိုးပေးမှာ မဟုတ်ပါဘူး။ နည်းနည်းကလေးပဲ လို့ မအောက်မေ့ရဘူး' တဲ့။ ခုနက မဋ္ဌကုဏ္ဍလီသတို့သား ကြည့်လေ။ နေ့စဉ် ကိုယ်ရှုမှတ်ပွား များနေတဲ့ ကုသိုလ်တွေက ဒီလောက်ကပ့်ါမလား?

### ကုသိုလ်ဆိုတာ ပျောက်ပျက်မသွား

ကုသိုလ်တစ်ကြိမ်တစ်ခါ လုပ်ထားရင် အဲဒီကုသိုလ်တွေက ပျောက်ပျက်မသွားဘူး၊ ဆွေးမြည့်မသွားဘူး၊ အနန္တရ

သတ္တိနှင့် ဒီတစ်ရှူက နောက်တစ်ရှူ၊ နောက်တစ်ရှူက နောက်တစ်ရှူ၊ ဒီနေ့က နောက်နေ့၊ ဒီနှစ်က နောက်နှစ်၊ ဒီဘဝက နောက်ဘဝ ဆက်ကာဆက်ကာ လက်ဆင့်ကမ်း ကျေးဇူးပြုပြီးသွားတာ နိဗ္ဗာန်ရတဲ့ အထိပဲ၊ ဆွေးမြည့်သွားတယ်၊ ပျောက်ပျက်သွားတယ်၊ ကုန်ဆုံးသွားတယ်ဆိုတာ မရှိဘူး။

မြတ်စွာဘုရားရှင် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ခဲ့တဲ့ ဒါနသီလစတဲ့ ပါရမီကုသိုလ်တွေလဲ သည်အတိုင်းပဲ၊ ဘုရားဖြစ်တော်မူတဲ့အထိ အနန္တရသတ္တိ အာသေဝနသတ္တိနဲ့ ပါလာကြတာ။ ဘုန်းကြီးတို့ ဦးပဥ္စင်းတို့ ကုသိုလ်တွေလဲ သည်အတိုင်းပဲ။

မီး၊ ရေ၊ လေတို့ကြောင့် ကမ္ဘာကြီးပျက်သွားပေမယ့် ကိုယ်လုပ်ထားတဲ့ ကုသိုလ်တွေက မပျက်ဘူး။ ဆွေးမြည့် မသွားဘူး။

သမ္မောဟဝိနောဒနီ အဋ္ဌကထာ၂၄-မှာ လွန်လေပြီးသော ကမ္ဘာတစ်သိန်းအထက်က ပြုလုပ်ခဲ့တဲ့ ကုသိုလ်ကံတွေ ယခုအထိ အကျိုးပေးတုန်း၊ ယခုပြုလုပ်တဲ့ ကုသိုလ်

တွေကလဲ နောင် ကမ္ဘာတစ်သိန်းတိုင်အောင် အကျိုးပေး လိမ့်မယ်' . . . တဲ့။

တစ်ရှူတစ်ရှိုက် ကုသိုလ် နည်းတယ်လို့ မထင်ကြနှင့်။

## မုဒိတာစိတ်ကလေး တစ်ချက်

ဘုန်းကြီးတို့ ဘုရားအလောင်းတော် သုမေဓာ ရသေ့ကလေးဘ၀တုန်းက ဒီပင်္ကရာမြတ်စွာဘုရားထံမှောက် တံတားခင်ပြီး ဗျာဒိတ်ပန်တဲ့အခါ 'ဘဒ္ဒကမ္ဘာမှာ ဂေါတမ အမည်နှင့် သဗ္ဗညုဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မယ်'လို့ ဗျာဒိတ်ပေးတော်မူခဲ့တယ်။

အဲသလို ဗျာဒိတ်ပေးတာကို သူ့ရဲ့သူငယ်ချင်း သုမေဃက ကြားတော့ ဝမ်းသာသွားတယ်။သူတစ်ဖက်သား ကြီးပွားမှာကို ဝမ်းသာနိုင်ဖို့ လွယ်ပါ့မလား? သုမေဃမှာ ဝမ်းသာတဲ့ မုဒိတာစိတ် ဖြစ်သွားတယ်။ သူ့မှာဖြစ်တဲ့ ကုသိုလ်စိတ်က ကြီးကြီးမားမား မဟုတ်ပါဘူး။ ဒီလောက်

ကလေးပါပဲ။ ဒါပေမယ့် ဒီစိတ်ကလေးက နောင်တစ်ချိန်မှာ ဘယ်လို အကျိုးပေးသလဲ ပြောချင်လို့ပါ။

သူငယ်ချင်း သုမေဃဟာ အဲဒီဘဝမှာ လူမိုက်တွေနှင့် ပေါင်းမိလို့ အမေကိုသတ်တဲ့ အကုသိုလ်ကြောင့် အပါယ်ငရဲကျရတယ်။ ငရဲက လွတ်တော့လဲ ဒီဘုရားလက်ထက်ကျတော့ ပင်လယ်ထဲမှာ လူတွေကိုဒုက္ခပေးတဲ့ ပိင်္ဂလငါးကြီးဖြစ်နေရှာတယ်။

ပိင်္ဂလငါးကြီးဟာ ပင်လယ်ထဲဖြတ်သွားတဲ့ သင်္ဘောတွေနောက်လိုက်လိုက်ပြီး အကုန်သတ်သတ်စားနေကျ၊ တစ်နေ့တော့ သင်္ဘောတစ်စင်းပေါ်က လူတွေက ပိင်္ဂလငါးကြီး လိုက်ဟပ်နေတာမြင်ရတော့ 'ဂေါတမဘုရားရှင် ကယ်တော်မူပါ'လို့ အလန့်တကြား အော်ကြသတဲ့။

ဂေါတမဘုရားဆိုတဲ့ အော်သံလဲကြားရော၊ ငါးကြီးဆက်မလိုက်တော့ပဲနဲ့ 'ဩော် . . ငါ့သူငယ်ချင်း သုမေဓာတောင် ဘုရားအဖြစ်သို့ ရောက်နေပါပကောလား' သတိ

ရသွားတယ်။ နောက် ပိဂ်လင်းကြီးဟာ အဲဒီဘဝက လွတ်မြောက်ပြီး လူ့ဘဝရဲ ကျွတ်တမ်းဝင်သွားတယ်။

ကြည့်လေ. . . ဟိုဒီပက်ရာ ဘုရားလက်ထက်က ဝမ်းမြောက်ခဲ့ဖူးတဲ့ မုဒိတာစိတ်ကလေး ပျောက်ပျက်ဆွေးမြည့် မသွားဘူး။ ဒီဘုရားလက်ထက်ထိ အနန္တရသတ္တိနှင့် နိဗ္ဗာန် အထိ ပို့ပေးလိုက်တာ. . .။

## ကိုယ့်ကောင်းမှု ကိုယ်မပြောဝံ့

ကုသိုလ်များ တယ်အားရစရာကောင်းတယ်။ (ဓမ္မပဒ၊ သာမာဝတီ ဝတ္ထုထဲမှာ) ဂေါတမမြတ်စွာဘုရားရှင်ပွင့်ထွန်းတော်မူစအချိန်က အဖြစ်အပျက်ကလေးပါ။

ဟို. . . ဟိမဝန္တာက ရသေ့ငါးရာ ကောသမ္ဗီပြည်ကို ဝါကပ်ဖို့လာကြတာ။ လမ်းခုလတ်မှာ အရိပ်အာဝါသကောင်းတဲ့ ညောင်ပင်ကြီးတစ်ပင်အောက် ခရီးတစ်ထောက်နားနေကြတယ်။

အဲဒီမှာ ရေကလဲဆာ၊ မောကလဲမောနှင့် ခေါင်းဆောင်ရသေ့ကြီး စိတ်ကူးပေါ်လာတာက. . .

'အင်း ဒီလောက်ကြီးကျယ်တဲ့ ညောင်ပင်ကြီးမှာ နေတဲ့ ရုက္ခစိုးနတ်မင်းကြီးဟာလဲ သာမညမဟုတ်ဘူး။ တန်ခိုးကြီးတဲ့ ရုက္ခစိုးနတ်မင်းကြီးတစ်ဦးဖြစ်မှာပဲ၊ နတ်တို့ တန်ခိုးနှင့် သောက်ရေကလေးများပေးရင် ကောင်းမှာပဲ' လို့ စိတ်ကူးမိသတဲ့။

နတ်မင်းကြီးက ရသေ့ကြီးစိတ်ကူးတာသိပြီး ရေလှူ လိုက်တယ်။ နောက်. . . ချိုးရေ စားစရာ သောက်စရာ စိတ်ကူးတိုင်း စိတ်ကူးတိုင်း လှူလိုက်တယ်။ ရသေ့ကြီးက ဆက်ပြီး တောင့်တတယ်။

'ဩော် ဒီလောက်တန်ခိုးကြီးတဲ့ နတ်မင်းကြီးကို မြင်ချင်စမ်းပါဘိ'

နတ်မင်းကြီးကလဲ ညောင်ကိုင်းတွေကြားက ကိုယ် ထင်ပြလိုက်တယ်။ ရသေ့တွေအားလုံးဟာ နတ်မင်းကြီးရော နတ်ဗိမာန်ကြီးပါ မြင်ရတော့ သိပ်ပြီးအံ့အားသင့် ဝမ်း မြောက်ပြီး ဝိုင်းမေးကြပြန်တယ်။

'နတ်မင်းကြီး. . . သင်ရဲ့စည်းစိမ်တွေ တန်ခိုးဣဒ္ဓိ ပါဒ်တွေ ကြီးကျယ်လိုက်တာ။ ဘယ်လို ကောင်းမှုကုသိုလ်

တွေ ပြုလုပ်ခဲ့လို့ပါလဲ’။ ဒီတော့ နတ်မင်းကြီးက-

‘အရှင်ရသေ့တို့ . . . ဒါကိုတော့ မမေးကြပါနှင့်၊ မသိချင်ကြပါနှင့်’လို့ ပြောတယ်။ တောင်းပန်ရှာတယ်။ သူ လုပ်ခဲ့တဲ့ ကုသိုလ်ကနည်းနည်းကလေး မပြောပလောက် တော့ ရှက်ပြီးနေသတဲ့။ ရသေ့တွေက မေးလွန်းမကမေးကြ တော့မှ အနာထပိဏ် သူဌေးကြီးအိမ်မှာ အခစားနှင့် လုပ် ရတဲ့ ဆင်းရဲသားဖြစ်ကြောင်း၊ သူဌေးကြီးအိမ်မှာ နို့စို့ကလေး ငယ်တွေက အစ ဥပုသ်စောင့်ကြရကြောင်း၊ သူလဲ တော ထဲမှ ပြန်လာ၊ ဥပုသ်နေ့မှန်း ညနေရောက်မှ သိပြီး နေ့ထက် ဝက် ဥပုသ်စောင့်ရာက လေနာထပြီး ကွယ်လွန်ခဲ့ကြောင်း ရှက်ရှက်နှင့် ပြောပြရှာသတဲ့။

ကဲ. . . ကြည့်စမ်း. . .၊ ဒို့ ဒီကယောဂီတွေလို အပြည့်စောင့်ရတဲ့ ၉-ပါး သီလမျိုး၊ သမထဝိပဿနာ ကုသိုလ်မျိုး မဟုတ်သေးဘူး၊ အားတက်စရာ မကောင်း ဘူးလား?

'မာ'ဝံ မဉေထ ပုညဿ၊
န မန္တံ အာဂမိဿတိ-
'ကုသိုလ်မှန်သမျှ နည်းနည်းကလေးပဲ့လို့ မအောက်မေ့ရဘူး'

ထားခဲ့ရမယ့်ဟာ မထုပ်နှင့်

ကုသိုလ်ဆိုတာ ဘယ်တော့မှ ဆွေးမြည့်မသွားဘူး၊ ပျောက်ပျက်မသွားဘူး။ ဒါပေမယ့်-

- ♦ အကျိုးတရားတွေကတော့ ပျောက်သွားပြီ။
- ♦ အကြောင်းတရားတွေက ဘယ်တော့မှမပျောက်ဘူး။

လူတိုင်းလူတိုင်း လူမင်း နတ်မင်း ဗြဟ္မာမင်း အကြိမ်ကြိမ် ဖြစ်ခဲ့ကြရပြီ။ အခု အဲဒီ စည်းစိမ်တွေပါသေးရဲ့လား? ထားပစ်ခဲ့ရတာ မဟုတ်လား။

ဒီဘဝ စုဆောင်းရှာဖွေထားတဲ့ စည်းစိမ်တွေကော သေတော့ ယူသွားလို့ရမလား။ ထားခဲ့ရဦးမှာပဲ။ ယူသွားနိုင်တာက ကိုယ်လုပ်တဲ့ ကုသိုလ်ကံ အကြောင်းတရား၊ ဒါပဲ

ယူသွားနိုင်တာ၊ ခုလုပ်နေတဲ့ ကုသိုလ်တွေက နိဗ္ဗာန်အထိ ပါလာမှာဗျာ့။

♦ ယူသွားနိုင်တာကိုသာ လုပ်။
ထားခဲ့ရမယ့်ဟာတွေ ထုပ်မနေနှင့်။

- ပုဗ္ဗ စေတနာ - ကုသိုလ်ဆိုတာ ခုဘဝလဲ ပျော်ရွှင်ရတယ်။
- ပစ္စ စေတနာ - နောက်ဘဝလဲ ပျော်ရတယ်။
- ကတပုညော ဥဘယတ္ထနန္ဒတိ- ကုသိုလ်ရှိတဲ့ လူဟာ ခုရော နောင်ပါ ဘယ်မှာမဆို ပျော်ရမယ်။

## အလောင်းတော်ကြီးတွေ လူ့ရွေ့ခံလှာကြ

ကုသိုလ်ကောင်းမှုဆိုတာက ဘုံဘဝတိုင်းမှာ လုပ်လို့ ရတာမျိုး မဟုတ်ဘူး။

လူ့ဘဝမှာမှ လုပ်လို့ရတာ။

ဒါကြောင့် အလောင်းတော်ကြီးများ လူ့ပြည်လူ့ရွာ ဆင်းလာပြီး ပါရမီကုသိုလ်တွေ လုပ်ယူကြရတယ်။

လူ့စည်းစိမ်နှင့် နတ်စည်းစိမ် ဘယ်ဟာက ကြီးကျယ် ခမ်းနားသလဲ။ ပျော်မွေ့စရာကောင်းသလဲ။

လူ့စည်းစိမ်ဆိုတာက နတ်စည်းစိမ်နှင့်စာရင် သူတောင်းစားစည်းစိမ်၊ စဏ္ဍာလ စည်းစိမ်ပဲ။

အလောင်းတော် တေမိမင်းသားမှာ ပါရမီတွေဖြည့် ချင်လွန်းလို့ အလွန်ကြီးကျယ်တဲ့ နတ်စည်းစိမ်တွေ စွန့်ပြီး လူ့ပြည်ဆင်းလာရရှာတယ်။ သူ့လိုပဲ နတ်စည်းစိမ်တွေ စွန့်ပြီး လူ့ပြည်လာကြတဲ့ နတ်သားတွေတောင် ငါးရာ-တဲ့ လိုက်ပါလာကြတာ။

လူ့ပြည် ရောက်လာပြန်တော့ကော သူ့ခမျာ ပါရမီ ဖြည့်ရတာ သက်သာရှာရဲ့လား?

ဘုရားလောင်း ဘူရိဒတ် နဂါးမင်းကြီးဟာလဲ ဥပုသ် ကလေးစောင့်ချင်တာနဲ့ လူ့ပြည်လာရရှာတယ်။ နဂါး စည်းစိမ်ကလဲ နတ်စည်းစိမ်လို ကြီးကျယ်ခမ်းနားတာပဲ။

အဲ. . . လူ့ပြည်ရောက်လာပြီး ဥပုသ်စောင့်ရသော် လဲ ဖြောင့်ဖြောင့် အေးအေးလူလူ မစောင့်ရရှာဘူး။

အလမ္မယ်လုပ်သမျှ ဒုက္ခခံပြီး စောင့်ရရှာတာ။ ခု ဒို့ ယောဂီတွေ ဥပုသ်စောင့်ရတာ ချမ်းသာလိုက်တာ။ စားဖို့ သောက်ဖို့ကလဲ အဆင်သင့်။

မြတ်စွာဘုရားရှင် မရှိတဲ့နောက် အနှစ်တစ်ရာကြာ တော့ ဒုတိယသင်္ဂါယနာတင်ပြီးလို့ ရဟန္တာအရှင်မြတ်ကြီး တွေက သံဂါယနာတင်ပြီးရုံနဲ့ အေးအေးသက်သာ နေတော် မမူကြရရှာဘူးဗျာ့။

သာသနာတော်နောင်ရေး ဘယ်လိုဘေးရန်တွေများ ပေါ်လာဦးမလဲ ဟဲ့လို့ ကြည့်လိုက်တဲ့အခါ နောင် အနှစ် တစ်ရာ ကြာတဲ့အခါ(သာသနာတော်နှစ်ပေါင်း နှစ်ရာကျော်) သာသနာမှာ ဗြာဟ္မဏဝါဒီ ရဟန်းတု ရဟန်းယောင်တွေ ဝင်လာပြီး သာသနာဖျက်ဆီးမှာကို မြင်တော်မူကြတယ်။

အဲဒီအချိန်မှာ အဲဒီရဟန္တာအရှင်မြတ်ကြီးများ ကိုယ် တိုင် အသက်ထင်ရှားမရှိနိုင်တော့တာကိုလဲ သိတော်မြင် တော်မူကြလို့ အဲဒီအချိန် (အသောကမင်းကြီးလက်ထက်) မှာ သာသနာတော်ကို စောင့်ရှောက်နိုင်မယ့် ပုဂ္ဂိုလ်များ

ရှိပါလေစလို့ ကြည့်လိုက်တော့ လူ့ပြည်လူ့ရွာမှာ တစ်ယောက်မှ မတွေ့ကြဘူး။ နတ်ပြည်မှာလဲ မတွေ့ဘူး။

ဒါနဲ့ ဗြဟ္မာ့ပြည် လှမ်းကြည့်တော့ တိဿခေါ်တဲ့ ဗြဟ္မာကြီးသွားတွေ့တယ်။ ချက်ချင်းပဲ ဗြဟ္မာ့ပြည်ကြွပြီး တိဿဗြဟ္မာကြီး လူ့ပြည်လူ့ရွာမှာ သက်ဆင်းပြီး ပဋိသန္ဓေယူဖို့ တောင်းပန်တိုက်တွန်းကြရတယ်။

အင်မတန် ချမ်းသာတဲ့ဘဝ ဗြဟ္မာ့ စည်းစိမ်တွေ ပစ်ခဲ့ပြီး၊ ချမ်းသာတဲ့ ဗြဟ္မာဘဝ၊ ရှည်ကြာတဲ့ ဗြဟ္မာအသက်ကို ခြွေပြီး လူ့ပြည်လာရရှာတာ။

ကြည့်စမ်းလေ. . . လူ့ပြည်မှာ ပုဏ္ဏေးမ အမိဝမ်းပုပ် ခေါင်းထဲ ၁၀-လ အောင်းရမယ်။ ဒုက္ခမသေးလှပါလား? နတ်တွေအဖို့ ဒါ ငရဲခံရတာပဲ။ ဒါပေမယ့် . . . တိဿဗြဟ္မာကြီးက လူ့ပြည်ဆင်းပြီး သာသနာနှင့် တွေ့ရမှာ၊ သာသနာပြုရမှာကို သူ့မှာပျော်လွန်းလို့. . . တဲ့။ ရဟန္တာ အရှင်မြတ်ကြီးတွေနှင့် သူတော်ကောင်းကြီးတွေက

သာသနာအတွက် အဲသလို ဒုက္ခခံပြီး ဆောင်ရွက်ကြ တာဗျာ့။

နောက် တိဿဗြဟ္မာကြီးကနေ မောဂ္ဂလိပုတ္တ တိဿ မထေရ်ဖြစ်လာပြီး မိစ္ဆာဝါဒ, ရဟန်းတု၊ ရဟန်း ယောင် တွေရှင်းပြီး အသောကမင်းကြီးနှင့် အတူ တတိယ သံဂါယနာတင်ပြီး သာသနာပြုတော်မူတာ၊ အဲဒီတတိယ သံဂါယနာ တင်တဲ့အခါက အရှင်သောဏ၊ အရှင်ဥတ္တရတို့ မြန်မာနိုင်ငံ သထုံကို ကြွရောက်သာသနာပြုတော်မူခဲ့ကြလို့ ဘုန်းကြီးတို့ ဒီသာသနာနှင့် အဆင်သင့်ကြုံတွေ့ရတာ။

ဦးပဥ္စင်းတို့ ဘုန်းကြီးတို့မှာ လွယ်လွယ်ကလေးနဲ့ နေရာကောင်း၊ ဘဝကောင်း၊ အခါကောင်းရကြတယ်။ ပေါ့ပေါ့ဆဆ မနေသင့်ကြဘူး။

## သူတော်ကောင်းတွေက နတ်ပြည်ကြောက်

ရှေးသီဟိုဠ်ခေတ်က မထေရ်ကြီးတစ်ပါး အသည်း အသန် မမာမကျန်းဖြစ်လို့ ကိုယ့်လက်ကိုယ့်ခြေ မသယ်နိုင်၊

မစားနိုင် အိပ်ရာထဲ မှာ မစင်ကျင်ကြီး အညစ်အကြေးတွေနှင့် လူးလဲပေကျံနေတာကို ကြည့်ပြီး ရဟန်းငယ်တစ်ပါးက ညည်းတွားပြောဆိုသတဲ့။

'ဩော် အသက်ရှင်နေရမှုအတွက် ကြောင့်ကြရခြင်း၊ ယခုလို အသက်ရှင်နေရခြင်းမှာ ဆင်းရဲလှချေတကား'

ဒီ ညည်းတွားတဲ့ စကားကြားတော့ မထေရ်ကြီးက ဘာပြောတယ်မှတ်လဲ?

"ငါ့ရှင်. . . ငါ ယခုသေသွားရင် နတ်စည်းစိမ်ချမ်းသာရဖို့ သေချာတယ်။ ဒါပေမယ့် မြင့်မြတ်တဲ့ ရဟန်းဘဝနှင့် နတ်စည်းစိမ်မလဲနိုင်ဘူး ငါ့ရှင်၊ မြင့်မြတ်တဲ့ ရဟန်းသီလကို ပစ်ပယ်ပြီးမှ ရမယ့် နတ်စည်းစိမ်ဟာ သိက္ခာချလူထွက်ရတာနဲ့ အတူတူပဲ။ သီလကို ဖျက်ဆီးပစ်ပြီးမှ ရတဲ့ နတ်စည်း စိမ်ဟာ ဘာလုပ်ဖို့လဲ။ ဘယ်ဘဝနှင့်မှလဲ မလဲနိုင်ဘူး၊ ငါ့သီလ ဖက်တွယ်ပြီး အသေခံမယ်'. . ..တဲ့။

နောက်မကြာဘူး။ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံတော်မူသွားတယ်။ (ဝိသုဒ္ဓိမဂ်၊၁၊၄၆။)

ဟို. . . ဘုရားလက်ထက်က သမဏနတ်သားဆိုတာ ရှိတယ်။ (သံယုတ်၊ အစ္ဆရာသုတ်အဋ္ဌကထာမှာ၊) စကြံလျှောက်ရင်း တရားအားထုတ်ရာက လေနာထပြီး မူးလဲသေသွားတော့ နတ်ပြည်ရောက်တယ်၊ ရောက်မှန်းမသိဘူး၊ ဘုန်းကြီးပဲ ထင်နေတုန်း၊ နတ်သမီးတွေက မှန်ကြီးထောင်ပြမှ

'ဩော်. . . ငါ နတ်ပြည်ရောက်နေမှကော' ဆိုပြီး လန့်သွားတယ်။ နတ်သမီးတွေကိုလဲ ဘီးလူးမတွေလို ကြောက်ပြီး ချက်ချင်း ဘုရားထံဆင်းလာလျှောက်တယ်။ ဘုရားရှိလို့တော်သေးတာပေါ့၊ သူတော်ကောင်းတွေက နတ်ပြည်ကြောက်ကြတယ်၊ တို့က ဆုတောင်း၊ ခက်ဘူးလား။သူတော်ကောင်းနတ်တွေက သူတို့နတ်စည်းစိမ်ကို လူ့ဘဝနှင့်လဲလိုကြတယ်။ လူ့ပြည်က သူတော်ကောင်းတွေက နတ်စည်းစိမ်နှင့် လူ့ဘဝ မလဲနိုင်ကြဘူးဆိုတော့ ယခုဦးပဉ္ဇင်းတို့ ဘုန်းကြီးတို့တတွေ ရရှိနေတဲ့ လူ့ဘဝဟာ ဘယ်လောက်တန်ဖိုးရှိသလဲ။

ဒါကြောင့် လယ်တီဆရာတော်ကြီးက ပြောတာ- 'လူ့ဘဝဆိုတာ ဘဝပဒေသာပင်ကြီး'တဲ့။ လူ့ဘဝကမှ လိုချင်တာ အကုန်ရနိုင်တာ။ ကြည့်စမ်းလေ. . . သမဏနတ်သား၊ နတ်ပြည်ရောက်သွားတော့ အကြောက်ကြီးကြောက်နေရှာတယ်။

ကိုယ့်မှာ လွယ်လွယ်ကူကူ ရရှိနေတော့ ရခဲတယ် မထင်ဘူး။ တန်ဖိုးရှိတယ်မထင်ဘူး။ မထင်တော့ အချိန်တွေဖြုန်း၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်နေသွား၊ ပြီးတော့ သေ. . .။ တန်ဖိုးရှိတဲ့ ဘဝကြီး နှမြောစရာ. . .။

## နတ်တွေကတောင် လူဖြစ်ချင်ကြ

တို့လူတွေထင်တာနှင့် သူတော်ကောင်းကြီးတွေ အမြင်နှင့် ပြောင်းပြန်ဖြစ်မနေဘူးလား? လူ့ပြည်ထက် နတ်ပြည်က ကောင်းတယ် ထင်ကြတာလေ. . .။

သူတော်ကောင်းကြီးတွေတင် မဟုတ်ဘူး၊ နတ်တွေကလဲ လူ့ဘဝကိုသာ မြတ်နိုးကြတာ၊ အထင်ကြီးကြတာ၊

ပြောဦးမယ်. . . ဣကတိဝုတ်ပါဠိတော်မှာ ပဉ္စပုဗ္ဗနိမိတ္တသုတ် (၂၄၇)ဆိုတာ ရှိတယ်။

နတ်သားတစ်ယောက် စုတေခါနီးလို့ နိမိတ်ငါးမျိုး ထင်လာတယ်ဆိုရင် 'သေခါနီးပြီ'ဆိုပြီး ဝမ်းမနည်းကြဘူး ဗျာ့၊ ဝမ်းသာအားရ သေမယ့်နတ်သားနားလာပြီး စကား သုံးခွန်း ဝိုင်းပြောကြ မှာကြသတဲ့။ ပြောပုံကလဲ အံ့ဩစရာပဲ။

'ဣတော ဘော သုဂတိံ ဂစ္ဆ-အဆွေနတ်သား၊ ဒီနတ်ပြည်ကနေ သုဂတိဘဝ ကောင်းတဲ့ဘဝ အရောက် သွားပါ'တဲ့။ သူတို့ပြောတဲ့ သုဂတိဘဝဆိုတာ လူ့ဘဝကို ပြောတာ၊ ကဲ. . . ဘယ့်နှယ်တုံး၊ လူ့ဘဝကမှ သုဂတိဘဝ ဆိုပါလား?

နောက်စကားနှစ်ခွန်းကတော့ လူ့ပြည်ရောက်ရင် ရတနာသုံးပါးအပေါ် ယုံကြည်တဲ့ သဒ္ဓါတရား ရအောင်လုပ် ပါ။ ပြီးတော့ အဲဒီသဒ္ဓါတရားကို ခိုင်မာအောင် အရိယာဖြစ် အောင် လုပ်ပါ. . . တဲ့။ ကောင်းလိုက်တာ။

နတ်တွေကတောင် လူ့ဘဝနှင့် သာသနာကို ဘယ်လောက်လိုချင်နေကြတယ်ဆိုတာ ရှင်းဘူးလား? နတ်ဘဝက သေ(စုတေ)ရမှာတောင် ပျော်နေကြတာဗျာ့. . .။

ပြောဦးမယ်. . .။ အဲဒီ ဣတိဝုတ်ပါဠိတော်မှာပဲ အဲဒီသုတ်ရှေ့က 'ဒေဝသဒ္ဒသုတ်'၊ အဓိပ္ပါယ်က နတ်တွေရဲ့ 'ကောင်းချီးပေး ကြွေးကြော်တဲ့အသံ' လို့ ဆိုလိုတယ်။ တစ်နည်းအားဖြင့် နတ်တွေသာဓုခေါ်သံ-ပေါ့။

ကိုယ်က မသိပေမယ့် နတ်တွေက လူ့ပြည်လှမ်းလှမ်းကြည့်ပြီး သာဓုခေါ် ကြွေးကြော်တာ သုံးခါရှိသတဲ့။ တစ်ခါက---

လူတစ်ယောက်ဟာ ရှင်ပြုဖို့ ရဟန်းပြုဖို့ စိတ်ကူးတယ်၊ ရှင်ရဟန်းပြုတယ်၊ ပြင်ဆင်တယ်၊ ဒါမှမဟုတ် ယောဂီဝတ်တယ်၊ တရားအားထုတ်ဖို့ စိတ်ကူးတယ်၊ ပြင်ဆင်တယ် ဆိုရင်. . .

'ဧသော အရိယသာဝကော မာရေန သဒ္ဓိံ သင်္ဂါမာ-ယ စေတေတိ-ဘယ်မြို့ ဘယ်ရွာက ဘယ်သူရှင်ရဟန်းပြုဖို့

တရားဝင်ဖို့ စိတ်ကူးနေပြီ ပြင်ဆင်နေပြီ၊ ရှင်ရဟန်းပြုပြီ၊ မာရ်နတ်နှင့် တိုက်ဖို့ စစ်ပြင်နေပြီ. . . တဲ့။ သာဓု သာဓု'

ဟော. . . တရားကျောင်းမလာခင်ကတည်းက ဝမ်းသာနေကြတာဗျာ့၊ သာဓုခေါ် ကြွေးကြော်နေကြတာ။ တကယ်တရားဝင်တော့ တစ်ခါ 'မာရေန သဒ္ဓိံ သင်္ဂါမေတိ -မာရ်နတ်နှင့် တိုက်နေပြီဟေ့' ဆိုပြီး သာဓုခေါ်တယ်။ တကယ်လုပ်လို့ အဟုတ် တရားရသွားပြီ ဆိုတော့လဲ 'ဧသော အရိယသာဝကော ဝိဇိတသင်္ဂါမော-မာရ်နတ်ကို အောင်သွားပြီတဲ့ဟေ့. . .' ဆိုပြီး သုံးကြိမ်မြောက် သာဓုခေါ် ကြွေးကြော်ကြသတဲ့။

အေး. . . နတ်တွေက ကြည့်နေကြတာ နော်. . . အဟုတ်လုပ်ကြ။

## နတ်ပြည်ကို အသာစီးရတဲ့ လူ့ဘဝ

လူ့ပြည်လူ့ဘဝ ဘယ်လောက်တန်ဖိုးရှိတယ် ဆိုတာကို မြတ်စွာဘုရားကိုယ်တော်တိုင် အမှမ်းတင်ဟောခဲ့ဖူး

တာရှိသေးတယ်။ အားရစရာ ကောင်းလိုက်တာ။ ပြောဦးမယ်. . . ။

လူပြည်လူ့ဘဝဟာ ဘာမှအလုပ်မလုပ်ရပဲ ပဒေသာပင်က ဆွတ်စားပြီး၊ အေးအေးချမ်းသာနေရတဲ့ မြောက်ကျွန်းထက်လဲ သာတယ်၊ သိကြားမင်းစံရာ တာဝတိံသာနတ်ပြည်ထက်လဲ သာတယ်။

စကြဝဠာ မန္တာတ်တို့ ဘုရား ရဟန္တာတို့ဆိုတာ ဘယ်လောက် ချမ်းသာ ချမ်းသာ၊ ဘယ်လောက် အသက်ရှည်ရှည် မြောက်ကျွန်းတို့ တာဝတိံသာတို့ နတ်ပြည်ဗြဟ္မာ့ပြည်တို့မှာ ပွင့်ရိုးထုံးစံ မရှိဘူး။

ဘုရားဆိုတာ လူ့ပြည်မှာသာ ပွင့်တာ။

ဘုရားဖြစ်ဖို့ ပါရမီလဲ လူ့ပြည်မှာပဲ ဖြည့်လို့ရတာ။ ဒါ့ကြောင့် မြတ်စွာဘုရားက-

'တီဟိ ဘိက္ခဝေ ဌာနေဟိ ဇမ္ဗုဒီပိကာ မနုဿာ ဥတ္တရကုရုကေ မနုဿေ အဓိဂ္ဂဏှန္တိ ဒေဝေစ တာဝတိံသေ။'

'ဘိက္ခဝေ-ရဟန်းတို့၊ ဇမ္ဗုဒီပိကာ မနုဿာ-ဇမ္ဗူဒိပ် ကျွန်းသားတို့သည်၊ ဥတ္တရကုရုကေ မနုဿေ-မြောက်ကျွန်းသားတို့ကိုလည်းကောင်း၊ ဒေဝေ စ တာဝတိံသေ-တာဝတိံသာက နတ်တို့ကိုလည်း ကောင်း၊ တီဟိဌာနေဟိ- အကြောင်းသုံးမျိုးတို့ဖြင့်၊ အဓိဂ္ဂဏှန္တိ - အသာရနေကြကုန်၏။

တို့က. . . မြောက်ကျွန်းသားတွေ, တာဝတိံသာ နတ်တွေထက် သာလွန်တယ်... တဲ့။ ဘာတွေ သာတာတုံး၊ ဘာတွေ အသာရနေတာတုံး?

'ကတမေဟိ တီဟိ၊ သူရာ, သတိမန္တာ, ဣဓ ဗြဟ္မစရိယဝါသောတိ။' (အင်္ဂုတ္တရ-၁၊၁၇၄။)

ကတမေဟိ တီဟိ-သာလွန်တဲ့ အချက်သုံးမျိုးတို့ သည် အဘယ်အရာတို့ပါနည်း ဟူမူကား-

(၁) သူရာ-ကုသိုလ်ပြုရာ၊ တရား ဘာဝနာအလုပ် တို့၌ ရဲရင့်ကုန်၏။

(၂) သတိမန္တာ - ကုသိုလ်ရမှု အမြဲ သတိပြု သတိရ သတိရှိကြကုန်၏။

(၃) ဣစ - ဤလူ့ပြည်ဌာန၊ ဤလူ့ဘဝကမှ၊ ဗြဟ္မစရိယ ဝါသော-နိဗ္ဗာန်ရခွင့် တရားအကျင့်ကို ကျင့်လို့ရနိုင်၏။

အင်း. . . မြတ်စွာဘုရားရှင်က ဦးပဥ္စင်းတို့ ယောဂီဒကာ ဒကာမကြီးတွေ လူတွေကို မြှောက်စားတော်မူလိုက်တာ၊ ချီးကျူးတော်မူလိုက်တာ၊ ဘဝင်မြင့်စရာကောင်းဘူးလား? လူ့ပြည်လူ့ဘဝ ဂုဏ်ယူစရာ၊ အားတက်စရာ ကောင်းပုံတွေလေ. . .

'တရား ဘာဝနာမှာလဲ ရဲရင့်ကြ၊ သတ္တိရှိကြတယ်၊ ကုသိုလ်ကောင်းမှုလဲ မမေ့ကြဘူး။ အမြဲတမ်း အမှတ်သတိလဲ ရှိနေကြတယ်'. . . တဲ့။

တို့ ယောဂီတွေ ဘုရားဟောနှင့် ညီ-မညီ၊ တကယ်သတ္တိရှိ-မရှိ၊ သတိမြဲ-မမြဲ ဒီတစ်ပွဲ စောင့်ကြည့်ရမှာပဲ။ ဘယ့်နှယ်တုံးဗျာ့။

ခုခေတ် ဒကာ ဒကာမတွေ ဘဝကောင်းတယ်၊ အခါကောင်းတယ်၊ ဘုန်းထူးတွေပါကြတယ်၊ ကံထူးတွေ ပါကြတယ်၊ ပါရမီထူးတွေ ရှိကြတယ်။

### သိကြားမင်းကတောင် ရှိခိုးရတဲ့လူ

အေး. . . ဗျာ့. . . မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကသာ ချီးကျူးမြှောက်စားတာ မဟုတ်သေးဘူး။

တို့. . . လူတွေကို နတ်တို့သနင်း သိကြားမင်းကြီးကတောင် ရှိခိုးရတယ်. . . ဆို မဟုတ်လား (သက္ကသံယုတ်ပါဠိတော်မှာ ပါတယ်။)

သိကြားမင်းကြီးက လူတွေကိုရှိခိုးတယ်။ ဘယ်လိုလူတွေကို ရှိခိုးတာတဲ့တုံး။

♦ ယေ ဂဟဋ္ဌာ ပုညကရာ၊
ကုသိုလ်လုပ်တဲ့ လူတွေ. . .
♦ သီလဝန္တော ဥပါသကာ။
ရတနာသုံးရပ် ဆည်းကပ်ပြီး
သီလလုံခြုံတဲ့ လူတွေ. . .

♦ ဓမ္မေန ဒါရံ ပေါသေန္တိ၊

သားမယားတွေကို တရားသဖြင့်

ရှာဖွေကျွေးမွေးတဲ့ လူတွေ. . .

♦ တေ နမဿာမိ မာတလိ၊

မာတလိ. . . အဲဒီလူတွေကို ငါ

ရှိခိုးတယ်. . . တဲ့။

တို့လူတွေ သာမည မအောက်မေ့နှင့်။ သိကြားမင်းကြီးကတောင် ရှိခိုးရတဲ့လူ၊ သိကြားမင်း အရှိခိုးခံရတဲ့ လူတွေဗျာ့။

ကိုယ့်ဘဝကိုယ် ဂုဏ်ယူရကောင်းမှန်း မသိကြဘူး။

ဒီထဲက. . . နတ်စည်းစိမ်ချမ်းသာမျှော်ကိုးပြီး၊ ကုသိုလ်ကောင်းမှုလုပ်တဲ့ လူတို့၊ မိရိုးဖလာနတ်တွေကို မ-စ, မယ်ထင်ပြီး လိုတာထက် အားထား ကိုးကွယ်တဲ့ လူတို့. . . ခက်ဘူးလား၊ သနားစရာ မကောင်းဘူးလား။ နတ်ထားလို့ ဘုရားကတောင် မ-မနိုင်ဘူး၊ အတ္တာ ဟိ အတ္တနော နာထော-ကိုယ်လုပ်မှလေ. . .'

## မိရိုးဖလာနတ်တွေ မပစ်ပယ်နှင့်

အေး. . . တစ်ခုတော့ရှိတယ်၊ မိရိုးဖလာနတ်တွေကို မပစ်ပယ်ရဘူး၊ မထိမဲ့မြင် မလုပ်ရဘူး၊ လောကကြီးထဲမှာ အတူတူနေကြရတဲ့ သူတွေပဲမဟုတ်လား၊ မိတ်ဆွေအဖြစ်နေရမယ်၊ ခွေးတောင် ခဲနှင့်ပေါက်တဲ့လူကို မှတ်ထားတာဗျာ့။ ကောင်းကောင်း ဆက်ဆံပါ။

ဒါပေမယ့်. . . ဘုရားလို ရတနာသုံးပါးလို ကိုးကွယ်ရာအဖြစ် မထားရဘူး။ မိတ်ဆွေအဖြစ်ပဲ။ ပေးစရာရှိပေး၊ ကျွေးစရာရှိကျွေးပေါ့၊ ပ-သ ကောင်းပါတယ်။ ပေးရမယ်။ ဘုရား ခွင့်ပြုတော်မူပါတယ်။ သွေးသံရဲရဲ အရက်သေစာမပါ၊ သက်သတ်လွတ် မုန့်ဖြူ မုန့်နီပေါ့။ အထူးသဖြင့် မေတ္တာပို့ အမျှဝေ. . .။

ရိုးရာနတ်တွေဆိုတာ လူတွေနှင့် လက်ရေတစ်ပြင်စီး နေကြရရှာတာ၊ နီးတကျက်ကျက်၊ ဝေး တစ်သက်သက်ဆိုတာလို နီးတဲ့ သူတွေနှင့် ပိုပြီးသင့်မြတ်ဖို့ လိုတယ်။ ပိုအရေးကြီးတယ်။ အထူးသဖြင့်-

- သူတော်ကောင်းတွေ
- မိဘ ဆရာသမားတွေ
- ရိုးရာ နတ်တွေ

အဲဒီ ပုဂ္ဂိုလ်တွေရဲ့ ချစ်ခင်မှု ဦးအောင်ယူရတယ်။ ရန်သူမဖြစ်စေရဘူး။

(အင်္ဂုတ္တရ ပဉ္စကနိပါတ်၊ လိစ္ဆဝီကုမာရကသုတ်မှာ) ဒါပဲ ဟောတော်မူတာပဲ၊ ကြီးပွားချင်တဲ့လူဟာ အနီးက ပုဂ္ဂိုလ်တွေနှင့် ပိုပြီးတဲ့အောင် ညီညွတ်အောင် နေရမယ်. . တဲ့။ မေတ္တာပေါ့။

တရားအလုပ် လုပ်တဲ့အခါ ပိုပြီးအရေးကြီးသေး တယ်။ ခဏ ခဏ အမျှဝေရမယ်။ မေတ္တာပွားပို့ရတယ်။ ပိုတယ် မရှိဘူး။ နောက်. . . သိလာမှာပါ။

မြို့စောင့်နတ် ရွာစောင့်နတ် ရိုးရာနတ်တွေနှင့် စပ် ပြီး ဘယ်လိုသဘောထားရမယ်ဆိုတာ ပါဋိလိပုတ်မြို့တည် ခန်း (သုတ်မဟာဝါ-၇၄ မဟာပရိနိဗ္ဗာနသုတ်)မှာ ပိုပြီး ထင် ရှားပါတယ်။

တတော နံ့ အနုကမ္ပန္တိ။
မာတာ ပုတ္တံဝ ဩရသံ။
ဒေဝတာ နုကမ္ပိတော ပေါသော၊
သဒါ ဘဒြာနိ ပဿတိ။

အစိပ္ပါယ်ကတော့ မြို့စောင့် ရွာစောင့် နတ်တွေကို ပ,သတဲ့လူကို မိဘသဖွယ် နတ်တွေက ပြန်စောင့်ရှောက်ကြတယ်။ နတ်တွေရဲ့ အစောင့်ရှောက်ခံရတဲ့ ပုဂ္ဂိုလ်ဟာလဲ ကောင်းကောင်းနေရထိုင်ရ ချမ်းသာရာရတယ် ဆိုလိုတာပါပဲ။

ဒါလဲ ရတနာ ၃-ပါးလို ကိုးကွယ်ရမယ် ပြောတာ မဟုတ်ပါဘူးနော်. . .။

### စောင့်ရှောက်ပေမယ့် မလုံခြုံ

အေး. . . လူဘဝ လူဖြစ်ရတာဟာ အဲသလိုမြင်ရ မမြင်ရတဲ့သတ္တဝါတွေ အားလုံးနှင့်လဲ သင့်မြတ်အောင် နေတတ်၊ မြောက်ကျွန်း တာဝတိံသာတို့ထက် သာတာကို သိပြီး တော့လဲ တရားဘာဝနာကို ကြိုးစားရှုမှတ်ကြမယ်ဆိုရင် အကောင်းဆုံးပဲ။

ဒီလိုဘ၀ ဒီလို အခွင့်ကောင်း အခါကောင်းမျိုး ရဖို့ဆိုတာ စဉ်းစားလေ ခက်လေ၊ ပြမယ့် ဆရာကလဲ ကျန်းမာတုန်း၊ ကိုယ်ကလဲ ကျန်းမာတုန်း လုပ်နိုင်တာ၊ ဒီအခွင့် အရေးမျိုးက ကိုယ့်မှာ အမြဲရနေမယ် မထင်နှင့်၊ နေ့ရွှေ့ ရက်ရွှေ့လို့ မရဘူးဗျား။

- ကိစ္စော မနုဿပဋိလာဘော၊
  လူ့အဖြစ် ရဖို့လဲ ခက်၊
- ကိစ္ဆံ မစ္စာန ဇီဝိတံ၊

အသက်ရှင်သန် နေဖို့လဲခက်၊ 'နက်ဖြန် နေရဦးမယ်' ဘယ်သူ အာမခံနိုင်မတုံး။

နက်ဖြန်လဲ ကိုယ်မပိုင်ဘူး၊ ကုန်လွန်သွားတဲ့ ရက်တွေ လတွေ နှစ်တွေလဲ ကိုယ်မဆိုင်တော့ဘူး။ ခု ပစ္စုပ္ပန် တည့်တည့်ကလေးပဲ ကိုယ်ပိုင်တာ။

ဒီ အသက်ကလေး ရှင်သန်ရပ်တည်နေရအောင် ဟာ နေ့စဉ်သွားလာရှာဖွေပြီး ကျွေးမွေးပြုစု၊ အခွန်ပဏ္ဏာ ဆက်နေရတယ်။ တစ်ရက်နှင့် မပြီး၊ တစ်လနှင့် မပြီး၊

အဲသလို ယုယပြုစု ကျွေးမွေးနေတဲ့ကြားက တစ်နေ့တစ်နေ့ တစ်ရွေ့ရွေ့နှင့် ပိုမိုပြီးတော့သာ ဆိုးလာတယ်။ ကောင်းလာတယ်ကို မရှိဘူး။

'ရက္ခိတောပိ အဂ္ဂတ္တော၀- ဒီခန္ဓာကိုယ်ကြီးကလဲ ယုယစောင့်ရှောက်ပေးနေတဲ့ကြားက လုံခြုံတယ်ကိုမရှိဘူး။

မကြာခင်ပဲ အိုသည်ထက်အို၊ နာသည်ထက်နာလာပြီး ဒီခန္ဓာကိုယ်ကြီးနှင့် အိုးစားခွဲရမယ့် သူချည်းပဲ။

## အခါကောင်းတုန်း အနေကောင်းမှ

ကိုယ့်မှာ အကြီးအကျယ်မအိုသေးတာ ကောင်းတာပဲ၊ မနာသေးတာ အခါကောင်းတာပဲ။ 'အယံ ဘိက္ခဝေ ပဌမော သမယော ပဓာနာယ' ဒါ . . . တရားအားထုတ်ဖို့ အခါကောင်းပဲတဲ့။ နောက် ဒုဗ္ဘိက္ခန္တရဘေးကြီး၊ ပြည်ပျက်ဘေးကြီး၊ သံဃာအချင်းချင်း ငြင်းခုံနေကြတဲ့ ဘေးကြီး. . . ဒီဘေးကြီး ၅-မျိုးဆိုက်ရင်လဲ တရားအားထုတ်လို့ မရဘူး။ သီဟိုဠ်မှာ ၁၄-နှစ်လောက် ဝတ်မွတ်ဘေးကြီး ဆိုက်လို့

သံယာတွေ သစ်ဥ သစ်ဖုစားပြီး၊ ဟိုပြေး ဒီပြေး ပြေးကြရဖူး
တာ ကြည့်လေ။ (ပဥ္စက၊ အင်္ဂုတ္တိုရ် - သမယသုတ်-၅၈။)

♦ အို,နာ,ဆွမ်းရှား၊ ထပွားသူပုန်၊ ကွဲတုံသံယာ၊ ဘေး
ငါးဖြာ၊ နောင်ခါ ဖြစ်တတ်လှ။

♦ ဘေးမဆိုက်ခင်၊ ယခုပင်၊ တောဝင် ငါကျင့်မှု။

ခုအချိန် ခုအရွယ်ဟာ အချိန်ကောင်း အခါကောင်း
ဗျာ့။ ဟို ဘုရားရှင်လက်ထက်က ပါလ-ဆိုတဲ့ ညီအစ်ကို
နှစ်ယောက်ရှိတယ်။ အစ်ကိုလုပ်သူ မဟာပါလ-က ဘုရား
ထံ တရားနာပြီး၊ ရဟန်းဝတ်ဖို့ ညီပါလကို ပြောတော့၊
ညီက အသက်ကြီးမှ ဝတ်ပါ။ ငယ်တုန်း စည်းစိမ် ခံစားဖို့
ပြောတယ်မဟုတ်လား၊ ဒီတော့ အစ်ကိုက-

ဇရာ ဇဇ္ဇရိတာ ဟောန္တိ၊
ဟတ္ထပါဒါ အနဿဝါ။
ယဿ သော ဝိဟတတ္ထာမော၊
ကထံ ဓမ္မံ စရိဿတိ-

'မေ-ငါ၏၊ ဟတ္ထ ပါဒါ- လက်ခြေတို့သည်၊ ဇရာ-ဇဇ္ဇရိတာ-တုန်တုန် ရီရီ အတည်မနေ၊ ဟတ္ထပါဒါ-ငါ့လက်ခြေတို့သည်။ အနဿဝါ ပောန္တိ- ငါ့စကားကို နားမထောင် မလိုက်နာ ငြင်းဆန်လာ ကြကုန်ပြီ။ (ဒါ ယူမယ်ဆို လက်က ယူမရ၊ ဒီနား ခြေချမယ် ဆိုလဲ ဟိုဘက်ရောက်သွား။) ယဿ-အကြင် အိုမင်းမစွမ်းတဲ့ လူမှာ၊ ဝိဟတတ္ထာမော-အားအင်ကလဲမရှိ၊ သော-အဲသည် လို လူမျိုးဟာ၊ ကထံ ဓမ္မံ စရိဿတိ-ဘယ်လိုလုပ် တရား ကျင့်လို့ ရပါတော့မလဲ . . . ငါ့ညီ . . . တဲ့။ (ဓမ္မပဒ၊ ၄ ၁၅- စကျွ ပါလထေရ်ဝတ္ထု။)

♦ ကိုယ့်လက်ခြေများ၊ ကိုယ်စကားမှ၊ နားမထောင်ဘိ၊ အားအင်ချိမှ၊ သတိပြဋ္ဌာန်း၊ ကမ္မဋ္ဌာန်း၊ ကြိုးပမ်းဘယ်မှာ ရလိမ့်နည်း။

ညီဖြစ်သူ ပါလကို စီးပွားဥစ္စာတွေအကုန် လွှဲပေးသွားပြီး တခါတည်း ရဟန်းပြု တောထွက်သွားတာ။ သူက အရွယ်ကောင်းအခါကောင်းကို သိတဲ့လူလေ။ အဲဒီ ပုဂ္ဂိုလ်

ဦးပဥ္စင်းတို့ ကြားဖူးပါတယ်။ စက္ကူပါလ မထေရ်ကြီး လေ. . .။

ကဲ. . . ဦးပဥ္စင်းတို့လဲ အခါကောင်းပြီး၊ အနေကောင်းဖို့ပဲ လိုတော့တာ မဟုတ်လား? အနေကောင်းမှ အလောင်းလှမှာ။

## ယောဂီတိုင်းအမောပြေတဲ့နေရာ

နေရေးလဲ မလွယ်၊ သေရေးလဲ မလွယ်၊ တရားနှင့် နေတတ်ဖို့၊ တရားနှင့် သေတတ်ဖို့ဆိုတာသာပြီး မလွယ် သေး။ နေတတ်ရင်တော့ သေတတ်တော့တာပါပဲ။

နတ်ပြည်ထက်သာတဲ့ဘဝ ရနေလို့မှ မနေတတ်ဘူး, မသေတတ်ဘူးဆိုရင် သည့်ထက်ညံ့တဲ့လူ ရှိပါဦးမလား?

ဂတိမြဲတဲ့ စူဠသောတာပန်ဆိုတာ တရားအားထုတ်တဲ့လူတိုင်း ရနိုင်တယ်။ အောက်ထစ်ဆုံး . . . အောက်ထစ်ဆုံး။ အဲဒီ စူဠသောတာပန်စခန်းက ဝိပဿနာကူးလို့ တစ်ပတ်အတွင်း ရနိုင်တာ၊ ပစ္စယ ပရိဂ္ဂဟာ ဉာဏ်ခေါ်တယ်။

အဲဒီဉာဏ် ရောက်ရင် သံသရာခရီးမှာ သက်သာရာရ၊ အထိုက်အလျောက် အမောပြေသွားပြီ။

သာသနာက ရှိနေပေတဲ့၊ သမထဝိပဿနာ တရားတွေက အမြဲတမ်းထွန်းကားနေတာ မဟုတ်ဘူး။ ဒါနယုဂခေတ် အလှူအတန်းလောက်နဲ့ သေသွားကြရတာ။ အခုဟာက ဝိမုတ္တိယုဂခေတ်၊ လွန်ခဲ့တဲ့ အနှစ် ၆၀ လောက်မှ လူတွေ တရားထိုင်ကြရတယ်ဆိုတာ ရှိတာ၊ ရှေးက ရှိတာ မဟုတ်ဘူး။ ဒီအခါကောင်း မမေ့ကြနှင့်။

ဒါပေမယ့် ဒီလိုဝိမုတ္တိခေတ်ကြီးမှာ အမောပြေရုံနှင့် မကျေနပ်သင့်ဘူးဗျာ့၊ ပိုင်အောင်ကို လုပ်ထားရမှာ။ တစ်ထောက်နားလို့အမောပြေ၊ ဆက်သွားတော့ ဒုက္ခတွေကအများကြီး. . .။

ပိုင်အောင်တော့ လုပ်ထားတာပဲ။ ဒါပေမယ့် မပိုင်ပဲနှင့် အိုးစားခွဲရရင်လဲ မပူနှင့်၊ နတ်ရွာသုဂတိ တန်းနေတာပဲ။ အဲ. . . ဟိုရောက်တော့ ကိုယ်ဒီမှာ လုပ်ထားတဲ့ တရားတွေက ချက်ချင်းပေါ်လာတာပဲ။သတိရအောက်မေ့

နေတာကမှ နောက်ကျနေသေးသတဲ့။

'တဿတတ္ထသုခိနော ဓမ္မပဒါနိ ပ္လဝန္တိ၊ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ' (အင်္ဂုတ္တရ၊ စတုက္က)

နောက်ပြီး အဲဒီနတ်ပြည်မှာက ဘုရားကို သိမီလိုက်တဲ့ အရိယာနတ်သားတွေ ရှိနေကြသေးတယ်။ သူတို့တရားဟောတာ နာကြရလိမ့်မယ်။ အဲဒီမှာ အရိယာဖြစ်နိုင်တယ်။ ခု လုပ်ထားတာတွေက အလကားမဖြစ်ဘူး။

အေး. . . တို့ ယောဂီတွေ မကြာခင် တာဝတိံသာနတ်ပြည်က သုဓမ္မာဇရပ်ကြီးထဲမှာ တရားဟော တရားနာနေကြတာ တွေ့ရပါလိမ့်မယ်ဗျာ့။ ကြိုးစားလုပ်ကြ။

### ဘာဝပဒေသာ၏ မရေရာမသေချာခြင်း ၅-မျိုး

ဒီလို ဘာဝပဒေသာကြီး ရနေလို့မှ အမြတ်ထွက်အောင် မယူနိုင်ဘူးဆိုရင် ဝမ်းနည်းစရာကောင်းတယ်။ ဒီကြားထဲကမှ အရင်းရှုံးတယ်ဆိုရင်တော့ ကိုယ်ကျိုးနည်းတော့တာပဲ။

ဘဝဆိုတာ ဘာမှ မပိုင်ဘူး။ ဘာမှလဲ မသေချာ၊ မရေရာဘူး၊ လမ်းချော်လမ်းလွဲကျသွားစရာတွေက အများကြီး၊ ကြိုးတန်းပေါ် လမ်းလျှောက်နေရသလို၊ ချောက်နခမ်းဘေး သွားနေရသလို အချိန်မရွေး ကျသွားနိုင်တာမျိုး၊ ကြက်ဥ ငှက်ဥလို အချိန်မရွေးလဲ ပေါက်ကွဲပျက်စီးသွားနိုင်တယ်။

ဇီဝိတံ ဗျာဓိ ကာလော စ၊
ဒေဟနိက္ခေပနံ ဂတိ။
ပဉ္စေတေ ဇီဝလောကသ္မိံ၊
အနိမိတ္တာ န နာယရေ။ (ဝိသုဒ္ဓိမဂ်)

ဇီဝိတံ - ဘယ်အသက်အရွယ်မှာ သေရမယ်ဆိုတာလဲ မသိနိုင်ဘူး။
ဗျာဓိ - ဘာရောဂါနှင့် သေရမယ်ဆိုတာလဲ မသိ။
ကာလော- နံနက်နေ့ည ဘယ်အချိန်သေရမယ်ဆိုတာလဲ သတ်မှတ်ထားတာ မရှိဘူး။
ဒေဟနိက္ခေပနံ - သေပြီးတော့လဲ ဒီခန္ဓာကိုယ်ကြီး

ဘယ်နေရာမှာ ထားပစ်ခဲ့ရမလဲ။ ရွာမှာ သေချင် သေမယ်၊ တောမှာ သေချင်သေမယ်၊ ကုန်း လေ ရေခရီးသွားရင်းလဲ သေနိုင်တာပဲ။ ကိုယ့်အိမ် ကိုယ့် နေရာပဲ သေချင်လို့မရဘူး။ ဒီခန္ဓာကြီး ဘယ်မှာ ပစ်ချထားခဲ့ရမလဲ။ ဘယ်နေရာလဲ. . . မပြော နိုင်ဘူး။ ဒီလိုပဲ သေသေကုန်ကြရတာ။

ဂတိ-ဒါထက် ကြောက်စရာကောင်းတာက တော့ ... မလွဲမရှောင်သာ သေကြရတာကတော့ ဟုတ်ပါ ပြီ၊ သေပြီး နောက် ဘယ်ဘဝရောက်ရမလဲ။ အထက်လား၊ အောက်လား။ အဲဒါကမှ ကြောက်စရာဘေးကြီး။

မသေချာ မရေရာပဲ လျှောက်လှမ်းနေရတဲ့ သံသရာ ခရီးရှည်ကြီး၊ ဒီလိုပဲ လာခဲ့ကြတာ၊ ရှေ့လဲ ဒီလိုပဲ။ မမြင်စမ်း တမ်း လှမ်းနေကြတုန်းပဲ။

မြတ်စွာဘုရား သာသနာနှင့် တွေ့တဲ့အခါ ဘဝ ပဒေသာပင်ကြီးမှာ ကိုယ်လိုချင်တဲ့အသီးကို ဆွတ်လို့ ရတယ်။

ဒါန အသီးကို ဆွတ်မလား၊ သီလ, ဘာဝနာ လိုတာဆွတ်၊ လူပြည်လား၊ နတ်ပြည်လား၊ ဗြဟ္မာ့ပြည်လား၊ ဒါမှမဟုတ် ၃၁-ဘုံကအလွတ် အမတခေါ်တဲ့ နိဗ္ဗာန် မသေတဲ့အသီးကို ဆွတ်မလား? ကြိုက်သလို ရွေးလို့တောင် ရသေး။

ဘာဆွတ်ဆွတ်၊ ဘာခူးခူး ရတာချည်းပဲ။ အထက်သွားသွား၊ အောက်သွားသွား၊ အဆွတ်အခူးမှားပြီး တစ်နေရာရောက်သွားလို့ လူပြည်ပြန်လာရင် သာသနာက ရှိမှာမဟုတ်တော့ဘူး။ ဒါလဲ ထည့်တွက်ရမှာ။

ရွေးရင်လဲ သေသေချာချာ စဉ်းစားပြီးမှ ရွေး၊ ဆွတ်ရင်လဲ ပိုင်အောင် ဆွတ်ခူးတတ်ဦးမှ။

## အသောကမင်းကြီးရဲ့ သောက

အသောကမင်းကြီး (သီရိဓမ္မာသောကမင်းကြီး)များသူ့ထက် ဘုန်းတန်ခိုးကြီးကျယ်တာ မရှိဘူး။ ဇမ္ဗူဒိပ် တစ်ကျွန်းလုံးကို အစိုးရတာ။

သာသနာပြုတဲ့ နေရာမှာလဲ ဘာမှမလိုဘူး၊ ထိပ်ထိပ်ကြဲ လုပ်သွားတာ၊ ၉၆ ကုဋေကုန် အသောကာရာမကျောင်းတိုက်ကြီး တည်တယ်၊ တတိယသံဂါယနာတင်ပြီး တကမ္ဘာလုံး သာသနာဖြန့်တယ်၊ ရေတွင်း ရေကန်ပေါင်း ၈၄၀၀၀၊ စေတီပေါင်း ၈၄၀၀၀။

တိုင်းသူပြည်သားတွေ ချမ်းသာအောင် ဆေးပင်ဝါးပင်၊ ဥယျာဉ်၊ ဗိမာန်၊ လမ်း၊ တံတား၊ ဇရပ်၊ ဆေးရုံဆေးခန်း အကုန်လုံး လုပ်သွားတာ၊ ဘာမှ လိုလေသေးမရှိဘူး။ အတုယူစရာ အလွန်ကောင်းတဲ့ မင်းကြီး။

အာဏာလဲရှိတယ်၊ စီးပွားဥစ္စာ ဘဏ္ဍာရွှေငွေလဲ ရှိတယ်။ ကိုယ့်ရှိတဲ့ အာဏာ သာသနာအတွက် လုပ်သွားတယ်။ ကိုယ့်ရှိတဲ့ စီးပွားဥစ္စာ သာသနာအတွက် လုပ်သွားတယ်။ မင်းကြီး အိုမင်းမစွမ်း မာမကျန်းဖြစ်တော့ သနားစရာကောင်းလိုက်တာ လူက မသေသေးဘူး။ စီးပွားဥစ္စာတွေ အာဏာတွေလဲ အကုန်လျှော့ကျကုန်တာ။

'အသောကမင်းကြီး ဒီတောင်ကမကျော်တော့ဘူး... လို့လဲ သိကြရော၊ အနားရှိတဲ့ ဝန်ကြီး ဝန်လေး မိဖုရား သားသမီးတွေ ခိုးကြ၊ ဝှက်ကြ၊ ကဲ့ကြ၊ ၉၆-ကုဋေကုန်တဲ့ အသောကာရာမကျောင်းတော်ကြီးမှာ ထပ်ပြီး လှူခဲ့ချင် သေးတယ်။ လှူမသွားရရှာဘူး. . . 'တဲ့။

ဘဏ္ဍာတိုက်ထဲက ရတနာရွှေငွေတွေလဲ မပိုင်တော့ဘူး။ ပြောသမျှ အမိန့်အာဏာတွေကိုလဲ မနာခံကြတော့ဘူး။

အဲသလို မမာမကျန်းဖြစ်ပြီး သေရာညောင်စောင်းလျောင်းနေရတဲ့အခါ သူပိုင်တာ တစ်ခုတော့ရှိတယ်တဲ့။ အဲဒါက . . . သမားတော်ကြီးများ ဆေးဝါးအဖြစ် ဆက်သထားတဲ့ ကလပ်ပေါ်က သျှိသျှားသီး ဆီးဖြူသီး တစ်ခြမ်းပဲ. . . တဲ့။ သံဝေဂ ယူစရာပေါ့။

သကလံ မေဒိနိံ ဘုတွာ။
ဒတွာ ကောဋိသတံ သုခီ။

အဗ္ဘာမလကာ - မတ္တာသာ၊
အဇ္ဈေ ဣုဿရတံ ဂတော။

'ဇမ္ဗူဒိပ် တစ်ကျွန်းလုံးကို အစိုးရပြီး ကုဋေ ၁၀၀-ပေးလှူကာ သာသနာပြုခဲ့တဲ့ အတုမရှိ သာသနာ့ဒါယကာ အသောကမင်းကြီးဟာ နတ်ရွာ စံခါနီးမှာ သျှိသျှားသီးတစ်ခြမ်းပဲ အစိုးရတော့တယ်၊ ပိုင်တော့တယ်။

ဒါ့ကြောင့် နတ်ရွာစံခါနီးရောက်တော့ 'အသောကော သောကမာဂတော' ဘာမှစိုးရိမ်စရာ ပူပန်စရာမရှိလို့ 'အသောက' လို့ခေါ်ရတဲ့ မင်းကြီး ဟာ အကြီးအကျယ် သောကရောက်သွား ရရှာတယ်. . .။

အေး. . . တစ်ဘဝ တစ်ခါ သေရတယ်ဆိုတာက မဆန်းသေးဘူးပဲ ထားပါတော့။ သေပြီးတဲ့နောက် သွား ရမယ့် လားရာ ဂတိ၊ ရှေ့ဆက်ရဦးမယ့် ခရီး. .၊ အဲဒါက အရေးကြီးတာ။

တိုတိုပြောတော့ အဲသလောက်ကြီးကျယ်မြင့်မြတ်တဲ့ သာသနာ့ဒါယကာ အသောကမင်းကြီးဟာ တကတည်း ခြေချော်လက်ချော်ပြီး သေပြီးတော့ စပါးကြီးမြွေကြီး သွားဖြစ်ရှာရမှာသတဲ့။ ကြောက်စရာကြီးပါလား? ဒါ. . . ပိုင်အောင် မဆွတ်ခူးမိလို့ပေါ့။

သူ့လိုကိုယ့်လို လူသာမန်တွေအဖို့ တွေးဝံ့စရာတောင် မရှိဘူး။ အောက်ကျသွားရင် ပြန်တက်ဖို့ လွယ်ပါဦးမလား? ဒါပေမယ့်အသောကမင်းကြီးမှာတော့ ခြေချော်လက်ချော် အပါယ်ဘုံဘဝရောက်ရသော်လည်း ကြီးမားတဲ့ ဘုန်းကံတွေကြောင့် ကယ်မယ့်လူ၊ ဆယ်မယ့်လူတွေ့ပြီး မကြာခင်ပဲ ကျွတ်လွတ်သွားရ. . . သတဲ့။ နောက် လူ့ဘဝပြန်ရပြီး ရဟန္တာဖြစ်သွားတယ်လို့ ဆိုကြတယ်။ ဒါ. . . ဖြစ်လောက်တာပါပဲ။

♦ ဘယ်သက်, ဘယ်နာ၊ ဘယ်ခါ, ဌာန၊ ဘယ်ဘဝ၊ မသိရပါချေ။

♦ မရေရာလှ၊ လူ့ဘဝ၊ သေချာရအောင်နေ။

## ယောဂီ ဦးတောမောင်

ဒါနှင့်စပ်လို့ ဘုန်းကြီးတို့ယောဂီ ဒကာကြီး ဦးတောမောင်ဆိုတာရှိတယ်။ ဘုန်းကြီး တောရ ကျောင်း အနောက်တစ်တိုင်(၂-မိုင်)လောက်ဝေးတယ်၊ ကန်တော်သာ ဆိုတဲ့ ရွာရှိတယ်။ တောင်သူလယ်ယာနှင့် အသက်မွေးပြီး မရှိမရှား ဆိုပါတော့၊ တောလိုက်ဘာဝထက်တော့သာတယ် ပြောရမှာပါပဲ။ အသောကမင်းကြီးနှင့် နှိုင်းစာရင်တော့ သူတောင်းစား ချမ်းသာ၊ စဏ္ဍာလ စည်းစိမ်ပေါ့၊ ဒါပေမယ့် အသောကမင်းကြီးထက် သာတာကလေးတစ်ခု ရသွားတာ ပြော ချင်လို့. . .။

အဲဒီဒကာကြီး ဦးတောမောင်၊ အသက်ကလဲ ၆၀-ကျော် ၇၀-နီးပါး၊ ရောဂါကလဲ စုံလို့၊ အစာအိမ်ရောဂါ၊ ဆီးနှင့် ကျောက်ကပ်ရောဂါ၊ နောက်ပြီး လေငန်း သွာကျွာ ပါဒ. . စုံလို့ပါပဲ။ မုံရွာ မန္တလေး ဆေးရုံတွေ တက်ကု နောက်ဆုံး သေလဲ မထူးဘူး၊ တောရဘုန်းကြီး ခြေရင်းပဲ သေတော့မယ် ဆိုပြီး လာ. . . တရားအားထုတ်တယ်ပေါ့။

ဦးတောမောင်ဟာ တရားအားထုတ်လိုက်တော့ သူ့ရောဂါတွေ အတော်နေသာသွားပုံရတယ်၊ ဗောဇျှင်တရားတွေ ပွားများနေရတာဆိုတော့ ပျောက်တဲ့ရောဂါတွေလဲ ပျောက်သွားမှာပေါ့လေ။ ဘုရားဆေးကလဲ အင်မတန်အားကိုးလောက်ပါပေတယ်။

သမထလဲရတယ်၊ ဝိပဿနာလဲ ကောင်းကောင်းရသွားတယ်။ တစ်လလောက်ရှိတော့ အသားအရေတွေပြောင်းလာပြီး သွက်သွက်လက်လက် လူကောင်းပကတိလိုပါပဲ. . . ကျောင်းဝေယျာဝစ္စ, ဘုန်းကြီးဝေယျာဝစ္စတွေကိုပါ လုပ်လို့ ကိုင်လို့။ သားမယားတွေကလဲ ဝမ်းသာနေကြတာပေါ့။

တရားလဲရ၊ ကျန်းမာရေးကလဲ ကောင်းလာတော့ အိမ်မပြန်ချင်တော့ဘူး။ သားမယားတွေ ခွင့်ပန်ပြီး ဘုန်းကြီးဆီမှာ ကိုရင်ကြီးဝတ်နေတယ်။ သားမယားတွေကလဲ သေလူဆိုပြီး သင်္ချိုင်းသဘောထားရာက ခုလို သေတွင်းက ထွက်လာတာဖြစ်လို့ သူ့ဆန္ဒအတိုင်း လိုက်လျောကြပါတယ်။

ကိုရင်ကြီး ဦးတောမောင်ဟာ ဘုန်းကြီးဝေယျာဝစ္စ၊ ကျောင်းဝေယျာစ္စ ဆောင်ရွက်ရင်း တရားရှုပွားနေလိုက်တာ တစ်နှစ်ကျော်ကျော် နှစ်နှစ်နီးပါးကြာသွားတယ်ထင်တယ်။ ဝေယျာဝစ္စကုသိုလ်တွေလဲ အများကြီးရသွားတယ်။

နှစ်နှစ်လောက်ရှိတော့ မီးစာကုန်၊ ဆီခန်း၊ ကျွမ်းတဲ့ ရောဂါကလဲ ကျွမ်းနေမှာပေါ့လေ၊ အချိန်က စကားပြော လာတယ်ထင်ပါရဲ့။ နေရထိုင်ရတာ မအီမသာဖြစ်လာလို့ လူဝတ်လဲပြီး အိမ်မှာနေပါရစေ ခွင့်တောင်းလှာတယ်။ ဒါနဲ့ အိမ်ပြန်သွား၊ သားမယားတွေကလဲ နှစ်နှစ်လောက်ကွဲနေ ရာက ခုလိုပြုစုရတော့ တစ်နည်းအားဖြင့် ကျေနပ်စရာ ဖြစ်သွားမှာပါပဲ။

ဦးတောမောင်က အိမ်ရောက်သွားလဲ သူ့နေရာ ကလေးနှင့်သူ တရားမှတ်လို့၊ ကြည်ကြည်လင်လင် ပြုံးပြုံး ရွှင်ရွှင်ပဲ-တဲ့။

တစ်ခါတလေ သူ တောရကျောင်းမှာ နေခဲ့ရတာ ဘယ်လို စိတ်ချမ်းသာပုံ၊ ဘုန်းကြီးကို သူဘယ်လောက်ကြည်

ညှိပုံတွေ ပြောတဲ့အခါပြော၊ အတော်အတန် နေကောင်းတဲ့ နေ့မျိုးဆိုရင် သားတွေသမီးတွေ သူ့အနားခေါ်ပြီး တောရကျောင်းမှာ သမထအားထုတ်လို့ လှူပြည်နတ်ပြည်က ဘုရားစေတီတွေဖူးရပုံ မမောနိုင်မပန်းနိုင် ပြောပြလေ့ရှိသတဲ့။

ဝိပဿနာအကြောင်းပြောတဲ့ အခါမှာလဲ သူ့လက်မောင်းကလေးထုတ်တဲ့ပြီး ခန္ဓာကိုယ်ထဲမှာရှိတဲ့ သွေးဇတွေလေတွေ ဘယ်လိုသွားလာနေတယ်၊ ကိုယ်အင်္ဂါ အစိတ်အပိုင်းတွေ၊ အထဲက ကလီစာတွေ ဘယ်လိုမြင်ရတယ်. . . သူ့သဘော သူဆောင်ပြီး တရစပ်ဖြစ်ပျက်နေတာတွေ. . . သူ့လက်ကလေး ဆန့်ဆန့်ကြည့်ပြီး ဝမ်းသာအားရ ပြောပြနေတတ်သတဲ့။ သားမယားတွေ ဝမ်းပါးအောင် ပြောနေတာပေါ့လေ။

'နင်တို့ တရားအားမထုတ်ပဲနဲ့များ သေသွားရင် ဒုက္ခ. . ဒုက္ခ' လို့လဲ ခဏခဏညည်းသတဲ့။

သူသေလွန်ခါနီး တစ်ပတ်, ဆယ်ရက်လောက်ရှိတော့ သူ့အနားကို ဘယ်သားမယားမိတ်ဆွေမှ အလာမခံ

ဝေစုကလေး အရယူသွားနိုင်တယ်လို့ ပြောရမှာပါပဲ။
ကဲ. . . အားလုံးကြိုးစားကြ၊ သာဓု. . သာဓု. . သာဓု။

ဂုဏ်တော်ကိုးပါး

ပွားများတတ်ရန် အခြေခံအနက် အဓိပ္ပါယ်

သော ဘဂဝါ ကိတ္တိပိ-

(၁) အရဟံ-(က) ဝါသနာနှင့် တကွ ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်တော်မူသောကြောင့် 'အရဟံ' မည်တော်မူပါပေသော မြတ်စွာဘုရား။

(ခ) လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သောကြောင့် 'အရဟံ' မည်တော်မူပါပေသော မြတ်စွာဘုရား။

(ဂ) မျက်မှောက်မျက်ကွယ် အချင်းခပ်သိမ်း စင်ကြယ်၍ ဆိတ်ကွယ်ရာရှိတော်မမူသော

ကြောင့်လည်း 'အရဟံ' မည်တော်မူပါပေသော
မြတ်စွာဘုရား။

(၂) သမ္မာသမ္ဗုဒ္ဓေါ-

သစ္စာလေးပါး ခပ်သိမ်းသောတရားတို့ကို မဖောက်မပြန် မှန်ကန်လှစွာ ကိုယ်တော်တိုင်သာ သိတော်မူသောကြောင့်လည်း 'သမ္မာသမ္ဗုဒ္ဓ'မည်တော်မူပါသော မြတ်စွာဘုရား။

(၃) ဝိဇ္ဇာစရဏသမ္ပန္နော-

ဝိဇ္ဇာမည်သော ဉာဏ်ထူးသုံးပါး၊ ဉာဏ်ထူးရှစ်ပါး၊ စရဏမည်သော အခြေခံအကျင့်တရား တစ်ဆယ့်ငါးပါးတို့နှင့် လုံးဝဥဿုံ ပြည့်စုံတော်မူသောကြောင့်လည်း 'ဝိဇ္ဇာစရဏသမ္ပန္န' မည်တော်မူပါပေသော မြတ်စွာဘုရား။

(၄) သုဂတော-

ဘေးမဲ့ရပ်ခွင် နိဗ္ဗာန်ဝင်ဖို့ မဂ္ဂင်ရှစ်သွယ် တင့်တယ်ဖြောင့်စင်း မငြိမတွယ်သောကြွသွားခြင်း ရှိတော်မူသော

ကြောင့်လည်း 'သုဂတ' မည်တော်မူပါပေသော မြတ်စွာဘုရား။

(၅) လောကဝိဒူ-

လောကသုံးပါး၏ အကြောင်းအရာ အလုံးအစုံကို အကုန်အစင် သိမြင်တော်မူသောကြောင့်လည်း 'လောကဝိဒူ' မည်တော်မူပါပေသော မြတ်စွာဘုရား။

(၆) အနုတ္တရော ပုရိသ ဒမ္မသာရထိ-

ဆုံးမထိုက်သော ပုဂ္ဂိုလ်တို့အား ညွှန်ကြားသွန်သင် ပဲ့ပြင်ဆုံးမမှု၌ အတုမရှိ အမြတ်ဆုံးဖြစ်တော်မူသောကြောင့်လည်း 'အနုတ္တရော ပုရိသ ဒမ္မသာရထိ' မည်တော်မူပါပေသော မြတ်စွာဘုရား။

(၇) သတ္ထာ ဒေဝမနုဿာနံ-

လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့ကို အကျိုးမဲ့အမှုများမှ ပိတ်ဆို့မြစ်တားလျက် ကောင်းကျိုးချမ်းသာဖြစ်ဖွယ်ရာ အကြောင်းတို့ဖြင့် ကောင်းကောင်းညွှန်ပြ၊ ကြီးကျယ်သောလုံ့လဖြင့် ဆုံးမ, တော်မူတတ်သည့် ဆရာမြတ်အစစ်

ဖြစ်တော်မူသောကြောင့်လည်း 'သတ္ထာ ဒေဝမနုဿာန'မည်တော်မူပါပေသော မြတ်စွာဘုရား။

(၈) ဗုဒ္ဓေါ-

သစ္စာလေးပါး ခပ်သိမ်းသောတရားတို့ကို ပိုင်းခြားကျန၊ ကိုယ်တော်တိုင်သိရပြီးလျှင် ဝေနေယျများစွာ သတ္တဝါတို့အားလည်း ညွှန်ကြားဟောဖော် သိစေတော်မူတတ်သောကြောင့်လည်း 'ဗုဒ္ဓ' မည်တော်မူပါပေသော မြတ်စွာဘုရား။

(၉) ဘဂဝါ-

(က)လွန်ကဲထူးမြတ်သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဒဿနဂုဏ်တို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့က အမြင့်အမြတ်ဆုံး ပုဂ္ဂိုလ်ထူးကြီးအဖြစ်ဖြင့် အလေးအမြတ် ပြုအပ်ပြုထိုက်သောကြောင့်လည်း 'ဘဂဝါ' မည်တော်မူပါပေသော မြတ်စွာဘုရား။

(ခ) လောကီ လောကုတ္တရာ ချမ်းသာတို့ကို ဖြစ်စေနိုင်သော ဒါန,သီလစသည် ပါရမီအဆင့်အဆင့် အမြင့်

အမြတ်ဆုံး ဘုန်းတော်ကံတော် အနန္တတို့နှင့် လုံးဝဥဿုံ ပြည့်စုံတော်မူသောကြောင့်လည်း 'ဘဂဝါ' မည်တော်မူပါ ပေသော မြတ်စွာဘုရား။

(ကျေးလူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဝိသုဒ္ဓိမဂ် မြန်မာပြန်-ဒုတွဲမှ ကောက်နုတ်ချက်။)

***

## သဗ္ဗတ္ထက ကမ္မဋ္ဌာန်း

၁။ ဗုဒ္ဓါနုဿတိ ဘာဝနာ-အရဟံ ဂုဏ်တော် (၃-ရက်)၊

၂။ မေတ္တာ ဘာဝနာ (၁-ရက်)၊

၃။ မရဏာဿတိ - အသုဘ (၁-ရက်)။

(၁) ဗုဒ္ဓါနုဿတိ ဘာဝနာ

ဗုဒ္ဓါနုဿတိ မေတ္တာစ၊

အသုဘံ မရဏဿတိ။ (ခုဒ္ဒသိက္ခာ။)

ဒီကမ္မဋ္ဌာန်းလေးမျိုးကို 'သဗ္ဗတ္ထက ကမ္မဋ္ဌာန်း' အကျိုးကျေးဇူး အားလုံးရတယ်၊ အခါခပ်သိမ်း၊ နေရာတကာ ပွားများရတဲ့ ကမ္မဋ္ဌာန်း။

'စတုရာရက္ခတရားလေးပါး' အစောင့်အရှောက်ကြီး ၄-ပါးလို့လဲ ခေါ်တယ်။ ဘယ်ကမ္မဋ္ဌာန်းကိုပဲ အားထုတ် အားထုတ်၊ ဒီသဗ္ဗတ္ထက ကမ္မဋ္ဌာန်း ၄-မျိုးကိုတော့ လက်မလွှတ်ရဘူး။ ပထမဆုံး ပွားများရတယ်။

ပြီးမှ ကိုယ်အားထုတ်နေကျ ကမ္မဋ္ဌာန်းကို အားထုတ်ရတယ်။ အားထုတ်နေကျ ကမ္မဋ္ဌာန်းကိုတော့ 'ပါရိဟာရိယကမ္မဋ္ဌာန်း-လက်စွဲကမ္မဋ္ဌာန်း'လို့ခေါ်တယ်။ ပင်တိုင် စွဲမြဲရှုပွားတဲ့ ကမ္မဋ္ဌာန်းပေါ့။

ကျေးဇူးရှင် ကန္နီဆရာတော်ဘုရားကြီးကတော့ တစ်ခုတစ်ခု ၇-ရက်စီ ခိုင်းတယ်။ ဘုန်းကြီးကတော့ အချိန်အခါကြည့်ပြီး ပေးရတာပဲ။ အရဟံ ၃-ရက်၊ မေတ္တာ-၁ရက်၊ မရ-ဏာဿတိ ၁-ရက်။

ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်တဲ့ ပုဂ္ဂိုလ်တိုင်းစောစောက ရွတ်ဆိုတဲ့အတိုင်း အပြစ်ကြီးငယ် ကန်တော့ဝန်ချတောင်းပန်တာ၊ ခန္ဓာကိုယ်အပ်နှင်း လှူဒါန်းတာ-အဲဒီပုဗ္ဗကိစ္စတွေလဲ နေ့စဉ်တိုတိုတုတ်တုတ်ဖြစ်တော့ လုပ်ရတယ်။

ကာယကံ, ဝစီကံ, မနောကံ အပြစ်တစ်ခုခု ခံနေရင်လဲ တရားက ဘယ်လိုအားထုတ်အားထုတ် မရဘူးဗျာ၊ ဒါ့ကြောင့် အလုပ်ခွင်ဝင်တဲ့အခါ သူ့ဆိုင်ရာ စည်းကမ်းနည်းလမ်းတွေ လိုက်နာရတယ်။ လုပ်ရတယ်။

## ဂုဏ်တော်ပွားရင် ဒါတွေ သတိထား

ဗုဒ္ဓါနုဿတိ ဘာဝနာတို့, မေတ္တာတို့ဆိုတာ အားလုံးသိနေကြ၊ လုပ်နေကြ၊ လုပ်လဲလုပ်တတ်ကြပါတယ်။ ခါတိုင်းလို ဝတ်ကျေ တန်းကျေ မဟုတ်ပဲ စိုက်စိုက်စူးစူး ထိထိခိုက်ခိုက် ပွားဖို့လိုတယ်။

အထူးသဖြင့် 'အရဟံ'စတဲ့ ဂုဏ်တော်တွေ ပွားတဲ့အခါ ဘုရားပုံတော်၊ ကျောက်ဆင်းတုစသည် စိတ်မရောက်ရဘူး၊ ဂုဏ်တော်ကို ရောက်အောင်ပွား။

ဥပမာ - အရဟံ - ဆိုရင် 'ကိလေသာအားလုံးကို ဝါသနာအငွေ့အသက်ပါ မကျန်ရအောင် ပယ်သတ်တော်မူနိုင်တဲ့အတွက် 'အရဟံဂုဏ်ရှင်' ဖြစ်တော်မူတယ်။ လူမင်း

နတ်မင်း ဖြဟ္မာမင်းတွေ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်လို့ 'အရဟံမည်တော်မူတယ်' စသည်ဖြင့် ဂုဏ်တော်အဓိပ္ပါယ်တွေ့ထိအောင် ဆင်ခြင်ရတာ။ ပါးစပ်က မရွတ်ရဘူး။

ဒီလို ဆင်ခြင်ပွားများရင် ဘုရားရှင်ကြွလာတာ၊ ရဟန္တာတွေကြွလာတာ ဖူးရလဲ အထူးအာရုံ မစိုက်ရဘူး။ မြင်ကာမတ္တရှိပစေ၊ ပွားရမှာက ဂုဏ်တော်။

ပွားတဲ့အခါမှာလဲ မျက်နှာကို ပဝါစည်းထား၊ ပဝါက နောက် တောက်လျှောက်စည်းရမှာ။ အပြင်က အသံကြားလဲ ကြားကာမတ္တ။

ကမ္မဋ္ဌာန်းရှုတယ်၊ ပွားတယ်ဆိုတာ ကာယကံ အလုပ်၊ ဝစီကံအလုပ် မဟုတ်ဘူး၊ မနောကံအလုပ်ဖြစ်လို့ ပါးစပ်က ရွတ်ဆိုတာ ပုတီးစိပ်တာတွေ မပါရဘူး။ တရား ထိုင်တဲ့ တစ်ချိန်လုံး ဘုရားဝတ်တက်စာတွေ အသံထွက် အောင် ရွတ်ဆိုဝတ်တက်နေတာတွေလဲ ခဏရပ်ထားရမယ်၊ တခြားသူများ အနှောင့်အယှက် မဖြစ်စေရဘူး။

တချို့လဲ တစ်နေ့တာ ခိုင်းလိုက်တဲ့ဟာကို ဝတ်ကျေ တန်းကျေ လုပ်ပြီး၊ ကိုယ်အစီအစဉ် ထားတဲ့ဟာလေးတွေကို လက်မလွှတ်ချင်ကြဘူး၊ အလုပ်ခွင်ထဲမှာ ထည့်ပြီးလုပ်နေ တတ်တယ်။

ကိုယ်လုပ်နေကျဟာကလေးကို မလုပ်ရရင် တစ်ခုခု လိုနေသလို၊ ဝတ္တရားပဲ ပျက်ကွက်သွားသလို ထင်ပြီး 'လုပ် နေကြတာပေါ့လေ။

'သူ့ကျောင်းနေရင် သူ့စာအံရတယ်'ဆိုသလို တစ် ချိန်က ကိုယ်လုပ်ခဲ့တဲ့ နည်းတွေ၊ လုပ်နေကျအလုပ်တွေ၊ အစီအစဉ်တွေ ဘာတွေ ခဏအကုန်လုံး ဖယ်ထားရမယ်၊ အားလုံးကောင်းတာချည်းပါပဲ၊ ဒါပေမယ့် အဲ ဒါတွေကို ခဏ ဖယ်ထားပါ။

သို့ . . . မဟုတ်ရင် . . . ဒီနည်း ဟန်ကုန်အောင် ပြည့်စုံအောင် မရနိုင်ဘူး။ အစ ပေါ့ပေါ့ လုပ်နေပြီး ကိုယ့် အဖော်တွေက ၄-၅-ရက်ဆို တိုးတက်သွားတာ သိတော့မှ အူယားဖားယား စိတ်တွေ ယောင်ချာချာဖြစ်ပြီး ကျန်နေရစ် ရော၊ ၁၀-ရက်လောက်ပေါ့နေရင် လိုက်မမီတော့ဘူး။

သူများ ရသင့်တာရကုန်ပြီ၊ ကိုယ့်မှာ ဘာမှမထူးခြားသေးဘူး။ အဲသည်တော့မှ နောင်တဖြစ်ကုန်ရော၊ ဒီလိုနှင့် စခန်းသိမ်းမှ နောင်တဖြစ်တဲ့လူတွေ အများကြီး။ တချို့ ငိုပြီး ပြန်ကြရတယ်။ ခိုင်းတဲ့အတိုင်း ယုံယုံကြည်ကြည် လုပ်ပါ။

## ဂုဏ်တော်ပွားပုံ စိတ်ထားပုံ

ဗုဒ္ဓနုဿတိကမ္မဋ္ဌာန်းဆိုတာ နိမိတ်ပေါ်တဲ့ ကမ္မဋ္ဌာန်းမျိုး မဟုတ်ဘူး၊ ဘုရားပုံတော်ဆင်းတုတော် အရောင်တွေ ပေါ်လာတယ်ဆိုရင် ဂုဏ်တော်ပွားတာ မဟုတ်တော့ဘူး၊ ဝဏ္ဏကသိုဏ်း ၄-မျိုးထဲက တစ်ခုခု ရောက်သွားတာ။ ဒါ့ကြောင့် ဘုရားကြွလာ. . . ဆိုပြီး ငေးမောကြည်ညို မနေနှင့်။

ဗုဒ္ဓါနုဿတိက နိမိတ်မထင်ရဘူး၊ ပီတိပဲဖြစ်တာ၊ ဘုရားဂုဏ်တော်ပွားလို့ ရလာတဲ့ ပီတိကလဲ တန်ဖိုးမဖြတ်နိုင်ဘူး၊ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာ ဘုရင်မင်းဖြစ်ရတာထက် သာလွန်မြင့်မြတ်တယ်. . . တဲ့။

ဗုဒ္ဓေါ ဗုဒ္ဓေါတိ ကိတ္တယန္တဿ။
ကာ, ယေ ဘဝတိ ယာ ပီတိ။
ဝရမေဝ ဟိ သာ ပီတိ။
ကသိဏောနာပိ ဇမ္ဗုဒီပဿ။

(သီလက္ခန်အဋ္ဌကထာ။)

ဂုဏ်တော် အဓိပ္ပါယ်တွေကိုသာ စူးစူးစိုက်စိုက် ဆင်ခြင်မွှားများ။ ဂုဏ်တော်တွေထဲမှာ 'အရဟံ' ဂုဏ်တော်ကြီးတာ လိုရင်း။

လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိ, ဝိစိကိစ္ဆာစတဲ့ ကိလေသာတွေ မရှိတာ 'အရဟံ'၊ ကိလေသာအပူအညစ်တွေ ကင်းရှင်းတော့ အားလုံးက ပူဇော်ကြ မြတ်နိုးကြ၊ ဘုရားပရိနိဗ္ဗာန်စံသွားတာ နှစ်ပေါင်း ၂၅၀၀ ကျော်သွားပြီ၊ ခုထိ ပူဇော်လို့ မဝကြသေးဘူး 'အရဟံ' . . .။

ရွှေတိဂုံစေတီတော်ကြီးမှာ တစ်နေ့တစ်နေ့ပူဇော်လှူဒါန်းကြတဲ့ ဆွမ်းပန်း ရေချမ်း ဆီမီးဖိုးတွေ တစ်သိန်းက-ပါ့မလား၊ ဒါ. . . 'အရဟံ' ပေါ့။ 'ကိလေသာမရှိလို့

ပူဇော် အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား. . .
**အရဟံ. . .**'။

ဒါ့ကြောင့် ဂုဏ်တော်ပွားတဲ့လူဟာ ဂုဏ်တော်ပါဠိရော အနက်ရော ကျက်ထားရတယ်။ ရွတ်ဖတ်နေရတယ်။ အန္တရာယ်လဲကင်း. . လာဘ်လာဘလဲရ၊ အားလုံးကောင်းတာ။

အရဟံ ဂုဏ်တော်ပွားမယ်ဆိုရင် ထွက်လေဝင်လေ ထွက်တိုင်း ဝင်တိုင်း. . .

ရှူတယ်. . . အရဟံ၊
ရှိုက်တယ်. . . အရဟံ၊
ဘယ်လှမ်းတယ်. . . အရဟံ၊
ညာလှမ်းတယ်. . . အရဟံ၊
ရေသောက်တယ်. . . အရဟံ၊
စားတယ်ဝါးတယ်. . . အရဟံ၊

အိပ်တဲ့အချိန်ထားပြီး လျောင်းထိုင်ရပ်သွား ဣရိယာပုတ် ၄-ပါးလုံး တရစပ် အရဟံမချရဘူး။ အင်မတန်

ချမ်းသာတယ်။ အကျိုးတွေလဲ အင်မတန်များတယ်။ ပြော
လို့ မကုန်ဘူးဗျာ့။

## ဂုဏ်တော်ပွားကျိုး အဖိုးအနဂ္ဃ

♦ ဗုဒ္ဓဂုဏာ၊ ပွားသူမှာ၊ ခန္ဓာစေတီထိုက်၊

ဗုဒ္ဓဂုဏာနုဿတိယာ - ဘုရားဂုဏ်တော်ကို
အောက်မေ့ ဆင်ခြင်သော သတိတရား၏၊ အနုယောဂ်ဿ-
ကိန်းအောင်းရာဖြစ်သော ယောဂီ၏၊ သရီရမ္ပိ-ခန္ဓာကိုယ်
သည်လည်း၊ ဓစေတိယ ဃရ မိဝ-ဘုရားကျောင်းစေတီကဲ့သို့
ပူဇာရဟံ ဟောတိ - အပူဇော် ခံထိုက်လှပေတော့၏။

(ဝိသုဒ္ဓိမဂ်-၂၀၆။)

ပုဂံခေတ်က နရသီဟပတေ့မင်းကြီး အမျက်တော်
ရှလို့ ဖိုကျင်ထိုးအသတ်ခံရတဲ့ ‘မိဖုရားစောလုံ’ အားလုံး ကြား
ဖူးကြသားပဲ၊ ဒီ ‘အရဟံ’ ပဲ မဟုတ်လား၊ မီးကျီးတွေရဲရဲ
ညီးနေတဲ့ သံကျပ်စင်ပေါ် စောလုံကိုထိုးတင်လိုက်၊ မီးတွေက
ငြိမ်းသွားလိုက်. . .။

မြတ်စွာဘုရား တရားတော်တွေက မယုံနိုင်လောက်အောင် ဆန်းကြယ်တာ။ မကြာခင် ပိုပြီး ကိုယ်တွေ့ဖြစ်လာမှာပါ။ ကြိုးစားပွား။

♦ ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊
ဗုဒ္ဓဓမ္မာ အစိန္တိယာ။

ဒီ အစိန္တေယျတရားတွေ ရှုပွားနေတဲ့ ပုဂ္ဂိုလ်တွေလဲ အစိန္တေယျအကျိုးတွေ ရကြတာဗျာ့။ နည်းတဲ့ ကုသိုလ်တွေ မဟုတ်ဘူး။

♦ အစိန္တိယေ ပသန္နာနံ၊
ဝိပါကော ဟောတိ အစိန္တိယော။
(ဗုဒ္ဓ-အပဒါန-၇။)

♦ တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊
သမေ စိတ္တေ သမံ ဖလံ။ —
(ပိတာဝိမာနပါဠိ၊ ၆၆။)

သက်တော်ထင်ရှားရှိတဲ့ မြတ်စွာဘုရားရှင်လို စိတ်ထားနိုင်ရင် အကျိုးပေးလဲ အတူတူပဲတဲ့။ အားရစရာကြီးပါလား။

မြတ်စွာဘုရားရှင် လက်ထက်တော်က သတင်းစကားတစ်ဆင့်ကြားနှင့်. . . ဟို. . . သာဝတ္ထိနှင့် ယူဇနာ ၁၂၀ ဝေးတဲ့ ကုက္ကုဋဝတီနေပြည်တော်ကနေပြီး မဟာကပ္ပိနမင်းကြီးနှင့် အမတ်တစ်ထောင် မြင်းကိုယ်စီစီးပြီး သာဝတ္ထိဘုရားရှင်ထံ လာကြတာ. . .၊ ရှေ့နားမှာ မြစ်ကြီးတစ်စင်းတွေ့၊ ဘယ့်နှယ်မှ ကူးလို့မရတော့ဘူး။

အဲဒီတော့ မဟာကပ္ပိနမင်းကြီးက မြင်းပေါ်ကနေ ဘုရားဂုဏ်တော်တွေ ဆင်ခြင်ပြီး သစ္စာဆိုလိုက်တယ်။

♦ ဘဝသောတံ ဟာဝေ ဗုဒ္ဓေါ။

တိဏ္ဏော လောကန္တဂူ ဝိဒူ။

တေန သစ္စဝဇ္ဇေန၊

ဂမန့် မေ သမိဇ္ဈတု. .အဲသလိုဆိုပြီး မြစ်ကြီးကို မြင်းစီးဖြတ်သွားလိုက်တာ မြင်းခွာတောင်ရေမစွတ်ဘူးတဲ့။

နောက်တစ်ခါ မြစ်ကြီးတစ်ခု တွေ့ပြန်တော့ တရားဂုဏ်၊ နောက်တစ်ခါတွေ့တော့ သံဃာ့ဂုဏ် . . . အာရုံပြု၊ သစ္စာဆို ကူးတာပဲ'

အဲသလို သဒ္ဓါ ဝီရိယရှိတဲ့ ပုဂ္ဂိုလ်တွေဆိုတော့ ဘုရားရှင်ကိုယ်တိုင် ယူဇနာ ၁၂၀ ခရီးကြွလာပြီး အကြိုတော် ထောက်၊ ချီးမြှောက်တော်မူရတယ်. . . ဆိုမဟုတ်လား? ကဲ. . . ကြိုးစားပွားကြ။

◆ ◆ ◆

## မေတ္တာဂုဏ်ရည်

အိပ်နိုးချမ်းသာ၊ ကောင်းစွာအိပ်မက်
ချစ်လျက်လူနတ်၊ စောင့်လတ်နတ်များ၊
မီးဆိပ်-ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊
လျှင်စွာ စိတ်တည်၊ ရွှင်ကြည်မျက်နှာ
သေခါမတွေ၊ လားလေပြဟ္မာ၊
ဆယ့်တစ်ဖြာသည်၊ မေတ္တာပွားမှု အကျိုးတည်း --- ။

# (၂) မေတ္တာဘာဝနာ

သုခံ သုပတိ သုတ္တော စ၊
ပါပံ ကိဉ္စိ န ပဿတိ။ (မေတ္တသုတ်)

'သုခံ၊ ချမ်းချမ်းသာသာ။ သုပတိ၊ အိပ်ရ၏။
သုတ္တော–စ၊ အိပ်ပျော်သော်လည်း။ ပါပံ ကိဉ္စိ န ပဿတိ၊
အိပ်မက်ဆိုး တစ်စုံတစ်ရာမမက်။ ဝေမာဒိဂုဏ်ရှုပေတံ၊ ဤသို့
အစရှိသော ကျေးဇူးဂုဏ်အပေါင်းနှင့် ပြည့်စုံတဲ့ မေတ္တာ...

ဦးပဋ္ဌင်းတို့ အမြဲရွတ်ဆိုနေတဲ့ မေတ္တသုတ်ထဲမှာလေ။ မေတ္တာအကျိုး ၁၁–မျိုးကို ရည်ညွှန်းတဲ့ စကားပါပဲ။ ၁၁–မျိုး အပြည့်အစုံဆိုရင်–

● အိပ်–နိုး–ချမ်းသာ၊ ကောင်းစွာအိပ်မက်၊

ချစ်လျက် လူနတ်၊စောင့်လတ် နတ်များ၊

မီး၊ ဆိပ်၊ ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊

လျှင်စွာစိတ်တည်၊ ရွှင်ကြည်မျက်နှာ၊

သေခါမတွေ၊ လားလေ ဗြဟ္မာ၊

ဆယ့်တစ်ဖြာသည်၊ မေတ္တာပွားမှု အကျိုးတည်း။

ဒါက အင်္ဂုတ္တိုရ်ပါဠိတော် (အံ၊ ၃၊ ၅၄၂)မှာ ဟောတာ။ နောက် (နိဒါနဝဂ်၊ ဩပမ္မသံယုတ်–၄၅၅)မှာတော့–

လူတစ်ယောက်ဟာ နံနက် ထမင်းအိုးကြီးတစ်ရာ လှူရတယ်။ ကျွေးမွေးတယ်။ နေ့လယ်တစ်ခါ အိုးကြီးတစ်ရာ လှူတယ်။ ညနေ တစ်ခါလှူတယ်။ တစ်ယောက်ကတော့ နံနက်

နို့တစ်ညှစ်ခန့် မေတ္တာပွားတယ်။ နေ့လယ်တစ်ခါ၊ ညနေတစ်ခါ ပွားတယ်။

အဲဒီ ထမင်းအိုးကြီး တစ်ရာ ၃–ခါလှူတဲ့ အလှူဒါနထက် နို့တစ်ညှစ်စာ မေတ္တာ ၃–ကြိမ်ပွားတာက ပိုပြီး ကျေးဇူးကြီးတယ် လို့ ဆိုလိုတာပါ။

● တစ်နေ့သုံးခါ၊ အိုးတစ်ရာဖြင့်၊ ချက်ကာထမင်း၊ ကျွေးမွေးခြင်း ထက်၊ မယွင်းစင်စစ်၊ နို့တစ်ညှစ်စာ၊ ကြိမ်သုံးခါမျှ၊ မေတ္တာ ပွားများ၊ ကျိုးကြီးမားသည်၊ ဘုရားမြွက်စွာ မိန့်ခွန်းတည်း။

မှတ်သားစရာ ကြည်ညိုစရာ ကောင်းပါတယ်။ လက်တွေ့ လုပ်ကြည့်တော့ ပိုပြီး ကျေးဇူးကြီးတာ တွေ့ရပါလိမ့်မယ်။

အထူးသဖြင့် သာမန်အချိန်တွေမှာ မသိသာ မထင်ရှား ပေမယ့်၊ ခုလို ဦးပဥ္စင်းတို့တတွေ၊ ဒကာဒကာမကြီးတို့တတွေ တရားဘာဝနာအလုပ် လုပ်တဲ့အချိန် ပိုအရေးကြီးတယ်။ ပိုလဲ သိသာတယ်။ ဒါမပါလို့ ရကိုမရဘူး။

အထူးသဖြင့် မိဆိုင်ဖဆိုင် နတ်တွေ၊ ကွင်းပိုင် နယ်ပိုင် နတ်တွေကို အရေးကြီးတယ်။ တချို့ ဦးပဥ္စင်းငယ်တွေ လူငယ် တွေက မယုံကြဘူး။ မသုံမရှိနှင့်။ ခဏခဏ ဗိုက်ရတယ်။ အမျှ ဝေရတယ်။

ကျည်းမယ့်မိတ်ဆွေ နတ်တွေလဲ ရှိတယ်။ သူတို့နှင့် ဆန့်ကျင်တယ်ထင်ပြီး ရန်လိုတဲ့ နတ်တွေလဲ ရှိတယ်။ မေတ္တာပို့ရင် အားလုံးက ချစ်ကြတယ်။ အမျှဝေပေးရန် အားလုံးသဘောကျကြတယ်။ အားလုံးနှင့် သင့်အောင်နေရမှာ။ လောကကြီးဆိုတာက ကျယ်ဝန်းတယ်။ ကိုယ်ချည်းနေတာ မဟုတ်ဘူး။

## လက်တွေ့ပွားပို့ပုံ

နောက် လက်တွေ့ပွားပို့ပုံ စူးစူးစိုက်စိုက်ပို့ရင် ကိုယ်တိုင်တွေ့ရမြင်ရတတ်ပါတယ်။

မြတ်စွာဘုရားကလဲ အလှူခံပုဂ္ဂိုလ်ဆိုတာ လက်ဖျစ်တစ်တွက် မေတ္တာပွားရုံနှင့် ဆွမ်းဖိုးကျေတယ်။ ဆွမ်းအလှူရှင်အကျိုးကြီးအောင် လုပ်သူဖြစ်တယ်။ ဘုရားစကား နားထောင်သူဖြစ်တယ် စသည်ဖြင့် (ဧက အင်္ဂုတ္တိုရ် အစ္ဆရာသင်္ဃာတသုတ်မှာ) ဟောတော်မူထားပါတယ်။

ဒါ အမြဲတမ်း ကိုယ်လုပ်ရမယ့် အလုပ်ပါပဲ။ တရားထိုင်တယ်ဆိုတော့ ပိုလုပ်ရမှာပေါ့လေ။ မေတ္တာဘာဝနာလဲ အားလုံးလိုလို လုပ်တတ်ကြပါတယ်။ မေတ္တာပို့နည်းတွေလဲ အများကြီးရှိတာပေါ့။ ကိုယ်ကြိုက်သလို ပို့နိုင်ပါတယ်။ ဗဟုသုတအဖြစ်ပြောရရင် –

ဘုန်းကြီးတို့ ကျေးရွာရှင် ကျောက်ဂူတောရ ဆရာတော်ကြီး၊ တောင်တွင်းကြီးစခန်းမ အလယ်ရွာ ဇာတိ၊ မာန်လည် ဆရာတော်ကြီး တပည့်ပေါ့။ ဆရာတော်ကြီးကတော့ 'အဟံ အဝေရော ဟောမိ' ဦးပဉ္ဇင်းတို့ ရတဲ့အတိုင်း ပါဠိလိုရွတ်ပို့တာပါပဲ။ ဒါပေမယ့် ဆရာတော်ကြီး မေတ္တာတစ်ခါပွားရင် အကြာကြီး။ အဝေ...ရာ...ဟော...န္တု...ဆိုပြီး အသံတိုးတိုးနှင့် အရှည်ကြီး ဆွဲပြီး ရွတ်ပို့တယ်။ အာရုံညွတ်တာပေါ့လေ။

အင်ချောင်ဆရာတော်ကတော့ မိမိရှေ့မှာ စကောလောက် ဗန်းလောက် ကသိုဏ်းဝန်း ရည်မှတ်ထားပြီး ရှိသမျှ သတ္တဝါတွေ အားလုံးကို အဲဒီကသိုဏ်းဝန်းထဲမှာ စုထည့်ပြီး အာရုံညွတ်ပို့တယ်။

ဘယ်လိုပဲပို့ပို့ မေတ္တာဘာဝနာရဲ့ ထုံးစံအတိုင်း ပထမဆုံး ကိုယ်ချင်းစာ သက်သေထားတဲ့အနေနှင့် မိမိကိုယ်က စပွားရတယ်။

ဥပမာ 'ငါသည် ဘေးရန်ကင်းရပါလို၏။ ချမ်းသာရပါလို၏။ ငါ ဘေးရန်ကင်းကွာ ချမ်းသာရာရသကဲ့သို့ အသက်နှင့် ခန္ဓာကိုယ် ထင်ရှားရှိကြကုန်သော သတ္တဝါအားလုံးတို့သည်လည်း ဆင်းရဲကင်းကြပါစေ၊ ချမ်းသာကြပါစေ' ပို့ရမယ်။

သြဒိဿလဲ ပို့၊ အနောဒိဿလဲ ပို့၊ အရပ် ၁၀ မျက်နှာလဲ ပို့။ အထူးသဖြင့်–

ကျောင်းစောင့်နတ်၊ တောင်စောင့်နတ်၊ သီတင်းသုံးဖော် သံဃာတော်များ၊ ယောဂီများ၊ ဂေါစရဂါမ်ရွာစောင့်နတ်၊ ပစ္စည်း လေးပါး ဒကာဒကာမ ဝေယျာဝစ္စလုပ်သူများ။

ပို့ပြီး အရေးကြီးတာကတော့ မိဆိုင်ဖဆိုင် နတ်များ၊ ကွင်းပိုင်နယ်ပိုင်နတ်များ၊ ကျောင်းစောင့်နတ်များပေါ့။ ပို့ရမှာ ကတော့ သတ္တဝါအားလုံးပေါ့လေ။

အရပ် ၁၀ မျက်နှာ ပို့တာနှင့် စပ်လို့ ဘုန်းကြီးပို့ပုံ ပြောရရင် ဘုန်းကြီးက သောကြာသားဆိုတော့ မြောက်အရပ်က စပြီး ပို့တယ်။ လက်ျာရစ်ပေါ့။ ရှင်းအောင်ပြောရရင် အရှေ့ အရပ်က စပြီး ပို့မယ်ဆိုပါတော့–

'အရှေ့အရပ်၌ ရှိကြကုန်သော ကုန်းနေ ရေနေ ကောင်းကင် နေ အသက်နှင့် ခန္ဓာကိုယ် ထင်ရှားရှိကြကုန်သော သတ္တဝါ တွေအားလုံး ဘေးရန်ကင်းကြပါစေ၊ ချမ်းသာကြပါစေ'

ကျောက်ဂူဆရာတော်ကြီး ပို့သလိုပေါ့လေ။ ဖြည်းဖြည်း အသံတိုးတိုး ဆွဲပြီး ပို့ရတယ်။ နောက် အသံမထွက်ဘဲ ပို့တတ် အောင် ပို့ရမယ်။

အရှေ့အရပ်ပြီးတော့ အရှေ့တောင်၊ တောင်အရပ်၊ အနောက်တောင်၊ အနောက်အရပ်၊ အနောက်မြောက်၊ မြောက် အရပ်၊ အရှေ့မြောက်၊ အ ထက်၊ အောက်၊ ပြီးတော့ ၁၀–မျက်နှာ

စေ့ပြီဆိုပြီး မရပ်နှင့်ဦး။ တစ်ခါ ထပ်ပြီး အရှေ့အရပ်ကို စပ်မိသွားအောင် နှစ်ခါပို့။ လွယ်အောင် ထောင့်ဖြတ်မသွားဘဲ လက်ျာရစ် လှည့်သွားတဲ့နည်းပေါ့။

ဒီမှာ ကိုယ်ပို့တဲ့ အရပ်ဒေသမှာရှိတဲ့ သတ္တဝါတွေကို မြင်အောင် ရည်မှန်းပြီး စိတ်ကို လေးလေးနက်နက် ညွတ်ကိုင်းပြီး လှိုက်လှိုက်လှဲလှဲ ပို့ရမှာ။ စိတ်ထဲကပဲ ရွတ်။

တရားထိုင်လို့ စိတ်မရှင်းဘူး။ တစ်ခုခု မကြည်လင်ဘူးထင်ရင် ထပ်ကာ ထပ်ကာ ပို့။ ပို့ပြီးရင်း ပို့။ ပို့နိုင်လေကောင်းလေ။ မိဆိုင်ဖဆိုင်နတ်တွေ အထူးပို့။

အင်္ဂုတ္တိုရ် ပါဠိတော် ပဥ္စကနိပါတ်၊ လိစ္ဆဝီကုမာရကသုတ် ဟောတော်မူတာကို ကြည့်ရင်လဲ ကိုယ်နှင့် အနေနီးတဲ့ နတ်တွေ သူတော်ကောင်းတွေ၊ လူတွေကို ဦးစားပေး မေတ္တာပို့ရ၊ ပွားရမယ် ဆိုတာ သိသာတယ်။

ဘုန်းကြီးတော့ ခရီးသွားရတဲ့အခါ ကား၊ ရထား၊ လေယာဉ် ဘာနဲ့ပဲသွားသွား ကား၊ ရထား၊ လေယာဉ်ပေါ်မှာ ပါတဲ့ ခရီးသည်တွေကို တစ်ယောက်မကျန် မေတ္တာပို့တယ်။ စိတ်ထဲကလဲ–

'ဩော် ဒီလူတွေဟာ ဒီတစ်ခါပဲ ဆုံစည်းရပြီး၊ နောင်

ပြန်တွေ့ချင်မှလဲ တွေ့ရတော့မယ်’ဆိုပြီး လူစေအောင် ပို့တာ။ လက်တွေ့အကျိုးကျေးဇူးလဲ ထင်ရှားတတ်ပါတယ်။

## ကရဏာပွားၡ ရောဂါပျောက်ကင်း

အများအားဖြင့် မေတ္တာပွားတာပဲ အသိများပြီး ကရုဏာ ပွားတာကိုတော့ မေ့နေတတ်ကြတယ်။

မနှစ်က ဘုန်းကြီးတူမ ခင်ညွန့်၊ ဒီမှာ မီးဖိုချောင် ဝေယျာဝစ္စလုပ်နေတာ ဦးပဥ္စင်းတို့ သိပါတယ်။ ခင်ညွန့် သွား ကိုက်လို့ ငိုနေရတယ်။ နုတ်ဖို့ ဆေးရုံသွားကြ၊ ကီရိယာ မစုံလို့ ဆိုလား ပြန်လာရတယ်။ သွားကိုက်တာက တော်တော် ဆိုးတယ် နှင့် တူပါတယ်။

ဒါနဲ့ ဘုန်းကြီးက တစ်ညနေ အနားခေါ်ပြီး တော်တော် ကလေး ကြာအောင် ကရုဏာ ပွားပေးတာပေါ့လေ။ ကြည့်လိုက် တော့ မျက်နှာတစ်ခြမ်းလုံး ရောင်ကိုင်းနေပြီ။ မေတ္တာရေလဲ ငုံဖို့ လိမ်းဖို့ ပေးလိုက်တယ်။

နောက်တစ်ရက် နံနက် ခေါ်မေးတော့ မကိုက်တော့ဘူးတဲ့။ အရောင်တော့ နည်းနည်း ကျန်သေးတယ်။ နေ့လယ်ရောက်တော့ ရောင်တာပါ တစ်ခါတည်း ပျောက်ပြီး ပကတိဖြစ်သွားတယ်။

ဒီလိုပါပဲ–ဘုန်းကြီးကတော့ ကိုယ့်ဂေါစရဂါမ် ရွာထဲက သေကောင်ပေါင်းလဲ ရောဂါရလို့ ဆေးရုံတက်ကြ၊ ဆရာဝန်က ‘သေမှာပဲ’ဆိုပြီး အိမ်ပြန်လွှတ်၊ တချို့လဲ ကင်ဆာရောဂါလို့ ပြောတယ်။ သူ့ခမျာများ ကိုယ့်အိမ်ရောက်လဲ ဘာတတ်နိုင်မှာ လဲလေ။ ထိုင်ကြည့်နေရုံပေါ့။

အားကိုးစရာ တရားဘာဝနာ အသိဉာဏ်ကလဲ မရှိရှာကြ။ ဘုန်းကြီးက သနားတာပေါ့လေ။ မေတ္တာပို့ရုံကလွဲလို့ ဘုန်းကြီးလဲ ဘာတတ်နိုင်တာ မှတ်လို့။ ပထမ ၇–ခါလောက် ပို့တယ်။ ၂၁–ခါ၊ ၃၇–ခါ၊ မရရင် အကြိမ် ၄၀၊ ၅၀ အဲသလိုပို့တာ။

‘ဘာဝိတာ–ပွားတယ်။ ဗဟုလီကတာ–ကြိမ်ဖန်များစွာ လုပ်တယ်’ဆိုတာ ဒါပဲ၊ များနိုင်သမျှ များများရအောင် ပွားရတဲ့ မျိုး မဟုတ်လား။ ဘာရောဂါကြီးပဲဖြစ်ဖြစ်၊ တော်တော်များများ အသက်ချမ်းသာရာ ရကြပါတယ်။ သူတို့ကံကြွင်းကလဲ ရှိသေး လို့ပေါ့လေ။

ပွားရင်း ပွားရင်းနှင့် သိတာပဲ။ ဒီလူနာဟာ ရမလား၊ မရဘူးလား။ ကြာမလား၊ မြန်မလား သိတယ်။ ဦးပဥ္စင်းတို့လဲ စမ်းကြည့်ကြပေါ့။ ဘာမှ ဆေးဖော်သလို မထုရ၊ မထောင်းရ၊ အရင်းမစိုက်ရ၊ ကုသိုလ်လဲ ရသေး။

ဘုန်းကြီးရဲ့ ကရုဏာပွားနည်းကော သိချင်သေးလား။ ပြောပါ့မယ်။ ဦးပဥ္စင်းတို့ ရပြီးသားပါ။ အထူးမဟုတ်ပါဘူး။

ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊
ဘယပ္ပတ္တာ စ နိဗ္ဘယာ။
သောကပ္ပတ္တာ စ နိသောကာ၊
ဟောန္တု သဗ္ဗေပိ ပါဏိနော။

အဲဒီဂါထာပါပဲ။ လူနာရှိရာကို မှန်းပြီး စိတ်လွှတ်၊ ညွတ်ပြီး အသံ တိုးတိုးဖြည်းဖြည်း တစ်လုံးချင်း သံရှည်ဆွဲပြီးတော့ စိတ်ထဲက ရွတ်တာပါ။ အခဆန်းမဟုတ်ပါဘူး။ စမ်းကြည့်ကြပေါ့။ ဒါပေမယ့် စိတ်ရှည်ရတယ်။ အဟုတ်ကို သနားတဲ့စိတ်ရှိဖို့က လိုရင်း။

ဘုန်းကြီး ပါဠိပဲ စိတ်ထဲက ရွတ်ပြီး အနက်အဓိပ္ပာယ်တော့ မရွတ်တော့ဘူး။ စိတ်ထဲကပဲ တစ်ပါတည်း ဆင်ခြင်သွားတာ။

ဘုန်းကြီး ဒီလိုပွားလို့ ဆရာဝန်လက်လွှတ်တဲ့ ရောဂါအမျိုးမျိုးတောင် ပျောက်ကင်းချမ်းသာကြတဲ့အကြောင်း မောင်ဒွေးလှိုင်က လွန်ခဲ့တဲ့ အနှစ် ၂၀ ကျော်လောက်က မဂ္ဂဇင်း(ရတနာမွန်) တစ်ခုထဲမှာ ဆောင်းပါးရေးတယ်။ နေရပ်လိပ်စာ အမည်နာမ မဖော်ပါဘူး။ 'ကျတ်တီးကုန်းမှာ ပွင့်သောပန်း'-လို့ နာမည်

တပ်ရေးတာ။

ဒါကို အရှင်ဘုရားတို့ ရန်ကုန်မြို့က ရွှေဥမင် ဆရာတော်ဘုရားကြီး အားလုံးသိကြ၊ ဂိုဏ်းဂဏမရွေး လေးစားကြည်ညိုခံရတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးပါ။ ဆရာတော်ကြီးက အဲဒီ ဆောင်းပါးထွက်ပြီး မကြာခင် မောင်ဌေးလှိုင်နှင့် တွေ့တော့ အမိန့်ရှိသတဲ့–

'ဦးဌေးလှိုင်နောင်တော်ကြီးရဲ့ ကရဏာပွားနည်းကို ဘုန်းကြီး ယောဂီတွေအားလုံး သင်ပေးထားပြီးပြီ'တဲ့။

ရွှေဥမင်ဆရာတော်ဘုရားကြီးလို နေလို လလို ထင်ရှားတဲ့ သက်တော်ရှည် အရှင်မြတ်ကြီးတွေကတောင် အလေးထား ချီးမြှောက်တယ်ဆိုတော့လဲ ဝမ်းသာရတာပေါ့လေ။

မြတ်စွာဘုရား တရားတော်တွေက အံ့ဩစရာကောင်းပါတယ်။ အားထားစရာလဲ ကောင်းပါတယ်။ နှလုံးသွင်းရုံ ရွတ်ရုံ ဖတ်ရုံ တင်မက ကိုယ်သဘောပေါက်သလို သတ္တဝါတွေ ချမ်းသာရာရအောင်လဲ ဆောင်ရွက်ပေးလို့ ရသဗျာ။

မေတ္တာဘာဝနာက ဒါလောက်ဆို တော်လောက်ပြီ။ ကြိုက်သလို ပွားလို့ရပါတယ်။ ဘယ်လိုပွားပွား၊ ပို့ပို့၊ ရူးရူး

စိုက်စိုက်နဲ့ ထိထိခိုက်ခိုက် လှိုက်လှဲစွာနဲ့ အကျိုးလိုလားစိတ် ထားဖို့ပါပဲ။ ပြောလို့ မကုန်ဘူး။ ကဲ–ကြိုးစားပွားကြ။

သာဓု–သာဓု–သာဓု

[မှတ်ချက် – ကရုဏာ ဘာဝနာကြောင့် သေလုနီးပါး ရောဂါကြီးများမှ ကင်းလွတ်၍ ချမ်းသာရာ ရကြသူများအကြောင်း၊ မေတ္တာကြောင့် သေလောက်သော အဆိပ်ပြေပုံနှင့် ပွားများပုံကို 'မွေစကျွကျမ်း' နောက်ပိုင်းတွင် ပါရှိသော 'ကျွတ်တီးကုန်းမှာ ပွင့်သောပန်း' ဆောင်းပါး၌ ဖတ်ရှုနိုင်သည်။]

* * *

# ၃-မရဏာဿတိဘာဝနာ

'မရဏာဿတိ–အရပ်အခေါ် မရဏာနုဿတိ ကမ္မဋ္ဌာန်းကလဲ ဦးပဥ္စင်းတို့ အားလုံး၊ ယောဂီတွေအားလုံး နားရည်ဝပြီးသားပါ။

မရဏမေ့ဗွာမှိ, မရဏံ အနတိ တောတိ
အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

မြတ်စွာဘုရားရှင်က နေ့တိုင်း မကြာခဏ ဆင်ခြင်အောက်မေ့ရမယ်လို့ ဟောထားတယ်။ (ပဥ္စကအင်္ဂုတ္တိုရ်၊ အဘိဏှသုတ်)

'ငါသည် သေခြင်းသဘောရှိ၏။ သေဘေးကြီးကို လွန်ဆန်လို့မရ

- ခုဝံ မေ မရဏံ– သေခြင်းသည် မြဲ၏၊ သေဖို့ကား သေချာ၏။
- အဒ္ဓုဝံ မေ ဇီဝိတံ– အသက်ရှင်ရမှုသည် မမြဲ။ နေရဖို့ကား မသေချာ။
- မရဏံ မေ ဘဝိဿတိ– ငါ...တစ်နေ့ မလွဲမသွေ သေရလိမ့်မယ်၊ သေရချည်သေး၊ သေရချည်သေး၊ အဲသလို ပွားရမယ်။
- ဖြစ်လာတာ–ပျက်ဖို့။
- မွေးလာတာ–သေဖို့။

'မရဏာမွေ့' သေရမယ့် သဘော၊ သေရမယ့်မျိုးစေ့က နဂိုထဲက ပါလာပြီးသား။ ခုမှ သေတာမဟုတ်ဘူး။ သေချာပြီးသား၊ သေလက်မှတ် မွေးကတည်းက ထုတ်ပေးထားပြီးသား။

ဒါကို သိရင် သေတာ ကြောက်စရာလား၊ သေတော့ ငိုကြဦးမှာလား၊ 'သေမယ့်ဘေး၊ ပြေးတွေ့'ဆိုတာ ဒါပြောတာ၊ ကြိုတင်ဆင်ခြင် စဉ်းစားထားတော့ ကြောက်စရာ လိုသေးလား?

ဝိပဿနာရောက်တော့ ဖြစ်တာပျက်တာတွေ မမြင်ချင့် အဆုံး မြင်နေရတယ်။ သချိုင်းရောက်မှ သေတာမဟုတ်ဘူး။ ခဏတိုင်း ခဏတိုင်း သေနေတာပါလား။ ဟော...ဝိပဿနာ ရောက်တော့ ပိုရှင်းသွားပြီ။

'အမာတာ ပုတ္တိက ဘေးကြီး' ခေါ်တယ်။ အမေက သားကို မကယ်နိုင်ဘူး၊ သားသမီးကလဲ အမေမိဘကို မကယ်နိုင်ဘူး၊ ဘယ်သူ့ ဘယ်သူမှ မကယ်နိုင်ဘူး။ တရားကမှ ကယ်နိုင်တာ။

## ဘုရားကြိုက်သော ပွားများပုံ

ဒီနေရာမှာ အကောင်းဆုံး ဘုရားအကြိုက်ဆုံး မရဏာဿတိပွားများပုံကို ပြောကြစို့။(အင်္ဂုတ္တိုရ်၊ ပထမ၊ မရဏာဿတိသုတ်–၁၃၅ မှာ)

အခါတစ်ပါး မြတ်စွာဘုရားရှင် နာတိက ရွာကလေး အုတ်ပြာသာဒ်ကျောင်းမှာ သီတင်းသုံးနိုက် 'မရဏာဿတိ ပွားများကြ၊ ကြိမ်ဖန်များစွာ အလေးအလာပြုကြ၊ လွန်စွာ အကျိုးများတယ်'လို့ ဟောတော်မူတော့ ရဟန်းတစ်ပါးက 'ပွားများပါတယ်ဘုရား' လို့ လျှောက်တယ်။ 'ဘယ်လို ပွားများသလဲ' မေးတော်မူတော့–

'အဟောဝတာ'ဟံ ရတ္တိန္ဒိဝံ ဇီဝေယျံ၊ ဘဂဝတော သာသနံ မနသိ ကရေယျံ၊ ဗဟုံ ဝတ မေ ကတံ အဿ။'

'ငါသည် တစ်ရက်(တစ်နေ့နှင့် တစ်ည)တာမျှ အသက်မသေနေရပါမူ ကောင်းလေစွာ။ ထိုသို့နေရလျှင် တစ်ရက်တာ

အတွင်း ဘုရားအဆုံးအမ တရားကို နှလုံးသွင်းရန် အကျိုးများပေရာ၏'ဟု ပွားများကြောင်း လျှောက်ထားတယ်။ မကောင်းဘူးလား။ သီလလဲ မရှိ၊ သမာဓိဘာဝနာလဲ မရှိတဲ့ လူတွေကတော့ တစ်ရက်နေရ၊ တစ်ရက် ငရဲကြီးတာပါပဲ။ ဒါ့ကြောင့် သံကိစ္စသာမဏေ ခိုးသားငါးရာတို့နှင့် စပ်ပြီး ဘုရားဟောတာပေါ့။

ယော စ ဝဿသတံ ဇီဝေ၊
ဒုဿီလော အသမာဟိတော။
ကောဟံ ဇီဝိတံ သေယျော၊
သီလဝန္တဿ ဈာယိနော။

(ဓမ္မပဒနှင့် ထေရဂါထာ။)

နောက် တစ်ပါးပြီးတစ်ပါး ပွားများပုံကိုပါ လျှောက်ကြတယ်။

၂။ တစ်ပါးက တစ်နေ့ခင်း...
၃။ တစ်ပါးက နေ့ဝက်...
၄။ တစ်ပါးက ဆွမ်းတစ်ထပ် စားချိန်အတွင်း...
၅။ တစ်ပါးက ဆွမ်းတစ်နပ်၏ ထက်ဝက်စားချိန်အတွင်း
၆။ တစ်ပါးက ဆွမ်းလေးငါးလုတ်၏ စားချိန်အတွင်း...
၇။ တစ်ပါးက ဆွမ်းတစ်လုတ်စားချိန်အတွင်း...
၈။ တစ်ပါးက ထွက်လေတစ်ရှူတစ်ရှိုက်အတွင်း..

မသေနေရ ကောင်းလေစွ။ တရားနှလုံး သွင်းခွင့်ရ၍ အကျိုးများ လှပေရာ၏။

အဲသလို ရဟန်းတော်ရှစ်ပါးတို့ အသီးအသီး လျှောက်ကြ တဲ့အခါ မြတ်စွာဘုရားက ရှေ့က ၆–ပါးဟာ သေခြင်းတရားကို မေ့လျော့နေသူ၊ နုနုနေးနေးပွားသူများလို့ မိန့်တော်မူတယ်။ နောက်ဆုံး နှစ်ပါးကမှ မမေ့မလျော့နေသူ၊ ထက်ထက်သန်သန် ပွားများသူများ ဖြစ်တယ်လို့ ချီးကျူးတော်မူတယ်။

● တစ်ရက်,တစ်နေ့၊ တစ်ဝက်နေ့တည့်၊ တစ်လွေ့ဆွမ်းစား၊ နပ်ဝက်စားနှင့်၊ လေးငါးလုတ်စာ၊ တစ်လုတ်စာမျှ၊ တစ်ခါ ရှိုက်ရှူ၊ ရှစ်ဦးသူတွင်၊ ရှေးလူခြောက်ပါး၊ နှေးစွာပွား၍၊ တရားမေ့သူ၊ မိန့်တော်မူ၏။

အဟော ဝတာဟံ ဇီဝေယျံ၊
ကောလောပဿ ဘောဇနံ။
အဿာသန ပဿသနံ၊
ကရေယျံ သတ္တုသာသနံ။

အဟံ၊ ငါသည်။ ကောလောပဿ၊ ထမင်းတစ်လုတ်ကို။ ဘောဇနံ၊ ကောင်းစွာ ဝါး၍ စားသောက်မျိုပြီးသည့်တိုင်အောင်။ ဇီဝေယျံ၊ အသက်ရှင်ရမူကား။ အဟော ဝတ၊ ကောင်းလေစွ။

သတ္တုသာသနံ၊ မဂ်ဖိုလ်ဆုံးတိုင် ရှက်ဆောင်နိုင်ထ ဘုရား အဆုံးအမတော်ကို။ ကရေယျံ၊ လိုက်နာကျင့်သုံး နှလုံးပြုအံ့။

အဟံ၊ ငါသည်။ အဿာသန ပဿသနံ၊ ရှုသည်ကကို ရှိုက်သည်တိုင်အောင်။ ရှိုက်သည်ကကိုမူလည်း ရှုသည့်တိုင် အောင်။ ဇီဝေယျံ၊ အသက်မသေ နေရပါမူကား။ အဟောဝတ၊ ရဟန်းတရား၊ ကိုယ့်စီးပွားကို၊ များစွာလုံ့လ အားထုတ်ရသဖြင့်၊ ကောင်းမြတ်လေစွာ့။ သတ္တုသာသနံ၊ ဘုရားရှင်၏ အဆုံးအမ တော်ကို။ ကရေယျံ၊ ပြုရပေအံ့။

(မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး၊ ပရမတ္တ သရူပ ဘေဒနီ–ဒု၊ ၂၉၅)

* * *

(၄)

# အာနာပါနဿတိ

(အိတ်ဆောင် လက်စွဲကမ္မဋ္ဌာန်း)

၁-ပထမစတုက္က

ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလ ဂတောဝါ သုညာဂါရဂတော ဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ-

ပထမနည်း

၁။ သော သတောဝ အဿသတိ၊

သတောဝ ပဿသတိ။

သော၊ ဆိတ်ငြိမ်ရာ၌ ကိုယ်ကို ဖြောင့်မတ်စွာ ထက်ဝယ်ဖွဲ့ခွေနေလျက်နှာသီးဖျား၌သတိထားပြီးသော

ယောဂီသူမြင်တတ်သည်။ သတောဝ၊ သတိနှင့် ပြည့်စုံသည် ဖြစ်၍သာလျှင်၊ (ဝါ) ထွက်တိုင်း ထွက်တိုင်း မှတ်မိ သိရှိသည် ဖြစ်၍သာလျှင်။ အဿသတိ၊ ရှူ၏ (ထွက်သက်လေကို ထုတ်၏။)

သတောဝ၊ သတိနှင့် ပြည့်စုံသည် ဖြစ်၍သာလျှင်၊ (ဝါ) ဝင်တိုင်း ဝင်တိုင်း မှတ်မိသိရှိသည် ဖြစ်၍သာလျှင်။ ပဿသတိ၊ ရှိုက်၏။ (ဝင်သက်လေကို သွင်း၏။)

(၁–၂–အစဉ်၊ စတုက္ကယှူပုံကို အာစရိယဝါဒအရ ပြလိုက်သည်။)

## ဒုတိယနည်း

၂။ (က) ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာ မီတိ ပဇာနာတိ။
ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာ မီတိ ပဇာနာတိ။

(ခ) ရဿံ ဝါ အဿသန္တော ရဿံ အဿ သာမီတိ ပဇာနာတိ။
ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာ မီတိ ပဇာနာတိ။

(က) ဒီဃံဝါ၊ ရှည်စွာမှုလည်း-ရှည်ရှည်။ အဿ သန္တော၊ ရှူသည်ရှိသော်။ ဒီဃံ၊ ရှည်စွာ-ရှည်ရှည်။ အဿသာမိတိ၊ ရှူ၏ဟူ၍။ ပဇာနာတိ၊ ပိုင်းပိုင်းခြားခြား မှတ်သားသိရှိရ၏။ ဒီဃံဝါ ပဿသန္တော၊ ရှည်ရှည် ရှိုက်သည်ရှိသော်။ ဒီဃံပဿသာမိတိ၊ ရှည်ရှည် ရှိုက် ၏ဟူ၍။ ပဇာနာတိ၊ သိရှိရ၏။

(ခ) ရဿံဝါ၊ တိုစွာမှုလည်း-တိုတို။ အဿသန္တော၊ ရှူသည်ရှိသော်။ ရဿံ၊ တိုတို။ အဿသာမိတိ၊ ရှူ၏ ဟူ၍။ ပဇာနာတိ၊ ပိုင်းပိုင်းခြားခြား မှတ်သားသိရှိရ၏။ ရဿံဝါ ပဿသန္တော၊ တိုတိုရှိုက်သည်ရှိသော်။ ရဿံ ပဿသာမိတိ၊ တိုတိုရှိုက်၏ဟူ၍။ ပဇာနာတိ၊ သိရှိရ၏။

## တတိယနည်း

(၃) သဗ္ဗကာယ ပဋိသံဝေဒီ အဿသိဿာမိတိ သိက္ခတိ။

သဗ္ဗကာယ ပဋိသံဝေဒီ ပဿသိဿာမိတိ သိက္ခတိ။

သဗ္ဗကာယ ပဋိသံဝေဒီ၊ အလုံးစုံသော ထွက်သက်၏ အစ အလယ် အဆုံး သုံးပါးအပေါင်းကို ကောင်းစွာ

ထင်ရှားစေလျက်။ အဿ သိဿာမီတိ၊ ရှုအံ့ဟူ၍။ သိက္ခတိ၊ အားထုတ်လေ့ကျင့်၏။

သဗ္ဗကာယ ပဋိသံဝေဒီ၊ အလုံးစုံသော ဝင်သက်၏ အစ အလယ် အဆုံး သုံးပါးအပေါင်းကို ကောင်းစွာ ထင်ရှားစေလျက်။ ပဿသိဿာမီတိ၊ ရှိုက်အံ့ဟူ၍။ သိက္ခတိ၊ အားထုတ်လေ့ကျင့်၏။

## စတုတ္ထနည်း

(၄) ပဿမ္ဘယံ ကာယသင်္ခါရံ
အဿသိဿာမီတိ သိက္ခတိ။
ပဿမ္ဘယံ ကာယသင်္ခါရံ
ပဿသိဿာမီတိ သိက္ခတိ။

ကာယသင်္ခါရံ၊ အရှုပြင်း၍ ရုန့်ရင်းကြမ်းတမ်းသော ထွက်သက်ကို။ ပဿမ္ဘယံ– ပဿမ္ဘယန္တော၊ သာယာ ဖြည်းညင်းရှုခြင်းဖြင့် ငြိမ်းစေလျက်။ အဿသိဿာမီတိ၊ ရှုအံ့ဟူ၍။ သိက္ခတိ၊ အားထုတ်လေ့ကျင့်၏။

ကာယသင်္ခါရံ၊ အရှိုက်ပြင်း၍ ရုန့်ရင်းသော ဝင်သက်ကို။ ပဿမ္ဘယံ– ပဿမ္ဘယန္တော၊ သာယာဖြည်းညင်း ရှိုက်ယူခြင်းဖြင့် ငြိမ်းစေလျက်။ ပဿသိဿာမီတိ၊

ရှုကဲ်အံ့ဟူ၍။ သိက္ခတိ၊ အားထုတ်လေ့ကျင့်၏။

(ဤပထမ စတုက္က ၄-ပါးစုသည့် ကာယာနုပဿနာ၊ အာဒိကမ္မိက ရှေးဦးသင်ပုဂ္ဂိုလ်များအတွက် သမထ သက်သက်ပြသည်။)

## ၂-ဒုတိယ စတုက္က

(၁) ပီတိ ပဋိသံဝေဒီ (…သိက္ခတိ။) ရှုာန်နှင့် ယှဉ်သော ပီတိကို(သမထ)၊ ပီတိနှင့် တကွသော ရှုာန်စိတ်ကို ပီတိ အဦးမူသော ဝေဒနာကို၊(ဝိပဿနာ)ထင်ထင်ရှားရှား သိလျက်။

(၂) သုခပဋိသံဝေဒီ- ရှုာန်နှင့်ယှဉ်သော သုခကို (သမထ)၊ သုခ အဦးမူသော ရှုာန်စိတ်ကို (ဝိပဿနာ) ထင်ထင် ရှားရှား သိလျက်။

(၃) စိတ္တသင်္ခါရ ပဋိသံဝေဒီ- ဝေဒနာသညာဟူသော စိတ္တ သင်္ခါရကို (သမထ)၊ စိတ္တသင်္ခါရမည်သော သညာနှင့်ယှဉ် သော ဝေဒနာ၊ ထိုဝေဒနာ အဦးမူသော ရှုာန်စိတ်ကို (ဝိပဿနာ) ထင်ထင်ရှားရှား သိလျက်။

(၄) ပဿမ္ဘယံ စိတ္တသင်္ခါရံ– ရုန့်ရင်းကြမ်းတမ်းသော စိတ္တသင်္ခါရကို ငြိမ်းစေ,ချုပ်စေလျက်။

(ဤဒုတိယ စတုက္ကကား ဝေဒနာ နုပဿနာ၊ သမထ ဝိပဿနာ နှစ်မျိုး ပြသည်။)

'ပဋ္ဌာန်းပါဠိတော်၌ 'ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ပစ္စဝေက္ခတိ– ဝိပဿတိ'။ အံ၊ ၄၊ ဒုတိယ မေတ္တာသုတ် 'ယဒေဝ ရူပဂတံ' ပုဒ်အဖွင့်၊ အံ–နဝက–ဈာနသုတ်အဖွင့် အံ၊ ၃၊ ၂၇၇ တို့အရ ဈာန်စိတ်နှင့်တကွ ခန္ဓာ ၅ ပါးလုံး အနိစ္စရှုပုံပြဆို၏။)

## ၃–တတိယစတုက္က

(၁) စိတ္တပဋိသံဝေဒီ– ဈာန်စိတ်ကို ထင်ထင်ရှားရှား သိလျက်။

(၂) အဘိပ္ပမောဒယံ စိတ္တံ– ဈာန်စိတ်ကို လွန်စွာ ရွှင်လန်းဝမ်းမြောက် တက်ကြွစေလျက်။

(၃) သမာဒဟံ စိတ္တံ– ပဋိဘာဂဟူသော အာနာပါန အာရုံ၌ ဈာန်စိတ်ကို ကောင်းစွာ အညီအမျှထားလျက်။

(၄) ဝိမောစယံ စိတ္တံ– နီဝရဏစသော ဆန့်ကျင်ဘက်တရားတို့မှ စိတ်ကို လွတ်မြောက်စေလျက်၊ (သမထ၌ နီဝရဏနှင့် ဒု–ဈာန်၌ ဝိတက်, ဝိစာရ၊ တ–ဈာန်၌ ပီတိ၊ စ–ဈာန်၌ သုခတို့မှ လွတ်မြောက်စေရ၏။ ဝိပဿနာ၌

နိစ္စ၊ သုခ၊ အတ္တ၊ သုဘတို့မှ လွတ်မြောက်စေရသည်ကို 'ဝိမောစယံ'ဟု ဆို၏။)

(ဤတတိယစတုက္က–ကား စိတ္တာနုပဿနာ၊ သမထ, ဝိပဿနာ နှစ်မျိုးပြသည်။)

## ၄–စတုတ္ထ စတုက္က

(၁) အနိစ္စာနုပဿီ၊ ခန္ဓာ၅–ပါး ရုပ်နာမ်တရားတို့ကို အနိစ္စဟု အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍။

(၂) ဝိရာဂါနုပဿီ– သင်္ခါရတရားတို့၏ ချုပ်ပျောက်ပျက်စီးခြင်း (ခယဝိရာဂ) နှင့် ရာဂကင်းပြတ်ရာ (အစ္စန္တ ဝိရာဂ) နိဗ္ဗာန်ကို အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍။

(၃) နိရောဓာနုပဿီ–သင်္ခါရတရားတို့၏ ချုပ်ပျောက်ပျက်စီးခြင်း (ခယ နိရောဓ)နှင့် သင်္ခါရတရားတို့၏ အကြွင်းမဲ့ ချုပ်ငြိမ်းရာ (အစ္စန္တ နိရောဓ)နိဗ္ဗာန်ကို အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍။

(၄) ပဋိနိဿဂ္ဂါနုပဿီ–ခန္ဓာဘိသင်္ခါရနှင့်တကွ ကိလေသမာရ်ကို တဒင်္ဂ, သမုစ္ဆေဒအားဖြင့် ပယ်စွန့်ခြင်း (ပရိစ္စာဂ ပဋိနိဿဂ္ဂ)၊ သင်္ခါရ တရားတို့ကို အကြွင်းမဲ့ စွန့်လွှတ်၍

လွတ်လွတ်ပြေးဝင်ရာ (ပက္ခန္ဒန ပဋိနိဿဂ္ဂ) နိဗ္ဗာန်ကို အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍။ အဿသိဿာမိတိ၊ ရှုအံ့ ဟူ၍။ သိက္ခတိ၊ အားထုတ်လေ့ကျင့်၏။ (အံ၊ ၄၊ ၃၊ ၁၇၅)

ပဋိနိဿဂ္ဂါနုပဿီ–၍၊ ပဿသိဿာမိတိ၊ ရှိုက်အံ့ဟူ၍။ သိက္ခတိ၊ အားထုတ်လေ့ကျင့်၏။

(ဤစတုတ္ထ စတုက္ကကား သုဒ္ဓဝိပဿနာ–ဝိပဿနာ သက်သက်ကို ပြသည်။ မ၊ ၃၊ ၁၂၄။ ပဋိသံ–၁၇၃။ သံ၊ ၃၊ ၂၇၉။ ဝိသုဒ္ဓိမဂ်၊ ပ၊ ၂၅၈–စသည်။) အဒိကာကမ္မိက အားထုတ်စ ပုဂ္ဂိုလ်များမှာမူ ပထမ စတုက္က၊ သမထ သက်သက်ကိုသာ ဦးစွာ ပိုင်နိုင်အောင် လုပ်ရမည်။

ဤစတုက္ကကို ကောင်းစွာနိုင်နင်းပါမူ ဝိပဿနာမှာ လွယ်လှ၏။ လိုအပ်၍ ကျန်စတုက္ကများသို့ သွားလိုလျှင်လည်း လွယ်ကူတော့သည်။ ပထမ သမထမပိုင်ဘဲ ဘယ်ကိုမှ ကူးလို့ မလွယ်ဟု မှတ်ပါ။ ထို့ကြောင့် အခြေပျိုးစ ပထမ စတုက္ကကို အဝါးဝ ပိုင်နိုင်အောင် ကြိုးစားကြရာသတည်း။

* * *

# (က)-သတိမြဲရာ ပထမာ

◆ သော သတောဝ အဿသတိ။
သတောဝ ပဿသတိ။ (ပါဠိတော်)

❑ သတိမြဲစွာ၊ ပထမာ၊ ဒု-မှာ တို-ရှည် သိ။
သုံးချက်သိမှာ၊ တတိယာ၊ လေးမှာ ငြိမ်းစေဘိ။
**(ကန်နီဆရာတော်)**

❑ သတိမြဲရာ၊ ပထမာ၊ ဒု-မှာ ရှည်-တို သိ။
လုံးစုံလင်းရာ၊ တ-ဠသာ၊ စ-မှာ ငြိမ်းစေဘိ။
**(လယ်တီဆရာတော်)**

မြတ်စွာဘုရားရှင် ကမ္မဋ္ဌာန်းပေးတော်မူတာ ဘာမှ လိုလေသေးမရှိဘူး။ ဘယ်နေရာမှာ နေရမယ်။ ဘယ်လို ထိုင်ရမယ်။ စိတ်ကလေး ဘယ်မှာထားရမယ်။ အကုန်သင်ပေးတာ။

'အရညဂတော ဝါ, ရုက္ခမူလဂတော ဝါ, သုညာဂါရဂတော ဝါ' တောထဲမှာဖြစ်စေ၊ သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်မှာဖြစ်စေ၊ ဘယ်မှာဖြစ်ဖြစ်၊ မြို့ထဲ ရွာထဲဖြစ်ပစေ ဆိတ်ငြိမ်ရာနေရာမှာ နေပါတဲ့။ ထိုင်တော့လဲ-

'နိဿိဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ'

အမျိုးသားများ တင်ပျဉ်ခွေထိုင် အမျိုးသမီးများ ကျုံ့ကျုံ့စံပယ် ထိုင်၊ ကိုယ်အထက်ပိုင်းကို ဖြောင့်ဖြောင့်ထား၊ စိတ်ကိုလဲ...

'ပရိမုခံ သတိံ ဥပဋ္ဌပေတွာ'–စိတ်ကို၊ သတိကလေးကို ကမ္မဋ္ဌာန်းအာရုံဖြစ်တဲ့ ထွက်လေဝင်လေသို့ ဦးတည်ပြီး စွဲမြဲစွာ ထားပါ–တဲ့။

## အသေခံ ကျင့်ဖို့မလိုတော့

❑ သတိတစ်လုံး၊ အရှိသုံး၊ အဆုံးနိဗ္ဗာန်သာ။

'သတိမမူ၊–ဂူမမြင်၊ သတိမူတော့မြူကိုတောင်မြင်တယ်'

သတိဟာ သိပ်အရေးကြီးတယ်။ မြတ်စွာဘုရားရှင် ၄၅–ဝါ၊ မနေမနား တက်သုတ်ရိုက်ပြီး ဟောရရှာတာ ဒီသတိကလေး တစ်လုံး စွဲမြဲအောင် ထားဖို့ပဲ။

ပရိနိဗ္ဗာန် ပြုခါနီးတောင်မှ နောက်ဆုံးဩဝါဒတော် အနေနှင့် မှာတော်မူခဲ့တာလဲ ဒီသတိတစ်လုံးစွဲမြဲဖို့ပဲ။ 'အပ္ပမာဒေန သမ္ပာဒေထ၊' ဒီသတိကလေး တစ်လုံးရှိရင် လိုတာတွေ အကုန် ပြည့်တယ်။ သမ္ပာဒေထ–ပြည့်အောင် ဖြည့်ရစ်ကြ။

လိုတာတွေက ဘာတွေလဲ။ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါး၊ သာသနာသုံးရပ်လို့လဲ ခေါ်တယ်။ မဂ္ဂင်ရှစ်ပါး၊ ဗောဓိပက္ခိယတရား ၃၇–ပါးဆိုတာလဲ ဒါပါပဲ။ ပိဋကသုံးပုံဆိုတာ လဲ ဒါပဲ၊ သတိတစ်လုံးဟာ ပိဋကသုံးပုံလုံး ခြုံမိ ငုံမိတယ်။

(၁) ဝိနည်းပိဋက–က သီလသိက္ခာ စည်းကမ်း၊
(၂) သုတ္တန်ပိဋက–က သမာဓိသိက္ခာ နည်းလမ်း၊
(၃) အဘိဓမ္မာပိဋက–က ပညာသိက္ခာအသိစခန်း။

စည်းကမ်းရှိရှိ၊ နည်းလမ်းသိသိနှင့် လုပ်မှ အသိဉာဏ်စခန်း ဆိုက်ရောက်မယ်။ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတော်တွေ ဖြည့်ဆည်းပြီး ရှာပေးခဲ့တာလဲ ဒီသတိကလေး တစ်လုံးပဲ။

မိမိအသက်ကို မြွက်ခြောက်လောက်မှ ပမာမထား။ သစ်ရွက်ခြောက်၊ ဖက်ရွက်ခြောက်လောက်မှ ပမာမထားဘဲ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း အနစ်နာခံ၊ အသက်အသေခံ ကျင့်ပြီး ပေးခဲ့တာ ဒီ သတိပဲ။

ဒီ'သတိ' ကလေးတစ်လုံးဟာ လေးအသင်္ချေနှင့် ကမ္ဘာ တစ်သိန်း တန်တယ်လို့ ပြောလို့ မရဘူးလား။ အရှင်ဘုရားတို့ ဘဝကောင်းလို့ အခါကောင်းလို့ ပါရမီတွေ ထက်သန်လို့ ယခု လို အားထုတ်ခွင့်ရတာ။

ဘုရားအလောင်းတော်လို ထီးနန်းတွေ၊ သားမယားတွေ စွန့်ဖို့လိုသေးလား။ အသက်စွန့်လုပ်ဖို့ လိုဦးမလား။ သူ့ အသက် စွန့်ကျင့်ပေးသွားလို့ အရှင်ဘုရားတို့ ဘုန်းကြီးတို့တတွေ လွယ် လွယ်ကလေးရတာဗျာ။ ကလျာဏမိတ္တဆိုတာ ဒါပါပဲ။

## အားထုတ်ပုံ အားထုတ်နည်း

အားထုတ်ရမယ့် သဘောအချုပ်ကတော့ ထွက်လေဝင်လေ ထွက်တိုင်း ဝင်တိုင်း တိုးထိသွားတဲ့ နေရာကလေး၊ နှာသီးဖျား ဒါမှမဟုတ် အထက်နှုတ်ခမ်းဖျားမှာ စိတ်ကို စူးစိုက်ထားပြီး ထွက်တိုင်း ဝင်တိုင်းသော လေကို သိနေရုံပါပဲ။ (မှတ်ချက်- ထွက်လေဝင်လေ မှတ်လို့မရဟုဆိုလျှင် လက်ကို နှာခေါင်းဝအနီး ထားပြီး ရှူနိုင်းပါ။)

သော သတော၀ အဿသတိ- ထွက်တိုင်း ထွက်တဲ့လေကို သိပါ။

-သတော၀ ပဿသတိ-ဝင်တိုင်း ဝင်တဲ့လေကို သိပါ။

အပြောလွယ်ပေမယ့် တကယ်သိဖို့က စစဦး မလွယ် သေးဘူးပေါ့။ ဒီတော့ ကျေးဇူးရှင် ကန္နီဆရာတော်ဘုရားကြီးက လက်ပံဆရာတော်ကြီးများထံက ဟတ္ထမုဋ္ဌိ ရရှိတော်မူတဲ့အတိုင်း ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ လာတဲ့ လုပ်နည်းလုပ်ထုံးတွေနှင့် ရောယှက်ပြီးတော့ သင်ပြပေးခဲ့တာ။

အဋ္ဌကထာမှာ လာတဲ့ နည်းဆိုတာက-

(၁) ဂဏနာနည်း-၁-၂-၃-၄ ရေတွက်တာ၊

(၂) အနုဗန္ဓနာနည်း-ထပ်မံ ဖွဲ့ချုပ်ထားတာ၊

(၃) ဖုသနာနည်း-ထွက်ဝင်လေ ထိခြင်း ထိရာဌာန။

(၄) **ပထနာနည်း–စွဲမြဲစွာ သွင်းထားတာ။**

ဒီအထဲမှ ၃ နှင့် ၄ ဟာ သီးခြားနည်းတစ်ခု မဟုတ်ပါဘူး။ သမာဓိထူထောင်စ ထိရာအရပ်မှာ ရေတွက်တာ၊ (ဂဏနာ)၊

ထိရာအရပ်မှာ ထွက်ဝင်လေကို ဖမ်းချုပ်ထားတာ (အနုဗန္ဓနာ) ဖြစ်လို့ ဖုသနဟာ သီးခြားနည်းတစ်ခုလို့ မဆိုရဘူး။ ဂဏနာလုပ်လုပ်၊ အနုဗန္ဓနာလုပ်လုပ် ထိတဲ့နေရာ ထိတာ (ဖုသန)ကတော့ ပါရတာချည်းပဲ။

အလားတူပဲ ပဋိဘာဂနိမိတ် ဖြစ်ပေါ်လာတဲ့အခါ အပ္ပနာသို့ ဆိုက်အောင် စိတ်ကို နိမိတ်အပေါ်မှာ စူးနေအောင် စိုက်နေအောင် ထားတာ 'ထပနာ' လို့ခေါ်တယ်။ အသီးအခြားနည်းတစ်ခု မဟုတ်ပါဘူး။ နည်းမဟုတ်သော်လည်း နည်းတစ်မျိုးလို့ ခေါ်နေကြတာပေါ့လေ။

**ဂဏနာ–** အနေးအမြန်၊ အစဉ်မှန်၊ နှစ်တန်ရေတွက်နည်း။
**အနုဗန္ဓနာ–**အမြဲအမြန်၊ အတွယ်သန်၊ တဖန်ဖွဲ့ထားနည်း။
**ထပနာ–**ငြိမ်ဝပ်ပြန့်ပြူး၊ စိတ်စိုက်စူး၊ အထူးစိတ်ထားနည်း။
(လယ်တီဆရာတော်)

'ဒူရင်္ဂမံ'–ဝေးရာထွက်ထွက်ပြေးတတ်တဲ့ စိတ်၊ 'ယတ္ထ ကာမနိပါတိနော' ကာမဂုဏ် အာရုံနောက်ကိုပဲ လိုက်နေရမှ ကြိုက်တဲ့စိတ်၊ နွားသိုးရိုင်းကို နွားသီးပျားချည်တိုင်မှာ သတိကြိုးနှင့်

အသေချည်ထားတာ။ အဲသလို ချည်တဲ့နေရာမှာလဲပဲ ဖုသန–ဂဏနှာ–အနုဗန္ဓနာခေါ်တဲ့ မလွတ်ထွက်နိုင်အောင် ချည်ပုံချည်နည်းက သေချာခိုင်မာနေလို့ စိတ်ကလေး မပြေးနိုင်တော့ 'စင်း' ခံရတော့တာပေါ့။ ကန္တီနည်း ထိရောက်တယ်ဆိုတာ ဒါပဲ။

## ဝါရ (အကြိမ်) ရေတွက်နည်း

ထွက်လေဝင်လေ ရေတွက်တဲ့နေရာမှာ ၅–အောက်လဲ မနည်းစေရဘူး။ ၁၀–အောက်လဲ မပိုစေရဘူး။ ကန္တီဆရာတော်ကြီးကတော့ ၈–အထိပဲ ရေတွက်တယ်။ ဥပမာ–

| | | |
|---|---|---|
| ၁။ | ထွက်သည်ဝင်သည် | တစ်၊ |
| ၂။ | ထွက်သည်ဝင်သည် | နှစ်၊ |
| ၃။ | ထွက်သည်ဝင်သည် | သုံး၊ |
| ၄။ | ထွက်သည်ဝင်သည် | လေး၊ |
| ၅။ | ထွက်သည်ဝင်သည် | ငါး၊ |
| ၆။ | ထွက်သည်ဝင်သည် | ခြောက်၊ |
| ၇။ | ထွက်သည်ဝင်သည် | ခုနစ်၊ |
| ၈။ | ထွက်သည်ဝင်သည် | ရှစ် ၁–ဝါရ။ |

'ဝါရ'ဆိုတာ ရေတွက်ခြင်း၊ အကြိမ်တစ်မှတ်လို့ ပါဠိလို ခေါ်တာပါပဲ။ ဒါကို အရပ်ခေါ် 'ဝါရ်ရေ၊ ဝါရ်မှတ်' ခေါ်ကြတာပါ။

အင်ချောင်ဆရာတော်ကြီးကတော့ ထွက်သွားတဲ့လေကို စိတ်ထဲက သိရုံ သိထားပြီး အဝင်ကိုပဲ ခေါင်းတပ်ရေတွက်တယ်။ ဥပမာ– ဝင်သည် တစ်

ဝင်သည် နှစ် စသည်ပေါ့။ ကြိုက်သလို အသိရှင်းသလို မှတ်လို့ ရပါတယ်။

(**မှတ်ချက်**။ 'အာနာပါနဒီပနီ'၌ ၁ မှ ၅ ထိ မှတ်ပြီးလျှင် တစ်ခုတိုး ၁ မှ ၆၊ ၁–၇၊ ၁–၈၊ ၁–၉၊ ၁–၁၀ဟု မှတ်သည်။ ဝိသုဒ္ဓိမဂ် ၂၇၁၌လည်း ဤသို့ယူရမည်ကဲ့သို့ ရှိ၏။ 'ပရမတ္ထ သရူပဘေဒနီ' ဒုတွဲ ၃၃၃ ၌ 'ထိုသို့ တိုး၍ တိုး၍ မရေတွက် အပ်'ဟု ဆိုသည်။ စင်စစ် သမာဓိရမှုသာ ပဓာနဟု ဆိုသင့်၏။)

**မှတ်နေစဉ် သတိပြုစရာများ**

အဲသလို မှတ်တဲ့အခါမှာ မျက်နှာပဝါစည်းထားပါ။

(၁) ထိတဲ့နေရာကလေးမှာ စိတ်က စိုက်ထားပြီး စိတ်နှင့်ပဲ မှတ်ရ ရေတွက်ရမယ်။ နှုတ်က မရွက်ဆို ရဘူး။ လက်တို့ ပုတီးတို့ မချိုးမစိပ်ရဘူး။ ဘာဝနာဆိုတာ ကာယကံ ဝစီကံ အလုပ်မဟုတ်လို့ပါပဲ။

ဒါပေမယ့် သက်တောင့်သက်သာ လက်လှုပ်ရုံကလေး ရေတွက်ရင်လဲ ရနိုင်ပါတယ်။

မှတ်ချက်။ ဘဿာရာမ– စကားပြောခြင်းသည် အကြီးဆုံးသော အန္တရာယ်ဟု သတိပြုပါ။

(၂) အဲသလို ၈–ခု တစ်ဝါရ၊ တစ်ကြိမ်ကိုမှ တစ်မှတ်လို့ ယူရတယ်။ တစ်မှတ်ရရင် ဘယ်ဘက် လက်ကောက်ဝတ်မှာ စိတ်မှန်းနှင့် တင်ထား။ နောက် တစ်ခါ 'ရှစ်' ရောက်လို့ တစ်မှတ်ရရင် ဘယ်ဘက် တစ်တောင်ဆစ်မှာ စိတ်မှန်းနှင့်တင်။ နောက်ဘယ် ပခုံးပေါ်၊ နားရွက်၊ ချိုစောင်း ၅–မှတ်။

နောက် ညာချိုစောင်း၊ နားရွက်၊ ညာပခုံး၊ တတောင်ဆစ်၊ လက်ကောက်ဝတ် ၅–မှတ်။ (တစ်ပတ်ရလျှင် ၁၀–မှတ်။)

ဒါမှမဟုတ် လက်ချောင်းကလေးများကို ဘယ်ညာခွဲပြီး ရှုရှုကလေး ချိုးမှတ်လို့ ၁၀–ရရင် ဘယ်လက်ကောက်ဝတ်စသည် ရှေ့ကအတိုင်း စိတ်မှန်းနှင့် တင်ထား။( တစ်ပတ်ရလျှင် –၁၀၀)

(မှတ်ချက်၊ ထိုင်လျက်မှတ်သော အမှတ်ကိုသာ အရေအတွက် ပြုရသည်။)

(၃) ထွက်လေဝင်လေကို သူ့သဘာဝအတိုင်း မနှေးမမြန် ပုံမှန် ရှုရှိုက်ရမယ်။

(**မှတ်ချက်။** ထွက်လေက တိုပြီး ဝင်လေက ရှည်လျှင် နောက်လဲ ကျတတ်သည်။ ထွက်လေရှည်ပြီး ဝင်လေတိုနေလျှင် ကိုယ်ကြီး ရှေ့ကိုင်းကျလာတတ်သည်။)

(၄) အထဲကို ဝင်သွားတဲ့ လေနောက်ကိုဖြစ်စေ၊ အပြင် ထွက်သွားတဲ့ လေနောက်ကိုဖြစ်စေ၊ စိတ်မလိုက် ရဘူး။ တံခါးစောင့်၊ တံခါးမှူးလို လယ် ကတွေ ပေါက်က ငါးစောင့်ဖမ်းတဲ့ ဗျိုင်းလို ထိတဲ့ နေရာ ကလေးမှာပဲ စိတ်ကို ထားရမယ်။ ထိတာကိုလဲ သိရမယ်။ အကြိမ်အမှတ်လဲ မှတ်ရမယ်။

(၅) မထွက်ခင်လဲ 'ထွက်သည်' မမှတ်ရဘူး။ မဝင် ခင်လဲ 'ဝင်သည်' မမှတ်ရဘူး။ ထွက်တာဝင်တာ ထင်ထင်ရှားရှား သိပြီးမှ 'ပစ္စုပ္ပန်တဲ့' ဖြစ်ရမယ်။ ကြိုလဲ မှတ်ရမယ်။ မမှတ်ရဘူး။ နောက်ကျပြီး မနေစေရဘူး။

(၆) လျှောင်းထိုင်ရပ်သွား စားသောက်ယိုပေါက် အမြဲ တမ်း အမှတ်ပါနေရမယ်။ ၁–၂–၃–၄– မရသာရင် 'ထိသိ' ပါရမယ်။

(၇) ထိ+သိ မှတ်ရာမှာ ခတ်သဘော ထိဆိုက်အောင်လဲ

မမှတ်ရဘူး။ (ဝိပဿနာ ဖြစ်သွားမယ်)၊ အလင်း အရောင်ကိုလဲ မစွဲမှတ်ရဘူး။ (ဝဏ္ဏကသိုဏ်း ဘက်လဲသွားမယ်၊ လဲသွားလဲ တကယ်ကသိုဏ်း မဖြစ်နိုင်ဘူး။) နဝဏ္ဏော ပစ္စဝေက္ခိတဗ္ဗော၊ နလက္ခ- ဏံ မနသိကာတဗ္ဗံ'။ ဝိသုဒ္ဓိမဂ်–၁၂၁၊ ၂၇၈။)

(၈) အလင်းရောင်ကို မြင်တွေ့လျှင်လဲ မစွဲလမ်းနှင့်၊ မကြည့်နှင့်။ ကိုယ့်အမှတ်ကိုယ်သာ မဲတင်းမှတ်။ မျှော်လဲ မမျှော်လင့်နှင့်။ အမှတ်များများ ရဖို့ပဲ လိုတယ်။

အထူးသတိပြုရမှာကတော့–

(၉) မှတ်ရင်း မှတ်ရင်း ၁–၂–၃ အရေအတွက် သံသယ ဖြစ်နေရင် အမှတ်ထဲ မရေတွက်ရ (သံသယအမှတ် ပယ်၊ သေချာတဲ့ သန္နိဋ္ဌာန်အမှတ်ကိုသာ ရေတွက် ပါ။)

တကယ်လို့ သံသယဝင်လာရင် ဖျက်ဆီးပစ်ပြီး အစက ပြန်မှတ်ပါ။ ရေတွက်ဆဲ အမှတ်ကိုသာ ပြောတာ။ အရင်ရပြီးသား ဖျက်ပစ်စရာ မလိုဘူး။

(၁၀) မှတ်နေရင်း အာရုံ ၆–ပါး တစ်ပါးပါး ရောက်သွားရင် နီဝရဏ ၅–ပါး တစ်ခုခု ဝင်လာရင် ကာမ–ဗျာပါဒ–ဝိဟိံသာ မိစ္ဆာဝိတက် ၃–မျိုး တစ်မျိုးမျိုး ဝင်လာရင် ဒီအမှတ် မအောင်တော့ဘူး။ မစင်ကြယ်တော့ဘူး။ **'သံသယဝါရ'**၊

အမှတ်တိုင်း သန့်ရှင်းနေရမယ်။ သန့်ရှင်းမှ သေချာမှ **'သန္နိဋ္ဌာနဝါရ'** သံသယဝါရကို 'ဝါရ်ကျိုးဝါရ်ပေါက်' ခေါ်တယ်။ အရေအတွက်ထဲ မထည့်နှင့်။

(၁၁) မှတ်နေရင်း အသံ တစ်ခုံတစ်ခု ကြားရင်လဲ ကြားကာမတ္တ ဖြစ်စေရမယ်။ 'ဘယ်သူ့အသံပဲ' စသည် လူပုံပန်း နိမိတ်ရော ခြေလက်အင်္ဂါ အသေးစိတ်ဆီရော စိတ် ရောက်မသွားစေရဘူး။ (န နိမိတ္တဂ္ဂါဟီ၊ နာနုဗျဉ္ဇနဂ္ဂါဟီ။) အလုပ်ဝေါဟာရနှင့် ပြောရင် ကြားကာမတ္တကို **'အာဝဇ္ဇန'**၊ လိုက်သွားရင် **'အနွာဝဇ္ဇန'**။ အသေးစိတ် လျှောက်လိုက်ရင် **'ပဋ္ဌာဝဇ္ဇန'**။

(၁၂) ရှေးမြန်မာ တစ်နာရီမှာ ဝင်လေပေါင်း ၃၆၀၊ ထွက်လေပေါင်း ၃၆၀၊ ယခုခေတ် စက်နာရီအရ ဆိုရင် ဝင်လေ ၉၀၀၊ ထွက်လေ ၉၀၀ ရှိတယ်။

အမေ့ဝမ်းက ထွက်ထွက်ချင်း ထွက်လေက စဖြစ်တယ်။ အမေမွေးကတည်းက သေတဲ့အထိ ရှိနေတဲ့ဟာ အလကား ထွက်ထွက်ကုန်တာ နမြောစရာပဲ။ ဒါ့ကြောင့် ဒီကနေ့ ၃၀၀၀ါရီရေ ဝါရီမှတ်အပ်ရင် နောက်နေ့တွေမှာ တိုးတိုးအပ်နိုင်အောင် ကြိုးစားရမယ်။ တချို့ စ,စခြင်း ၅၀၀၊ ၁၀၀၀ အပ်ကြတယ်။

(၁၃) ဂဏနာ၊ဖုသနာ၊ အနုဗန္ဓနာ၊ ထပနာ ဒီနည်းတွေ ရောယှက်ပြီး စိတ်ကလေးကို မလွှတ်တမ်း ဖမ်းတုပ်ထားတော့ သမာဓိရလွယ်ပြီး အာရုံနိမိတ်တွေ ထင်လာမယ်။

အရိုးစု စတဲ့ ကြောက်စရာတွေ၊ နှာခေါင်းကြီးပဲ ကြီးလာသလိုလို၊ ကြည်ညိုစရာ ဘုရားရဟန္တာတွေ ကြွလာလိုလာ၊ ဒါတွေ အာရုံမပြုနှင့်၊ မကြည့်ရဘူး၊ မစွဲလမ်းရဘူး။ စွဲလမ်းရင် ရှေ့တက်ဖို့ ခက်တတ်တယ်။ ကြောက်စရာလဲ မလိုဘူး။

ကန္နီဆရာတော်ကြီးက ပြောလေ့ရှိတယ်။ 'ဒါတွေ မက်မနေပါနှင့်။ နောက် အများကြီး ဖူးရဦးမှာ'တဲ့။

(၁၄) 'ဘယ်ဘဝက အမေတော်ခဲ့ဖူးသူ' စသည်ဖြင့်၊ အိပ်မက်အပူးအကပ်တွေ လာတတ်တယ်။ ထို

ဂဏန်း ချဲဂဏန်းတွေ ပေးတတ်တယ်။ လုံးဝ လက်မခံနှင့်။ မမက်မောနှင့်။ မေတ္တာနာနာပို့၊ အမျှဝေလိုက်ပါ။ တချို့ ထွက်ပြေးတယ်။ စိတ်ကို ထိန်းရတယ်။

ဥပမာ လဲဝါဝွမ်းစ၊ လျှပ်နွယ်၊ ကြယ်၊ ပုလဲသွယ်၊ ပုလဲလုံး၊ မီးနိုး၊ ပန်းဆိုင်း၊ ရေတံခွန်၊ ပုံသဏ္ဌာန်အမျိုးမျိုး အရောင်အဆင်း မျိုးစုံပါပဲ။ ဒါတွေဟာ သမာဓိကောင်းလာလို့ စိတ်သညအလိုက် ပေါ်လာတဲ့ 'သညဇ' အာရုံနိမိတ်တွေချည်းပါပဲ။ မိမိရဲ့ရှေ့က ဘဝတွေလဲ ပေါ်တတ်တာပဲ။

(၁၅) နောက်ပြီး နှာသီးဖျားမှာဖြစ်ဖြစ်၊ မျက်နှာနားမှာဖြစ်ဖြစ်၊ မျက်နှာရှေ့ တစ်တောင်လောက်အကွာမှာဖြစ်ဖြစ် အလင်းနိမိတ်တွေ အမျိုးမျိုး လာတတ်တယ်။

ဒီနေရာမှာ သောက်ရှူးကြယ်လိုအလင်းကြီး လာဦးတော့ ယောဂီက လျစ်လျူရှုထားရမှာ။ သူ့ကို ကျေနပ်ပြီး ကြည့်မနေရဘူး။

## မဂ္ဂင်စောင့်နည်း

အရေးကြီးတာက တစ်နေ့ထက်တစ်နေ့ အမှတ်များ သည်ထက် များဖို့ပဲ။ စင်ကြယ်သန့်ရှင်းဖို့က အရေးကြီးတာ။ အဲသလိုဖြစ်အောင် သမာဓိ အရေးကြီးတယ်။ သမ္မာသမာဓိ ဖြစ်အောင်

(၁) သမ္မာသတိ

(၂) သမ္မာဝါယာမ—

ဒီ မဂ္ဂင်နှစ်ပါးနှင့် ပို့တင်ပေး၊ ထိန်းပေးရတယ်။ အလုပ် ဝေါဟာရနှင့် 'မဂ္ဂင်စောင့်တယ်'လို့ ခေါ်တယ်။

ထိသိနှင့် အမှတ်နှင့် ချပ်ခနဲ သိနေအောင် ဝီရိယက အားစိုက်ပံ့ပိုးပေးရမှာ။ သူ့အလုပ် တစ်ချက် လစ်သွား ပျော့သွား ရင် သမ္မာဝါယာမမဂ္ဂင် ကျိုးပေါက်သွားတာပဲ။ သိရမယ့်ဟာ ကို မသိလိုက်မိရင်လဲ သမ္မာသတိ ပေါက်သွားပြန်ပြီ။ အဲဒီတော့ သမ္မာသမာဓိက မလာတော့ဘူးပေါ့။

ဒါ မဂ္ဂင်စောင့်တယ်ခေါ်တာပါပဲ။ ဝိပဿနာမှာဆိုရင်တော့ 'အာတာပီ သမ္ပဇာနော၊ သတိမာဝိနေယျ လောကေ အဘိဇ္ဈာဒေါ- မနဿံ' ဝီရိယ၊ ပညာ၊ သတိ အရေးကြီးတယ်။ ဒီသမထမှာတော့ ဝီရိယနှင့်သတိ အရေးကြီးတယ်။ ပညာနှင့် နှိုက်ပြီး သိဖို့

မလိုသေးဘူး။ အပေါ်ယံ ပညတ်သိရုံ မှတ်ရုံပဲ။ သမာဓိ လိုရင်း။

ဒါ ဘယ်ထိမှတ်နေရမှာလဲဆိုရင် (ဝိသုဒ္ဓိမဂ်–၂၇၁မှာ) 'ရေတွက်မှု လွှတ်ထားလဲ သတိကလေး ထွက်ဝင်လေမှာ အလိုလို တည်မြဲနေတဲ့ အထိ–ပဲ'တဲ့။

ပထဝီကသိုဏ်းခန်း (ဝိသုဒ္ဓိမဂ်–၁၂၂)မှာ ဆိုထားတာကတော့–

'ဥဂ္ဂဟနိမိတ် မပေါ်မချင်း အရာ,အထောင် ပွားနေရမယ်' ...တဲ့။

ဒီလိုပြောလို့ လန့်မသွားကြနှင့်ဦး။ လက်ပံဆရာတော်၊ ကန္နီဆရာတော်ကြီးများက ဂဏနာ ဖုသနာ စတဲ့ နည်းတွေ ပေါင်းယှက်ပြီး ပေးခဲ့တော့။ ဟော...ခုပဲ ဦးပဥ္ဇင်းတို့တတွေ လွယ်လွယ်ကလေးနှင့် နိမိတ်စကား ပြောစပြုနေပြီ။

တစ်ပတ် ၁၀–ရက် ကျော်သွားရင် ဦးပဥ္ဇင်းတို့ မှတ်ချင်လို့ မှတ်ဖို့ မလိုတော့ဘူး။ ခုတော့ ကြိုးစားမှတ်ကြပါဦး။

## ကလျာဏပုထုဇဉ် ဖြစ်ပြီ

သဗ္ဗတ္ထကကမ္မဋ္ဌာန်းက စပြီး လေးလေးစားစား လုပ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေအဖို့ ၃–၄ ရက်နှင့် စကားပြောတော့တာပါပဲ။

မကြာပါဘူး။ စကားပြောတယ်ဆိုတာ နိမိတ်ပေါ်တာ ပြောတာ။ နိမိတ်ဆိုတာက ပါဠိစကား၊'နိမိတ္တ' မြန်မာလို အကြောင်း၊ ကမ္မဋ္ဌာန်းရဲ့အကြောင်း၊ ကမ္မဋ္ဌာန်းအာရုံလို့ ဆိုလိုတယ်။

နိမိတ်ဆိုတာလဲ လူရုပ် နတ်ရုပ် သဏ္ဌာန် ပညတ်ကို ပြောတာ မဟုတ်ဘူး။ အလင်းရောင် နိမိတ်–ကမ္မဋ္ဌာန်း ဘာဝနာ သမာဓိ စွမ်းအားကြောင့် ဖြစ်ပေါ်လာတဲ့ အရောင်အလင်း။

ပထမတော့ မီးခိုးတိမ်တိုက်လို ခပ်ညစ်ညစ်မည်းမည်း၊ ဝါဂွမ်းမှို့စကလေးလို သာမညပဲ။ နောက် ကြာလေ လင်းလေ လင်းလာတတ်ပါတယ်။ နေပူထဲမှာ ချထားတဲ့ မှန်ကို မကြည့်နိုင်လောက်အောင်ကို ဝင်းဝင်းတောက် လင်းလာတာလဲ ရှိတယ်။

အဲဒီအခါမှာ ယောဂီစိတ်ထား သိပ်ကို အရေးကြီးတယ်။ နိမိတ်စပြီး စကားပြောလာတယ်ဆိုရင် မဲပြီးထိုင်၊ နိမိတ်တွေ ဝင်းဝင်းလက်လက် ပေါ်နေတော့ ကိုယ်မမြင်ဖူး။ မရဖူးတာ ဖြစ်လို့ အလွန်အမင်း ပျော်နေတတ်တယ်။ ဒါလဲ သတိထားရမှာပဲ။

ဒီအချိန်မှာ ဘယ်သူနှင့်မှ စကားမပြောမိဖို့ အရေးကြီးတယ်။ ငါ့မှာ ဒီလိုဖြစ်တယ်၊ သူများတွေ ဘယ်လိုများ မြင်ကြသလဲ မသိချင်နှင့်၊ မစပ်စုနှင့်၊ အသံမှန်သမျှ ရှာန်သမထ ရန်သူ။ 'သဒ္ဒကဏ္ဍကတ္တာ ဈာနဿ' (ဝိသုဒ္ဓိမဂ်။)

'ဩဘ် ငါ့မှာ ပါရမီရှိလို့ ဒီတရားရပေတယ်။ ဈာန်မဂ်ဖိုလ် နိဗ္ဗာန်ကိုတော့ ဒီဘဝ ရတော့မှာပါကလား'လို့ စိတ်ကို မတက်ကြွလွန်းစေဘဲ ဝမ်းမြောက်နေရမယ်။ နိမိတ်ကို သဏ္ဌာန်အမျိုးမျိုး အရောင်အမျိုးမျိုး ဖြစ်အောင်လဲ မကစားရဘူး။ တကယ်တော့ ဒီလိုအလင်းနိမိတ် ပေါ်လာတာဟာ ပါရမီရှိလို့။ ရှေးက အခံ ဓာတ်ရှိလို့။ ၃–၄ ရက်နှင့် ရလာတော့ လွယ်လိုက်တာလို့ မအောက်မေ့ရဘူး။ ပျော်လွန်းရင်လဲ ပျောက်သွားတတ်တယ်။

ဒါ 'ကလျာဏ ပုထုဇဉ်' အဆင့်ရောက်လာတာလို့ ဆိုနိုင်တယ်။ 'ပဇ္ဇာနိယင်္ဂ တရားငါးပါး' (မဂ်ဖိုလ်တရားထူး ရမယ့် ယောဂီအင်္ဂါ ၅–မျိုး)ထဲမှာ 'ဥဒယတ္ထ ဂါမိနိယာ ပညာယ' ဖြစ်ပျက်မြင်တဲ့ ပညာ ရှိရမယ်ဆိုတာ ပါတယ်။ သမထအလုပ်မှာ 'နိမိတ်' ရတာလဲ ဒီသဘောပေါ့။ ဈာန်၊ မဂ်၊ ဖိုလ်ရဖို့ လက်မှတ်ပေးလိုက်တာပါပဲ။

နိမိတ်နုသေးတဲ့အချိန်မှာ ထိသိနှင့် ရေတွက်မှု အံကျမိအောင် ကာသိဏနှင့် အာရမ္မဏ အံကျနေအောင် ကြိုးစားရတယ်။ နောက်တော့ တစ်ခန်းလုံး လင်းနေတယ်။ စကြဝဠာတစ်ခုလုံး စကြဝဠာ အနန္တ ဘာအရာဝတ္ထုမှ မရှိ။ ခန္ဓာကိုယ်ကြီးလဲ မရှိဘဲ အလင်းပြင်ကြီးတောင် တချို့ ဖြစ်နေတတ်သေးတယ်။

ကောင်းကင်ထဲမှာ ထိုင်နေရသလိုပေါ့။

## အလုပ်က စကားပြော

အဲသလို နိမိတ်ကလေး စပေါ်လာတဲ့ အချိန်ကို အလုပ်ဝေါဟာရနှင့် ပြောရင် 'မမေးရဘဲ ပြောလာသူ' လို့ ခေါ်တယ်။ ဆရာက မမေးရသေးဘူး။ ပြောချင် လျှောက်ချင်လှပြီ။

ဒုတိယနည်း တက်ပေးခြင်းအားဖြင့် ဒုတိယနည်းနှင့် မမေးရသေးဘဲနှင့် ပြောသူလို့ ဆိုလိုတယ်။

တချို့လဲ နိမိတ်မပေါ်ဘူး။ နောက်တစ်ဆင့် တက်ပေးမှ ပေါ်တယ်။ ဒုတိယနည်းနှင့် မေးမှ ပေါ်လို့ 'မေးမှ ပြောသူ'လို့ ခေါ်တာ။

တချို့ကျတော့ မမေးဘဲနှင့်လဲ မပြော၊ မေးလို့လဲ မပြော။ မမေးဘဲနှင့် ပြောတဲ့လူဖြစ်မှ ပိုကောင်းတယ်။ ရိုးသား ကြိုးစား၍ အာရုံအာရမ္မဏ်ကမိပြီး သန္တိဋ္ဌာနဝါရချည်း ဖြစ်နေရင် ဒုတိယနည်း ပြောင်းပေးလို့ ရပါတယ်။

(မှတ်ချက်။ နိမိတ်မရနိုင်တဲ့သူ ဖြစ်မှုကား နှာခေါင်းရှေ့၊ လက်ဖမိုးအပ်၍ အရောင်အလင်း တစ်မျိုးမျိုး စိတ်ကဖန်ဆင်း၍ ဖြစ်စေ၊ မနီးမဝေးမှ လက်နှိပ်ဓာတ်မီး စသည်ဖြင့် အရောင်ပေး၍

ဖြစ်စေ နိမိတ်လုပ်ယူသူများလည်း ရှိ၏။ ရတတ်ပါသည်။ တချို့ ပို၍ပင် မြန်တတ်သည်။)

**သားလေးသား**

အလုပ်ဝေါဟာရတွေလဲ သိဖို့တော့ လိုတာပေါ့လေ။ အဲသလို နိမိတ် ထင်လာတာနှင့် စပ်လို့ 'သားလေးသား' ဆိုတာ ရှိသေးတယ်။

(၁) နိမိတ်ပေါ်လိုက် ပျောက်လိုက် ဖြစ်နေရင် 'ဥပဋ္ဌာန သား'။ (နိမိတ် ခ–သန္တေခ လာသူပေါ့လေ)

(၂) နိမိတ် အတော်အသင့် ယူလို့ကိုင်လို့ ကြာကြာလဲ ခံတယ်။ တန်သလောက် ရွေ့လို့ပြောင်းလို့လဲ ရလာတယ်ဆိုရင် 'ဥဂ္ဂဟသား'။

(၃) လိုတိုင်း စေတိုင်းလဲရ၊ တည်လဲတည်ငြိမ် ကြည် ကြည်လင်လင် ပြတ်ပြတ်သားသား လင်းလဲလင်း တယ်ဆိုရင် 'ပဋိဘာဂသား'။

(၄) နိမိတ်ပင် မရသော်လဲ မှတ်တိုင်း မှတ်တိုင်း အာရုံ အာရမ္မဏိက အံကိုက်မိ၊ ထိသိနှင့် အမှတ် ချပ်ခနဲ ချပ်ခနဲ ချက်ကျပြီး ဝါရ်ကျိုး ဝါရ်ပေါက် မရှိ။

သန္နိဋ္ဌာနချည်း ရတဲ့လူကို 'မဏ္ဍလသား' ခေါ်တယ်။ သူ့ကို ဒုတိယနည်း တက်ပေးချင်ပေးလို့ ရတာပေါ့။ သမာဓိက ကောင်းနေတာကိုး။ ဝါရ်ရေ ဝါရ်မှတ်မှာ 'နိမိတ်ကို ယူသလိုရတဲ့။ ဥဂ္ဂဟသား' ဖြစ်ရမှာ။ စာလိုကတော့ 'ဥဂ္ဂဟ နိမိတ်' ရသူပေါ့။

**နိမိတ်သုံးမျိုး**

(၁) ဦးပဉ္ဇင်းတို့ ပထမဆုံး နှာသီးဖျား၊ နှုတ်ခမ်းဖျားမှာ ထွက်လေဝင်လေကို ရှုတယ်။ အဲဒီလေကို **'ပရိကမ္မ နိမိတ်'** စတည်အခြေပျိုးယူတဲ့ အာရုံဆိုပါတော့။

(၂) ပို့လို့ ယူလို့ ကိုင်တွယ်လို့ရတဲ့ အာရုံနိမိတ်ကို **'ဥဂ္ဂဟနိမိတ်'**၊

(၃) စေတိုင်းရပြီး တည်ငြိမ်တောက်ပတဲ့ အရောင် အလင်း နိမိတ်ကို **'ပဋိဘာဂ နိမိတ်'** လို့ ခေါ်တယ်။ (ပဋိဘာဂ–ဆိုတာ မြန်မာလို 'အတူတူ' လို့ပြော တာ။ ဘာနှင့်တူတာတုံး။ ဥဂ္ဂဟနိမိတ်တုန်းက ယူထားတဲ့ အာရုံနိမိတ်နှင့် တူတယ်...တဲ့။)

ဒါတွေအားလုံးဟာ ယောဂီရဲ့ သညာမှတ်ထင်မှုကြောင့် ဖြစ်တဲ့ နိမိတ်တွေချည်းပါပဲ။ နိမိတ်မြင်ရပုံကတော့ ရေးပြ၊

ပြောပြလို့တောင် ကုန်နိုင်စရာ မရှိပါဘူး။ သညာ ဆန်းကြယ်တာကိုး။

'ဥပဋ္ဌာနာကာရမတ္တံ သညာ' မေတံ။

(ဝိသုဒ္ဓိမဂ်၊ ၁၂၂။)

(၁) ဝါရိရေဝါရိမှတ်ကာအစဉ်းကာ 'ဥဂ္ဂဟနိမိတ်' ပိုင်ပိုင်နိုင်နိုင် ရ,ရမယ်။ ရေတွက်မှု(ဂဏနာ)ကို ထိသိ'ဖုသနာ' မလွတ်တမ်း တွယ်ကပ်လိုက်ပြီး ဖွဲ့ချည်ဖမ်းတဲ့ 'အနုဗန္ဓနာ'နှင့် တွဲယှက်ပေးမှ ရလွယ်တယ်။

(၂) ပဋိဘာဂရောက်တော့ ထွက်လေဝင်လေ ရေတွက်မှု 'ဂဏနာ' မလိုတော့ဘူး။ 'ဖုသနာ၊ အနုဗန္ဓနာ'တွေလဲ မလိုတော့ဘူး။ 'ထပနာ'နှင့် စွဲစွဲမြဲမြဲ တစ်ခါတည်း ပိသွင်းပေးထားလိုက်ရုံပဲ။

## သဂြိုဟ်နှင့် ပြောရအောင်

ခု ...ဦးပဥ္ဇင်းတို့ ပရိကမ္မနယ်က ဥဂ္ဂဟထဲ ဝင်လာပြီ။ တချို့ လုံးလုံး ရောက်လာကြပြီပေါ့။

ကဲ...ဒီနေရာမှာ ဦးသဥ္ဇင်းတို့ ကိုရင်ကလေးထဲက ရနေသိနေတဲ့ သဂြိုဟ်စကားနှင့် ပြောရအောင်၊ ဦးပဥ္ဇင်းတို့ သောဘဏ

သာဓရဏာ (ကုသိုလ်စိတ်အားလုံးမှာပါတဲ့) စေတသိက် ၁၉-ပါး ရသေးလား၊ ရွတ်စမ်းပါ။ ကဲ ...ဘုန်းကြီး ရွတ်ပြမယ်။

အဲဒီ လှုပတင့်တယ်တဲ့ အဲဒီစေတသိက်တွေ ဦးပဥ္စင်းတို့ သန္တာန်မှာ ရှိလာပြီလား၊ မရှိသေးဘူးလား စဉ်းစားကြည့်ဖို့ပါ။

'သဒ္ဓါ သတိ ဟိရီ ဩတ္တပ္ပ အလောဘော အဒေါသော အမောဟော တတြမဇ္ဈတ္တတာ ...'

'ရတနာသုံးပါးအပေါ် ယုံကြည်ခြင်း၊ အောက်မေ့ခြင်း၊ မကောင်းမှုမှ ရှက်ကြောက်ခြင်း၊ ကာမဂုဏ်ကိုမလိုချင်၊ မတပ် မက်တော့ခြင်း၊ အဒေါသ-မေတ္တာတရားနှင့် အမောဟ အဝိဇ္ဇာ အမိုက်မှောင်ကင်းပြီး အသိမှန် အမြင်မှန် ရလာခြင်း၊ တတြမဇ္ဈတ္တ တာ ကောင်းမှုကိစ္စမှန်သမျှမှာ စိတ်ကို ဘက်မလိုက် မျှတအောင် ညှိပေးခြင်း၊ လျစ်လျူရှုခြင်း...။'

ဒါတွေဟာ လှုပတင့်တယ်စေတဲ့ နာမ်တရားတွေ သော ဘဏ စေတသိက်တွေပဲ မဟုတ်ဘူးလား။ နောက်ပြီး ဆက်လာ တယ်။

'ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ' စိတ်တွေ ငြိမ်းအေးခြင်း၊ ငြိမ်းအေးမလာကြဘူးလား။ (ဒီမှာ ကာယဆိုတာ ခန္ဓာကိုယ် ပြောတာ မဟုတ်ဘူး။ စေတသိက်အပေါင်းကို ပြောတာ။)

'ကာယလဟုတာ၊ စိတ္တလဟုတာ'–စိတ်တွေ ပေါ့ပါး သွက်လက်လာခြင်း၊ 'ကာယမုဒုတာ၊ စိတ္တမုဒုတာ'–စိတ်တွေ နူးညံ့ပျော့ပျောင်းလာခြင်း၊ တရားထိုင်လို့ တစ်ပတ်ပဲ ရှိသေး၊ ကြည့်စမ်းလေ...ဒါတွေ တမင်လုပ်မယူရဘဲနှင့် ရလာကြပြီ။

နောက်ပြီး...

'ကာယကမ္မညတာ၊ စိတ္တကမ္မညတာ'–

နောက်–'ကာယပါဂုညတာ၊ စိတ္တပါဂုညတာ'–

စိတ်စေတသိက်တွေ သမထလုပ်ငန်းကို လေ့လာပြွမ်း တီးပြီး ကျွမ်းကျင်လာတယ်။ 'ကာယုဇုကတာ၊ စိတ္တုဇုကတာ' စိတ်စေတသိက်တွေ ဒုစရိုက်တွေ မဝင်တော့ဘဲ တစ်ခါတည်း ရိုးဖြောင့်လာကြတယ်။

စိတ်စေတသိက်တွေ အလုပ်နှင့် အံဝင်ခွင်ကျ ဖြစ်လာ တယ်။ (ဒါကို အမှုဋ္ဌ ခံ့တယ်လို့ ပြောတာ။) ဒီနေရာမှာ ရုပ်ပိုင်းက လဟုတာ၊ မုဒုတာ၊ ကမ္မညတာ ဝိကာရရုပ် ၃–မျိုး ရှိသေးတယ် မဟုတ်လား။ ဒီတော့ စိတ်စေတသိက်တွေတင် မဟုတ်ဘူး။ ရုပ်တွေပါ ပေါ့သွက်ပျော့အိပြီး 'ခွင်' ကျလာတယ်။ 'အထာ' ကျလာတယ်။

## လူ့ဝကြီးတွေ သွက်လက်ပေါ့ပါးလာ

ရက်ပိုင်းနှင့် ဒီလို စိတ်ကောင်း စိတ်မြတ်တွေ တမင် လုပ်မယူရဘဲနှင့်အလိုလို ဖြစ်ပေါ်လာတယ်။ အဘိဓမ္မာအမြင် အရ ဝမ်းသာရအောင် ဘုန်းကြီးပြောတာပါ။ စာသင်တုန်းက နား မလည်ဘူး၊ တရားထိုင်မှ အဓိပ္ပာယ်သိလာတာ။

'လဟုတာ မုဒုတာ ကမ္မညတာ ပါဂုညတာ'-

ပေါ့ပါးနူးညံ့ပြီး အလုပ်နှင့် အံဝင်ခွင်ကျ ရှိလာပုံ၊ ကျွမ်း ကျင်နိုင်နင်းလာပုံနှင့် စပ်လို့ ကမ္မဋ္ဌာန်းမထိုင်ခင် လူတိုင်း လူတိုင်း 'ငါနှင့် ဖြစ်မှ ဖြစ်ပါ့မလား' စိုးရိမ်တတ်ကြတယ်။ တကယ်ထိုင်တော့လဲ စိတ်ရော ကိုယ်ရော ဘယ်လိုနေလို့မှ အသားမကျချင်ဘူး။ စနိုးစနောင့် ဖြစ်တတ်ကြတာချည်းပါပဲ။ ပိန်ပိန် ဝဝ ထိုင်ကြည့်တော့ တရားက တန်ခိုးပြလာတာပါပဲ။

ဒီမှာ မောင်းထောင်ရွာကြီးထဲက ပျံလွှားဆေးလိပ်ခုံပိုင်ရှင် ဒေါ်မေကြည်ဆိုတာ ရှိတယ်။ ဝလိုက်တာ လွန်ရော၊ တရား ထိုင်ဖို့လာတော့ သူထိုင်နေကျ ကုလားထိုင် ခွင်ကျယ်ကျယ်ကြီးပါ ယူလာတယ်။ ပြုစုမယ့်သူတစ်ယောက်လဲ ခေါ်လာသေး။

သူ့ခမျာ အထိုင်အထလဲ ခက်၊ ဝတဲ့လူဆိုတော့ ဒူးခေါင်းက နာပြီး လေးဘက်နာရောဂါမျိုးကလဲ ခံစားရ။ အသွားအလာလဲ

မလွယ်ပြန်။ ကုသိုလ်အလုပ်မို့သာ အားခဲလာရရှာတာ။

ဟော– ၃–၄ ရက်လောက်လဲ ရှုမှတ်မိရော ကုလားထိုင် မထိုင်တော့ဘူးဗျာ။ သူများလိုပဲ ထိုင်နိုင်ပြီ။ အထိုင်အထ အသွားအလာ ပေါ့ပါးသွက်လက်လာတာ အားလုံးက အံ့ဩယူရတယ်။ သမာဓိကလဲ ကောင်း၊ သူများတွေ နိမိတ်လွှတ်ရင် နံနက်၊ နေ့၊ ညတစ်ချိန်နှစ်ချိန်လောက်ပဲ ရတာ။ သူ့ကျတော့ ဘယ်အချိန်လွှတ်လွှတ်၊ လွှတ်ချင်တဲ့အချိန် လွှတ်လို့ရတာ။

၃–၄– ရက်ရှိလို့ နိမိတ်စ,စကားပြောတဲ့အခါ (ဥပဋ္ဌာန သား)၊ အထိုက်အလျောက် ကိုင်လို့ ယူလို့ ထားလို့ မြဲလာတဲ့အခါ (ဥဂ္ဂဟသား) တွေမှာ စိတ်ရောကိုယ်ပါ ပေါ့သွက်လာပြီး သဒ္ဓါ ဆန္ဒ ဝီရိယတွေ တိုးလာတော့တာပဲ။

တချို့ တစ်ခန်းလုံး လင်းနေတယ်။ နှစ်တောင်လောက် မြောက်တက်ပြီး လေထဲမှာ ထိုင်နေရသလိုလဲ ဖြစ်တတ်တယ်။ ကြမ်းပြင်နှင့် ခုတင်လဲ မွေ့ရာလို အိစက်ညက်ညောနေတယ်။ ၂–နာရီ ၃ နာရီလဲ ထိုင်နိုင်လာတယ်။

ကာယောပိ စိတ္တမ္ပိ လဟုကံ ဟောတိ၊ သရီရံ အာကာသေ လင်္ဃနာကာရပ္ပတ္တံ ဝိယ ဟောတိ။ (ဝိသုဒ္ဓိမဂ်၊ ၂၇၄။)

(မှတ်ချက်။ အဋ္ဌကထာ၌ 'ကောင်းကင်ပျံတက်သကဲ့သို့'ဟု

ဥပမာစကား ဆိုထားသော်လည်း အမှန်တကယ် တက်ကြွသည်လည်း ရှိတတ်သည်။)

ကဲ...ဒီနေရာမှာ ဦးပဥ္စင်းတို့၊ ဟိုဘက်က သီလရှင်ဆရာတို့ ကလေးကတည်းက ရထားတဲ့ သင်္ဂြိုဟ်စကားနှင့် ပြန်ကြည့်ရအောင်– 'ဥဂ္ဂဟနိမိတ်'ဆိုတာ ဘာလဲလို့။

ယဒါ ပန တံ နိမိတ္တံ စိတ္တေန
သမုဂ္ဂဟိတံ ဟောတိ၊ စက္ခုနာ
ပဿန္တဿေ'ဝ မနောဒွါရဿ အာပါထ မာဂတံ၊

စပြီး ရှုပွားတဲ့ ထွက်လေ ဝင်လေ ပရိကမ္မနိမိတ်ကိုပဲ အကြိမ်ကြိမ် အဖန်ဖန် စိတ်ထဲက ပွားယူလိုက်တော့ ပကတိ မျက်စိနှင့် မြင်နေရသလို မနောဒွါရ–စိတ်ထဲမှာ မြင်လာရတယ် ...တဲ့။

'တဒါ တ မေဝါရမ္မဏံ ဥဂ္ဂဟနိမိတ္တံ နာမ၊
သာ စ ဘာဝနာ သမာဓိယတိ၊

အဲဒီ မြင်လာရတဲ့ အာရုံဟာ ဥဂ္ဂဟနိမိတ်ပါပဲ...တဲ့။ အဲဒီ ဥဂ္ဂဟနိမိတ်ကို အာရုံပြုနေတဲ့ အရင် ပရိကမ္မဘာဝနာလဲပဲ ပိုပြီး တည်ငြိမ်လာတယ်...တဲ့။

ဒါ ကလေးတုန်းကရတဲ့ သင်္ဂြိုဟ်က ပြောတာ။ ဒီမှာ 'မျက်စိနှင့် ကြည့်စဉ်ကကဲ့သို့ စိတ်ထဲမှာ မြင်ရတယ်' ဆိုတာ

ပထဝီ စတဲ့ ကသိုဏ်းနိမိတ်တွေကို ဦးတည်ပြောတဲ့ စကားလို့ မှတ်ရမယ်။

ဘာပြုလို့လဲ။ အာနာပါန ပရိကံဟာ 'လေ'ပဲ။ မျက်စိနှင့် စကတည်းက မြင်ရတာမှမဟုတ်ဘဲ။ နောက် နိမိတ်ပေါ်လာလဲ စိတ်ကမြင်တာပဲ။ မျက်စိဖွင့်ကြည့်လဲ မြင်ရလောက်အောင် ထင်ရှားလွန်းတဲ့ အလင်းနိမိတ်လဲ ရှိတတ်ပါရဲ့။(ဒါကို ဝိသုဒ္ဓိမဂ် ၁၂၂- ရောက်တော့ တိတိကျကျ ပြောထားတယ်။)

* * *

## (ခ) -ဒုမှာ ရှည်တိုသိ

- ဒီဃံဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊ ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ။
- ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ၊ ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။

ဒီအာနာပါန ဒုတိယနည်းက အပြင်ကို ထွက်ရှူမှာ၊ လာမယ့် တတိယနည်းကျတော့ အတွင်းရော အပြင်ပါ နှစ်ဌာန ရှူရမှာ။

## သမထမှာ ဆရာအရေးကြီး

သိဒ္ဓတ္ထမင်းသားသည် လောကုတ္တရာတရားကို အပိတ်အပင်၊ အဆီးအတားမရှိ ထိုးထွင်း၍သိရာ၌ 'န မေ အာစရိယော အတ္ထိ' ဟူသော ပါဠိတော်အရ ရှေ့ဆောင်လမ်းပြ ဆရာမရှိစေကာမူ လောကီဈာန်သမာပတ်အရာ၌ကား အာဠာရ၊ ဥဒက ရသေ့ ဆရာကြီးတို့ထံ နည်းခံသင်ယူရသေးသည်။

(ကန်နီဆရာတော်ဘုရားကြီး)

'အစ္ဆုတ္တံ ဝါ...ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟာရတိ'ဆိုတာ သမထမှာဆိုရင် ဒီနေရာကို ပြောတာပဲ။

ပထမ ဆင်တို့၊ မြွေတို့လို ရှည်ရှည်၊ ခွေးတို့၊ ယုန်တို့လို တိုတို၊ ပုံမှန်ရှုရှိုက်ပေး။ ရှည်ရှည်ရှုတဲ့လူက များပါတယ်။ ဒါကြောင့် အရှည်ကိုပဲ ဦးတည်သွားမယ်။

ဒီနေရာက 'ပင်လယ်ကူး'ခေါ်တယ်။ မကူးတတ်ရင် နစ်မယ်။ ကူးတတ်ရင် ဟိုဘက်ကမ်း ကိုယ်လိုတဲ့ ပန်းတိုင် ရောက်တာပေါ့။ဒါ့ကြောင့် ပင်လယ်ကူး...တဲ့။

'ဘဝဟိုကမ်း၊ ဖြောင့်တန်းယောဂီ၊
ရုပ်နာမ်ကိုဆွဲ၊ သူလဲပါသည်။'

ဒီနေရာက သဘောပါရင် လွယ်တယ်။ သဘောမပါရင် ခက်တတ်တယ်။ 'ပင်လယ်ကူး'ဆိုလို့လဲ ကြောက်မနေနှင့်။ တချို့မှာ ဘုန်းကြီး ဒီကပြောလိုက်လို့ သူ့နေရာရောက်၊ ချက်ချင်း ကူးကြည့်တာ၊ ရတယ်။

နိမိတ်ရရှင် ရတယ်။ မရ မရှိဘူး။ လူတိုင်း ရတာ။ ပထမဆုံး သတိထားရမယ့် အချက်ကို ပြောမယ်။

## ကြိုတင်သိထားရမှာက

၁။ ‘ငါ့ပို့တာ ရောက်မှ ရောက်ပါ့မလား’လို့ တရားတော် အပေါ်ကို သံသယ မရှိရဘူး။ ယုံကြည်ရတယ်။

၂။ ပျော်ပျော်ရွှင်ရွှင်၊ ဝမ်းပန်းတသာနှင့် စိတ်အေးအေးထားပြီး ပို့ရယူရတယ်။ ‘သဒိသံ ပါကံ ဇနေတိ’ စိတ်ညစ်ရင် နိမိတ်လဲ ညစ်တယ်။ ပျောက်တယ်။ စိတ်က ရောက်တယ်ထင်ရင် ရောက်တယ်။ မရောက်ဘူးထင်ရင် မရောက်ဘူး။

၃။ ရှုမှတ်ပို့ယူလို့ မကောင်းရင် မိဆိုင်ဖဆိုင်နတ်တွေကို မေတ္တာပို့၊ အမျှဝေ။

၄။ ဥပမာ ခပ်ဝေးဝေးက သစ်ပင်တို့၊ စေတီတို့ဆိ နိမိတ်ပို့မယ်ဆိုရင် ကြိုတင်ပြီး မေတ္တာပို့ရတယ်။ ခွင့်လဲတောင်းရတယ်။ အစောင့်အရှောက်တွေ၊ ပိုင်ဆိုင်တဲ့သူတွေဆိုတာ ကြက်ဆူပင်ကစပြီး ရှိတယ် မယုံမရှိနှင့်။

ဘယ့်နှယ်ဗျာ သူ့အိမ်သူ့ယာ၊ သူ့ပိုင်နက်ထဲ မပြောမဆို ဝင်ချင်တိုင်းဝင်၊ ထွက်ချင်တိုင်း ထွက်လို့ ရမလား။ ဒါကြောင့်

မေတ္တာပို့၊ ခွင့်တောင်းရတယ်။ နောက် သူတို့ကတောင် ကူညီလာပါလိမ့်မယ်။

၅။ ဦးစွာ နိမိတ်ရအောင်ပွား။
၆။ မြင်းမြီးဆံလို နိမိတ်က ပြန့်ကျဲနေရင် 'စုပေး ... စုပေး'လို့ ခိုင်း။ ခိုင်းလို့ရတယ်။ ကိုယ်ခိုင်းသလို လိုသလို လုပ်ယူလို့ရတယ်။
၇။ နိမိတ်က မှန်နေလဲ ပို့သာပို့၊ နောက် လင်းလာမှာ။ စိတ်ထဲကပဲ ကိုယ်ပို့တာ ရောက်တယ်လို့ ယုံကြည်ရတယ်။ အမှတ်သညာလဲပြုပေး၊ ပြန်ယူလဲ ရောက်တယ်လို့ အမှတ်သညာပြု။

၈။ အထူးမှတ်သားရမှာက ကိုယ်ပို့တာယူတာ နိမိတ်မဟုတ်ဘူး။ ထွက်ဝင်လေကို ပို့တာယူတာ။ လေဆိုတာ မြင်ရတာမှ မဟုတ်ဘဲ။ စိတ်က ရောက်တယ်ထင်ရင် ရောက်တာပေါ့။ နိမိတ်က သူ့ဟာသူ ပါချင်လဲ ပါ၊ မပါရင်လဲ နေပေါ့။
၉။ ၄-၅ ကြိမ် ၊ ၈-ကြိမ်ထက် မပို့နှင့်။

၁၀။ လူတိုင်း နံနက် နေ့ ည အချိန်တိုင်း နိမိတ်က ကောင်းတာမဟုတ်ဘူး။ နိမိတ်အား အကောင်းဆုံး

အချိန်ပဲ ရွေးပို့။ နို့မဟုတ်ရင် စိတ်ပျက်တတ်တယ်။

(၁၁) ကိုယ်ပို့တဲ့ လေနိမိတ်ကို ပို့မယ့်နေရာအထိ တံမျဉ်းကြိုးတန်းလို ဖြောင့်တန်းနေအောင် စိတ်က သတ်မှတ်ထားရတယ်။ 'ဖြောင့်ပေး ဖြောင့်ပေး' လို့ စိတ်ထဲက ရွတ်၊ ဖြောင့်သွားလိမ့်မယ်။ ဒီနေရာမှာ 'ဖြောင့်ပေး–စုပေး' စိတ်အဆိုကလေးနှင့် အမြဲသွားရမှာ။ ကိုင်း ...နိမိတ်ပို့လွှတ်နည်း ယူနည်းကို ပြောကြရအောင် ...

## နိမိတ်ပို့လွှတ်ပုံ (ပထမသင်ခန်းစာ)

၁။ ပထမဆုံး မျက်နှာ ပဝါမစည်းခင် ကိုယ့်ကျောင်းကလေးရဲ့ နံရံကို မျက်နှာမူပြီး ၂–တောင် ၂–တောင့်ထွာလောက် အကွာအဝေးမှာ နေရာယူထား။

၂။ နံရံမှာ မိမိနှာခေါင်းနှင့် တည့်တည့်၊ မငုံ့မမော့ရတဲ့ အနေတော် နေရာကလေးတစ်ခု သတ်မှတ်ထား။

၃။ ပထမ မနေးမမြန် 'ရှည်...ရှည်ရှူမည်'ဟု ရှည်ရှည်ဆွဲပြီး ထွက်လေနှင့် သတ်မှတ်ထားတဲ့ နေရာဆီပို့၊

ဖြည်းဖြည်းပို့၊ ဖြောင့်လဲ ဖြောင့်ပစေ၊ 'ဖြောင့်ပေ...
စုပေး'။

၄။ အဲဒီ နိမိတ်ကို နှာသီးဝသို့ ပြန်ယူတော့ ရှိုက်လေ
နှင့် ဖြည်းညင်းစွာ 'ရှည်...ရှည်...ရှိုက်မည်' ဆိုပြီး
ပြန်ယူ။ ရောက်တယ်လို့ သညာလဲ ပြုပေး။ မြန်
မြန် ရှူရှိုက်ရင် ပြတ်သွား ပျောက်သွားတတ်တယ်။
လောကြီးလို့ မရဘူး။ (၄-၅-ခါလုပ်။)

တချို့ နှာခေါင်းပေါက်ကနေ မီးခိုးတန်းလို သွားတာလဲ ရှိတယ်။ ဘယ်လိုပဲရှိရှိ ရောက်ဖို့က လိုရင်း။ နောက် နိုင်နင်းလာရင် နဖူးက လွတ်လွတ်၊ နားထဲပဲ ပြန်ဝင်ဝင် ရတာပဲ။

## သတိပြုစရာ ဥပမာများ

ဒီနေရာမှာ စိတ်ရှည်ရမယ်။ သတိကလေး အဆက်မပြတ် ကပ်နေရမယ်။ စိတ်မပျံ့လွင့်ရဘူး။ ဝါဂွမ်းဆိုင်ကလေး လက်ထဲက ကိုင်ပြီး ဗိုင်းငင်တဲ့သူလိုပေါ့။ ချည်မျှင်တန်းကလေးဆီပဲ စိတ် ရောက်နေရသလိုပေါ့။

တချို့အရပ်မှာ တောက်လျှောက် အခေါင်းရှိတဲ့ ကျူရိုးကို ထိပ်က ခွဲပြီး လက်တစ်ဆစ်ခန့် ၄-၅ ခြမ်းလောက် လုပ်ချထား။

ကျူရိုးထိပ်မှာ ရွံ့လုံး (ဒီလုံး)ကလေး အနေတော်တင်ပြီး လေနှင့်တစ်ဖက်က မှုတ်ပေးတော့ ကျူရိုးထိပ်ဖျားက ရွံ့လုံးကလေးက မှုတ်တဲ့လေပြင်းရင် မြင့်မြင့်တက်သွား၊ မှုတ်တဲ့အားနည်းရင် နိမ်နိမ့်တက်သွား။ တက်ချည်ကျချည် နေသလို အပို့အယူ အချိန်အဆလဲ လိုတယ်။

သိပ်မှုတ်လိုက်ရင် ဒီလုံးကလေး ကျူရိုးထိပ်က လွင့်ထွက်ကျသွားပြီး၊ အသာလေး မှုတ်နေရင်လဲ ဘယ်တက်မလဲ။ သတ်မှတ်ထားတဲ့ နေရာက လွန်ထွက်သွားအောင်လဲ သိပ်ပြင်းပြင်းကြီး မရှုရဘူး။ မရောက်ပဲလဲ မရှိစေရဘူး။

ဒီနေရာမှာ မဂ္ဂင်စောင့် သတိ၊ ဝီရိယ၊ သမာဓိ အချိန်အဆ အရေးကြီးတယ်။ ကိုယ့်အလုပ်ကိုယ် ယုံကြည်ဖို့က အရေးအကြီးဆုံးပဲ။

ရှေးက ရသေ့ကြီးတစ်ယောက် တောထဲမှာ တရားအားထုတ်နေတာ၊ တူမက ဆွမ်းပို့လာတုန်း မိုးကြီးရွာချလို့ ချောင်းရေတွေကြီးနေတော့ ရသေ့ကြီးက သူ့တူမကို 'ရေပေါ်က ဖြတ်ကူးသွား၊ ရတယ်'လို့ ပြောတယ်။ တူမလေးကလဲ ရသေ့ကြီးစကားယုံပြီး ကူးသွားတယ်။

နောက် ကိစ္စရှိလို့ ရသေ့ကြီးကိုယ်တိုင် ဟိုဘက်ကမ်းသွားဖို့ ချောင်းရေထဲ စမ်းဆင်းကြည့်တယ်။ ခါတိုင်း ရေပြင်ပေါ်က လမ်းလျှောက်နေကျပဲ။ ဒီတစ်ခါကျမှ–

'ငါ ကူးလို့ ရမှရပါ့မလား။ နစ်များ သွားလေမလား' ဟော...သံသယစိတ်လဲ ဝင်လာရော၊ ရသေ့ကြီး ချောင်းထဲ မျောပါသွားသတဲ့။

တရားတော်အပေါ်ရော၊ ကိုယ့်ကိုယ်ကိုပါ ယုံကြည်မှုရှိဖို့က သိပ်လိုတယ်။ အင်္ဂုတ္တိုရ် ဆက္ကနိပါတ် သီတိဝဂ်(အံ၊ ၂၊ ၃၇၉) အဘဗ္ဗပုဂ္ဂိုလ် (မဂ်ဖိုလ်နိဗ္ဗာန် မရနိုင်သူ) ၆–ယောက်ထဲမှာ မယုံတဲ့လူ၊ လိုချင်စိတ်ဆန္ဒဓာတ် မရှိတဲ့လူ နိဗ္ဗာန်ကို မရဘူး...တဲ့။

ဝိသုဒ္ဓိမဂ် 'နိမိတ္တာဘိမုခ ပဋိပါဒန– နိမိတ်သို့ ရှေးရှုဖြစ်စေခြင်း' (နှာ–၁၃၂) ဆိုတဲ့အခန်းမှာ

၁။ ပန်းဝတ်မှုန်စုပ်တဲ့ ပျား ၃–မျိုး၊

၂။ ခွဲစိတ်ပညာသင်သူ၊ ကြာရွက်အကြောမျှင်ကို ခွဲလေ့ကျင့်သူ ၃–ဦး၊

၃။ ၁၆–တောင် လောက်ရှိတဲ့ ပင့်ကူမျှင်ကို မပြတ်,မငြိအောင် ယူရသူ ၃–ဦး၊

၄။ ရေနှင့်လေကို ချိန်ဆပြီး ရွက်လွှင့်ရသူ လှေသမား ၃–ဦး၊

၅။ အပေါက်ကျဉ်းတဲ့ ဆီကျည်တောက်ထဲ ဆီထည့်သူ ၃–ဦး။

ဥပမာတွေ ပြထားတယ်။ ဝီရိယ လွန်သွားရင်လဲ မရဘူး။ မရဲတရဲ တွန့်ဆုတ်ဆုတ် လုပ်နေရင်လဲ မရဘူး။ အသာအယာ မနှေးလွန်း၊ မမြန်လွန်း၊ မပြင်းလွန်း၊ မပျော့လွန်း၊ စိတ်ရှည်ရှည် သတိရှိရှိနှင့်မှ လုပ်ရတဲ့ အလုပ် ၅–မျိုးကို ပြတာ။

နိမိတ်ကို ကိုင်တွယ်တဲ့နေရာမှာလဲ ဒီအတိုင်းပါပဲ။ ဝီရိယ, ကသာ အပိုအလိုရှိတာ။ သတိဆိုတာက ပိုတယ်မရှိဘူး။

(မှတ်ချက်။ ၂–တောင်၊ ၂–တောင့်ထွာလောက် အကွာအဝေးကို တစ်ရက် လေ့ကျင့်နိုင်းသည်။) မရလျှင် ၂–ရက် ၃–ရက် နိုင်း၏။ ဉာပထမခြေလှမ်း အောင်မြင်သွားလျှင် နောက်ပိုင်း အခက်အခဲ မရှိတော့ပြီ။)

### အထိုင်သုံးမျိုး

ဒီနေရာမှာ အလုပ်ဝေါဟာရတစ်ခု ရှိသေးတယ်။ ယောဂီ သုံးမျိုးသုံးစားရှိတယ်တဲ့။ နောက်ဆုတ်ထိုင်သူ၊ ရှေ့တိုးထိုင်သူ၊ ငုတ်တုတ်ထိုင်သူရယ်လို့ သုံးမျိုး။

ဝိသုဒ္ဓိမဂ်၊ သီလခန်း (နှာ–၁၅)မှာ ပြဆိုတဲ့ ဟာနဘာဂိယ (နောက်ဆုတ်)၊ ဌိတိဘာဂိယ (တန့်ရပ်)၊ နှင့် ဝိသေသဘာဂိယ (ရှေ့တိုး) ဆိုတဲ့ ဝေါဟာရနှင့် ခပ်ဆင်ဆင်ပဲ။

(၁) 'နောက်ဆုတ်ထိုင်' ဆိုတာကတော့ ဥပမာ ရေနံဆီမီးခိုင်းလို ညစ်ထေးထေး နိမိတ်ရထားသူဟာ တစ်ရှူထက်တစ်ရှူ၊ တစ်ရှိုက်ထက် တစ်ရှိုက်၊ တစ်ထိုင်ထက် တစ်ထိုင်၊ တစ်နေ့ထက်တစ်နေ့ သမာဓိအားကောင်းလာလို့ မည်းညစ်တဲ့ နိမိတ်ကနေ အနည်းငယ် ဖြူလာသန့်ရှင်းလာမယ်။ နောက်ပိုပြီး ကြည်လင်တောက်ပလာမယ်။ ဒါ ထုံးစံပဲ။

ဒါပေမယ့် ယောဂီက သူ့မူလ နိမိတ်ကလေးကိုပဲ စွဲလမ်းပြီးနေတယ်။သူ့နိမိတ် ပျောက်သွားပြီ ထင်ပြီး စိတ်မကောင်းဘူး။ ကိုယ်အရင်ကရထားတဲ့ နိမိတ်ကိုပဲ လိုက်ရှာနေတယ်။ ဒီယောဂီမျိုးကို 'နောက်ဆုတ်ထိုင်သူ'လို့ ခေါ်ရတယ်။

(၂) 'ရှေ့တိုးထိုင်' ဆိုတာကတော့ ကိုယ်ရနေတဲ့ နိမိတ်ကို အားမရဘဲ ကိုယ့်နိမိတ်ကို အာရုံမပြုဘဲ ဝင်းဝင်းတောက်တောက် ကြည်ကြည်လင်လင် နိမိတ်တွေကိုမှ မလာသေးဘဲနှင့် လှမ်းမျှော်နေသူလို့ ဆိုလိုတယ်။ ဒါ ကိုယ်မရောက်သေးဘဲနှင့် ရှေ့တိုးထိုင်တဲ့ ယောဂီလို့ ဆိုလိုတာပေါ့။

(၃) 'ငုတ်တုတ်ထိုင်' ဆိုတာက နိမိတ်က အဆင့်ဆင့် ကြည်လင်သန့်ရှင်းတောက်ပပြီး ရှေ့တိုးလာပေမယ့် ကိုယ်ရနေတဲ့ နိမိတ်ကလေးနှင့်ပဲ ကျေနပ်ပြီး ရပ်တန့်နေသူကို 'ငုတ်တုတ် ထိုင်သူ'လို့ခေါ်တယ်။

ဒီအထိုင် သုံးမျိုးသုံးစားထဲမှာ 'ငါဟာ နံပါတ်တစ်လား၊ နှစ်လား၊ သုံးလား' ကိုယ့်ဟာကိုယ် မေးကြည့်ပေါ့။ သုံးမျိုးထဲက ဆိုရင် မဟုတ်သေးဘူး။ 'ရေမြင့်ကြာတင့်'သဒ္ဓါသတိ ဝီရိယနှင့် အလိုက်သင့်ကလေး စိတ်အေးအေးထားပြီး ပို့သွားရင် မခက်ပါ ဘူး။ နိမိတ်သာ ရပါစေ။ နိမိတ်ရ ရတာပဲ။

ဒီနေရာမှာအများဖြစ်တတ်တာက နိမိတ်ဆိုရင်'ဝင်းဝင်းကြီး လုံးလုံးကြီး' ထင်ပြီး ကိုယ့်နိမိတ်ကိုယ် အားမရဘူး။ လောဘကြီး နေတယ်။ နိမိတ်ပို့နိုင်းတာတောင် ဆုတ်ဆိုင်းဆိုင်းနေတတ်ကြ တယ်။ ဝင်းဝင်းကြီးရမှ ပို့မယ်ပေါ့လေ။

ဒါနှင့် နိမိတ်ကို စလိုက်၊ ဝင်းလာအောင် ကျိုးစားလိုက်နှင့် ရှိတဲ့ နိမိတ်ကလေးတောင် ပျောက်သွားတတ်တယ်။ မည်းမည်း ကြီး မဟုတ်ပြီးတာပဲ။ လင်းလင်းမှိန်မှိန် လုံးလုံးပြားပြား ပို့တာပို့။ နောက် ကိုယ်နိုင်းသလို ရလာမှာပါ။

တချို့ကလဲ တစ်ခန်းလုံး လင်းနေတဲ့ အလင်းရောင်၊ တစ်လောကလုံးလင်းနေတဲ့ အလင်းရောင်။ နောက်ပြီး ရှိသေး။ နေပူကျဲကျဲမှာ ချထားတဲ့ မှန်ချပ်ကြီးလို ကြည့်လို့မရအောင် ဝင်းဝင်းတောက်နေတဲ့ အလင်းရောင်ကို ပို့ရမယ် ထင်နေတာ။

ဘယ်အရောင်မှရယ်လို့ သတ်မှတ်ချက် မရှိပါဘူး။ ပို့တဲ့ အချိန်မှာ 'စုစေ–ဖြောင့်စေ' ခိုင်းပြီး ပို့လို့ ယူလို့ ရပြီဆိုရင် ဒါ ရတော့တာပဲ။ အရင်က ကိုယ်ဖြစ်ဖူးတဲ့ အလင်းရောင်တွေ ဟုတ်ချင်မှ ဟုတ်မှာပေါ့။

နိမိတ်က မှိန်နေရင် 'လင်းစေ လင်းစေ'လို့ ဆိုပေး။ နိမိတ်ဆိုတာ ကိုယ့်စိတ်လိုက်ပြီး ဖြစ်တာ။ ကိုယ်က မှိန်တယ် ထင်ရင် သူကလဲ မှိန်တော့တာပေါ့။ သဒ္ဒါ ပါကာ–ပဲ။

(မှတ်ချက်။ နိမိတ် အပို့အယူလုပ်ရာ၌ တချို့ယောဂီများ စိတ်ဆန်းကြယ်ပြီး ဘယ်အရောင်မျိုးရှိမှ၊ ဖားလို ခုန်ဆွခုန်ဆွ သွားမှ၊ စက်ဝင်ရိုးလို လည်ပြီးသွားမှ စသည်ဖြင့် စိတ်ကစားကြရာ ထိုယောဂီများ ရရှိပြီးနိမိတ်ပင် ပျောက်၍ ပြန်မရ။ ရသော်လည်း စေလို့မရသဖြင့် ကျောင်းမှ ငိုပြီး ပြန်ရသူများပင် ရှိလေသည်။ စိတ်မကစားပါနှင့်။ လောဘမကြီးပါနှင့်။ ဆရာခိုင်းသည့်အတိုင်း လေးလေးစားစား၊ ရိုရိုသေသေလုပ်သော ယောဂီမှ လိုအပ်သော

ပန်းတိုင်သို့ ရောက်ကြသည်။ ဤပထမ '၂–တောင်၊ ၂–တောင့်ထွာ' သင်ခန်းစာ အချိုးကျသွားလျှင် ရှေ့လွယ်ပြီ။)

## စိတ်ထားနည်း အာကာရကြီးသုံးပါး

ပါဠိ၊ အဋ္ဌကထာ၊ ဋီကာမှာ လာတဲ့ စာနှင့် လက်တွေ့ ညှိပြီး သိထားဖို့လိုသေးတယ်။ အလုပ်ဝေါဟာရလို့ ပြောရင်လဲ ရတယ်။

အဲဒါက ဘာလဲဆိုရင် 'ဥဂ္ဂဟနိမိတ်' ဆိုတဲ့ ယောဂီယူထားရမယ့် အာရုံဆိုတာ ဦးပဥ္စင်းတို့ သိပြီးသား။ အဲဒီအာရုံကို မလွတ်တမ်း ဆုပ်ယူကိုင်ဆောင်ထားဖို့က အရေးကြီးတာ။

အဲသလို အပိုင်ဆုပ်ကိုင်ထားနိုင်အောင် ပဋိသမ္ဘိဒါမဂ်ပါဠိတော် (၁၇၅) နှင့် ဝိသုဒ္ဓိမဂ် (၁၆၄)၊ ဝိသုဒ္ဓိမဂ်ဋီကာ (၃၁၉) တွေမှာ ရှုပုံ ရှုနည်း စိတ်ထားနည်းကို အထူးဖော်ပြထားတာ။ အဲဒါ ပြောမလို့။ စာလိုပြောရင် ခက်တယ်။အရှင်းဆုံးပြောရအောင်...

အလုပ်ဝေါဟာရနှင့် ပြောရင် 'အာကာရကြီး ၃–ပါး၊ ၉–ပါး'လို့ ခေါ်တယ်။

(၁) **အဒ္ဒါနာကာရ**–ကာလတိုရှည်ပုံ အခြင်းအရာ။

(၂) **ဆန္ဒဝသာကာရ**–ကုသိုလ်ဆန္ဒ ဖြစ်ပွားလာပုံ၊

(၃) **ပါမောဇ္ဇဝသာကာရ**–ပီတိအနုစား ဖြစ်ပွားလာပုံ။

အာကာရကြီး၃–မျိုး ခေါ်တယ်။ ဒီ ၃–မျိုးထဲမှာ (၁)ရှုချိန် ရှုပုံ (အဿာသာကာရ)၊ ရှိုက်ချိန်ရှိုက်ပုံ (ပဿာသာကာရ)၊ရှုရှိုက်ချိန် ရှုရှိုက်ပုံ (အဿာသပဿာသာကာရ) အချိန်ကာလကို စ၊ လယ်၊ ဆုံး သဲသဲကွဲကွဲ သိအောင် ပို့ရယူရမယ်။ ဒါ **'အဒ္ဓါနှာကာရ'** (ကာလတိုရှည် အနေထား) ကို သိပုံပဲ။

ဥပမာ နိမိတ်လွှတ်တဲ့အခါ ထွက်လေကို ရှည်ရှည်နှင့် နှေးနှေးလွှတ်။ ထွက်လေကုန်သွားမှ ရှိုက်ရမယ်။ ထွက်လေကို ရှည်ရှည်နှေးနှေး သတ်မှတ်ထားတဲ့ နေရာရောက်အောင် ၄–၅ ကြိမ် တွန်းတွန်းပို့။ ထွက်လေကလေး ကြိုးတန်းတစ်လျှောက် သွားနေပုံ ကာလကို သိ၊ ဖြောင့်ဖြောင့်ပို့၊ ရှုတဲ့လေကိုလဲ သိမ်သိမ်မွေ့မွေ့ကလေး သွားအောင် ပို့ရတယ်။ (မောရင် ပါးစပ်နှင့် လေကိုရှု။)

ဒါကို 'အဒ္ဓါန'–သွားလမ်းကာလ တစ်လျှောက်ကိုလဲ သိနေတယ်။ 'သုခုမ'–သိမ်မွေ့လဲ သိမ်မွေ့တယ်။ ဝင်လေနှင့် ထွက်ဝင်လေမှာပဲ သည်အတိုင်း သိတာကို အဒ္ဓါန ခေါ်တာ။ ရှိုက်လေနှင့် နိမိတ်ပြန်ယူတော့လဲ ပြန်လာတဲ့ လမ်းကာလ တစ်လျှောက် သိမြင်နေအောင် သိမ်မွေ့နေအောင် ဖြည်းဖြည်း ဆွဲယူ။

အဲသလို ပို့ယူဖန်များတော့ တစ်ရှူထက် တစ်ရှူ၊ တစ်နေ့ ထက်တစ်နေ့ တိုးတက်ထူးခြားလာတာကလေးတွေ တွေ့ရ၊ မြင်ရတော့ ကုသိုလ်ဆန္ဒတွေ ဖြစ်ပွားလာတယ်။ ဒါကို **'ကုသလစ္ဆန္ဒဝသာကာရ'** ခေါ်တယ်။ ကုသိုလ်ဆန္ဒတွေ တိုးတိုးလာတော့ ရှူရှိုက်လေက ပိုပြီး သိမ်မွေ့လာတာပေါ့။ **'သုခုမတရ'** လို့ခေါ်တာ။

အဲသလို ပို့ရင်း ယူရင်း ကိုယ်စိတ်တွေ ငြိမ်းအေးလာပြီး ဝမ်းမြောက်မှု ပီတိအနုစား 'ပါမောဇ္ဇ'စိတ် ဖြစ်လာရော။ ပီတိ ဖြစ်လာတော့ ထွက်လေဝင်လေက အနုးညံ့အသိမ်မွေ့ဆုံး ဖြစ်သွားတယ်။ **'သုခုမတမ'** လို့ ပါဠိလို့ ခေါ်တယ်။ ဒီအခြေအနေ ရောက်လာတာကို 'ပါမောဇ္ဇဝသာကာရ'ပီတိ အခြေဆိုက်ပြီလို့ ဆိုလိုတာပေါ့။ အလုပ်နှင့်ပြောရင် ပဋိဘာဂထဲ သွားတာပါပဲ။

## ဘာဝေတဗ္ဗ ရှုပွားပုံသုံးမျိုး

ဒါ့ကြောင့် ပျော်ပျော်ပို့၊ ဝမ်းမြောက်ဝမ်းသာနှင့် ပို့လို့ ပြောတာ။ နောက် တိုးတိုးပြီး ပျော်ရမှာပါ။ ပျင်းနေလို့ စိတ် ပျက်လို့ ဘယ်ဖြစ်မတုံး။ တရားအလုပ်ဆိုတာ စိတ်ပျက်စရာမှ မဟုတ်ဘဲ။

ဒါနှင့် တစ်ဆက်ထဲ သိဖို့လိုတာက ဘာဝေတဗ္ဗ ရှုပွားပုံ သုံးမျိုး၊ ဝိသုဒ္ဓိ မဂ်(၁၂၂)မှာ ဥဂ္ဂဟာကနေ ပဋိဘာဂ အကျုးကောင်းအောင် ဖွင့်ပြထားတာ။

(၁) သုခနိသိန္နေန ဘာဝေတဗ္ဗံ– ချမ်းချမ်းသာနေပြီး နိမိတ်ကို ပွားယူပါတဲ့။

(၂) ပုနပ္ပုနံ သမန္နာဟရိတဗ္ဗံ–နေ့ရော ညဉ့်ပါ အထပ်ထပ် အပြန်ပြန် နိမိတ်ထဲကို စိတ်၊ စိတ်ထဲကို နိမိတ်ရောက်အောင် သိမ်းကျုံးယူဆောင်ထားပါ၊ သွင်းထားပါ။

(၃) တက္ကာဟတံ၊ ဝိတက္ကာ ဟတံ ကာတဗ္ဗံ–နေ့ရော ညဉ့်ပါ ပွားများယူဆောင်ထားတဲ့ ဥဂ္ဂဟနိမိတ်ကို သမ္မာသင်္ကပ္ပ မဂ္ဂင်နှင့် အပြန်ပြန် အလှန်လှန် မရ,ရအောင် အာရုံပြုပေးပါ။ အာရုံပေါ် ဘာဝနာစိတ်ကို ထိုးတင်ပေးပါလို့ ဆိုလိုတာပါ။ 'ဝိတက္ကော အာရမ္မဏေ အဘိနိရောပန လက္ခဏော'ဆိုတယ် မဟုတ်လား။ စာလို သဒ္ဒါလို ပြောရင် ခက်နေဦးမယ်။

## သမထအပြစ်ပြောသူများ

ဘုန်းကြီးတို့ ကန္နီဆရာတော်ဘုရားကြီးထံ အားထုတ်ကြတဲ့ အခါ သမထချည်း တစ်နှစ်လောက် လုပ်တဲ့ပုဂ္ဂိုလ်တွေ ရှိတယ်။ တစ်နည်း တစ်နည်း အနည်းဆုံး ၁၅ရက် တစ်လ အားထုတ် ကြရတာ။ ဆရာတော်ကြီးဆီ လုပ်တဲ့ပုဂ္ဂိုလ်တိုင်းလဲ ဌာန်ကုန် အောင် မရဘူးဗျာ။ ဆရာတော်ကြီးက အမိန့်ရှိတယ်။ အလောင်း တော် သိဒ္ဓတ္ထဟာ လောကုတ္တရာမှာ ဆရာမရှိပေမယ့် လောကီ ဈာန်သမာပတ် အရာမှာတော့ အာဠာရ၊ ဥဒကဆိုတဲ့ ရသေ့ကြီး တွေဆီမှာ နည်းယူရသေးတယ်တဲ့။

တချို့က သမထကို ရှုတ်ချချင်ကြတယ်။ သာသနာပ တရားကြီးပါကွာ...တဲ့။ ပါဠိတော်ကြီးတွေမှာ ကြည့်၊ နေရာများစွာ သမထဈာန်ကို ပေးပြီးမှ ဝိပဿနာ သွားတာချည်းပဲ။ 'အန္တောဇဋာ ဗဟိ ဇဋာ' အတွင်းရော အပြင်ပါ ရှုပ်နေတဲ့ လောကကြီးကို ဘယ်လိုရှင်းရမလဲလို့ နတ်သားတစ်ယောက်က လျှောက်တော့ ဘုရားရှင်က 'စိတ္တံ ပညဉ္စ ဘာဝယေ' သမထရော ဝိပဿနာပါ လုပ်လို့ ဟောလိုက်တယ် မဟုတ်လား။ အဲဒီအမေးကနေ 'ဝိသုဒ္ဓိမဂ်ကျမ်းကြီး' ဖြစ်လာတာ။

ဘုရားရှင်အဆူဆူတို့လဲ ဒီအာနာပါနပဲ။ ဒီအာနာပါန ကမ္မဋ္ဌာန်းကို မြတ်စွာဘုရားရှင် အများကြီး ချီးကျူးဂုဏ်ပြု တော်မူတာ။ ဒီအာနာပါန ပွားရင်–

**သန္တ** – ငြိမ်းအေးတယ်။

**ပဏီတ** – တင်းတိမ်အားရခြင်းမရှိအောင် မြိန်မြတ်တယ်။

**အသေစနက** – ဘာမှ အပိုဆောင်ရွက်စရာ မရှိ၊ ထည့်စွက်စရာမလိုဘဲ ကောင်းမြတ်တယ်။

**သုခဝိဟာရ** – ကိုယ်ချမ်းသာ စိတ်ချမ်းသာနေရတယ်။

အေး–သူများပြောတိုင်း နားမယောင်ကြနှင့်။ အပြစ်ပြောတဲ့သူဟာ 'အမေ့စ အဗ္ဘာစိက္ခတိ' ဘုရားကိုလဲ စွပ်စွဲရာရောက်တယ်။ 'အတ္တာနဉ္စ ခဏတိ' ကိုယ့်ကိုယ်ကိုလဲ တူးဖြိုဖျက်ဆီးရာ ရောက်တယ်။ 'ဗဟုံစ အပုည် ပသဝတိ' အကုသိုလ်လဲ ပွားစီးတယ်။ (ခတသုတ်များ။)

ခု...ဦးပဥ္စင်းတို့၊ သီလရှင်တို့ စာတွေ တတ်ကြသားပဲ။ လက်တွေ့လုပ်ကြည့်တော့ သမာဓိကို ဘယ်လို လွယ်လွယ်နှင့်ရတယ်။ ဝိပဿနာကျရင်လဲ ဘယ်လို မြင်လွယ်တယ်ဆိုတာ ပိုပြီး သိမယ်။ သမထအရင်လုပ်ပြီးမှ ဝိပဿနာသွားတဲ့ ပုဂ္ဂိုလ်ဟာ သမုဒ္ဒရာ တစ်ဖက်ကမ်းကို လှေဖောင်သင်္ဘောနှင့်ကူးပြီး၊ ဝိပဿနာ

သက်သက်က လက်ပစ်ကူးတာနှင့် တူတယ်…တဲ့။ ဥပရိပဏ္ဏာသ အာနေဥ္ဇ သပ္ပါယသုတ်အဋ္ဌကထာမှာ ပြဆိုထားတာ ရှိတယ်။

## ရှေ့တိုး ရှုပွားပုံ၊ လွှတ်ပုံ

ကဲ…မနေ့က ၂–တောင်၊ ၂–တောင့်ထွာ ပို့လို့ ကောင်းကောင်း မရသေးတဲ့ပုဂ္ဂိုလ်များ ဒါကိုပဲ ဆက်လုပ်ဦး။

ရတဲ့ ဦးပဉ္ဇင်းများ၊ ယောဂီများက မိမိကျောင်းကလေးထဲမှာ မနေ့ကလိုပဲ နံရံကို မျက်နှာမူပြီး ၄–တောင်၊ ၅–တောင်လောက် နောက်ဆုတ်ထိုင်။

အဲဒါ ရတယ်ဆိုရင် ကိုယ့်ကျောင်းအရှေ့ဘက်က, ကျောင်းရဲ့ အနောက်ဖက်က အပြင်နံရံကို ရွှေ့ပို့၊ ကိုယ်ကျောင်းနံရံကို နိမိတ်က ဖောက်သွားလိမ့်မယ်။ ပြီးရင် အဲဒီကျောင်း အရှေ့ဘက် နံရံ အတွင်းဖက်ကို ပို့၊ ဟိုု…အရှေ့ဖက်က ကျောင်းကလေးတွေလဲ အဲသလိုပဲ ဆက်ကာဆက်ကာ ဖောက်ပြီး လွှတ်ရတယ်။ သံသယမရှိနဲ့။

ဒါပေမယ့် အထဲကလူတွေကို အာရုံမပြုရဘူး။ မကြည့်ရဘူး။ ကိုယ်သတ်မှတ်ထားတဲ့ နံရံကိုပဲ ကြည့်ပို့။ တချို့ ကြမ်းဘယ်နှစ်ချောင်း ခင်းထားတယ်ဆိုတာတောင် သိသေး။

နေတွေ လတွေ အရာအထောင် ရှိပေမယ့် နံရံတို့ တံတိုင်းတို့ မြေကြီးတို့ကို မဖောက်နိုင်ဘူး။ ဖောက်ပြီး မလင်းနိုင်ဘူး။ တရားရဲ့အရောင်က ဒီလိုမဟုတ်ဘူး။ စကြဝဠာအနန္တဘာမှ အပိတ်အပင်မရှိဘူး။ အကာအကွယ်မရှိဘူး။ အဆီးအတားမရှိဘူးဗျာ။ ဗုဒ္ဓမှော အစိန္တိယာ။

ဒါတွေက ပြတတ်တဲ့ ဆရာမရှိဘဲနဲ့ ကိုယ့်ဟာကိုယ် လျှောက်လုပ်လို့ မရဘူး။ လွဲချော်စရာတွေ အများကြီး၊ အယူအဆမှားစရာတွေ၊ အန္တရာယ်တွေလဲ ရှိတယ်။ သမထလုပ်ရင် ရူးတတ်တယ်ဆိုတာ ဒါပြောတာ။ ဘုန်းကြီး အနှစ် ၃၀-ကျော်ပြီ၊ သမထလုပ်လို့ တစ်ယောက်မှ လမ်းချော်တာ အန္တရာယ်ဖြစ်တာ မရှိဖူးပါဘူး။

ဆရာလုပ်တဲ့သူဆိုတာ တပည့်ယောဂီတွေ မသိတဲ့ တာဝန်ဝတ္တရားတွေကလဲ အများသား။ ဆရာလုပ်ရတာ လွယ်တယ်များမထင်ကြနဲ့။

(**မှတ်ချက်။** ထို့နောက် ကျောင်းဝင်းအတွင်းရှိ စေတီများ၊ ကျောင်းတွင်းရှိ ဘုရားခန်း၊ ကျောင်းစည်းရိုးရှိ ထင်ရှားသောနေရာနှင့် ကျောင်းဝင်းအပြင်ဘက် ကိုက် ၂၀၀၊ ၅၀၀ ကွာ သစ်ပင်ကြီးများမှစ၍ တစ်မိုင်အတွင်းရှိ ကျောင်းကန်ဘုရားများ

ကို တစ်နေ့လျှင် ရှုကွက်နှစ်ခုသုံးခုထက် မပိုစေဘဲ ဝေးရာသို့ တိုး၍တိုး၍ အပို့ အယူခိုင်းသည်။ မကျေနပ်သေးလျှင် ထပ်၍ ထပ်၍ အပို့ခိုင်းသည်။)

အဲဒါတွေ ဦးပဥ္စင်းတို့ ရပြီဆိုရင် ဟိုအရှေ့မြောက်ထောင့် တိုင်ဝက် (၁–မိုင်ကျော်ခန့်) လောက်ဝေးမယ်။ ဘုန်းကြီးနေခဲ့တဲ့ ယွန်းဆက်ကျောင်းက ဘုရားစေတီကို ကနေ့ ဖူးရမယ်။

မပို့ခင် မဖူးခင် မေတ္တာပို့၊ ခွင့်တောင်းဦး။ ထီးတော်က စ,ဖူး၊ ပြီးတော့ သပိတ်မှောက်၊ ဖိနပ်တော်၊ တစ်ခါ ဖိနပ်တော်က ထီးတော်၊ နောက်...ပတ်ပတ်လည် လှည့်ပတ်ဖူး၊ ခြေလှမ်း စရာမလိုဘူး။ ကိုယ့်စိတ်က လှည့်ချင်ရင် လှည့်သွားတယ်။

တရားက အင်မတန် ကြည်ညိုစရာကောင်းတယ်။ အံ့သြ စရာလဲ ကောင်းတယ်။ ကိုယ်ကိုယ်တိုင် ကိုယ်ပို့တဲ့ နိမိတ်နဲ့ အတူ ပါသွားတာ။ ခန္ဓာကိုယ်ကြီးကတော့ ကိုယ့်ကျောင်းကလေး ထဲ ရှိနေတာပေါ့လေ။

နောက် ပြောဦးမယ်။ ထီးတော်ဖူးလို့ ဦးပဥ္စင်းတို့ ခါတိုင်းဖူးသလို မော့ဖူးနေရတာ မဟုတ်ဘူး။ ထီးတော်နှင့်အညီ ရောက်သွားတာ။ စိန်ဖူးတွေ၊ ငှက်မြတ်နားတွေ၊ ရတနာတွေ

ဘယ်လို စီခြယ်ထားတယ်ဆိုတာ ကိုယ့်မျက်စိရှေ့မှာလိုပဲ စေ့စေ့စပ်စပ် ကြည့်လို့ ဖူးလို့ရတာ။

## နှစ်မိုင်အထက် ပို့လွှတ်ပုံ

ဦးပဥ္စင်းတို့တစွေ ခရီးတစ်တိုင်လောက် (၂–မိုင်)အတွင်း ပိုင်နိုင်ဖို့ အရေးကြီးတာပါပဲ။ ဒါ နိုင်သွားရင် ရှေ့မခက်တော့ဘူး။ အခက် မရှိတော့ဘူး။ အလုပ်က ပြောရတာထက်တောင် လွယ်သေး။ ခက်တာက ...စိတ်။

အဲသည်အတွင်းမှာရှိတဲ့ ဘုရားကျောင်းကန်တွေ ဖူးပြီးရင် တစ်ရက်လောက် ပို့တာ ယူတာ နားလိုက်ဦး။ စေဆယ်ချက် လေ့ကျင့်ကြဦး။

'စေဆယ်ချက်' ဆိုတာ နိမိတ်ကို ကိုယ်လိုသလို စေစားလို့ရအောင် သမာဓိအား ပိုကောင်းလာအောင်ပေါ့။ လေ့ကျင့်ပွားများဖို့ လိုလာပြီ။ စေဆယ်ချက်ဆိုတာ–

၁။ လင်းစေ...စုစေ၊
၂။ ကြီးစေ...သေးစေ၊
၃။ ရှည်စေ...တိုစေ၊ (ဝေးစေ...နီးစေ)
၄။ ဖြောင့်စေ...ကောက်စေ၊
၅။ ထောင်စေ...စိုက်စေ

ဒါပေမယ့် ဒီမှာ ‘ကြီးစေ သေးစေ’ဆိုရင် လုံလောက်ပါပြီ။ နိမိတ်ကို မိမိမျက်နှာရှေ့မှာ တထောင့်ထွာလောက် အနေထားပြီး ‘ကြီးစေ…’လို့ စိတ်ထဲက ရွတ်ပေး၊ ညွတ်ပေး။ မတရားကြီး အလွန်အကျွံလဲ မကြီးစေရဘူး။ ဥပမာ လင်ပန်းအငယ်စား လောက်ဆိုရင် တော်ပြီ။

‘သေသေးစေ’လဲ လက်ဖက်ရည်ပန်းကန်လုံးလောက်ပေါ့။ သိပ်မသေးရဘူး။ သေးလွန်တော့ ပျောက်သွားလိမ့်မယ်။

‘ကြီးစေ သေးစေ…သေးစေ ကြီးစေ’ အကြီးခိုင်းလိုက်၊ အသေးခိုင်းလိုက်လဲ မလုပ်နှင့်။ ဖြေးဖြေးကလေး တစ်ခုချင်း ခိုင်းရတယ်။

(မှတ်ချက်။ ‘ကြီးစေ, သေးစေ’ ခိုင်းခြင်းမှာ ယောဂီသည် ဥဂ္ဂဟနိမိတ်မှ ပဋိဘာဂထဲ အယ်ရွေ့ ဘယ်မျှ သက်ဝင်လာပြီကိုလဲ စမ်းသပ်ခြင်းဖြစ်သည်။ လွယ်လွယ်မမှတ်သင့်။)

နိမိတ်က မှိန်နေမယ်ဆိုရင်လဲ‘လင်းစေ…လင်းစေ’ပေါ့။

ရွှေတိဂုံပို့လွှတ်ဖူးပြီး နိမိတ်ကို ပြန်မသိမ်းဘဲ ဗုဒ္ဓဂယာ ဖူးချင်ရင် ‘ကောက်စေ ကွေးစေ ကွေ့စေ’ ဆိုပြီး အနောက်မြောက် အိန္ဒိယဘက် လှည့်ဖူးလဲ ရတာပဲ။ ကိုယ်ခိုင်းသလို ရတာ။ ဦးပဉ္ဇင်းတို့ ‘စေ’ တစ်လုံးတင်မကဘူး။ ‘စေဆယ်လုံး’တောင်

ပိုင်နေပြီပေါ့။ ဘုန်းကြီးတို့ကျောင်းဒကာ ဦးဖိုးအောင်ဆိုရင် လူက အရှေ့ဘက် လှည့်နေရင်းက အနောက်ကျောဘက် လူမလှည့် ဘဲတောင် ပို့တယ်။

'ဆန္ဒဝတော ကိ်နာမ ကမ္မံ နသိဇ္ဈတိ၊
ဝီရိယဝတောကိ်နာမ ကမ္မံ နသိဇ္ဈတိ'

ဘုရားဟောထားသားပဲ။ ဒါတွေဟာ ဣဒ္ဓိပါဒ်တွေပဲ မဟုတ်လား။

## နတ်ကတော် မှော်ဆရာ မဖြစ်စေနဲ့

အဲသလို နိမိတ်ကို နိုင်းသလို ရသွားပြီဆိုရင် ၇–မိုင်၊ မိုင် ၂၀၊ ၅၀၊ ၁၀၀၊ ၅၀၀ တစ်ရက်စီ တစ်ရက်စီ နိုင်သလောက် နိုင်းသွားမယ်။ လောဘကြီးလို့ မရဘူး။ ပျောက်သွားလိမ့်မယ်။

မုံရွာက ဘုရားတွေ၊ စစ်ကိုင်း၊မန္တလေး၊ အမရပူရ၊ ပဲခူး၊ ရန်ကုန်၊ နောက် အိန္ဒိယဗုဒ္ဓဂယာ မဟာဗောဓိ စေတီတော်ကြီး၊ သီဟိုဠ်( သီရိလင်္ကာ)က ထူပါရုံ, မဟာစေတီ စသည်ပေါ့။ အိန္ဒိယနှင့် သီဟိုဠ် တစ်ရက်ပေါ့။ (ဗုဒ္ဓဂယာက ကချင်ပြည်နယ် ဗန်းမော်မြို့နှင့် အရှေ့အနောက်တည့်တည့်။ အနောက်မြောက် ထောင့် မှန်းပို့၊ သီဟိုဠ်က အနောက်တောင်ထောင့်။

ဦးပဥ္စင်းတို့ အထူးလေးလေးနက်နက် လိုက်နာရမှာ ရှိသေးတယ်။ အဲဒါ ဘာလဲဆိုရင်–

ရွှေတိဂုံစေတီကြီး ဖူးတဲ့အခါ အထဲက ဌာပနာတိုက်ကို ဖောက်မကြည့်ရဘူး။ ဖောက်ကြည့် ဖောက်ဖူးတော့ ဘာဖြစ်လဲ။ သူတို့ကမှ မကြိုက်တာ၊ ဒုက္ခရောက်မှာပေါ့။ ဒါတော့ သတိထားကြ။

ဘုန်းကြီး ကန္နီဆရာတော်ကြီးထံမှာ နေတုန်းက ဆရာတော်ကြီးက ပြောတယ်။

'ဦးသုဓာတ…'တဲ့။ (ဘုန်းကြီးဘွဲ့တူနေလို့ အဲဒီမှ ဘွဲ့ပြောင်းထားတာ) ဗုဒ္ဓဂယာ ဖူးပြီးပလား…တဲ့။ ဘုန်းကြီးဖြင့် ဖူးပြီးပြီ…'တဲ့။

ဆရာတော်ကြီးကလဲ ကုသိုလ်ရမယ့် ဌာနတွေကို အဖူးခိုင်းပါတယ်။ ယောဂီပါရဂူကျမ်း (ဒုတိယခန်း) မှာလဲ အတိအလင်းရေးထားပါတယ်။

'အကယ်၍ ထက်ခဲ့ပါမူ ကောင်းကင်သို့လည်းကောင်း၊ စကြဝဠာသို့လည်းကောင်း ရောက်အောင် လွှတ်လိုက်နိုင်၏'တဲ့။ လောကုတ္တရာ မရမီအတွင်း အကျိုးများစွာ ရှိကြောင်းလဲ မိန့်တော်မူပါတယ်။ 'ဒါ ခုမှမဟုတ်ဘူး။ ရှေးက ထားခဲ့တဲ့

သာသနာဝင်ကျမ်းစာလာ စကားတွေပဲ။ လေးစားရမယ်' လို့လဲ အမိန့်ရှိတယ်။ (ဆဝသ ဒီပနီ-၇၇၊ ၉၅။)

ဒါပေမယ့် လောကုတ္တရာနှင့် ဆန့်ကျင်တာတွေကိုတော့ ကြည့်ခွင့်မပြုဘူး။ ဒါ...သတိထားကြ၊ နတ်ကတော်၊ မှော်ဆရာ၊ ဗေဒင်ဆရာ ဂိုဏ်းဘုန်းကြီး ဖြစ်သွားပြီး ကိုယ်တည်းဟူသော အကြောင်းကြောင့် သာသနာတော်ပါ မှေးမှိန်စရာ မဖြစ်စေရဘူး။ လောကုတ္တရာအတွက် ခြေထောက်တပ်ပေးနေတာ သတိပြုရမယ်။

ခြေထောက်မခိုင်ခင် ပြေးချင်လို့လဲ မရဘူး။ ဝိသုဒ္ဓိမဂ်(၁၂၃)မှာ 'ယထာနာမ ဒဟရော ကုမာရကော'ဆိုတဲ့ အတိုင်း ကလေးလို အရပ်၊ အသွား သင်နေတာ။ 'ရပ်နိုင်ပွေ့ ရပ်နိုင်ပွေ့' အားပေးနေတုန်း ဗိုင်းဆို လဲကျသွားသလို ဖြစ်နေမယ်ဗျာ။ လောဘမကြီးရဘူး။ ဒါကြောင့် ဆရာနှင့် ကင်းလို့မရဘူး ပြောတာ။

## နတ်ပြည် ဗြဟ္မာ့ပြည်ရှိ ဘုရားများဖူး

စကားအနေနှင့် ပြောရရင် သီဟိုဠ်ပြီးရင် ဦးပဉ္ဇင်းတို့ တာဝတိံသာ ပို့မှာပါ။ လူ့ပြည်က စေတီမဟာရာဇ် ယူနော

၄၂၀၀၀၊ အဲဒီကမှ တာဝတိံသာ ၄၂၀၀၀။

အဲဒီမှာ သိကြားမင်းစံရာ မဟာသုဒဿန မြို့တော် ဝေဇယန္တာပြာသာဒ် အရှေ့ဘက်မှာ နန်းဦးဘုရား စူဠာမဏိ စေတီ။ ဒီစကြဝဠာမှာ အရင်ဆုံးတည်တဲ့ စေတီ။ အလောင်းတော်ရဲ့ ဆံတော်နှင့် စွယ်တော်ဓာတ် ဌာပနာပြီး တည်ထားတာ။ 'သျှောင်တော်'စေတီပေါ့။

အဲဒီ မြောက်ဘက်မှာ မြတ်စွာဘုရား ၇–ဝါအရ တစ်ဝါ တွင်းလုံး အဘိဓမ္မာ ၇–ကျမ်း ဟောရာ ပဏ္ဍုကမ္ဗလာ မြကျောက် ဖျာနှင့် ကမ္ဘာဦး ပင်လယ်ကသစ်ပင်။

အဲဒီ အနောက်ဘက်မှာ နတ်ပြဟ္မာတွေ စည်းဝေးရာ တရားဟောရာ သုဓမ္မာဇရပ်ကြီး။ ဒီစကြဝဠာမှာ သာသနာပြုတဲ့ ဌာနချုပ်ကြီးပေါ့။ နတ်တွေ စည်းဝေးတဲ့အချိန် တက်ရင် စည်းဝေးနေတာ တွေ့ရမယ်။

ကြိုတင်ပြီး မေတ္တာပို့၊ ခွင့်တောင်းသွားရင် သိကြားနတ်မင်း နတ်သမီးတွေကတောင် လမ်းညွှန် လမ်းပြပေးပါလိမ့်မယ်ဗျာ။

တချို့ယောဂီတွေ တက်သွားလို့၊ ဒီက နိမိတ်အလင်း တန်းကြီး လွှတ်လိုက်တယ်ဆိုရင်ပဲ အလင်းတန်းကြီးရဲ့ ဝဲယာ နတ်သား နတ်သမီးတွေ တန်းစီ လက်အုပ်ချီပြီး ကြည်ညို

ကြိုဆို နေကြတာတောင် တွေ့ရတတ်ပါတယ်။ ယုံနိုင်စရာ မရှိဘူး။

'ဩော် ဒါ...အတုမရှိတဲ့ မြတ်စွာဘုရား တရားတော်ရဲ့ ရောင်ခြည်တော်တွေပါလား။ ကမ္ဘာအသချေ နေရပေမယ့် တွေ့ဆုံဖူးမြော်ရခဲပါကလား' ဆိုပြီး ကြည်ညိုရှာကြတာ။ 'ဒဿနာနုတ္တရိယ (အမြတ်ဆုံး ဖူးတွေ့ရခြင်း) ကုသိုလ်ပါလား။ စကျွံ့ ဥဒပါဒီ အာလောကော ဥဒပါဒီ။ ကိုယ်လဲ လာဘာနုတ္တရိယ၊ ဒဿနာနုတ္တရိယ ကုသိုလ်တွေရ၊ ကိုယ့်ကို အကြောင်းပြုပြီး သူ့ခများများလဲ ရတယ်ဆိုတော့ မကြိုဆို မကြည်ညိုဘဲ နေပါ့မလား။

(**မှတ်ချက်။** သုတ်မဟာဝဂ္ဂ–သက္ကပဥ္စသုတ်အဖွင့်၊ ဓမ္မပဒ အဋ္ဌကထာ မဃဝတ္ထု၊ အင်္ဂုတ္တိုရ် သတ္တက ပါရိစ္ဆတ္တကသုတ် စသည်တို့၌ လာသော အတိုင်းအတာ ကြည်ညိုဖွယ်ဖြစ်ရပ်များနှင့် တံတားဦး၊ မင်္ဂလာစေတီ၊ မင်းကွန်း မြသိန်းတန်၊ မြောင်မြို့ စူဠာမဏိစေတီသမိုင်းများ ဖော်ပြရန် များစွာ ရှိပေ၏။)

နတ်ပြည် ဗြဟ္မာ့ပြည်က ဘုရားစေတီများကို ဖူးကြရာ၌ မိမိတို့ စိတ်ဝင်စားရာ ပိုပြီး အားသန်ရာကို စူးစိုက်ဖူးကြသည်ဖြစ်၍ တစ်ယောက်နှင့်တစ်ယောက် အသေးစိတ် ပုံသဏ္ဌာန်များ ကွဲပြားခြားနားကြသော်လည်း ယေဘုယျ အဓိကအချက်မှာ လွဲခြင်းမရှိ

ကြပေ။ တစ်ထပ်တည်း တူညီကြပေသည်။

တာဝတိံသာပြီးရင် ဗြဟ္မာ ၂၀–မှာ ဟို အမြင့်ဆုံး အကနိဋ္ဌဘုံက 'ဒုဿစေတီ–ဝတ်လဲတော်စေတီ၊ ဃဋိကာရ ဗြဟ္မာမင်းကြီး အလောင်းတော်ရဲ့ဝတ်လဲတော်များကို ယူဆောင်ပြီး ဌာပနာထားတာ။

မျက်မြင်ကိုယ်တွေ့ ဖူးရတဲ့ ယောဂီတွေ ပြောလို့မကုန်ဘူး။ ကြည်ညိုလို့ ဖူးလို့ မဝကြဘူး။ ဗြဟ္မာ့ပြည် မပြောနဲ့။ နတ်ပြည်တောင်မှ လူသားတွေ ရောက်နိုင်တဲ့နေရာ မဟုတ်ဘူး။ နေမိမင်းတို့ မန္ဓာတု စကြာမင်းတို့လို တစ်ယောက်စ နှစ်ယောက်စလောက် ရောက်ဖူးကြတာ။

ယုံနိုင်စရာမရှိလောက်အောင်ကို တရားတန်ခိုးတော်တွေ–ဗုဒ္ဓဓမ္မာ အစိန္တိယာ။ လူတိုင်းပြောလို့မဖြစ်ဘူး။ ထားတော့...

နိမိတ်လွှတ်ပုံ အကျဉ်းချုပ် ပြောစို့။

တာဝတိံသာ လွှတ်တော့မယ်ဆိုရင် အရှေ့မြောက် (အရှေ့ဘက် ခပ်ယွန်းယွန်း) အထက်ကို မှန်းပြီးလွှတ်။ ဝါးလုံးများ လှဲရာကနေ တဖြည်းဖြည်း ထောင်လိုက်သလိုပို့။ လူက ခေါင်းအုံးချပြီး နောက်လှန်၊ ခပ်လှဲလှဲ အနေအထားနှင့် ထွက်လေနှင့် 'ရှည်ရှည် ရှူမည်'ဆိုပြီး ဖြည်းဖြည်းပို့။ တစ်ခါနှင့်မရရင်

နှစ်ကြိမ်သုံးကြိမ် ထွက်လေ ဆင့်ဆင့်ပြီးပို့။

ကြည့်တဲ့နေရာ၊ ပို့တဲ့နေရာမှာ မမောအောင် ပါးစပ်နှင့် အသက်ရှုပေး။ နှာခေါင်းနှင့်ရှုရင် နိမိတ်ပျောက်သွားတတ်တယ်။ နိုင်နင်းသွားပြီဆိုတော့ ကိုယ်က ပို့လွှတ်လိုက်ရတယ် မထင်ဘဲနဲ့ကို ဟို…သွားမယ့်နေရာမှာ လ,ကြီးသာနေသလို လင်းနေနှင့်ပြီ။ တကယ်တော့ စိတ်က မြန်လွန်းလို့ မသိတာပါ။ ကိုယ်ပို့လိုက်တဲ့ အလင်းနိမိတ်ပါပဲ။

ဒုဿစေတီ ပို့မယ်ဆိုရင် အဲသည်ထက် မြင့်ပြီးလွှတ်။ နေရာကလဲ သိပ်မကွာဘူး။ သူက အရှေ့ဘက် ပိုကျတယ်။ အရှေ့တည့်တည့်ကြီးလဲ မဟုတ်တတ်ဘူး။ အချို့ စူဠာမဏိပို့တာ နိမိတ်က လွန်သွားပြီး ဒုဿစေတီ ရောက်သွားတဲ့သူတောင် ရှိသေး။

နတ်ပြဟ္မာတွေ ပူဇော်ပုံတွေက အံ့မခန်းပါပဲ။ အရဟံ ဂုဏ်တော်ကြီးကို ကြည်ညိုလို့ မဆုံးကြဘူး။ ဒါ ကနေ့ လွှတ်ဖို့ မဟုတ်ဘူး။ သဘောလောက် ပြောနှင့်တာ။ တာဝတိံသာမှာ အနည်းဆုံး ၄–ရက်၊ ဗြဟ္မာ့ပြည်မှာ ၂–ရက်လောက်မှ ရိပ်စားမိရုံ လောက်ရှိသေးတာ။

ဒီနေရာမျိုးမှာ ဆရာမရှိဘဲ ပိုပြီး မလုပ်သင့်ဘူး။

(မှတ်ချက်။ 'သတိမြဲရာ ပထမာ'အရ သမာဓိရအောင် ကိုယ့်ဘာသာ ထူထောင်ပြီး သမာဓိလုံလောက်လျှင် နီးရာဆရာနှင့် လုပ်မှ သာ၍ကောင်းပါ၏)

ရွှေဥမ္မင်စေတီ၊ ဗုဒ္ဓဂယာ၊ မဟာဗောဓိစေတီ၊ သီဟိုဠ်ထူပါရုံ၊ မဟာစေတီနှင့် ရန်ကုန် ရွှေတိဂုံစေတီတော်များကို ယောဂီတိုင်း နေ့စဉ် အိပ်ရာဝင် ဦးချကန်တော့ကြရသည်။)

## မျက်စိနှစ်ကွင်း အလင်းမရသော်လည်း

## ဓမ္မစက္ခုရသူ ယောဂီဒေါ်ခင်သိန်း

ဒီနေရာမှာ ခင်သိန်းအကြောင်း ပြောရဦးမယ်။ ခင်သိန်းဆိုတာ ဘုန်းကြီးတို့ယောဂီ။ ဒီတောကျောင်းတောင်ဘက်အလယ်စုဆိုတဲ့ ရွာကလေးက ဦးကြော်ငြာ+ဒေါ်အေးငွေတို့ရဲ့သမီး။ ၃–နှစ်သမီးထဲကတည်းက မျက်စိကွယ်သွားရှာတာ။ ခု ၄၂ နှစ်ရှိပြီ။

ဒီကောင်မလေး အိမ်မှုဝေယျာဝစ္စအတွက်ပဲ အသုံးမကျအတူတူ ကျောင်းကို ပို့ပေးဖို့ ဘုန်းကြီးက သူ့မိဘတွေကို ပြောတယ်။ သူ့မိဘတွေက ဘုန်းကြီးနဲ့ ညီအစ်ကိုတွေပါပဲ။

မျက်မမြင် ဒုက္ခိတဆိုတော့ ပြုစုမယ့်အဖော်လဲ ရှာရသေး

တာကိုး။ တော်တော်နှင့် ကျောင်းမလာဖြစ်ဘူး။ ရောက်လာတော့ ဦးပဉ္ဇင်းတို့လိုပဲ ပရိက်ကစပြီး တရားပေးတယ်။ စာကလဲ မတတ်တော့ ဘုရား၊ တရား၊ သံဃာအကြောင်း ကုသိုလ်, အကုသိုလ်အကြောင်း ပိုပြီး ပြောပေးရတာပေါ့လေ။

သူ့အတွက်တော့ ပိုပြီး နေရာကျသွားတာပေါ့လေ။ စာတွေ့ရော လက်တွေ့ရော ကျောင်းတက်နေရသလို ပိုအကျိုးရှိသွားတာပေါ့။ ဗုဒ္ဓဝင်တို့၊ စေတီသမိုင်းတို့ ဗုဒ္ဓဘာသာအကြောင်း တော်တော်ကလေး နားရည်ဝသွားတယ်။

တိုတိုပြောကြပါစို့။ ဘုန်းကြီးက ဒီတောကျောင်းအတွင်း အပြင် နိမိတ် အပို့အယူခိုင်းပြီး ခု ယောဂီတွေလိုပဲ ယွန်းဆက်တိုက်ထဲက စေတီတန်ဆောင်းတွေ လှည့်ပတ်ဖူးဖို့ တရားပေးတဲ့နေ့။

အဲ့ဩစရာကောင်းလိုက်ပုံက မျက်စိမြင်တဲ့ လူတွေကမှ လျှမ်းသေးတယ်။ စုံစုံစေ့စေ့ မမြင်ကြဘူး။ ဘုရားဖူးပြီးလို့ ဘုရားဝင်းထဲ လှည့်ပတ်ကြည့်တော့ တံခွန်တိုင်ခြေမှာ သူဌေးကြီး လင်မယား ရုပ်လုံးရှိတယ်။ အနားမှာ သူဌေးသမီးကလေး တစ်ယောက်လဲ ပါသေးတယ်။ ဆံတောက်ကလေးနဲ့တဲ့။ သူက ပြောတာ၊ ဟုတ်ရဲ့လားဟာ...ဆိုပြီး ဘုန်းကြီးတောင် သတိ

မရဘူး။ နောက်ကြုံမှ ကြည့်စမ်းတော့ ခင်သိန်းပြောတာ ဟုတ်နေတယ် ကိုယ်တော်ရေ။

## ဒီနည်းကလွဲလို့ မကယ်နိုင်

'ခင်သိန်း နင့်အတွက် ဟိုနားမှာ ဘုရားစေတီတစ်ဆူ တည်ထားတယ်။ သွားဖူးချေ'ခိုင်းရင် တိုက်ပြီးလဲမှာပဲ။ ဖူးလို့ ဘယ်ရမလဲ။ ခုတော့ စေတီလဲ ထီးတော်ကနေ ဖိနပ်တော်၊ ဖိနပ်တော်က ထီးတော်၊ ဘုရားဝင်းထဲက တံခွန်တိုင်မှာ မြတ်စွာဘုရားနှင့် တိတ္ထိတွေ တန်ခိုးပြိုင်ကြပုံ ရုပ်လုံးတွေ အကုန်ဖူးရတာ။

အဲဒီဇာတ်လမ်းတွေပါ ပြောပြတော့ မျက်စိမြင်တဲ့ လူတွေထက် သူကတောင် ဗဟုသုတ သာသွားသေး။

ဒါနဲ့ အဲဒီ စေတီရှေ့၊ အရုဏ်ခံ တန်ဆောင်းထဲမှာ တော်တော့်ကို သပ္ပါယ်တဲ့ ရုပ်ပွားဆင်းတုကြီး တစ်ဆူရှိတယ် မဟုတ်လား။ အဲဒီ ရုပ်ပွားတော်ရှေ့လဲ ရောက်ရော၊ သူများဆို ၂–မိနစ်တောင် မကြာဘူး။ သူ့မှာ ကျုံ့ကျုံ့ကလေးထိုင်ပြီး တစ်နာရီကျော်ကျော် ကြာသွားသတဲ့။

အဲဒီနေ့က တရားစစ်တော့ ဖူးရတာနည်းနေလို့၊ 'နင့် ဒီလောက်တောင် တစ်နေရာထဲ ကြာရသလားဟာ' လို့ ပြောမိသေး

တယ်။ နောက် ပြန်စဉ်းစားတော့ သူ့ခမျာ ၃–နှစ်သမီးကတည်းက မျက်စိကွယ်တာဆိုတော့ 'ဘုရားဆိုတာ ဒီလိုပါလား' လို့တောင် သိချင်မှ သိရှာမှာ။ နောက်မှ ဘုန်းကြီး သူ့ကို သနားသွားတယ်။

ခင်သိန်းလို ဒုက္ခိတ သတ္တဝါတစ်ဦးအတွက် ဒီကန္နီ သမ်ထနည်းဟာ တန်ဖိုးမဖြတ်နိုင်ပါလား…လို့။ ဘုန်းကြီးလဲ ပိုပြီး သဘောပေါက် ဝမ်းသာနေမိတယ်။ ဟုတ်တယ်လေ… ဒီနည်းကလွဲလို့ ခင်သိန်းလိုလူကို ကယ်တင်ဖို့ တခြားနည်းလမ်း ရှိပါဦးမလား။ ကြည့်စမ်းလေ–သူ့ဘဝ လမ်းဆုံးနေပြီ။ ဘယ်လောက် ဝမ်းသာရှာမလဲ စဉ်းစားကြည့်စမ်း။

အင်မတန်ကံကောင်းတဲ့ ကောင်မကလေး။ ဘုရားရှင်ရဲ့ တရားတန်ခိုးတော်တွေကလဲ တကယ် အစိန္တေယျပါပဲကလား။ ဘုန်းကြီးစိတ်ထဲမှာလဲ ပိုပြီး လေးနက်သွားတယ်။ သူ့ကိုလဲ သိသင့်သိထိုက်တာ တခြားလူတွေထက် ပိုဟောပေးရတာပေါ့။

## တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာ

– စိတ္တီကတံ မဟဂ္ဃဉ္စ၊
အတုလံ ဒုလ္လဘဒဿနံ၊
အနောမ သတ္တ ပရိဘောဂံ၊
ရတနံ တေန ဝုစ္စတိ။
(ခုဒ္ဒကနှင့် သုတ္တနိပါတ်၊ ရတနသုတ်အဖွင့်။)

'ခင်သိန်း၊ နင် အဲဒီလို ဘုရားဖူးရတော့ နင့်စိတ်ထဲ ဘယ့်နှယ်နေသလဲ'

'ဘယ့်နှယ်ပြောပါလိမ့်ဘုရား' တဲ့။

'အေး ဟုတ်တယ်။ ဒီသာနာ နုတ္တရိယ ဆိုတာ နင့်အတွက် ပိုမှန်တာပေါ့'လို့ ဘုန်းကြီးဟောပေးရတယ်။

ရတနာဆိုတာ လောကမှာရှိတဲ့ စိန်ရွှေကျောက်သံ ပတ္တမြားတွေကိုလဲ ရတနာခေါ်တယ်။ လောကီရတနာပေါ့။ တကယ့် ရတနာအစစ်ဆိုတာ အရည်အချင်း ဂုဏ်ငါးမျိုး ရှိရတယ်။

(၁) စိတ္တီကတဂုဏ်–သတ္တဝါတွေရဲ့ စိတ်ကို ကြည်နူး နှစ်သက် စေတတ်တဲ့ ဂုဏ်၊ စိန်ရွှေရတနာတွေမှာလဲ တန် သလောက် ဒီဂုဏ်ရှိတာပေါ့။

နင်အခု ဘုရားဖူးရလို့ ကြည်နူးနှစ်သက်ရတာနှင့် စိန် လက်စွပ်ရလို့ ကြည်နူးရတာနှင့် တူပါ့မလား။ ဘယ်တူမလဲ။ ဒီကြည်နူးမှုပီတိက စကြဝဠာမင်း စည်းစိမ်နှင့်တောင် မလဲ နိုင်ဘူး...တဲ့။ နင်ယုံပလား။ အဲဒါ စိတ္တီကတ ဂုဏ်။ ဒါ့ကြောင့်

ဘုရားကို ဘုရားရတနာ၊ တရားတော်ကို တရားရတနာ၊ သံဃာတော်ကို သံဃာရတနာလို့ ရတနာတပ်ပြီး ခေါ်ရတာ။ ဒါကမှ တကယ့် ရတနာအစစ်။

(၂) မဟဂ္ဃဂုဏ် – ဘယ်ရွှေ ဘယ်မျှ တန်တယ်လို့ တန်ဖိုးဖြတ်လို့ မရနိုင်အောင် ထိုက်တန်တဲ့ဂုဏ်။ ကဲ...နင် ခုဖူးရတာကို တစ်သိန်းနှင့် လဲပါဆိုရင် ရောင်းပါဆိုရင် လဲမလား။ ရောင်းမလား။ ကိုယ်ရထားတဲ့ တရားကော ရောင်းနိုင်မလား။

ကားကြီး ဆယ်စီးနှင့် ရတနာတွေ အပြည့်တိုက်ပေးမယ် လေ။ အိမ်အရောက် ပို့ပေးမှာ။ ကိုယ်ဖူးတဲ့ကုသိုလ် လဲနိုင်ပါ့ မလား။ ဒါ့ကြောင့် စကြဝဠာတိုက်ကြီးနှင့် အပြည့် ရွှေငွေရတနာ တွေ ပုံပေးလဲ မတန်သေးဘူးတဲ့။ တန်ဖိုးကို မဖြတ်နိုင်ဘူး။

အဲဒါကြောင့် ဘုရားရတနာ၊ တရားရတနာ၊ သံဃာ ရတနာ။ ခု နင်ရတဲ့ တရားတွေ ရောင်းနိုင်ပါ့မလား။ အဲသလောက် မြင့်မြတ်တာဗျာ့။

(၃) အတုလဂုဏ် – ဒီရတနာသုံးပါးဟာ လောကမှာ ဘာနဲ့ဖြင့် တူတယ်လို့ကို နှိုင်းစရာမရှိ။ စံထိုးစရာ မရှိ။ ဥပမာ ပြစရာ မရှိလို့ ‘အတုလဂုဏ်’ နဲ့လဲ ပြည့်စုံတဲ့ ရတနာမြတ် သုံးပါး။

(၄) ဒုလ္လဘာ ဒဿနဂုဏ်–ဆိုတာ ဖူးရတွေ့ရဖို့ ကြုံရဆုံရဖို့ အလွန်ခဲယဉ်းတယ်...တဲ့။ မဟုတ်ဘူးလား။

ဖူးတွေ့ရဖို့ ခက်ခဲတာကတော့ မပြောနိုင်တော့။ ဘယ်လိုမှ မလွယ်ဘူး။

လောကမှာ လူတွေ ဟိုနိုင်ငံ သည်နိုင်ငံ လူတွေ၊ မရေမတွက်နိုင်တဲ့ ခွေး၊ ဝက်၊ ကြက်၊ ငှက်၊ ပိုးရွခြပုန်း၊ ပရွက်ဆိတ် အများကြီးပါပဲ။ သူတို့တွေ ဒီရတနာသုံးပါးဆိုတာ သိရှာကြရရဲ့လား။ နင့်လို ဖူးကြရ တွေ့ကြရရဲ့လား။ အဲဒါကြောင့် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာခေါ်တာ။

(၅) **အနောမ သတ္တ ပရိဘောဂဂုဏ်** – ဘုန်းကံပါရမီနည်းတဲ့သူတွေ၊ လူညံ့တွေနှင့် မတန်မရာဘူး။ဘုန်းကံရှိတဲ့လူ၊ ပါရမီရှိတဲ့ လူတွေမှ သုံးစွဲခွင့်ရတာတဲ့။

အဲ...နင် ဘုန်းထူး ကံထူးရှိလို့။ ပါရမီထူးရှိလို့ ဖူးရတာ။ ဒီတရားရတာ၊ ဒီရတနာသုံးပါး သုံးစားခွင့်ရတာဗျာ့။ ကြိုးစားမှတ်...ဆိုပြီး ဟောပေးရတယ်။ ၃၂–နှစ်က အားထုတ်တာ ခု ၄၂ နှစ်ရှိပြီ။

## ကမ္ဘာပေါ်မှာ အဦးဆုံးစေတီ

ဒါနဲ့ - ခင်သိန်းအကြောင်း ဆက်ပြောရဦးမယ်။ အဲဒီ ယွန်းဆက်ကျောင်းထဲက ဘုရားနှင့်အရုဏ်ခံပြီးတော့ အလယ်က ကျောင်းကြီးပေါ် ဆက်ဖူးလို့ ပြောထားတော့ ကျောင်းကြီးပေါ် သွားတာပေါ့လေ၊ ကျောင်းကြီးက နေ့လယ်မှာတောင် တံခါးတွေ ပိတ်ထားတော့ မှောင်မဲနေတယ်။

ကျောင်းကြီးအပေါ်ထပ် အရှေ့ဖက်ထိပ်မှာ စာအုပ်ဘီရိုတွေ၊ ရုပ်ပွားဆင်းတု စာတိုက်တွေထားတယ်။ အဲဒီထဲမှာ လေးဘက်လုံး မှန်တပ်ထားတဲ့ဘီရိုထဲမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း၂၀၀ကျော်က စေတီ ဟောင်းတွေ ပြိုပျက်လို့ ပူဇော်ထားထဲ့ ရွှေ၊ငွေ ရုပ်ပွားဆင်းတု ကလေးတွေ လက်သန်း လက်ညှိုးလောက်နှင့် သတ္တဌာနရုပ်လုံး ကလေးတွေလဲပါရဲ့။

ခင်သိန်းက အဲဒီ လက်သန်း လက်ညှိုးလောက်ရှိတဲ့ ရုပ်ပွား ဆင်းတုတော်လေးတွေကို သေသေချာချာ ဂယနဏ ပြောနိုင်တယ်ဗျာ- အံ့ရော---အံ့ရော--။

နောက်ပြီး မြန်မာနိုင်ငံက ဘုရားစေတီတွေပြီးလို့ အိန္ဒိယ ဗုဒ္ဓဂယာက မဟာဗောဓိစေတီတော်ကြီးနှင့် ဗောဓိညောင်ပင်တို့ --- သံဝေဇနိယဌာနက ဘုရားတွေ အကုန်အဖူးခိုင်းတာပေါ့လေ--။

ဗုဒ္ဓဂယာရောက်တော့ ညောင်ပင်ကြီးနှစ်ပင်တော့ သူ တွေ့တယ်၊ ဘုရားရှာလို့မရဘူး၊ ညောင်ပင်ကြီးနှစ်ပင်မှာ တောင်ဖက်က ညောင်ပင်က ဘုရားပွင့်တော်မူတဲ့နေရာမှာ ထပ်ပြီးစိုက်ထားတဲ့အပင်၊

မြောက်ဖက်က စည်စည်ကားကားနဲ့အပင်ကြီးက ဟိန္ဒူကုလားတွေ သေတဲ့လူတွေရည်စူးပြီး ပ,သ တဲ့အပင်၊ ခေါ်စာပစ်တဲ့အပင်ပေါ့လေ။

"ဘာလို့ ဘုရားမတွေ့ရမှာတုံး။ အကြီးကြီးပဲဟာ၊ လှည့်ပတ်ကြည့်၊ မော့ကြည့်၊ ဒီလောက်ကြီးတဲ့ဘုရား စေတီကြီးများ မတွေ့ဘူး ရှိရသေး" လို့ အပြစ်တင်သံနှင့်ပြောလိုက်တော့-ခင်သိန်းက ---

"လေးထောင့်ကြီးတစ်ခုတော့တွေ့တယ်ဘုရား၊ အပေါ်ရောက်တော့ရှုံ့သွားတယ်" တဲ့။

ဒီတော့မှ ဘုန်းကြီးကစဉ်းစားမိတယ်၊ သူများတွေလို ဘာဗဟုသုတမှလဲမရှိ၊ ဘုရားစေတီဆိုတာလဲ မြန်မာပြည်ကဘုရားတွေလို ထီးနှင့်၊ သပိတ်မှောက်နှင့်၊ ဖောင်းရစ်တွေနှင့် သိဦးတောင်မှ ဒီလို ထင်ရှာမှာ၊ မဟာဗောဓိ စေတီတော်ကြီးကို ဘုရားလို့ သူ့စိတ်ထဲ ထင်မှာမှ မဟုတ်ဘဲကိုး။

ဒါနဲ့ သနားပြီး --- ဘုရားအဆူဆူ ဒီနေရာမှာပဲပွင့်တဲ့ အကြောင်း၊ ကမ္ဘာပေါ်ဦး မြေထူးမြေမြတ်မို့ ကမ္ဘာပျက်လဲ ဒီနေရာက နောက်ဆုံးမှပျက်မှာ၊ ကမ္ဘာတည်စ ပထမဆုံးကုန်းမြေပေါ်လာတဲ့နေရာ၊ ဒီကမ္ဘာမှာ ဘုရား ၅-ဆူပွင့်မယ်ဆိုရင် ကမ္ဘာဦးကတည်းက ကြာပွင့်ကြီး ၅-ပွင့် နိမိတ်ပေါ်လာတဲ့အကြောင်း၊ အသောကမင်းကြီးက ဒီစေတီကြီးကို တည်ထားခဲ့ကြောင်း၊ ဗို့မြန်မာနိုင်ငံက ရွှေတိဂုံစေတီကြီးက ကမ္ဘာပေါ်မှာအရင်ဆုံးတည်တာ၊ ရွှေတိဂုံပြီးရင် ဒီစေတီကြီးက

ကမ္ဘာပေါ်မှာ ဒုတိယဖြစ်ကြောင်း ဘုရားပွင့်ပုံအကြောင်းတွေပါ ခင်သိန်းကိုဆက်ပြီး ဟောပြပေးတော့ သူမှာ ဝမ်းသာလွန်းလို့။

## ဒီနည်းကလွဲလို့ သူ့ကို ကယ်မရ

ဗုဒ္ဓဝင်အကြောင်းတွေ၊ စေတီသမိုင်း၊ သာသနာသမိုင်းတွေပါ စပ်ရာ စပ်ရာ နာယူရတော့ သဝနာနုတ္တရိယကုသိုလ်တွေ၊ လာဘာနုတ္တရိယ, ဒဿနာနုတ္တရိယ ကုသိုလ်တွေ ဒုက္ခိတဘဝ တန်ဖိုးမဖြတ်နိုင်အောင် အကျိုးများသွားတာပေါ့။

ဒီ အာနာပါန ကမ္မဋ္ဌာန်းနည်းသာမရှိရင်လဲ သူ့ကို ဘုန်းကြီးလဲ ဘယ်လိုလုပ်ကယ်နိုင်မလဲ၊ စဉ်းစားကြည့်လေ---။

သူလဲ ဒီလိုအခွင့်ကောင်းတွေရနေမှန်းသိတော့ ပိုပြီးကျိုးစားတာပေါ့။ လူပြည်ကဘုရားတွေ၊ နတ်ပြည်ကဘုရားတွေလဲ ကျကျနန ဖူးရတာ။ လျှောက်နိုင်တာ။

မျက်စိမမြင်တဲ့သူဆိုတော့ မြင်တဲ့လူတွေထက် ဒီနေရာမှာ သာသွားတာပဲ။ သူ့ခမျာ ဒီသမထနိမိတ်ပဲ အားကိုးရှိရှာတာကိုး။

တာဝတိံသာကဘုရားဖူးတော့လဲ ဘုရားအလောင်းတော် တောထွက်ပြီး အနော်မာသောင်ကမ်းမှာ ဆံတော်ပယ်ပုံ၊ သိကြားမင်းက ရွှေပန်းတောင်းနှင့် ပင့်သွားပုံ၊ ပင်လယ်ကသစ်ပင်အောက် ပဏ္ဍု

ကမ္ဘလာ မြကျောက်ဖျာပေါ်မှာ တစ်ဝါတွင်းလုံး အဘိဓမ္မာတရားဟော တော်မူရပုံ စသည် ဗုဒ္ဓဘာသာစကားတွေ နေ့တိုင်း အသစ် အသစ် ကြားကြားနေရတော့ သဒ္ဓါတရားတွေဘယ်လောက်ဖြစ်မလဲ စဉ်းစား ကြည့်စမ်းပါ။

ခင်သိန်းမပြောပါနှင့်လေ--, ခု ဦးပဉ္ဇင်းတို့ယောဂီတွေပဲကြည့် ပါဦး။ ဗုဒ္ဓဝင်တွေ စေတီသမိုင်းတွေ၊ သာသနာတော်မှာ သမိုင်းဦး အဖြစ် အပျက်တွေ၊ စေတီတော်တွေ၊ ဓာတ်တော် မွေတော် ဆံတော် စွယ်တော် တွေ၊ ပရိဘောဂထိုက်တဲ့ ကသစ်ပင်, ပဏ္ဍုကမ္ဘလာ မြကျောက်ဖျာ ဒါတွေ စာအုပ်ထဲရှိတာတောင် တချို့ ဖတ်ဖူးမှာမဟုတ်ပါဘူး။

## သဒ္ဓါစိတ်တွေ အထွတ်အထိပ်ဖြစ်မှား

ခုတော့ တကယ့်မြေဇာစ်တွေ အရင်းကျကျ ဖူးရ တွေ့ရတော့ ခင်သိန်းမပြောနှင့်, လူကောင်းတွေ၊ စာတတ်တဲ့ဦးပဉ္ဇင်းတို့တတွေအဖို့ပါ ဒဿနာနုတ္တရိယ ကုသိုလ်ထူးကြီးမဟုတ်ဘူးလား၊ နတ်တွေ၊ ဒိဗ္ဗစက္ခု ရတဲ့ ပုဂ္ဂိုလ်တွေမှ ဖူးတွေ့ရတဲ့ဟာတွေပါလား။

ဒီ ကန္တီနည်းအပေါ် ဘုန်းကြီးထပ်ပြီး ဝမ်းသာအားရမိတာက လူတိုင်း သဒ္ဓါတရားတွေ တိုးကြရတယ်၊ ရှေးက ဒီလိုသဒ္ဓါတရားမျိုး မဖြစ်ဖူးကြပါဘူး။ ခိုင်မာတဲ့ဗုဒ္ဓဘာသာတွေ ဖြစ်သွားပြီလေ။

ခင်သိန်းလို ဒုက္ခိတသတ္တဝါတွေအဖို့ ဒီနည်းက ပိုပြီးအကျိုး ရှိသွားတာပေါ့လေ။

ကဲ--ဦးပဥ္စင်းတို့လဲ နိမိတ်တွေကောင်းပြီး ဖူးချင်တဲ့ဘုရား တွေလဲ ဖူးပြီးကြပြီ။ ဒီနေ့ ' လုံးစုံလင်းရာ တ-၌သာ' တတိယနည်း တက်ပေးမယ်။

*****

## (၇)–လုံးစုံလင်းရာ တ–ဒ္ဓသာ

သဗ္ဗကာယ ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။
သဗ္ဗကာယပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

ယောဂီအများအားဖြင့် ဥဂ္ဂဟနိမိတ်ကနေ ပဋိဘာဂနိမိတ်ထဲ ရောက်လာကြပြီ။ ပဋိဘာဂနိမိတ်အလင်းအားနည်းသေးတဲ့ပုဂ္ဂိုလ်များ ရှေးကအတိုင်းပွားပြီး နိမိတ်သန်သန်ရအောင် လုပ်ရမယ်။

တကယ်တော့ ဒီတတိယနည်းရောက်ရင် ဂဏနာ-ရေတွက်ဖို့ မလိုတော့ဘူး၊ နိမိတ်ကို မလွှတ်တမ်းလိုက်ပြီး ဖွဲ့ချုပ်ဖမ်းတဲ့ အနုဗန္ဓနာနှင့် ထိသိ ဖုသနာ ၂- ခုနှင့်ပဲ သွားရမှာ။ အဲသလိုသွားနိုင်အောင် ၊ ဝါရ်ရေ ဝါရ်မှတ်လွှတ်ပြီး သွားနိုင်အောင် ပိုပြီး ကြိုးစားကြရမှာ။

### ကြောင့်ကြမစိုက်ဘဲ သိရှိသိ

ဒီမှာ ဦးပဥ္ဇင်းတို့ သတိထားမိမှာပါ၊ တတိယနည်းပြတဲ့ ပါဠိတော်ဟာ အရင်ပထမ ဒုတိယနည်းတွေတုန်းကလို အဿသတိ၊ ပဿ

## ယခုအခါ
## ဈာန်အဘိညာဉ်တွေရနိုင်ပါသလား

ဒီနေရာမှာ မေးစရာရှိပါတယ်၊ ဒီဈာန်အဘိညာဉ်တွေဆိုတာက ယခုအခါ ရနိုင်ပါသလားလို့ မေးစရာရှိပါတယ်။ ရနိုင်ပါတယ်လို့ပဲ ဖြေရပါမယ်၊ ဘာ့ကြောင့်လည်းဆိုရင် မရနိုင်ဘူးလို့လည်း ပယ်မြစ်ချက်မရှိပါဘူး၊ ယခုတရားအားထုတ်နေကြတဲ့ အချို့ယောဂီတွေမှာလည်း ဒီလို အမြင်အကြားသဘောတွေ တွေ့နေကြပါတယ်၊ ဒါကြောင့်ပါပဲ၊ ဒါပေမယ့် အဘိညာဏ်ဆိုတာကတော့ အင်မတန်သမာဓိအားကောင်းမှ ပြည့်စုံတယ်၊ လွယ်လွယ်ကလေးတော့ မဟုတ်ဘူး။

(မဟာစည်ပဋိစ္စသမုပ္ပါဒ်တရားတော်၊ စာ-၁၅)

နာတိလောက်တွင် သာမန်မဟောဘဲ'အဿသိဿာမိ' ဆိုပြီး အနာဂတ် ဝိဘတ်နှင့်ဟောတယ်။ပြီးတော့ 'သိက္ခတိ-လေ့ကျင့်ရမယ်' လို့လဲ ဟောပြန်တယ်။

အဓိပ္ပါယ်ကတော့ ရှေ့မှာ ပညာစခန်းတက်တော့မှာမို့ ဒီ တတိယအဆင့်ကတည်းက အသိဉာဏ်ဖြစ်ပွားအောင် ဝီရိယစိုက်ထုတ်ပြီး အထူးလေ့ကျင့်ရမယ်လို့ ဆိုလိုတာပါပဲ။ 'ထွက်လေ ဝင်လေ အစ အလယ် အဆုံး သုံးပါးလုံးကို သိသာထင်ရှားအောင် ရှုရှိုက်လေ့ကျင့်ရမယ်' ပေါ့။[ဝိသုဒ္ဓိမဂ်-၂၆၆။ ဋီကာ-၃၂၂]

ဒီတတိယနည်းမှာ ကန္တီဆရာတော်ကြီးက 'သုံးချက်သိမှာ, တတိယာ' လို့ဆိုပြီး ၊လယ်တီဆရာတော်ကြီးကတော့ 'လုံးစုံလင်းရာ, တ-ဌ်သာ' လို့ ဆိုပါတယ်။

ပဋိဘာဂနိမိတ်-စတဲ့စာအဓိပ္ပါယ်တွေကို နောက်မှပြောမယ်။ လောလောဆယ် ဒီ တတိယနည်းမှာ 'သုံးချက်သိရပုံ၊ အလုံးစုံ လင်းရပုံ' ရှုမှတ် ပွားများနည်း အရင်ပြောမယ်။

ထုံးစံအတိုင်း ပထမဆုံး နိမိတ်ရအောင်ပွား၊ ပြီးမှ ကြီးစေ, သေးစေ, နီးစေ, ဝေးစေ- ရပြီးသားဖြစ်နေအောင်လုပ်။ ဒီအဆင့်မှာ အထူးပြောဖို့တောင်မလိုတော့ဘူး။ ခိုင်းတိုင်း လွယ်လွယ်နှင့်မရသေးတဲ့ ယောဂီတွေအတွက် ပြောတာ။

နိမိတ်နောက် စိတ်က လိုက်ရှုလိုက်သွားတဲ့ အနုဗန္ဓနာ၊ သူ ထိရာအရပ်ဆိုတာ ဒီနှာသီးဖျားမဟုတ်တော့ဘူး။ အဲ-သူထိရာအရပ် ဆိုတဲ့ ဖုသနာနှင့် သိရမှာပဲ။ ပဋိဘာဂရောက်လာပြီးဖြစ်လို့ စိတ်ကို နိမိတ်ထဲမှာ သွင်းထားပြီးသား။ အဲဒါ ထပနာပေါ့။

အထူးကြောင့်ကြစိုက်ပြီး 'ဒါ--အစ၊ ဒါ--အလယ်၊ ဒါ--အဆုံး' မှတ်နေစရာမလိုဘူး၊ အလိုလို သိသိသွားရုံ ကြည့်သွားရမှာပဲ။ မလွတ် တမ်းသိနေအောင် သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိမဂ္ဂင်နှင့် စောင့်ကြည့် သိရုံကလေး သိသွားဖို့ပဲ။

**စ--လယ်--ဆုံး**

**တွင်းပြင်, ထက်အောက်, ရှေ့နောက်, ဝဲယာ**

ကဲ---ပထမဆုံး နိမိတ်ကိုရအောင်ပွား။ ပြီးပြီလား?၊ နိမိတ်ကို သံပုရာသီးလုံးကြီးကြီးလောက် မျက်နှာရှေ့မှာထား။ လင်းပစေ၊ လုံးပစေ၊ အသက်မှန်မှန်ရှူပြီး ဖြည်းဖြည်းကလေး နှာခေါင်းဝကနေ အထဲကိုသွင်း၊ ဝင်လေ ရှိုက်လေနှင့် နှာသီးဖျားကနေ ရင်ချိုင့်၊ ရင်ချိုင့်ကနေ ချက်အထိ ဖြည်းဖြည်းချင်း ရှိုက်သွင်းချ။

ဒါ---'အဇ္ဈတ္တံ ဝါ ကာယေ'---အထဲသွင်းတာ၊ ဒုတိယနည်း တလျှောက်လုံး 'ဗဟိဒ္ဓါ ဝါကာယေ' အပြင်သွားတာ။

အဲဒီလို နှာခေါင်းကနေရင်ချိုင့်၊ ရင်ချိုင့်ကနေ ချက်ထိအောင် ဖြည်းဖြည်းချင်းရှိုက်သွင်းလိုက်တဲ့အခါ အသိကလေးက နှာသီးဖျားမှာ

စပြီးဝင်တာကိုလဲသိ၊ ရင်ချိုင့်ရောက်သွားချိန်လဲသိ၊ ချက်ရောက်တော့လဲ သိ၊ ဒါ အစ, ဒါ-အလယ်, ဒါ-အဆုံး' ကြောင့်ကြစိုက်နေဖို့လဲမလိုဘူး၊ စိတ်က, နှုတ်က ရွတ်နေဖို့လဲမလိုဘူး။ အနုဗန္ဓနာ, ဖုသနာနှင့်အသာ ကလေး ကပ်လိုက်သွားရုံပဲ။

တမင်ကြောင့်ကြစိုက်ပြီး၊ အစ-အလယ်-အဆုံး လုပ်နေရင် စိတ်ပျံ့ထွက်သွားပြီး သမာဓိမရနိုင်ဘူး၊ ကိုယ်ရောစိတ်ရော ပင်ပန်းမယ် တုန်လှုပ်မယ်၊ ဒါကို--ပဋိသမ္ဘိဒါမဂ်ပါဠိတော်(၁၆၅)နှင့် ဝိသုဒ္ဓိမဂ်(၂၇၂) မှာရော ---

'တဿ အနုဗန္ဓနာယ မနသိကရောန္တေန အာဒိ မဇ္ဈ ပရိ- ယောသာနဝသေန န မနသိ ကာတဗ္ဗံ'-အတိအလင်းမိန့် ဆိုထားတယ်။

ကဲ---ဒါက အဝင်ကိုသိပုံ၊ တစ်ခါ--ချက်တိုင်ကနေ ရင်ချိုင့်၊ ရင်ချိုင့်ကနေ နှာသီးဖျားရောက်အောင် ထွက်လေ-ရှူလေနှင့်ပြန်ပြီး တင်ပေး။ ဖြည်းဖြည်း မဂ္ဂင်စောင့်ပြီးတင်။

တင်တော့ကာ---ချက်တိုင်ကစပြီးတက်လာတာ၊ ရင်ချိုင့် ရောက်နေတာ၊ နှာသီးဖျားရောက်လာတာ စ-လယ်-ဆုံး ထင်ထင် ရှားရှား သိနေရမယ်။ ခန္ဓာကိုယ်ကြီးပေါက်သွားပြီထင်ပြီးလဲ ကြောက် မနေနှင့်ဦး။

အဲသလို နိမိတ်လုံးကလေးဆင်းသွား,တက်သွားရာ လမ်းတလျှောက်လုံး ကြည့်လိုက်တဲ့အခါ သွားလမ်းတစ်လျှောက်လုံး တိုးလျှိုပေါက်လင်းချင်းနေတာတွေ့မယ်။ လျှပ်စစ်ဘတ်သီးကလေး လက်သမားတွေသုံးတဲ့ 'ချိန်သီး'လို တဖြည်းဖြည်းကျကျသွားတာ၊ တက်တက်လာတာတွေလိမ့်မယ်၊ ဝမ်းပိုက်တစ်ခုလုံး ဟင်းလင်းဖြစ်သွား သလိုလဲဖြစ်ရတတ်တယ်။

'ဒါဆိုရင် သဗ္ဗကာယ ပဋိသံဝေဒီ' 'လုံးစုံလင်းရာ,သုံးချက် သိမှာ' ဆိုတာ နားလည်သွားပြီပေါ့။

[မှတ်ချက်။ ။ အစ၌သာ သိသူ-**အာဒိလဒ္ဓ**၊ အလယ်၌သာသိသူ-**မဇ္ဈေလဒ္ဓ**၊ အဆုံး၌သာသိသူ **အန္တေလဒ္ဓ** မဖြစ်ဘဲ၊ စ-လယ်-ဆုံး သုံးဌာနလုံး သိသူဖြစ်ရမယ်။ ဝိသုဒ္ဓိမဂ်-၂၆၅။ ဋီကာ-၁၊၃၂၁။]

## ခြေဆုံးခေါင်းဆုံး

ကဲ---ဒါနိုင်ပြီဆိုရင် တစ်ဆင့်တက်မယ်၊ နိမိတ်ကိုရအောင် ပွား၊ လက်ဖက်ရည်ပန်းကန်လုံးလောက် အလုံးဖြစ်စေ၊ မီးချောင်း လုံးလောက်အချောင်းဖြစ်စေ နိမိတ်ကိုရအောင်ပွားထား၊ ပြီးရင် ခေါင်းပေါ် တည့်တည့်တင်ထား၊ ခန္ဓာကိုယ်ထဲ ဖောက်ရမှာနော်---။

တဖြည်းဖြည်း ငယ်ထိပ်ဆံစ,ကနေပြီး ဝင်လေ ရှိုက်လေနှင့် တဖြည်းဖြည်းဖောက်သွင်း။

ဆံဖျားအစ၊ ရင်ချိုင့်အလယ်၊ ခြေဖျားအဆုံး၊ တစ်ခါ-ခြေဖျားကနေ ဆံဖျားထိ ထွက်လေနှင့်ပြန်ပြီး ဆင့်ကာ ဆင့်ကာ ပြန်တင်။ အဝင်,အထွက် စ-လယ်-ဆုံး သုံးချက်သုံးလဲ သိပစေ။

*မှတ်ချက်။ ။နှာဖျားမှ ချက်ကား သိမြင်ကာမျှ ပဋိသံဝေဒီသာ အတ္တကွရဖြစ်သေးသည်။ ဆံစမှ ခြေဖျားရောက်မှ သဗ္ဗကာယ၏ အတ္တကွရ ဖြစ်သည်။*

အဲဒီအခါခန္ဓာကိုယ်ဝမ်းဗိုက်ထဲမှာ မီးချောင်းကြီးထွန်းထားသလို တိုးလျှိုပေါက် လင်းနေလိမ့်မယ်။ ဗိုက်ထဲက ကိုယ်အင်္ဂါကလီစာတွေကို မြင်ရတယ်။ ဒါပေမယ့်---အဲဒါတွေကြည့်မနေရဘူး။ ဒါ---ပြီးရင်---

"အထက် ၁၂-တောင်အစ၊ ရင်ချိုင့်အလယ်၊ အောက် ၁၂-တောင် အဆုံး။"

ဒီနေရာမှာ မြေကြီးထဲ ၁၂-တောင်ထိအောင် နိမိတ်ကို ပို့ရမှာ၊ အလုံးကူ အနေတော်ပေါ့။ နေတွေ လတွေ အရာအထောင် ထွက်နေပေမယ့်၊ နံရံတွေ အကာအရံတွေဖောက်ပြီး မလင်းနိုင်ဘူး။ မြေကြီးထဲ ဖောက်ပြီးလင်းဖို့ဆိုတာ သာပြီးမဖြစ်နိုင်ဘူး မဟုတ်လား။

ဒါပေမယ့် မြတ်စွာဘုရားရှင်ရဲ့ အစိန္တေယျ တရားအလင်းရောင်ကတော့ နှစ်သိန်းလေးသောင်းအထုရှိတဲ့ မဟာပထဝီမြေကြီးလဲ ဖောက်သွားနိုင်တာပဲ။

## မြေပြိုမှာစိုးလို့

အဲ--တစ်ခုတော့ရှိတယ်။ အလင်းနိမိတ်လုံးက အောက်မြေကြီးထဲ ၁၂-တောင်လောက် ဖောက်ပြီးဝင်သွားတော့ ကိုယ့်ကမ္ဘဌာန်းကျောင်းကလေး ပြိုကျသွားပြီထင်ပြီး ထပြီး ထွက်ပြေးတတ်တယ်။ ခိုချောင်းရွာက မိညို(ယောဂီဒေါ်ညို) ကျောင်းကလေးပြိုကျသွားပြီထင်ပြီး အပြင်ထွက်ပြေးတာ၊ 'မပြိုပါဘူး။ ဘာမှကြောက်စရာမရှိဘူး' လို့အားပေးမှ ဆက်ထိုင်တော့တယ်။

* အထက်အတောင် ၅၀၊ ၁၀၀ အစ၊ ရင်ချိုင့်အလယ်၊ အောက်အတောင် ၅၀၊၁၀၀ အဆုံး။
* အထက်အတောင် ၅၀၀၊၁၀၀၀ အစ၊ ရင်ချိုင့်အလယ် အောက် အတောင် ၅၀၀၊ ၁၀၀၀ အဆုံး။
* အထက်ဘဝဂ်(မမြင်ရတဲ့ကောင်းကင်)အစ၊ ရင်ချိုင့်အလယ်၊ အောက် အာကာသ-အဆုံး(မြေအောက်ရေ ရေအောက်လေ၊ အာကာသ)။

ဒါလဲ ခန္ဓာကိုယ်ဝမ်းဗိုက်ထဲက ဖောက်သွားရမှာချည်းပဲ။ ဒါကအတွင်းနှင့်အပြင်၊ အထက်နှင့်အောက်၊ နောက် ---

* ဘယ်ဘက် ၁၂-တောင်အစ၊ ရင်ချိုင့်အလယ်၊ ညာဘက် ၁၂-တောင်အဆုံး၊ (ဘယ်ဘက် ညာဘက် စကြဝဠာ တံတိုင်းအထိ သွား။)
* ရှေ့နောက်လဲ သည်အတိုင်းပဲ။

'အဇ္ဈတ္တံဝါ---ဗဟိဒ္ဓါဝါ ကာယေ ကာယာနုပဿီ, လို့ဟော တော်မူတာ ဒါကိုပြောတာ၊ မဟာဝါနှင့် ပဏ္ဏာသအဋ္ဌကထာကြီးတွေ မှာလဲ 'အပရာပရံ သဉ္စရဏကာလေ - အဆက်မပြတ်၊ ထက်အောက် ပြန်လှန်သွားရမယ်--တဲ့။ (ဒီ၊ ဋ၊၂ ၃၅၅။ ဒီ၊ ဋ္ဌီ၊ ၂။၃၀၁။)

## နဂါးပြည်နှင့် ငရဲဘုံရောက်သူများ

မြတ်စွာဘုရားရှင် တရားတော်တွေက ယုံနိုင်စရာမရှိလောက် အောင် ဆန်းကြယ်တာ--

* ဧဝံ ဗုဒ္ဓါ အစိန္တိယာ၊
ဗုဒ္ဓ ဓမ္မာ အစိန္တိယာ။

ဒါတွေ ဒီလိုလုပ်လို့ရတယ်။ ဘုရားတွေ ဒီလိုဒီလို ဖူးရတယ် ဆိုတာ ယုံစရာမရှိဘူး။ ဘုန်းကြီး အနှစ် ၃၀ ရှိပြီ တောထဲမှာတရားပြ လာတာ။ စောစောကတော့ ဒါတွေ ဘယ်သူ့မှမပြောကြနှင့်လို့ ပိတ်ခဲ့ ရတယ်။ သဒ္ဓါတရားမရှိတဲ့လူတွေ ငရဲကြီးကြမှာစိုးလို့။

ဟို မနှစ်က ရန်ကုန်၊ မှော်ဘီမြို့၊ လှပဒါးရွာ ဦးသုစိတ္တ--- ဘုန်းကြီးတပည့်ကြီးပါပဲ။ အဲဒီ ဦးသုစိတ္တကျောင်းမှာပြတော့ ဓမ္မာစရိယ ခေတ်ပညာတတ်တွေပေါ့။ လူ ၄၀ ကျော် ၅၀ ရှိတယ်။

အဲဒီထဲမှာလဲ နိမိတ်အမြင်သန်တဲ့ ယောဂီတွေ၊ ဝိပဿနာ အားကောင်းတဲ့ယောဂီတွေ တော်တော်များများပါတယ်။ ဦးသန်းအောင်တို့ ဦးစောသာယံတို့ ဦးထွန်းရွှေတို့ မောင်ဌေးလှိုင်တို့ အကုန်အကျခံပြီး လုပ်ရှာကြတာ။ အတော်လဲ ကျေးဇူးများသွားတယ်။

အဲဒီတရားစခန်းကစပြီး ဘုန်းကြီးလဲ သိပ်ပြီး မပိတ်ပင်တော့ပါဘူး။ မပိတ်ပင်တဲ့အပြင် ခေတ်ပညာတတ်-စာတတ်ပေတတ် ဦးပဥ္စင်းတွေ၊ သီလရှင်တွေ ယောဂီတွေ အားလုံး သမထရော၊ ဝိပဿနာပိုင်းပါ ကိုယ်တွေ့မှတ်တမ်း အသီအသီးရေးကြရမယ်-လို့ ဘုန်းကြီးကခိုင်းလို့ အားလုံးရေးထားကြပြီး ဘုန်းကြီးကို ကပ်ထားကြတယ်။

ဒီလိုမှ လုပ်မထားရင် တရားတွေက နှမြောစရာကြီးဗျာ။ သိတဲ့လူ၊ မြင်တဲ့လူ၊ မှန်တဲ့လူကပဲ အရှုံးပေးရမလိုဖြစ်နေပြီ၊ တရားတွေ ကွယ်တယ်ဆိုတာ ဒီလိုကွယ်တာပဲ။

## ဘုရားတောင် သက်သေရှိမှ ဖြစ်

မြတ်စွာဘုရား တောင်မှ သက်သေမရှိရင် မဟောဘူး ဦးပဥ္စင်းတို့ရဲ့။

တစ်ခါက အရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးနှင့် အရှင်လက္ခဏတို့ ဂိဇ္ဈကုဋ်တောင်မှာ သီတင်းသုံးပြီး ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံကြွဖို့ တောင်ပေါ်က ဆင်းလာကြသတဲ့။

လမ်းခုလတ်ရောက်တော့ အရှင်မောဂ္ဂလာန်ကပြုံးတော်မူတယ်။ ဒါကိုသိလို့ အရှင်လက္ခဏာက 'ဘာကြောင့်ပြုံးတော်မူပါသလဲ' လျှောက်တယ်။ ဒီတော့ အရှင်မောဂ္ဂလာန်က 'ငါ့ရှင်၊ အခု မမေးနှင့် ဘုရားရှင်ရှေ့တော်မှောက်ရောက်မှ မေးပါ--' တဲ့။

ဒီလိုနှင့် ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံ ဆွမ်းစားပြီးလို့ ဝေဠုဝန်ကျောင်းတော် ဘုရားရှင်ထံမှောက်ရောက်ကြလို့ အရှင်လက္ခဏာက ထပ်ပြီးမေးတော့ ဂိဇ္ဈကုဋ်တောင်အဆင်း ကောင်းကင်ထဲမှာ နွားသတ်သမား အရိုးစု၊ အသားစု ပြိတ္တာကြီးတွေ ကျီးကန်းသိန်းစွန်တွေ နောက်ကလိုက်ပြီး ဆိတ်ကြဆွကြလို့ အော်မြည်ပြီးပြေးနေကြရရှာတာ အရှင် မောဂ္ဂလာန်က မြင်တော်မူတာကိုး။

'သြော်--ဒီသတ္တလောကကြီးထဲမှာ ဒီလိုဆန်းကြယ်တဲ့ အတိဒုက္ခရောက်နေတဲ့သတ္တဝါ အထူးအဆန်းတွေလဲ ရှိပါသေးကလား'လို့ သံဝေဂဖြစ်တော်မူတယ်။ ဒီအကြောင်းကို မြတ်စွာဘုရားရှင်ရှေ့မှာ အရှင်လက္ခဏာကို အရှင်မောဂ္ဂလာန်က ပြောပြတာ။

ဒီတော့မှ မြတ်စွာဘုရားရှင်က ရဟန်းတော်တွေကို ဆက်ဟောတယ်။

'စက္ခုဘူတာ ဝတ ဘိက္ခဝေ သာဝကာ ဝိဟရန္တိ၊ ဉာဏဘူတာ' 'မျက်စိအမြင် ဉာဏ်အမြင်ရှိတဲ့ အရှင်မောဂ္ဂလာန်လိုတပည့်သာဝကကြီးတွေ ထွက်ပေါ်လာမှကိုး' ဆိုပြီး ဝမ်းမြောက်တော်မူတာ။ဆက်ပြီးဟောတယ်။

'ချစ်သားတို့ ငါဘုရားလဲ လောကကြီးထဲမှာ ဒီလိုဆန်းကြယ်တဲ့ သတ္တဝါတွေ ဟို--အစောကြီးကတည်းကမြင်ခဲ့တယ်။ ဒါပေမယ့် ဘယ်သူ့ကိုမှ မပြောခဲ့ဖူးဘူး--တဲ့။ ဘာလို့လဲဆိုတော့ ---

'အဟာဋ္ဌေတံ ဗျာကရေယျံ- ငါပြောရင်လဲပဲ' တဲ့၊ 'ပရေစ မေ န သဒ္ဒဟေယျုံ- ယုံကြမှာမဟုတ်ဘူး' -တဲ့၊ မယုံတော့ ဘာဖြစ်မယ်ထင်သလဲ? ယေ မေ န သဒ္ဒဟေယျုံ - တေသံ တံ အဿ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယ-မယုံတဲ့လူတွေ တစ်သံသရာလုံး ဒုက္ခရောက်ကုန်ရှာကြမှာပေါ့---တဲ့။ (သံ-၁၊၄၄၆။ လက္ခဏသံယုတ်၊ အဋ္ဌိသုတ်၊ ပေသိသုတ်-စသည်။)

## တွေ့များ အိုးပါပြီ

ဘုန်းကြီးလဲ ခုတော့ ဦးပဥ္စင်းတို့လို လောကုတ္တရာစာရော၊ လောကီပညာတွေရော တတ်တဲ့ပုဂ္ဂိုလ်တွေပေါ်လာပြီဆိုတော့ ခပ်တိုးတိုးတော့ ပြောရမှာပဲ။ စောစောကဆိုရင် 'ဘယ်သူယုံယုံ၊ မယုံယုံ၊ ငါ့ဘက်က ခင်သိန်းတစ်ယောက်ရှိတယ်' ဆိုပြီး နေခဲ့တာ။

လှပဒါး တရားစခန်းတုန်းက ကိုယ်တွေ့ရေးကြရမယ်ဆိုတော့ မဟာသန္တိသုခ ပြည်ပသာသနာပြုကျောင်းက၊ အခု ထိုင်ဝမ်သွားပြီး သာသနာပြုနေပြီ ပြောတာပဲ။ ဓမ္မာစရိယ ဦးဝေပုလ္လလဲ တရားစခန်းမှာပါတယ်။ သူကဘုန်းကြီးဖြစ်နေပေမယ့် နတ်တို့ ပြိတ္တာတို့ နဂါး ဝဠုန်တို့ ဒါတွေရှိတာ သူမယုံဘူးတဲ့။ သူ့ဟာသူဝန်ခံရေးတာ ဖတ်ရတာပါ။

သူတို့ဆရာ စက်ာပူဆရာတော်ကြီး ဦးပညာဝံသလွှတ်လို့သာ၊ ဒီတရားလဲ သူက သိပ်ယုံတာမဟုတ်ဘူး။ ဘုန်းကြီးမြေး မွှာစရိယ (B.Sc)မောင်ပရမတို့လဲ ပါတယ်။ ခု ထိုင်ဝမ်ရောက်နေတဲ့ ဦးဇင်္ဂလ တို့ရော၊ မဘဒ္ဒ တို့၊ မဓမ္မ တို့ သီလရှင်လေးတွေလဲ ပါတယ်ပေါ့။

## ထိုင်ဝမ် ဦးဝေပုလ္လနှင့်ဦးလှရွှေ

အဲဒီမှာ ဦးဝေပုလ္လက နဂါးပြည်ကစွယ်တော်လဲဖူးရတယ်၊ ငရဲ ပြည်တွေ ဘာတွေလဲ သူရောက်သွားတယ်---တဲ့။ ခုတော့ သူ ယုံပါပြီ လို့ ရေးတယ်။ သူ့စာဖတ်ရတော့ ဘုန်းကြီးလဲ ဝမ်းသာရပါတယ်။ ဦးဝေပုလ္လတို့လို စာတတ်တဲ့ပုဂ္ဂိုလ်တွေ အမွေပေးချင်တာပါ။

ဘုန်းကြီး ပခုက္ကူမှာနေတုန်းက ဥပုသ်နေ့ဆိုရင် သံဃာတွေကို ဆရာတော်သုန်(အဘိဓ)တို့၊ ညောင်တုန်းဆရာတော်ခေါ်တဲ့ ဆရာတော်နန်တို့က တစ်လှည့်စီ ဩဝါဒပေးတယ်၊ ဆရာတော်နန် အလှည့်ရောက်ပြီလားဆိုမှ ဖြင့်-

'မောင်ပဥ္စင်းတို့၊ တို့များအိုပါပြီ။ သာသနာက မောင်ပဥ္စင်းတို့ လက်ထဲမှာပဲ။ မောင်ပဥ္စင်းတို့ကိုပဲ အားကိုးရမှာ၊ လွှဲခဲ့ရမှာ၊ တို့များ-- အိုပါပြီ-မောင်ပဥ္စင်းတို့'-တဲ့။ ဘုန်းကြီး ကြားယောင်မိသေးတယ်။

ခုလဲ-ဘုန်းကြီးလဲအိုပါပြီ-မောင်ပဥ္စင်းတို့၊ မောင်ပဥ္စင်းတို့ကိုပဲ အားကိုးရမှာ။ ကြိုးစားကြပါ။

နောက်တစ်ယောက်ကတော့ ဘုန်းကြီးတောရကျောင်းကို ရန်ကုန်ကလာပြီးတရားအားထုတ်တဲ့ ဒကာကြီးဦးလှရွှေ(အောင်သိပ္ပံလမ်း၊ သမိုင်း)။ သူလဲ ဘုန်းကြီးဆီ ကျိုးကျိုးစားစားလာပြီး အားထုတ်တာ။ သမထရော, ဝိပဿနာရော ကောင်းပါရဲ့။

ဦးလှရွှေလဲ နဂါးပြည်ရောက်ပြီး စွယ်တော် ဆံတော်တွေ ခမ်းခမ်းနားနား ပူဇော်ထားတာ ဖူးရသတဲ့။ ဘုန်းကြီးက ဒါတွေကို ဘယ်သူ့မှ မခိုင်းပါဘူး။ သူတို့လဲ တမင် နဂါးပြည်သွားတာတော့မဟုတ်ဘူး။ နိမိတ်ကို အောက်အာကာသလွှတ်တဲ့အခါ ရေထုကိုဖောက်ပြီးမှ သွားရတာကို၊ အဲဒီရေထုထဲမှာ တစ်စုံတစ်ယောက်က ခေါ်သွားလို့ ပြောတာပါပဲ။

နိမိတ်က လမ်းလွဲသွားတာ ချော်သွားတာလဲဖြစ်တတ်ပါတယ်၊ နဂါးပြည်၊ နဂါးဆိုတာလဲ မြွေကြီးတွေမဟုတ်ဘူး၊ နတ်တွေလိုပဲ ကြီးကျယ်တဲ့ဗိမာန်တွေ၊ စည်းစိမ်တွေ ခံစားနေကြရတဲ့သူတွေပါပဲ။

နဂါးပြည်မှာတည်ထားပူဇော်တဲ့ ဓာတ်တော်စေတီကလဲ အဆန်းတကြယ်ပူဇော်ထားတာ၊ လူ့ပြည်လို လျှပ်စစ်မီးတွေ ဘာတွေ လိုတာမဟုတ်ဘူး၊ အမြဲလင်းထိန်နေတဲ့ ကျောက်ကြီးတွေထွန်းထားတာ၊ နတ်ပြည်က စူဠာမဏိလို ခမ်းနားတယ်၊ ဖူးလို့မဝဘူးတဲ့-ဦးလှရွှေက လျှောက်တာ။

အဲဒီကပြန်လာတော့ လမ်းမှာ တစ်ယောက်ကပြလို့ ငရဲ ပြည်လဲရောက်ခဲ့သတဲ့။ ဘယ်မကောင်းမှုလုပ်လို့ ဘယ်ငရဲခံရတယ် ဆိုတာပါ သူက အသေးစိတ် လျှောက်တယ်။

## ငရဲနှင့်နတ်ပြည်ပြပြီး တရားဟောသူ

နတ်တွေ နဂါးတွေ မြတ်စွာဘုရားရှင်ရဲ့ဓာတ်တော်မွေတော် တွေ ခမ်းခမ်းနားနား မြတ်မြတ်နိုးနိုး ပူဇော်ထားတာတွေ ဖူးရတော့ အရဟံဂုဏ်တော်ကြီး ကြည်ညိုရ၊ သဒ္ဓါတရားတွေ တိုးတာပေါ့။ ငရဲကို တွေ့တော့လဲ သံဝေဂ ရတာပေါ့လေ။

တကယ်တော့ ဒါတွေဟာ လောဘ ဒေါသမကင်းသေးတဲ့ ပုထုဇဉ်တွေအဖို့ မကြည့်သင့်ဘူး၊ စိတ်မနိုင်နိုင်ဘူး၊ ဆရာသမားဆီမှာ တွေ့တာဆိုတော့ တော်သေးတာပေါ့။ ကိုယ့်ဟာကိုယ်ဆိုရင် အန္တရာယ် ကြီးတယ်။ ဒါကြောင့် မြတ်စွာဘုရားက-ဥပရိပဏ္ဏာသ၊ ဥပက္ကိလေသ သုတ်မှာ ဒိဗ္ဗစက္ခုမှာ တေဒင်္ဂတောင်မှရတဲ့ အရှင်အနုရုဒ္ဓါနှင့်စပ်ပြီး

'အတိ နိဇ္ဈာယိတတ္တံ ရူပါနံ စိတ္တဿ ဥပက္ကိလေသော-ဗဟိဒ္ဓ အာရုံတွေ တစိမ့်စိမ့် ကြည့်နေရင် စိတ်ညစ်ညူးတယ်'လို့ ဟောတော်မူတာကို၊ ဝိသုဒ္ဓိမဂ်မှာလဲ အန္တရာယ်များလို့ ဝိပဿနာ မြန်မြန်တက်ရမယ်လို့ ပြောတာပေါ့။

ကောင်းတဲ့ဘက်ကပြောရင်လဲ ရှိတော့ ရှိသေးသပေါ့။ ဟိုး-ရှေးက သီဟိုဠ်ကျွန်းမှာ ဓမ္မဒိန္န မထေရ်ခေါ်တဲ့ ရဟန္တာအရှင်မြတ်ကြီး တစ်ပါး ရှိခဲ့ဖူးတယ်။

ပရိသတ်တွေကို မူလပဏ္ဏာသမှာပါတဲ့ အပဏ္ဏကသုတ်ကို ဟောတော်မူတဲ့အခါ ကိုင်ဆောင်ထားတဲ့ယပ်တောင်ကို အောက်ဖက် ထိုးပြလိုက်ရင် ပရိသတ်တွေအားလုံး ငရဲပြည် အဝီစိအထိ တိုးလျှိုပေါက် ဒုက္ခရောက်နေတာ မြင်ကြရသတဲ့။

တစ်ခါ ယပ်ကို အပေါ်ထောင်ပြလိုက်ရင်လဲ နတ်ပြည် ၆-ထပ်၊ ဗြဟ္မာ ၂၀ အကုန်လုံးမြင်ကြရသတဲ့။ အဲသလို လက်တွေ့ပြ ဟောလိုက်တော့ လူတွေဟာ အားလဲကျ၊ သံဝေဂလဲရပြီး အကျွတ်တရား ရလွယ်ကြတယ်တဲ့။(ဝိသုဒ္ဓိမဂ်-၂၂၂၁။)

## နိမိတ်ကို ချဲ့ပြီး ပွားသင့်၊မပွားသင့်

ဦးပဥ္စင်းတို့လဲ ဟိုဟာ ဒီဟာတွေ မကြည့် မမြင်ချင်ကြပါနှင့်ဦး၊ အရှင်ဓမ္မဒိန္နမထေရ်ကြီးလို အဘိညာဉ်ရအောင်လုပ်ကြပေါ့။

မှတ်ချက်။ ။ ဝိသုဒ္ဓိမဂ်(၁၀၈-၉)မှာ ကမ္မဋ္ဌာန်း ၄၀-တို့တွင် ကသိုဏ်း ၁၀-ပါး ကိုသာချဲ့ဖြန့်ပြီး နိမိတ်ပွားရမည်၊ပွားလျှင်လည်း ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ, ပရစိတ္တများဖြစ်နိုင်သည်။ ကျန်ကမ္မဋ္ဌာန်းများ နိမိတ်မချဲ့ပွားရ၊ အာနာပါနကိုချဲ့ပွားလျှင် လေတွေသာတိုးပွားလာ နိုင်၏-ဟုဆိုသည်။ မပွားရ။ သို့ရာတွင် တဆက်တည်းပြထားသော

'ပဋိဘာဂနိမိတ္တဥ္စိ ဝဓေ့တဗ္ဗံ နာမ ဘာဝေယျ' - ပဋိဘာဂကိုမူ ပွားရမည်ဆိုသောစကားနှင့်ကား ကိုက်ညီနေ၏။ ဒိဗ္ဗစက္ခုစသည်လဲ ဖြစ်လာနိုင်ကြောင်း တွက်ဆရသည်။ ဤ၌ လေကိုပွားတာမဟုတ်၊ နိမိတ်ကိုသာ ပွားခြင်းဖြစ်သည်။

ဦးပဥ္စင်းတို့၊ သီလရှင်ဆရာတွေ အဝေးကြီးကလာပြီး ခုလို အားထုတ်နေကြတာ ဝမ်းသာပါတယ်။ ဒါမှ တရားတွေမကွယ်ပမှာ၊ တရားတော်ကိုလဲ ပူဇော်ရာရောက်တယ်၊ ကိုယ့်ဟာကိုယ်လဲ ကယ်ဆယ်ရာရောက်တယ်။ သာသနာပြုရာလဲရောက်တယ်။ တရားတော်တွေ မကွယ် မပ-ရအောင် ထိန်းသိမ်းရာလဲရောက်တယ်။

## စကြာဝဠာတစ်ခုလုံး ရတနာတွေမှုံး

ဦးပဥ္စင်းတို့တတွေ အဲသလိုနတ်ပြည် ဗြဟ္မာပြည် နဂါးပြည်က စွယ်တော် ဆံတော် ဓာတ်တော် မွေတော်တို့ အရင်းအတိုင်း ဖူးကြရတာတွေလျှောက်တော့ ဘုန်းကြီးလဲ ကုသိုလ်တွေတိုးရ ဟို---မဟာပရိနိဗ္ဗာနသုတ်ကြီး၊ ဓာတ်တော်ဝေခန်းတွေပါ သတိရ၊ ကြည်ညိုရ၊ လွမ်းစရာကြီးပါပဲ။ စွယ်တော်လေးဆူနှင့်စပ်လို့ မဟာပရိနိဗ္ဗာနသုတ်မှာ-

> ဧကာ ဟိ ဒါဌာ တိဒိဝေဟိ ပူဇိတာ၊ (တာဝတိံသာမှာ စွယ်တော်တစ်ဆူ) ဧကာပန ဂန္ဓာရပုရေ မဟီယတိ။ (ဂန္ဓာရတိုင်းမှာတစ်ဆူ၊ တလောက စစ်ဖြစ်တဲ့ဒေသလို့ပြောတယ်။ အဲဒီအဆူ ဘယ်ရောက်နေတယ်မသိဘူး။) ကာလိင်္ဂရညော ဝိဇိတေ ပုနေ' ကံ။ (ကာလိင်္ဂတိုင်း၊ ဒန္တပူမြို့က စွယ်တော်

ကတော့ အခုသီဟိုဠ်မှာ။)ဂေါ် ပန နာဂရာဇာ မပေဟတိ။
(တစ်ဆူက ခုနကပြောတဲ့ နဂါးပြည်မှာ။)

ဦးပဥ္ဇင်းတို့ကြားဖူးပါတယ်။ ဒေါဏပုဏ္ဏားကြီး ဓာတ်တော်တွေဝေတော့ ဆံပင်ထဲမှာ စွယ်တော်တစ်ဆူဝှက်ထားတာကို သိကြားမင်းက သူမသိအောင် ပင့်သွားတာ။ ခု ဦးပဥ္ဇင်းတို့ ဖူးရတဲ့စူဠာမဏိစေတီက စွယ်တော်ပေါ့။

နောက် စွယ်တော်တစ်ဆူကိုတော့ သူ့ခါးပိုက် ခါးပုံစထဲဝှက်ထားသတဲ့၊ အဲဒါလဲ နဂါးမင်းက ပင့်ဆောင်ပြီးကိုးကွယ်နေတာ။

တခြား မြတ်စွာဘုရားရှင်ကိုယ်တော်မှ ပြိုကွဲမသွားတဲ့ (အသမ္ဘိန္န)ဓာတ်တွေရှိသေးတယ်။ နဖူးသင်းကျစ်တော်, ညှပ်ရိုးတော် အခု သီဟိုဠ်မှာ။ နောက်ပြီး သွားတော် ၄၀-ဆံတော်မွေးညှင်းတော်-ဒီအတုမရှိ တန်ဖိုးမဖြတ်နိုင်တဲ့ဓာတ်တော် မွေတော်တွေကို နတ်ဗြဟ္မာတွေက စကြဝဠာအနှံ့ ဖြန့်ဝေပင့်ဆောင်ပြီး ပူဇော်ကြတာဗျာ့။

ဦးပဥ္ဇင်းတို့ ဒါတွေဖူးရတာ နည်းတဲ့ကံလား။

* စတ္တာလီသ-သမ ဒန္တာ၊
ကေသာ လောမာစ သဗ္ဗသော။
ဒေဝါ ဟရိံသု ဧကေကံ၊
စက္ကဝါဠ ပရမ္ပရာ။
(မဟာပရိနိဗ္ဗာနသုတ် နိဂုံး။)

* တသောဝ တေဇနေ အယံ ဝသုန္ဓရာ၊
အာယာဂသေဋ္ဌောဟိ မဟီ အလက်တာ။

အဲသလို တန်ဖိုးမဖြတ်နိုင်တဲ့ ခါတ်တော် မွေတော်တွေနဲ့. ဦပဥ္ဇင်းတို့ ဘုန်းကြီးတို့နေတဲ့ ကမ္ဘာမြေပြင်ကြီးတစ်ခုလုံး၊ စကြဝဠာကြီး တစ်ခုလုံး အထွတ်အမြတ်တွေနှင့် ဖုံးလွှမ်းပြီး တန်ဆာဆင်ထားတာ-တဲ့ဗျာ့--။

သံဂါယနာတင်တော်မူသွားကြတဲ့ ရဟန္တာအရှင်မြတ်ကြီး တွေက မဟာပရိနိဗ္ဗာနသုတ်မှာ မှာသွားရှာကြတာနော်---။

* တံ ဝန္ဒထ ပဥ္စလိကာ လဘိတွာ၊
ဒါလောက် တန်ဖိုးရှိတာတွေ 'လာဘာနုတ္တရိယ' ရနေမှ၊ လက် အုပ်ချီမိုး ရှိခိုးရစ်ကြ-တဲ့။ ဘာ အပန်းကြီးလို့လဲ၊ တစ်ကြိမ်ရှိခိုး ကမ္ဘာ တစ်သိန်း အပါယ်မလားဘူး--တဲ့။ ဘာလို့ရှိခိုးရစ်ကြ မှာတော်မူကြရ တာတုန်းဆိုတော့ ကြည့်စမ်းလေ--။

* ဗုဒ္ဓေါ ဟဝေ ကပ္ပသတေဟိ ဒုလ္လဘောတဲ့။
ကမ္ဘာအသင်္ချေ နေပင်နေရသော်လဲ ဘုရားဆိုတာ ဖူးတွေ့ဖို့၊ ဘုရားသာသနာနှင့် ကြုံတွေ့ဖို့မပြောနှင့်၊ 'ဘုရား'ဆိုတဲ့ အသံကလေး တောင် ကြားရဖို့မလွယ်တဲ့အတွက် ရှိခိုးရစ်ကြ ခိုင်းရတာ---တဲ့။

ဦးပဥ္ဇင်းတို့ သိပ်ကိုက်ကောင်းတယ်နော်။

## ပါးဖောက် နားဖောက်

ဒီ တတိယနည်းမှာ 'ပါးဖောက် နားဖောက် လှိုးစား ဖြတ်စား' ဆိုတာ ကျန်သေးတယ်။ ဘုန်းကြီးတို့ အင်ချောင်ဆရာတော်ကတော့ ဒုတိယနည်း အဆုံးကတည်းက ဒါကိုပေးတာပါ။

'ပါးဖေါက် နားဖောက်' ဆိုတာလဲ နိမိတ်နိုင်ထားရင် မခက်တော့ပါဘူး။ ဒါမလုပ်ခင် နိမိတ်ရအောင်၊ အားကောင်းအောင်ပွား၊ ကြီးစေ၊ သေးစေ၊ ကောက်စေ၊ ကွေးစေ၊ နီးစေ၊ ဝေးစေ လေ့ကျင့်ပြီးရင် လွယ်တော့တာပါပဲ။

## ယမိုက်ပြာဋိဟာ သတိရဖွယ်

ဦးစွာ နိမိတ်ရပြီ၊ လင်းလဲလင်းတယ်ဆိုရင် မျက်နှာနှင့် အကွာအဝေး တစ်တောင်လောက်မှာ နိမိတ်ကိုထား၊ အရွယ်အစားကတော့ သံပုရာသီး အလုံးကြီးကြီးလောက်ဆို တော်ပြီ၊ အဝင်အထွက် ကြိုက်သလိုခိုင်းရုံပါပဲ။ ဥပမာ -

၁။ ဘယ်ဘက်မျက်စိကဝင် ညာဘက်မျက်စိက ထွက်၊
ညာဘက်မျက်စိကဝင်၊ ဘယ်ဘက်မျက်စိက ထွက်။

မှတ်ချက်။ ။ မျက်နှာရှေ့တစ်တောင်လောက်အဝေးခွာပြီး ဝိုက်ပြီး ဝင်ထွက်လုပ်ပါ။ အနီးကပ်ပြီး မသွင်းရ။

ဘယ်ဘက်နားဝင်---ညာဘက်နားထွက်။
ဘယ်ဘက်ပါးဝင်--- ညာဘက်ပါးထွက်။
ဘယ်ဘက်ပခုံးဝင်---ညာဘက်ပခုံးထွက်။

ဒီအခန်းရောက်တော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး တန်ခိုးပြတော်မူတဲ့အခါ မျက်စိ-နား တစ်ပေါက် တစ်ပေါက်စီက ရေအလျှံ၊မီးအလျှံတွေကွန့်မြူးတဲ့ ယမိုက်ပြာဋိဟာခန်းကို သတိရ ကြည်ညိုစရာပေါ့။

## လှီးစား ဖြတ်စား

'လှီးစား ဖြတ်စား' လဲ မခက်တော့ပါဘူး။ မခက်ဘူးဆိုလို့ မပေါ့နှင့်၊ ဒါတွေက သိပ်ပြီးအကျိုးရှိတာ၊ အသုံးတည့်တာ။ နောက် ဆက်ပြောမယ်။

လှီးစား ဖြတ်စားလုပ်တော့မယ်ဆိုရင် စောစောကလို နိမိတ် အားကောင်းအောင်လုပ်၊ တကိုယ်လုံး ခြုံငုံမိအောင် လင်ပန်းငယ် လောက်ဖြစ်စေ၊ သည့်ထက်ကြီးကြီး အိုးလောက်ဖြစ်စေ ခေါင်းပေါ် မှာ စိတ်ညွှတ်ထား။

ခန္ဓာကိုယ်ကြီးတစ်ခုလုံးကို ပျောက်သွားအောင် ဖြတ်စားသွား မှာ၊ မကြောက်နှင့်။ ဘုန်းကြီးတို့ ကန္တီနေတုန်းက 'ဘယ်သူဟာဖြင့် တစ် ကိုယ်လုံး ကျေပျောက် ပျက်စီးသွားအောင် လှီးစား ဖြတ်စားတတ်နေ ပြီ' ဆိုတော့ ကြားစက ကြောက်ရမလိုလိုဘဲ။ စုန်း နတ် ပယောဂလို ထင်တာကိုး။ အဲသလိုမဟုတ်ပါဘူး။

အဲ --- ခန္ဓာကိုယ်ကို စားတော့မယ်ဆိုရင် အသက်ကို ပုံမှန် ရှည်ရှည်ရှူပြီး ဝင်လေ ရှိုက်လေနှင့် အောက်ကို တဖြည်းဖြည်းဆွဲချ။ ခါးလောက်မှာခဏတန့်ပြီး အပေါ်ပိုင်းနှင့် အောက်ပိုင်း၊ စားပြီးသားနှင့် မစားရသေးတာ နှစ်ပိုင်းယှဉ်ကြည့်။

စားပြီးသားနေရာက မှန်တုံးလို, ရေခဲတုံးလို၊ ဝါဂွမ်းပုံကြီးလို ဖြစ်သွားပြီး၊ အောက်ပိုင်းကတော့ ပကတိအတိုင်းပဲပေါ့။ နောက် တဖြည်းဖြည်း ခြေဖျားထိ စား။

နောက်တစ်ကြော့ပြန်ပြီး ခြေဖျားကနေ ခေါင်းထိ တွက်လေ ရှုလေနှင့် ပြန်ထပ်စားသွား။ အသွားအပြန် သတိ၊ သမာဓိ၊ ဝီရိယ၊ မဂ္ဂင် စောင့်သွားရမှာ၊ တောက်လျှောက် အသိရှိနေရမယ်။

## လောကကြီးတစ်ခုလုံး သုည

ဒါက ထောင်လိုက်စားတယ်ခေါ်တယ်။ကန့်လန့်ဖြတ်လဲစားလို့ ရတယ်။ ခုနကလို နိမိတ်ကို ခေါင်းပေါ်မှာပဲထား၊ တဖြည်းဖြည်းချင်း ခေါင်းထိပ်ကနေစပြီး ကန့်လန့် ဘယ်ပြန် ညာပြန် လက်နှစ်လုံးလောက် လက်နှစ်လုံးလောက် စားစားပြီး အောက်ဆင်းခဲ့။

ခုနကလိုပဲ ခါးလောက်ရောက်တော့ ခဏရပ်ပြီး အထက်ပိုင်း ကိုယ်နှင့် အောက်ပိုင်းကိုယ်ကြီးနှစ်ခု နှိုင်းယှဉ်ကြည့်။

ဖြတ်ပြီး စားပြီးသားနေရာက အဝတ်ဖြူကြီးနှင့်ထုပ်ထား သလိုလို ရေခဲ နှင်းခဲကြီးလို ထင်ရတယ်။ တကယ်လို့ ခန္ဓာကိုယ် တစ် နေရာရာမှာ အဲသလို လင်းမနေဘူး၊ ခပ်မည်းမည်း ကျန်နေသေးတယ် ထင်ရင်အဲဒီနေရာမှာ ထပ်စား။

အစ အလယ် အဆုံး လွှတ်တဲ့နေရာမှာရော၊ ဒီလိုစား ဖြတ် စားမှာရော ခန္ဓာကိုယ်ကြီးတစ်ခုလုံး ဖန် သား မှန်သားနှင့်ထားတဲ့

လူ့ရုပ်ကြီးလို ထင်ရတယ်။ လူကောင်ကြီး ပျောက်ပြီး တစ်ကိုယ်လုံး လင်းချင်းနေတယ်။

ငယ်ထိပ်ကနေ ခြေဖျားထိ နိမိတ်သွင်းတဲ့အခါမျိုးဆိုရင် ရေတံလျှောက်ထဲ ရေတွေစီးဆင်းနေသလို၊ ရေတံခွန်ကြီး ကောင်းကင်ကနေ လူထဲဖြတ်သွားသလို တစ်လောကလုံး ဘာမှ အရာဝတ္ထုမရှိတော့ဘဲ လောကီသုညတ-ဆိုက်သွားတာကိုး။

## အလှုပ်ခွင် ဝေါဟာရများ

မှတ်ချက်။ ။ စ,လယ်,ဆုံး သုံးချက်မှတ်ရာတွင် ထင်မြင်ပုံ သုံးမျိုးအလိုက် အခေါ်အဝေါ် ဝေါဟာရလည်း သုံးမျိုးရှိ၏။

၁။ မဏ္ဍလုပဋ္ဌာန် - ခန္ဓာကိုယ်အလယ် မှန်တုံး မှန်တိုင်စသည်ကဲ့သို့ ထင်မြင်သူ။

( မဏ္ဍလ = ဗဟိုမဏ္ဍိုင်၊ ဥပဋ္ဌာန=ထင်မြင်ခြင်း။)

၂။ ဥပဗ္ဗုပဋ္ဌာန - ခန္ဓာကိုယ် ထက်ဝက်သာ တင်မြင်သူ။ ၁-၂ နှစ်မျိုးလုံး ကွင်းလုံးကျွတ်အောင်စား(ဥပဗ္ဗ-ထက်ဝက်)။

၃။ သကလုပဋ္ဌာန- ခန္ဓာကိုယ်ကြီး ဒြပ်သဏ္ဍာန် ကွယ်ပျောက်ပြီး စ,လယ်,ဆုံး ကောင်လုံးကျွတ် ထင်မြင်သူ။

(သကလ= အလုံးစုံ)။

တစ်ဖန် ထင်မြင်ပုံသုံးမျိုးရှိသကဲ့သို့ သက်ရောက်ပုံရပ်ဝန်းလည်း သုံးခုရှိပြန်သည်။ အလုပ်ဝေါဟာရကား-မဏ္ဍလ, အမုမဏ္ဍလ,

မဟာမဏ္ဍလ၊ သို့မဟုတ် ဩဒိ, အန္တော့ခ်ိ, အနန္တော့ခ်ိ။ (ဩဒိ-ရပ်ဝန်း, နယ်ပယ်။)

၁။ မဏ္ဍလ - ဩဒိ - (အပေါ်ကပြခဲ့သော) ထင်မြင်ခြင်းသုံးမျိုး ဆိုက်အောင် အားထုတ်ရှုပွားသူ။

၂။ အဏုမဏ္ဍလ-အန္တော့ခိ - မိမိခန္ဓာကိုယ်ကို အလယ်ဗဟိုပြု၍ ထက်အောက်, ရှေ့နောက်, ဝဲယာ ၁၂ တောင် အကွာအဝေး ပြု၍ ရှုပွားရာ အာကာသ ဂဂီမှ သက်တံ့တက်တံ့စီးနေသော ရေလုံး ရေဆိုင်ကြီးကဲ့သို့ တင်မြင်သူ။

၃။ မဟာမဏ္ဍလ-အနန္တော့ခိ-မိမိခန္ဓာကိုယ်ကို အလယ်ဗဟိုပြု၍ ထက်အောက်, ရှေ့နောက်, ဝဲယာ အထက်ဘဝဂ်၊ အောက် အာကာသ၊ ပတ်ဝန်းကျင် စကြ ဝဠာအထိ ရှုပွားရာ ဝါယော သံဝဋ္ဋ လေတိုက်ဖျက်ကြေမွ၍ စကြဝဠာ တိုးလျှိုပေါက် ထက် အောက် ကောင်းကင် တစ်ပြင်တစ်စပ်တည်းဖြစ်ကာ ကမ္ဘာ ပြုမှိုးရွာရာ၌ အဆီးအတားမရှိ အောက်ကောင်းကင်အထိ သက်ရောက်သည်ကို မြင်ရသကဲ့သို့ ထွက်ဝင်လေနိမိတ် အားလျော်စွာ ထင်မြင်သူ။

ထိုမဏ္ဍလ, ဩဒိသုံးမျိုးတို့တွင် မဏ္ဍလ, ဩဒိ အတွင်း၌သာ မိမိ၏ ပဋိဘာဂနိမိတ်ကို အမြဲထားပါ။ အဏု, မဟာမဏ္ဍလ, အန္တော့ခိ, အနန္တော့ခိတို့၌ကား နိမိတ်ကွန့်မြူး စူးစမ်းလေ့လာသမှုပြုရုံ ရံခါရံခါ မျှသာ ရှုကြည့်ပွားများပါလေ သူတော်ကောင်းတွေတို့၊ မဂ္ဂင်သုံးပါး အစောင့်လည်း မလွတ်ကြစေရာ။

**အမှီဆုရသူ ဒေါ်မြမြဝင်း**

ဒီ တတိယနည်းမှာ အထက်ဘဝင်၊ အောက် အာကာသ၊ ပတ်ဝန်းကျင် စကြဝဠာအထိ ဖြန့်ကျက်ပြီး ပဋိဘာဂနိမိတ်ကို စေစား တဲ့အခါ ခန္ဓာကိုယ် ဒြဗ်ဝတ္ထု ဆိတ်သုဉ်းသွားတယ်။ တိုးလျှိုပေါက် ဟင်း လင်းပြင်ဖြစ်နေတယ်။

ဒီလို ဘာလို့ရှုပွားရတာလဲဆိုရင် ဝိပဿနာသွားတဲ့အခါ သမာဓိ အင်အားတွေပိုကောင်းပြီး ရုပ်နာမ်အဖြစ်အပျက်တွေလဲ အလွန် ထင်လွယ် မြင်လွယ်တယ်။ ဒါကတော့ လောကုတ္တရာ အကျိုးကျေးဇူး ပေါ့။

ခု ပစ္စက္ခ လောကီအကျိုးကျေးဇူးလဲ များပါတယ်။ ဒါကို ဘုန်းကြီးက ပွင့်ပွင့်လင်းလင်း မပြောထားပေမယ့် ယောဂီတွေက သိနေ ကြတယ်လေ ---။

အဲသလို သိနေကြတာ အတူတူ ပြောရဦးမယ်။ အရင်ကလဲ ယောဂီတွေအများကြီးပါပဲ၊ ခုလောလောဆယ်အားဖြင့် ဒီတောရ ကျောင်းကို ရန်ကုန်က ဦးပဥ္စင်း လူ ယောဂီ ၂၀ ကျော်လာပြီး တရား အားထုတ်ကြတဲ့အထဲမှာ ဘာသာခြား ကုလားမကြီးတစ်ယောက်လဲ ပါတယ်။ အသက်က ၆၀ လောက်၊ နာမည်က ဒေါ်မြမြဝင်း --တဲ့။

ဒီ တတိယနည်း အားထုတ်တဲ့နေရာမှာ သူလဲ ထူးခြား မှတ် သားလောက်တဲ့ ယောဂီတပည့်မတစ်ဦးပဲ။ သူက မည့်ဘူး၊ လူ လောက မှာလဲ ဂုဏ်ရှိသိရှိ နေခဲ့တာ၊ သူ့ခင်ပွန်းဆုံးကတည်းက ခြေသလုံး အိမ်တိုင် ၇-နှစ်လုံးလုံး ရိပ်သာ တစ်ခုပြီးတစ်ခု အားထုတ်သတဲ့။ ဣန္ဒိယ ဘုံဘောတောင်သွားပြီး အားထုတ်တယ်ပြောတယ်။

ခုအခါ ထင်ရှားတဲ့ ရိပ်သာတရားဌာနဆိုလို့ သူမဝင်ဖူးတဲ့ ရိပ်သာမရှိဘူးတဲ့။ အနည်းဆုံး တစ်လကနေ နှစ်လ သုံးလ။ ဝိဇ္ဇာဖြစ်ချင်လို့ လောကီဂိုဏ်းအလုပ်တွေလဲ တစ်နှစ်လောက်လုပ်ဖူးဆိုလား။ အာဂဒကာမကြီး၊ သားချည်း ၇-ယောက်ရှိသတဲ့၊ တချို့လဲ နိုင်ငံခြားမှာလို့ပြောတယ်။

သူက ဒီကိုလိုက်လာတာလဲ တကယ်တရားလိုချင်လို့ချည်း ဟုတ်ပုံမရပါဘူး။ မရောက်ဖူးတဲ့ဒေသ ဗဟုသုတရအောင်၊ နောက်ပြီး အသွားအပြန် နေရေးထိုင်ရေး စားရေးသောက်ရေး အကုန်တာဝန်ယူတယ်ဆိုတော့ လွယ်လွယ်ပဲလိုက်လာတာပေါ့။

## တရားဆိုင်၌ ငိုရခြင်း

စစချင်း ဘုန်းကြီးက အရဟံ အပွားခိုင်းတော့ 'ဒါမျှားအလွယ်ကလေး' ဆိုပြီး သူက ခပ်ပေါ့ပေါ့ပဲလုပ်နေတာ။ နှစ်ရက်သုံးရက်ရှိတယ်ဆိုရင်ပဲ သူများတွေက နိမိတ်တွေရတယ် ဘာညာ ဆိုတော့ သူ့မှာ အံ့အားသင့်ပြီး လုပ်တော့တာ။ ပထမ အထင်သေးတာလဲ ပါတယ်ပေါ့။ သူက နည်းစုံ အားထုတ်ခဲ့တာကိုး။

သနားစရာကောင်းတာက၊ တကယ် တရားလိုချင်လို့ အားထုတ်ပြန်ပါတော့လဲ ကျန်းမာရေးကညံ့၊ ဒီအတိုင်းမထိုင်နိုင်ဘူး၊ နံရံကို မှီပြီးထိုင်ရ နံရံမှီရုံတင်မဟုတ်ဘူး၊ ဒူးနှစ်ဘက်က ပုဆစ်တုပ်ထိုင်မရဘဲ ထောင်ထောင်လာလို့ ထင်းခွဲလို့မရတဲ့ သစ်တုံးကြီးနှစ်တုံး ယူထားပြီး ပေါင်ပေါ်တင်ဖိထားရသတဲ့။

ညာဘက်လက်ကလဲ မြှောက်လို့ ရမ်းလို့မရ ခေါင်းဖြီးတာ ဆံထုံးထုံးတာ၊ အင်္ကျီကြယ်သီးတပ်တာကအစ၊ သူများအားကိုးနေရရှာတယ်။ လေဖြတ်သလိုဖြစ်တာ ၄- နှစ်ကျော်ပြီတဲ့။

ထမင်းစားပြန်တော့လဲ ဝမ်းဗိုက်ကတောင့်တောင့်နေလို့ ဝအောင်မစားနိုင်ဘူး။ ဝမ်းဗိုက်အဆီဖုံးရောဂါဆိုလား၊ တရားထွက်မှ ခွဲစိတ်ဖို့ ချိန်းထားသတဲ့။

ထမင်းစားပြီး ထပြန်တော့လဲ ခြေထောက်နှစ်ဖက်လုံး လေဖြတ်သလိုဖြစ်တာ ၁၂-နှစ်တောင်ရှိနေပြီဆိုတော့ အထိုင် အထကလဲ ခက်။ ထတော့မယ်ဆိုရင် အဖော်တစ်ယောက်ကို လှမ်းဆွဲပြီးမှထလို့ရတာ။ သူ့ဟာက တစ်ကိုယ်လုံး ရောဂါချည်းပဲကိုး။

## ကြမ္မာခင့်ခြေား မပြေးလို့မလွတ်

ဒါတင်လားဆို မကသေးဘူး၊ ကလေးကတည်းက နှာခေါင်းအနံ့မရ ရှူရှိုက်လို့မကောင်း။ မြူမှုန်ကလေးဝင်တာတောင် နှာချေလို့မပြီးဘူး--တဲ့၊ ဖွတ်စအိုနာခေါ် မှာပေါ့။

ဒီမှာ ထွက်လေ ဝင်လေ ရှူရှိုက်ရတဲ့အလုပ်ဆိုတော့ မထိုင်နိုင်တာကတစ်မျိုး၊ နှာခေါင်းပိတ်တာကတစ်ဖုံ၊ ရောဂါတွေက စုံလွန်းမက စုံနေတော့ နေ့တိုင်းလိုလို မျက်ရည်နှင့်မျက်ခွက်ဖြစ်နေရှာတယ်။ ယောဂီအဖော်တွေကလဲ အားပေးကြပေါ့လေ။ တစ်ခါ တစ်ခါ တရားလျှောက်တာတောင် မျက်ရည်နှင့်။

ဒီကြားထဲ တောကျောင်းက အိတ်ဆွဲပြီးထွက်ပြေးဖို့ သုံးခါတောင် ကြိုးစားသေးတာ၊ ပြေးမရလို့။ သနားစရာကောင်းလိုက်တာ ---။

မြမြဝင်းဟာ သူ့ဘဝ သူလဲသိပါတယ်၊ သူ့ဘယ်ဘဝတွေက လာတယ်ဆိုတာ။ နောက်ပြီး သူ့သိပ်ချစ်တဲ့ သူ့အမေ၊ သူ့ကိုသူတို့ ဘာသာထုံးစံအရ စာသင်ပေးတဲ့လက်ဦးဆရာ၊ အဲဒီပုဂ္ဂိုလ်တွေ ဘယ် ရောက်နေတယ်ဆိုတာလဲ ဦးလှရွှေတို့လို သူလဲမြင်တာပဲ။ သူမြတ်နိုး ချစ်ခင်တဲ့ သွားလေသူတွေ အဲလို အဲလို ဒုက္ခခံနေကြရရှာတာ မြင်ပြန် တော့လဲ ငိုရပြန်ရော။ သံဝေဂတော့ အမြတ်ထွက်တယ်ပေါ့လေ။

သူ့ဘဝက သနားစရာချည်းပါလား၊ ဘာသာလဲ ဘာသာခြား ကလာတာ၊ ကျန်းမာရေးကလဲ မကောင်းတဲ့လူဆိုတော့ ဘုန်းကြီးလဲ တတ်နိုင်သလောက် စောင့်ရှောက်ပေးပါတယ်။ ဘယ်လိုစောင့်ရှောက် တယ်ဆိုတာလဲ သူသိနေတယ်။

မြမြဝင်းဟာ ဝိပါကဝဋ်လဲကြီးတယ်၊ ပါရမီလဲထူးပါတယ်။ သမထရော, ဝိပဿနာပါ အမြင်သန်တယ်။ ဒီမှာတစ်ဝါတွင်း (သုံးလ) နေလိုက်ရတာ သူ့အဖို့ သံသရာနဲ့ချီပြီးရသွားတာပါ။ ဒီဘက်ကကြည့်ရင် အတိုင်းမသိ ဝမ်းသာစရာပေါ့။

တရားကျေးဇူးတွေ-တရားကျေးဇူးတွေ။ ဘုရားဖူးရာမှာလဲ အမြင်သန်တယ်။ သူ့မှာ လာဘာနုတ္တရိယ, ဒဿနာနုတ္တရိယကုသိုလ် တွေ မနည်းပါဘူး။

## ရောဂါတွေက နှုတ်ဆက်သွား

ဒီမှာ တရားရတဲ့အပြင် အပိုဆုရတာ အတိုချုပ်ပြီး ပြောချင်လို့။

ဒီ တတိယနည်းရောက်တော့ ဘုန်းကြီးက လှီးစား ဖြတ်စား နိုင်းတယ်၊ ပါးဖောက် နားဖောက်နိုင်းတယ်။ ဘုန်းကြီးနိုင်းတာက ပါး နား မျက်စိလောက်ခိုင်းတာ၊ သူက 'နှာခေါင်းတစ်ဖက်တစ်ချက် အဝင် အထွက်လဲ လုပ်ကြည့်ဦးမှ' ဆိုပြီး--ဘုန်းကြီးမခိုင်းပါဘူး-သူ့စိတ်ကူးနဲ့ သူလုပ်တာ တွဲ(တည့်)သွားတယ်ဗျာ---

ကံလဲစပ်လို့---ကျွတ်ရမယ့်အချိန်လဲရောက်လို့ဆိုရမှာပဲ။ နိမိတ်ကို ဘယ်ဘက်နှာခေါင်းပေါက်ကဝင်၊ ညာဘက်ကထွက်၊ အပြန် ပြန် အလှန်လှန်လုပ်တာ၊ အထဲကို နိမိတ်နှင့်တောင် ကလိလိုက် မွှေ လိုက်သေးဆိုကိုး။

တကတည်း နာရီပိုင်းအတွင်းမှာပဲ ပထမ နှာခေါင်းထဲက အရေ ကြည်တွေစီးကျ။ နောက် ပျစ်ပျစ်ချွဲချွဲ၊ နောက်အမဲဖတ်တွေ၊ ချီးတွေ အမှုန်တွေပါ အကုန်ထွက်သွားပြီး ကလေးကတည်းက ဖြစ်နေတဲ့ ဖွတ်စအိုနာယူပစ်လိုက်သလို ပျောက်သွားတာ။ ဗုဒ္ဓမွှော အစိန္တိယာ--ပေါ့။

ဝိပဿနာမကူးခင်မှာဘဲ ထမင်းတွေ လူကောင်းလိုစားနိုင် လာတယ်၊ အထိုင်အထ အလှမ်းအယူတွေလဲ ကောင်းသွားတယ်။ ခြေရော လက်ရော ဝမ်းဗိုက်ရော။ ပျောက်စက သူ့ဟာသူတောင် ပျောက်သွားမှန်း မသိဘူးတဲ့---။

လက်စသတ်တော့ သူများပြောသံကြားနှင့် ဝမ်းဗိုက်အဆီပြင် ရောဂါ၊ ခြေ,လက် အကြောတင် လေဖြတ်တဲ့ရောဂါ၊ ရောဂါရှိတဲ့နေရာ တွေကို အထပ်ထပ် အသွားအပြန် နိမိတ်နှင့် အလှီး အစား အဖြတ် ခိုင်းတာကိုး။

အဲသလို လှီးစား ဖြတ်စားခိုင်းတော့ ရောဂါရှိတဲ့နေရာတွေက အရိုးတွေ၊ အကြောတွေ၊ သွေးလေတွေ ပြောင်းလဲ ဖြစ်ပျက်သွားတာ မျက်စိနှင့်မြင်ရသလို 'ဖျောက်ခနဲ' အသံပဲကြားလိုက်ရသလိုလို ဖြစ် သွားသတဲ့။ ရောဂါတွေက နှုတ်ဆက်သွားကြတယ်ထင်ပါရဲ့။

ဒါတွေ ဘုန်းကြီး ရှေးကမပြောဖူးပါဘူး။ ခုတော့ ဖုံးထားလို့လဲ မရတော့ဘူးလေ၊ တရားဆိုတာ 'ဖွင့်' နိုင်လေ ကောင်းလေပါပဲ။ တရား အစွမ်းသတ္တိ ဓမ္မအစိန္တေယျဂုဏ်ကိုမသိကြတော့ ငရဲကြီးကြမှာစိုးလို့ ဘုန်းကြီးတို့က ခပ်ထိန်းထိန်းပြောနေကြရတာကိုး၊ ကဲ--ကြိုးစားကြ။

သာဓု---သာဓု---သာဓု

*****

## သေမင်းလက်မှတ်ရသူများ

[မှတ်ချက်။ ဆေးရုံမှ ဆရာဝန် သမားတော်ကြီးများက သေနေ့ သတ်မှတ်ပေးလိုက်သော ယောဂီများကိုမူ သမထကို သမာဓိ ရရုံမျှခိုင်းပြီး ဝိပဿနာ အမြန်ပေးလေ့ရှိ၏။ ရက်ပိုင်း လပိုင်းနှင့် သေဝ ပါးနီး ရောဂါကြီးများမှ ချမ်းသာရရကြသူ -

ညောင်ကန်ဆရာမ ဒေါ်မြင့်(နှလုံး)၊
ရေကန်စုရွာ ဒေါ်ဆန်း (အစာအိမ်)၊
ပဇိမွန်စုရွာ မသန်းတင် (ကင်ဆာ)၊
မုံရွာမြို့ မဝင်းရွှေ (နှလုံး)-

စသော ယောဂီများအကြောင်း ဝိပဿနာစခန်းမှာ တွေ့ရပါလတ္တံ့။ ကင်ဆာနှင့် ဖွတ်စအိုနာပျောက်၍ 'ဘုရားပေးသော တရားဆေးတော်ကြီး'ဟု ဝန်ခံရေးသားသူ ရန်ကုန် မြေနီကုန်းမှ စိုးကြီးခေါ် ဒုလ္လဘဦးပညာသီဟ၏ ဆောင်းပါးကို 'ဓမ္မရသစာတမ်းများ'တွင် ရှုပါလေ။ (စာတည်းသူ)]

*

## ဝေ အစိန္တိယာ ဗုဒ္ဓါ

လောကမှာ မွေးမွေးချင်း စကားပြောတဲ့သူ ကြားဖူးသလား။ စကားပြောရုံတင်မဟုတ်ဘူး၊ မွေးမွေးချင်း ခုနစ်လှမ်း လမ်းလျှောက်လိုက်သေးတယ်ဆိုရင် ယုံနိုင်ပါ့မလား။

တို့ဘုရားက မွေးကတည်းက အဲဒီလို အစိန္တေယျဂုဏ်တွေ ရှိတာ။

ပဋိသန္ဓေနေတော်မူတယ်၊ ဖွားတော်မူတယ်၊ ဘုရားဖြစ်တော်မူတယ်ဆိုရင်ပဲ တစ်လောကလုံးအလင်းခါတ်တွေ ပွင့်ထွန်းလာတော့တာပဲ။ မျက်စိမမြင်တဲ့သူတွေ မျက်စိမြင်ကြတယ်။ နားမကြားတဲ့သူတွေ နားကြားလာကြတယ်။ ဆွံ့အတဲ့သူတွေ စကားပြောနိုင်လာကြတယ်။ ကောက်ကွေးနေတဲ့သူတွေ လမ်းလျှောက်လာနိုင်ကြတယ်။ ထောင်အကျဉ်းကျနေတဲ့သူတွေ လွတ်မြောက်လာကြတယ်။

ဒါ ဘုရားရှင်ရဲ့ အစိန္တေယျတန်ခိုးပဲ။ တရား တစ်လုံး တစ်ပါဒမျှတောင် မဟောရသေးဘူးမဟုတ်လား။

**(မြေဇင်းတောရဆရာတော်ဘုရားကြီး)**

## (ဃ)—စ မှာ ငြိမ်းစေဘိ

ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ
သိက္ခတိ။
ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ
သိက္ခတိ။

ဒီစတုတ္ထ နောက်ဆုံးနည်းကတော့ ရှုန့်ရင်းကြမ်းတမ်းတဲ့ ထွက်သက်ဝင်သက်ကို တဖြည်းဖြည်းသိမ်မွေ့ပြီး ငြိမ်းသွားအောင် လုပ်တဲ့နည်းပေါ့။

သမထ စခန်းသိမ်းတာလို့လဲ ပြောလို့ရပါတယ်။

(၁) ပထမနည်းတုန်းက နှာသီးဖျားမှာ ထွက်လေဝင်လေကို သတိမြဲရုံ မှတ်မိရုံမျှသာလုပ်တာဖြစ်လို့ 'သတောကာရီ' ခေါ်တယ်။

(၂) ဒုတိယနည်းကတော့ နှစ်တောင် သုံးတောင် ဥဂ္ဂဟနိမိတ် နှင့် ပဋိဘာဂနိမိတ်အစလောက် ထင်ရုံမျှလုပ်ပေးတဲ့နည်းဖြစ်လို့ 'သတုပဋ္ဌာန' ခေါ်တယ်။

(၃) တတိယနည်းကျတော့ ဗဟိဒ္ဓအာရုံ အလွန်ကြည်လင် သန့်ရှင်းတဲ့ ပဋိဘာဂနိမိတ်ကို အဖျွတ္တထဲ မဝင် ဝင်အောင်, မထင် ထင်အောင်၊ မစား စားအောင် ထွက်သက် ဝင်သက် သတိဖြင့် အတော် အတန် ပြုလုပ်နိုင်ခဲတာကို ပြုလုပ်တာဖြစ်လို့ 'သတိ ဒုက္ကရ ကာရီ' လို့ခေါ်တယ်။

(၄) ဒီအဆင့်သုံးဆင့်လုံးမှာ အဿာသပဿာသ နိမိတ်ဟာ ကြမ်းသေးတယ်။ ယခု စတုတ္ထနည်းရောက်တော့ အဲဒီရုန့်ရင်းကြမ်း တမ်းတဲ့လေကို 'ငြိမ်းစေမယ်၊ ငြိမ်းစေမယ်' ဟု အာရုံညွှတ်ပြီး ငြိမ်း သည်ထက်ငြိမ်း၊ သိမ်မွေ့သည်ထက် သိမ်မွေ့အောင်၊ နောက်ဆုံး--- 'ငါ့ထွက်လေ ဝင်လေ ရှိမှရှိသေးရဲလား'လို့ ထင်ရလောက်အောင် ပြု လုပ်ကျင့်ပွားတဲ့အဆင့်ပေါ့။

ဒီနေရာမှာ နည်းနည်းကလေးနားစိုက်ပြီးထောင်ပါ။ သိမ်မွေ့တယ်။

ဒီစတုတ္ထနည်းကို အားထုတ်တဲ့အခါ ကိုယ်ရော, စိတ်ရော ငြိမ်းအေးသက်သာနေဖို့လိုတယ်။ ကမ္မဋ္ဌာန်းစလုပ်ကတည်းက ကိုယ်နှင့်

စိတ်ကို တည်ငြိမ်အောင် ထိန်းသိမ်းရတာပါပဲ။ သို့သော် ဒီနေရာမှာ ပိုပြီးထိန်းသိမ်းရမှာ။

ကိုယ်ကို ငြိမ်သက်အောင်ထားရမယ်။ 'ပလ္လင်္ကံ အာဘုဇိတွာ' ဆိုတဲ့အတိုင်း တင်ပျဉ်ခွေပြီး ခြေလက် ဦးခေါင်း ဘာဆို ဘာမှ မလှုပ်မယှက်အောင် ပိုပြီးထိန်းသိမ်းရတယ်။

လျှောင်း ထိုင် ရပ် သွား ဘယ်ဣရိယာပုထ် မဆို ခါတိုင်းထက် တည်ငြိမ်စေရမှာ။ ပါဠိလို 'ကာယ ပရိဂ္ဂဟိတ' ကိုယ်ကို သိမ်းဆည်းခြင်း။

စိတ်ကိုထိန်းသိမ်းရာမှာလဲ ထို့အတူပဲ၊ 'ပရိ မုခံ သတိံ ဥပဋ္ဌပေတွာ' ဆိုတဲ့အတိုင်း ကိုယ်ယူနေတဲ့ကမ္မဋ္ဌာန်းအာရုံကလွဲလို့ စိတ်ကလေး ဘယ်ကိုမှမရောက်စေရဘူး။ ဒါ 'စိတ္တ ပရိဂ္ဂဟိတ' စိတ်ကို သိမ်းဆည်းခြင်း။

## ငြိမ်းနေမယ် – ငြိမ်းနေမယ်

အဲဒီလို ကိုယ်ရောစိတ်ပါ ပိုပြီး တည်ငြိမ်အောင်လုပ်ပေးလိုက်တဲ့အခါကျတော့ နှာသီးဖျားမှာ လက်လေးသစ်၊ တစ်မိုက်လောက်--- တလက်လက် ကွန့်မြူးနေတဲ့ ပဋိဘာဂနိမိတ်ကို တွေ့ရမှာပဲ။ အစတော့ မီးလင်းဖိုကထွက်တဲ့ မီးလျှံလောက်ပေါ့လေ။ အဲဒီပဋိဘာဂနိမိတ်ကိုပဲ စိတ်က သိနေရမယ်၊ ကြည့်နေရမယ်။ ဒီနေရာက သိမ်မွေ့ရမယ့် အပိုင်းနော်----။

ပထမဆုံး အဲဒီနိမိတ်ကို ဝင်သက်လေနှင့် ဖြည်းဖြည်းကလေး ရှိုက်သွင်းပြီး 'ဒီနိမိတ်ကို ငြိမ်းစေမယ်၊ ကြမ်းတမ်းပူလောင်နေတဲ့ ငါ့ ထွက်လေ ဝင်လေကိုလဲ ငြိမ်းစေမယ်--ငြိမ်းစေမယ်' ဆိုပြီး ရှူပွားနေ ရမယ်။

အဲဒီအခါ ထွက်လေကိုလဲ သာသာယာယာ ဖြည်းညှင်းစွာ ရှူရမယ်။

နောက် တစ်ကြိမ် ထွက်သက်၊ နောက်တစ်ကြိမ် ဝင်သက်-- တစ်ဆင့်ထက်တစ်ဆင့် သန္တ-ငြိမ်းစေမယ်။ ဝူပသန္တ- အထူးကို ငြိမ်းစေမယ်။

အထူးကြောင့်ကြစိုက်ပြီး ရှူရှိုက်တာမျိုး ဖွတ်အငြိမ်း ခိုင်းတာမျိုး မရှိရဘူး။ ထွက်လေ ဝင်လေလိုက်ပြီး နှာသီးဖျားက ပဋိဘာဂ နိမိတ် ကလေး အဆင်းလိုက် တက်လိုက်၊ တိုးလိုက် ဆုတ်လိုက်နေတာကိုပဲ ငြိမ် ငြိမ်ကလေး ရှုသိနေရမှာ။

အဲသလို ကမ္မဋ္ဌာန်းအာရုံတစ်ခုထဲအပေါ် မှာပဲ စိတ်စိုက်ထား လိုက်တော့ တစ်ချိန်ထက်တစ်ချိန် ပိုပြီး သိမ်မွေ့လာမယ်။

စိတ်ကလေးငြိမ်နေတာနှင့်အမျှ စိတ်ကြောင့်ဖြစ်ရတဲ့ ကိုယ် လက် ခေါင်း စတဲ့လှုပ်ရှားမှုတွေ ပေါ့သွက် နူးညံ့ မွတ်ထွတ်ပြီး အလုပ် နှင့် ကိုယ်နှင့် သက်သောင့်သက်သာ ခွင်ကျပြီးနေတော့တာပေါ့။

လူလဲ အလင်းတုံးကြီးလို၊ အလင်းထဲမှာထိုင်နေရသလို ငြိမ်း သည်ထက်ငြိမ်း၊ အေးသည်ထက်အေး၊ သိမ်မွေ့သည်ထက် သိမ်မွေ့ လာရော (သုခုမ၊ သုခုမတရ၊ သုခုမတမ)။

သိမ်မွေ့လာမှာပေါ့။ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်အမှုအရာတွေ ငြိမ်းလာတော့ ဥတုဇရုပ်(အပူအအေးကြောင့် ဖောက်ပြန်ပြောင်းလဲမှု)၊ အာဟာရဇရုပ် (အစားအစာလိုက်ပြီး ပြောင်းလဲမှု)တွေလဲ တစ်ခါတည်း ငြိမ်းပြီး နေကြတော့တာပေါ့။

ဒီခန္ဓာကိုယ်ကြီးကို မှီနေလို့ 'ကာယသင်္ခါရ'ခေါ်တဲ့ ထွက်လေ ဝင်လေဟာလဲ သိမ်မွေ့သည်ထက် သိမ်မွေ့ပြီး နူးညံ့ပေါ့သွက်လာတော့ တာပေါ့။

(ဝိသုဒ္ဓိမဂ် မဟာဋီကာ-၁၊ ၃၂၃။)

**အသက်မရှူ လူ့ခန္ဓာနှစ်ယောက်**

အဲဒီလို သုခုမရုပ်အဆင့်ဆိုက်လာတော့ စောစောကပြော သလို 'ငါ့ရဲ့ထွက်လေဝင်လေဟာ ရှိမှရှိသေးရဲ့လား' လို့ အောက်မေ့ ရလောက်အောင် ဖြစ်သွားရော။ (ဒါ ဝိစေတဗ္ဗ-ဆိုက်တယ်ခေါ်တာ)

(ဝိသုဒ္ဓိမဂ်၊ ၂၇၄။)

ပဋိဘာဂ နိမိတ်ကလေးပဲ နှာသီးဖျားမှာ ရှုတဲ့အခါ တက် သွားလိုက်၊ ရှိုက်တဲ့အခါ ကျလာလိုက်နှင့် အဝိမတန်ငြိမ်းအေးတယ်၊ ဇိမ်ရှိတယ်။ ကြာလာတော့ တစ်ကိုယ်လုံး ရှန်းတက်လာပြီး ကောင်းကင် ပျံတက်သွားသလား အောက်မေ့ရတယ်။

တစ်ခါတလေလဲ မီးခိုးမှိုင်းတွေပြည့်လျှံနေတဲ့ မီးပုံးပျံကြီးလို၊ ကိုယ်ကြီးကပဲ အဆမတန် ကြီးမား ပွရွလာသလို ဖြစ်တတ်တယ်။

ဒီနေရာမှာ အသက်ရှူတယ် ရှိုက်တယ်ကို မထင်ရတော့ဘူး၊ ထွက်သက် ဝင်သက်မရှိတော့သလိုပဲ။ ဒါပေမယ့် မသေပါဘူး။ပျောက်လဲမပျောက်ပါဘူး၊ ရှိနေပါတယ်၊ ရှာမတွေ့လဲ ခါတိုင်းသိနေကျနေရာကလေးမှာပဲ သိနေ ရှုနေပါ။ ရဲရဲလုပ်ပါ။ စာပေကျမ်းဂန်တွေမှာ အဿာသ ပဿာသ-ထွက်လေ ဝင်လေမရှိတဲ့-'အသက်မရှူ လူ ၇-ယောက်ဆိုတာ ရှိတယ်။

၁။ အမိဝမ်းတွင်း ပဋိသန္ဓေနေသူ၊

၂။ ရေနှစ်မြုပ်နေသူ၊

၃။ သတိမေ့မျောနေသူ၊

၄။ သေသောသူ၊

၅။ စတုတ္ထဈာန်ဝင်စားသူ၊

၆။ ရူပ, အရူပ ဗြဟ္မာ၊

၇။ နိရောဓသမာပတ်ဝင်စားသူ။

ယောဂီဟာ ဒီအသက်မရှူ လူ ၇-ယောက်ထဲမပါဘူး မဟုတ်လား? သူနေနေကျ နေရာလေးမှာပဲရှိပါတယ်။ မြင်အောင်ကြည့်ပါ။

မြတ်စွာဘုရားရှင်က-'နာဟံ ဘိက္ခဝေ မုဋ္ဌသတိဿ, အသမ္ပဇာနဿ အာနာပါနဿတိဘာဝနံ ဝဒါမိ' (မ-၃၊ ၁၂၇။ သံ-၃၊ ၂၉၄)

'သတိ,ပညာမရှိတဲ့လူကို ဒီ အာနာပါနကမ္မဋ္ဌာန်း ငါမပေးဘူး' တဲ့။ ဒီနေရာက ပိုးစပိတ်ကို ချုပ်နေတာ, အပ်ကောင်း, ချည်ကောင်းမှု လေးလေးစားစားချုပ်မှု။(ဝိသုဒ္ဓိမဂ် -၂၇၆)

## သတိထား၊ လဲတတ်တယ်

ဒီစတုတ္ထနည်းကျတော့ ကာယ ပရိဂ္ဂဟိတ-ကိုယ်ကိုလဲ ထိန်းချုပ်ထားတယ်၊ စိတ္တ ပရိဂ္ဂဟိတ-စိတ်ကိုလဲ ထိန်းချုပ်ထားတယ်။

ကြမ်းတမ်းရှန့်ရင်းတဲ့ ထွက်လေ ဝင်လေ အဆင့်ဆင့် တစ်ရှူပြီးတစ်ရှူ တစ်ရှိုက်ပြီးတစ်ရှိုက် သိမ်မွေ့ သိမ်မွေ့လာတယ်။

ကိုယ်ရောစိတ်ရော လေးလံတာတွေ၊ တင်းကျပ်ပူပန်တာတွေ၊ မအီမသာဖြစ်တာတွေ ဘာမှမရှိတော့ဘဲ ငြိမ်းသည်ထက်ငြိမ်း၊ နူးညံ့ သိမ်မွေ့သည်ထက် သိမ်မွေ့သွားတော့ ကိုယ်ရောစိတ်ပါ ပေါ့သွက်လာတယ်။

ခန္ဓာကိုယ်ကြီးဟာ ကောင်းကင်ပျံတက်တော့မလို တအိအိနှင့် ကျုံးရှုန်းပြီး ကြွကြွတက်လာတယ်။(ဝိသုဒ္ဓိမဂ်-၂၇၄)

အဲဒါသတိထား၊ လဲကျသွားတတ်တယ်။ အဲသလို ယိမ်းယိုင်လဲကျသွားရင် 'ပဘာဝနတရားလေးပါး' မပြည့်စုံတော့ဘူး။ ဒါတွေဟာ ပဘာဝန အညစ်အကြေးတွေလို့ခေါ်တယ်။ အဲဒါတွေက ဘာတွေလဲ ဆိုတော့-

၁။ အာနမနာ - ရှေ့သို့ညွတ်ကိုင်းခြင်း၊
၂။ ဝိနမနာ - ဘေးသို့ညွတ်ကိုင်းခြင်း၊
၃။ သန္နမနာ - ထက်ဝန်းကျင်သို့ညွတ်ကိုင်းခြင်း၊
၄။ ပဏာမနာ - နောက်သို့ညွတ်ကိုင်းခြင်း၊
၅။ ဣဉ္ဇနာ - တုန်ခြင်း၊
၆။ ဖန္ဒနာ - လှုပ်ခြင်း၊
၇။ စလနာ - ရွေ့လျားခြင်း၊
၈။ ကမ္ပနာ - တုန်လှုပ်ခြင်း၊

ဒါတွေမဖြစ်အောင် စောင့်ထိန်းရှောင်ကြဉ်ရတယ်။ (ပဋိသမ္ဘိဒါမဂ်-၁၈၃။ ဝိသုဒ္ဓိမဂ်၊ ၂၆၈-၉။) ဒီအညစ်အကြေးရှစ်မျိုးကင်းစင်မှ ပဋိသမ္ဘိဒါမဂ်ပါဠိတော်မှာ ဟောတော်မူတဲ့ 'ပဘာဝနာတရားလေးပါး' ဖြစ်ပေါ်မယ်။ ပဘာဝနာဖြစ်မှ ဥပစာရမှ အပ္ပနာသမာဓိကိုတက်နိုင်မှာ။

## ပဘာဝနာတရားလေးပါး

ပဘာဝနာလေးပါး ဆိုတာကတော့-

၁။ ဝိတူပလဒ္ဓ ပဘာဝနာ- ပြောခဲ့တဲ့အညစ်အကြေးရှစ်မျိုး ကင်းပြီးတော့ ရှန့်ရင်းကြမ်းတမ်းတဲ့ထွက်လေကို 'ငြိမ်းစေ့မယ်-ငြိမ်းစေ့မယ်'လို့ စိတ်ညွှတ်ပြီး ရှူတယ်၊ ဝင်လေကိုလဲ ထိုနည်းအတူပဲ'ငြိမ်းစေ့မယ်၊ ငြိမ်းစေ့မယ်' ဆိုပြီးရှိုက်တယ်။ အဲသလို ဖြည်းညှင်းစွာ ရှူရှိုက်လို့ ငြိမ်းအေးသိမ်မွေ့သွားတဲ့အခါ ထွက်လေ ဝင်လေကိုပဲ ကပ်ပြီး လိုက်ပြီး

တစ်သိတည်းသိနေတဲ့စိတ် (အဿာသ ပဿာသ ခေါ်တဲ့လေကို အရအမိဖမ်းတဲ့စိတ်) အဲဒီစိတ်ဖြစ်ပေါ်တာကို 'ဝါတူပလဒ္ဓ'ခေါ်တာပါပဲ။

(၂) အဿာသ ပဿာသ ပဘာဝနာ - ထွက်လေ ဝင်လေလဲ ဖြစ်ပွားနေရမယ်ပေါ့။

(၃) အာနာပါနဿတိ ပဘာဝနာ - ထွက်လေ ဝင်လေ၊ ထွက်လေဝင်လေ နိမိတ်ကိုသာ အာရုံပြုနေတဲ့ သတိကလေးလဲဖြစ်ပွားစေရမယ်။ ထင်ရှားစေရမယ်။နောက်ပြီး -

(၄) အာနာပါနဿတိ သမာဓိ ပဘာဝနာ - အဲဒီသတိနှင့် ယှဉ်ပြီး စိတ်ကလေး ဘယ်ကိုမှ မရွေ့လျားပဲ အဲဒီနိမိတ်အာရုံပေါ်မှာပဲ ကျရောက်တည်ရှိနေရမယ်။

အဲဒီပဘာဝနာတရားလေးပါးဆိုက်အောင် ရှုပွားရမယ်။ အဲသလိုရှုပွားနိုင်ရင် ဥပစာရဘာဝနာဆိုက်ရောက်တော့တာပါပဲ။ အဲဒီကနေ အပ္ပနာ တက်ချင်လဲ တက်လို့ရပြီပေါ့။ ဤကဲ့သို့ -

(၁) အာနာပါန၊
(၂) အာနာပါနဿတိ၊
(၃) အာနာပါနဿတိ သမာဓိ-

သုံးချက်ဆိုက်အောင် ဆံဖျားမှသည် ခြေဖျား၊ ခြေဖျားမှသည် ဆံဖျား ဒီတစ်လံမျှသော ဒီခန္ဓာကို မဏ္ဍလအတွင်းမှာပဲ ကောင်လုံးကျွတ် ဝင်းဝင်းကောက် စားမယ်။

## ခန္ဓာကိုယ်မှာ ထင်မြင်ပုံသုံးမျိုး

ခန္ဓာကိုယ်ကြီးတစ်ခုလုံးဟာလဲ ဖန်တုံး ဖန်တိုင်၊ မှန်တုံး မှန်တိုင် ဖန်ရုပ် မှန်ရုပ်ကြီးလို ဖြစ်လိုဖြစ်၊ မီးတုံး မီးကျည်ရှူးသလို တဖွားဖွား ကျလိုကျ။ ဝါဂွမ်းပုံကြီးလို အရောင်အမျိုးမျိုးရှိတဲ့ ကမ္ဗလာ အစုအပုံကြီးလို--ပုံသဏ္ဌာန်အမျိုးမျိုးပေါ့လေ--ခန္ဓာကိုယ်ကြီးပျောက်ပြီး သုညတ-ဘာမှရှာလို့ ကြည့်လို့မရတဲ့သဘော ဆိုက်သွားရော။

ထင်လာတဲ့အာရုံကိုပဲ ယောဂီဟာ အာရုံပြု ရှုပွားနေရမှာ။ ထင်ပုံက သုံးမျိုးသုံးစား ခွဲလို့ရတယ်။

(၁) ကမ္ဗလာရောင်စုံ အပုံကြီးလို အဆင်း(ဝဏ္ဏ)က ထင်ရှားချင်လဲ ထင်ရှားမယ်။

(၂) ဒါမှမဟုတ် အူသိမ် အူမနှင့်တကွ ပိုးလောက်တွေကျပုပ်ပွနေတာမျိုး အရိုးစုအကောင်ကြီး စသည်ဖြင့် အသုဘအမျိုးမျိုး ဖြစ်ချင်လဲ ဖြစ်မယ်။

(၃) ခုနကပြောခဲ့တဲ့ ဖန်တုံး ဖန်ရုပ်ကြီးလို သုညတ-သဘော ဖြစ်ချင်လဲဖြစ်မယ်။

ဘာပဲဖြစ်ဖြစ်၊ ယောဂီက အဲဒီအာရုံအပေါ် ဝီရိယ, သတိ, သမာဓိဆိုတဲ့ အစောင့်မဂ္ဂင်သုံးပါး အားရှိရှိနှင့် စောင့်ကြည့် သိနေရုံပါပဲ။

အဲသလို စူးစိုက် စောင့်ကြည့် သိနေပြီလားဆိုရင် -

၁။ ညစ်ကြေးမတင်တဲ့ ကြေးမုံမှန်သားပြင်လို၊

၂။ ပွတ်သစ်စ ခရုသင်းလို၊

၃။ တိမ်တိုက်ကြားကထွက်ပြူလာတဲ့ လပြည့်ဝန်းကြီးလို၊

၄။ မှောင်မည်းတဲ့ မိုးတိမ်ထဲမှာ ဗိုလ်ျင်းဖြူကလေးပျံနေသလို၊

ယခင်ရခဲ့တဲ့ ဥဂ္ဂဟနိမိတ်ထက် အဆအရာအထောင် သာလွန်သန့်ရှင်း စင်ကြယ်ပြီး တောက်ပနိုင်ခဲ့တဲ့ ပဋိဘာဂနိမိတ်ကြီး ဆိုက်ရောက် ဖြစ်ပေါ်လာတော့တာပါပဲ။ (ဝိသုဒ္ဓိမဂ်၊ ၁၂၂။ ဇင်းဋီကာ-၃၂၆)။

## ပဋိဘာဂ ရဖို့မလွယ်ဘူး

ဒီနေရာမှာ ပဋိဘာဂနိမိတ် မည်သည်မှာ အဆင်းလဲမရှိဘူး၊ (တဥ္စ ခေါ နေဝ ဝဏ္ဏဝန္တံ)။ ပုံသဏ္ဌာန်လဲမရှိဘူး။(န သဏ္ဌာနဝန္တံ) လို့ ဝိသုဒ္ဓိမဂ်(၁၂၂)မှာ ဆိုတယ်။

ဒါနှင့်စပ်လို့ ကျေးဇူးရှင် ကန္နီဆရာတော်ဘုရားကြီးက 'မျက်စိနှင့်မြင်ကောင်းတဲ့ အဆင်းသာမရှိတာ၊ မနောထဲကမြင်တဲ့ အဆင်းတော့ ရှိပါတယ်' လို့ ဆုံးဖြတ်တော်မူတယ်။ ဒါ - ဟုတ်တာပေါ့။

ကျွန်းဂန်တွေမှာ ပဋိဘာဂနိမိတ်ဟာ အလွန်အရေးကြီးတယ်။ တန်ဖိုးရှိတယ်။ စကြာမင်းလောင်း ပဋိသန္ဓေလို စောင့်ရှောက်ရမယ်။ လယ်သမားဟာ စပါးပင်တွေ ဖုံးလုံးလာတဲ့အခါ အထူးစောင့်ရှောက် ရသလိုပဲ စောင့်ရှောက်ရမယ်-တဲ့။ (ဝိသုဒ္ဓိမဂ်-၁၂၃။ ၂၇၈။)

ဟုတ်တာပေါ့။ ယောဂီဟာ နိမိတ်ရလာကတည်းက အစားအသောက် အနေအထိုင် အကုန်သတိထားနေရမှာ၊ ဒါကိုပဲ သပ္ပါယ ၇-ပါး(ဝိသုဒ္ဓိ-၁၂၃)၊ အပ္ပနာ ကောသလ္လာ ကောသလ္လ ၁၀-ပါး(ဝိသုဒ္ဓိ-၁၂၅)လို့ ဆိုတာပဲ မဟုတ်လား။

အဲသလိုမှမစောင့်ရှောက်ရင် နိမိတ်က ပျောက်သွားမှာပေါ့။ "ပဋိဘာဂနိမိတ်ဆိုတာ အလွန်တရာမှ ရခဲတာ"-တဲ့။

'တဿ(ပဋိဘာဂနိမိတ္တဿ)ဉပ္ပါဒနံ နာမ အတိဒုက္ကရံ။'
(ဝိသုဒ္ဓိမဂ်-၁၂၃။)

ဝိသုဒ္ဓိမဂ်ဆရာတော်ကြီးက ပဋိဘာဂနိမိတ်ရခဲတယ်--သာ ဆိုတယ်၊ ခု--ဦးပဉ္ဇင်းတို့ ရနေမှကော။ ဒါ---နည်းတဲ့ဘုန်းကံပါရမီ မဟုတ်ဘူးဗျာ့။

ဒီအာနာပါနဿတိ ကမ္မဋ္ဌာန်းဟာ ခက်တယ်၊ ခက်ခက်ခဲခဲ ပွားရတယ်၊ ဘုရား ပစ္စေကဗုဒ္ဓါ၊ ဗုဒ္ဓသားတော် လူ ရင့်မကြီးတွေ၊ မဟာ ပုရိသတွေ-လူ့အာဇာနည်တွေမှ ပွားလို့ရတဲ့ကမ္မဋ္ဌာန်း ဆိုပြီး ဝိသုဒ္ဓိ-မဂ်(၂၇၆)မှာ ဆိုထားတယ်လေ။

ခုတော့ ဦးပဉ္ဇင်းတို့အဖို့ ဘယ်မှာခက်လို့လဲ။ အေး---ကိုယ့် ပါရမီ ဘုန်းကံကိုလဲ သိရတယ်။ ပေါ့ပေါ့ဆဆ မနေကြနှင့်။ ဒီတရား တွေ ပြန့်ပွားထွန်းကားဖို့က ဦးပဉ္ဇင်း တို့ကိုပဲ အားကိုးရမှာ--၊ 'ဆရာတော်နန်' ပြောသလို 'ဒို့များ အိုပါပြီမောင်ပဉ္ဇင်းတို့ သာသနာက မောင်တို့လက်ထဲ လွှဲခဲ့ရမှာ---တဲ့။

## ဆင်ထားလို့ ညှပ်စီးပါဦး

အေး---တစ်ခုတော့ရှိတယ်၊ ဒီစတုတ္ထနည်းရောက်တော့ ကောင်းကင်မှာ ထိုင်နေရသလို၊ ဘာအပူအပင် ကြောင့်ကြမှုမရှိ၊ အရသာရှိတယ်၊ အင်မတန် ဇိမ်ကျတယ်ဆိုတော့ တချို့က 'ငါ တရားထူးရပြီ'ဆိုပြီး ဘဝင်မြင့်သွားတယ်။

တချို့ကလဲ ဈာန်ရနေပြီ ထင်ထင်ကြတယ်။ တချို့ ကမ္မဋ္ဌာန်းစာအုပ်တွေကလဲ ရေးကြ ပြောကြသကိုး---အာနာပါန ပထမ နည်းက ပထမဈာန်၊ ဒုတိယနည်းက ဒုတိယဈာန်---စသည်ပေါ့လေ။

ဒီအပြောအဆို အရေးအသားတွေက ကျမ်းဂန်နှင့်စိစစ်ဖို့ လိုတယ်' တစ်ချို့က 'အပ္ပနာ ဆိုက်ပြီ၊ ဈာန်အဘိညာဉ်ကဘယ်လို' ဆိုတဲ့ အပြောအဆိုတွေနှင့်စပ်ပြီး ကန္နီဆရာတော်ဘုရားကြီးက ပြောကယ်။

'ဆင်စီးဖို့ နေနေသာသာ ညှပ်(ကျွဲ)ပဲ စီး စီးပါဦးတော့'--' ဟဲ။

ဒါပေမယ့် ဒီလောက်ထိရောက်လာပြီဆိုတော့ ဈာန်တွေ, အဘိညာဉ်တွေလဲ လမ်းပွင့်သွားပြီပေါ့လေ၊ အချိန်ရလို့ ကျန်းမာလို့ ငယ်ဘူးသေးလို့ လုပ်ချင်သပဆိုရင် ငါကယ်တော့ ဒုက္ခသစ္စာတွေပါပဲ။

## ဘုရားရှင် အာနပါန ချီးကျူးမှု

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ဒီ အာနာပါနကို ချီးကျူးဂုဏ်ပြုတော်မူတဲ့စကားတော်တွေထဲမှာ-'သန္တ, ပဏီတ, အသေစနက, သုခဝိဟာရ-ငြိမ်းတယ်, မတင်းတိမ်နိုင်အောင် မြိန်မြတ်တယ်၊ အပိုကြောင့်ကြစိုက်စရာ၊ ဖြည့်စွက်စရာမလိုဘူး၊ ကိုယ်ရောစိတ်ပါ ချမ်းသာရာကို ရစေနိုင်တယ်' ဆိုတဲ့အပြင် -

'ဥပ္ပန္နုပ္ပန္နေ စ ပါပကေ အကုသလေ ဓမ္မေ ဌာနသော အန္တရဓာပေတိ ဝူပသမေတိ-' (မ၊၃၊၁၃၉။ ဝိသုဒ္ဓိမဂ်၊ ၂၅၈။)

'သတ္တဝါတွေရဲ့သန္တာန်မှာ ပေါ်ပေါ်လာနေတဲ့ ယုတ်ညံ့ညစ်ဆိုး အကုသိုလ်တရားမျိုးတွေကိုလဲ ချက်ချင်းကွယ်ပျောက်သွားစေနိုင်တယ်။ ငြိမ်းစဲသွားစေနိုင်တယ်' တဲ့။

ဒီအာနာပါန သမထ သမာဓိဟာ ဝိပဿနာသွားတဲ့အခါမှာလဲ အခြားသမထတွေနှင့်မတူ၊ အလွန်အားကောင်းတယ်၊ အားကိုးလောက်တယ်လို့ ဆိုလိုတာပေါ့။

ဝိသုဒ္ဓိမဂ်(၂၇၈)မှာပြောတယ်။ ဒီပဋိဘာဂနိမိတ်စတင်ပေါ်လာပြီဆိုကထည်းက-တဲ့။ ဦးပဉ္ဇင်းတို့မှာ ဒုတိယနည်းကတည်းက-ပဋိဘာဂ က နှုတ်ဆက်ခဲ့ပြီလေ။

'နိဝရဏ တရား၅-ပါး၊ ကုသိုလ် အာရုံကို ပိတ်ဆို့ဟန့်တားတဲ့တရား ၅-ပါး၊ ခွာရှဲသွားကြပြီ(ဝိက္ခမ္ဘိတာ)၊ ကိလေသာတွေလဲ အနယ်ထိုင်သွားပြီ(သန္နိသိန္နာ)၊ သတိတွေလဲ ကောင်းကောင်းထင်လာပြီ' -တဲ့၊ ပဋိဘာဂနိမိတ် စပေါ်လာကတည်းက ရလာတဲ့ အကျိုးကျေးဇူးတွေ။

**ယေ်ယေ်က ရတဲ့စာ၊ ခုမှ လက်တွေ့**

ဦးပဥ္စင်းတို့ ကလေးကတည်းကရနေတဲ့ သင်္ဂြိုဟ်(အဘိဓမ္မတ္ထသင်္ဂဟ)က ဘယ်လိုပြောလဲ၊ မေ့ကုန်ကြပလား။ ခုမှ အဲဒီစာတွေက တန်ဖိုးရှိတာဗျာ့။

'ယဒါ တပ္ပဋိဘာဂံ ဝတ္ထုဓမ္မ ဝိမုစ္စိတံ ပညတ္တိသင်္ခါတံ ဘာဝနာမယ' မာရမ္မဏံ စိတ္တေ သန္နိသိန္နံ သမပ္ပိတံ ဟောတိ၊ တဒါ တံ ပဋိဘာဂနိမိတ္တံ သမုပ္ပန္နန္တိ ပဝုစ္စတိ။(သင်္ဂဟ-၁၂၅)

ရလာတဲ့ ဥဂ္ဂဟနိမိတ်ကို ဆက်ပြီးပွားရင် 'ဥဂ္ဂဟနိမိတ်နှင့် အလားတူတဲ့၊ ဝတ္ထုဓမ္မ ပရမတ်သဘောမရှိ ပညတ္တိသက်သက်ဖြစ်သော ဘာဝနာကြောင့်ဖြစ်တဲ့အာရုံ၊ အဲဒီပဋိဘာဂနိမိတ်အာရုံဟာ မနောဒွါရမှာ တည်ငြိမ်ပြီးတော့ နေတယ်၊ ကောင်းစွာထည့်သွင်းထားသလို ဖြစ်တယ်။ အဲဒီနိမိတ်ကို ပဋိဘာဂနိမိတ် ခေါ်ရတာပါပဲ'--တဲ့။

ဦးပဥ္စင်းတို့ ဘုန်းကြီးတို့ ယေ်ယေ်ကရတဲ့စာ မကောင်းဘူးလား၊ဘယ်လောက်တန်ဖိုးရှိလဲ၊ တန်ဖိုးမဖြတ်နိုင်ဘူးဗျာ့။ ခု စာကဆို

တာနှင့် ဦးပဥ္စင်းတို့စိတ်ထဲမှာ ဖြစ်နေပုံနှင့် တစ်ထပ်တည်းပဲမဟုတ်လား။ နေရာကျလိုက်တာ---။

သဂြိုဟ်မှာ ပဋိဘာဂနှင့်စပ်ပြီး ဆက်ပြောတာရှိသေးတယ်လေ-

'တတော ပဋ္ဌာယ ပရိပန္ထဝိပ္ပဟီနာ ကာမာဝစရ သမာဓိ သင်္ခါတာ ဥပစာရဘာဝနာ နာမ ဟောတိ။'

' ပဋိဘာဂနိမိတ် ထင်လာတဲ့အချိန်ကစပြီးတော့ သမာဓိရဲ့ဘေးရန်ဖြစ်တဲ့၊ နီဝရဏတရား ၅-ပါးကို ဖယ်ရှားနိုင်တဲ့ ကာမာဝစရ သမာဓိခေါ် ဥပစာရဘာဝနာ ဆိုက်သွားပြီ' --တဲ့။

ဝိသုဒ္ဓိမဂ်(၁၂၂၊၂၇၈)အဆိုအမိန့်တွေကိုယူပြီး သဂြိုဟ်ဆရာကပြောထားတာ၊ အဲဒီ ပဋိဘာဂနိမိတ် ထင်လာကတည်းက ဈာန်အင်္ဂါတွေလဲ ပေါ်လာပြီ---တဲ့။ ဒါပေမယ့် အားမကောင်းသေးဘူးပေါ့ (ဝိသုဒ္ဓိ မဂ်၊ ၁၂၃။)

### နီဝရဏ ၅-ပါး သရုပ်နှင့် ဥပမာ

၁။ ကာမစ္ဆန္ဒ နီဝရဏ - လိုချင်တပ်မက်ခြင်း(အပိတ်အဆို့၊ အကာအဆီး)

၂။ ဗျာပါဒနီဝရဏ - စိတ်ဆိုး၊ စိတ်ပျက် စိတ်ညစ်၊ တစ်ဖက်သား နစ်နာစေလိုခြင်း၊

၃။ ထိန မိဒ္ဓ နီဝရဏ - အိပ်ချင် ထိုင်းမှိုင်းခြင်း၊
၄။ ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ - စိတ်ပျံ့လွင့်၊ ပူပန်ကြောင့်ကြခြင်း၊
၅။ ဝိစိကိစ္ဆာ နီဝရဏ - စိတ်မဆုံးဖြတ်နိုင်ခြင်း၊ မပြတ်သား ခြင်း၊ သို့လော သို့လော ချီတုံ ချတုံရှိခြင်း။

နီဝရဏ ၅-ပါး ဥပမာ

၁။ ကြွေးတင်နေသူနှင့်တူ၏။
၂။ အနာရောဂါဖိစီးခံနေရသူနှင့်တူ၏။
၃။ ထောင်အကျဉ်းကျခံနေရသူနှင့်တူ၏။
၄။ ကျွန်ခံနေရသူနှင့်တူ၏။
၅။ အန္တရာယ်ရှိသောခရီးသွားနှင့်တူ၏။

(သီလက္ခန္ဓဝဂ္ဂ၊ သာမညဖလသုတ်-၆၈)

အင်္ဂုတ္တိုရ် သင်္ဂါရဝသုတ်၌ကား -

၁။ ရေထဲ၌ ဆေးရောင်ဆိုးသည်နှင့်တူ၏။
၂။ ပွက်နေသော ရေနှင့်တူ၏။
၃။ မှော်အမှိုက်ရှိသော ရေနှင့်တူ၏။
၄။ လှိုင်းဂယက်ထနေသော ရေနှင့်တူ၏။
၅။ ရွှံ့နွံ ပွက်ထနေသော ရေနှင့်တူ၏။

(ထိုရေ၌ငုံ့ကြည့်လျှင် ပီပြင်စွာမမြင်ရသကဲ့သို့ နီဝရဏတရား ၅-ပါးကို ဥပမာပြဟောတော်မူသည်။)

## ထွက်လေ ဝင်လေ၏ ကိုယ်စားလှယ်

အဲဒီပဋိဘာဂနိမိတ်ဖြစ်ပေါ်လာတဲ့အချိန်ဟာ ဒုတိယနည်းလောက်က စတာပါပဲ၊ ကိုယ့်နိမိတ်, ကိုယ်စိတ်ကိုယ် သတိထားမိကြမှာပါ။

ပဋိဘာဂနိမိတ်ဖြစ်လာတယ်ဆိုရင်ပဲ ရှုသိနေတဲ့စိတ်ကလေးက ထွက်လေ ဝင်လေဆီမှာ မရှိတော့ဘူးလေ၊ စဉ်းစားကြည့်စမ်း။ ထွက်လေ ဝင်လေအစား နိမိတ်နောက်ချည်းလိုက်သွားပြီ။ ထွက်လေ ဝင်လေကို ထားပစ်ခဲ့တော့တာ။

ထွက်လေဝင်လေက နောက်ဆုတ်ပေးပြီး သူ့အစား နိမိတ်ကို ကိုယ်စားလှယ်လွှဲလိုက်တာ။ အဲဒီနိမိတ်ကိုပဲ အဿာသ ပဿာသလို့ ခေါ်ရတော့တာ၊ နာမည်ပါ အပြီးလွှဲပေးလိုက်တာပေါ့။

ထွက်လေဝင်လေသည်ပင် နိမိတ်၊ နိမိတ်သည်ပင် ထွက်လေ ဝင်လေ ဖြစ်သွားတော့တာကိုး။

'အဿသ ပဿာသတော စိတ္တံ နိဝတ္တတိ။-----
အဿာသ ပဿာသေ နိဿာယ ဥပ္ပန္နနိမိတ္တမ္ပေတ္ထ
အဿာသ ပဿာသ သမညမေဝ ဝုတ္တံ။
(ဝိသုဒ္ဓိမဂ်ဋီကာ - ၁၊ ၃၁၉။)

ပဋိဘာဂပေါ်လာတော့ ဥပစာရဘာဝနာဖြစ်သွားပြီ၊ အပ္ပနာ နားကပ်သွားပြီ ဆိုလိုတာပေါ့။ အပ္ပနာနှင့်စာရင်တော့ ဒီဥပစာရသမာဓိက ကလေးအသွားသင်သယောက် ဆိုရမှာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ဥပစာရဘာဝနာသို့ ဆိုက်ရောက်လာတဲ့ယောဂီဟာ မိမိနိမိတ်ကို အာရုံပြုနေတော့ ကိလေသာ နီဝရဏတွေကင်းကွာပြီး၊ ဝိက္ခမ္ဘန ပဟာန် ဖြစ်နေတယ်။

တစ်ခါတလေ ပဋိဘာဂနိမိတ်ကို လွှတ်ပြီး ဘဝင်ကျသွားတယ်။

တစ်ခါတလေလဲ တခြားအာရုံတွေဆီရောက်သွားတတ်သေးတယ်၊ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဆိုတဲ့ ဈာန်အင်္ဂါ ခြေလက်တွေခိုင်မှ မခိုင်ခဲ့သေးပဲကိုး။ ဒါလဲ---ကိုယ့်မှာဖြစ်နေတာဘာလဲ---ဘယ်လိုလဲဆိုတာ သတိပြုကြဖို့ပါပဲ။

## ရုပ်ဥပစာ နာမ်ဥပစာ

နောက်ပြီး ဒီနေရာမှာ အလုပ်ဝေါဟာရ အရရော၊ တရားသဘောဖြစ်ပုံနှင့်ရောစပ်ပြီး မှတ်သားစရာ တစ်ခုရှိသေးတယ်။ အဲဒါကဘာလဲဆိုတော့ -

'ဥပစာဆိုက်တယ်' ဆိုတဲ့နေရာမှာ ရုပ်ဥပစာ, နာမ်ဥပစာလို့ နှစ်မျိုးရှိတယ်။

စတုတ္ထနည်းနှင့် သမထကို ရှုပ်သိမ်းလိုက်တဲ့အခါမှာ ထွက်လေဝင်လေ ငြိမ်းသည်ထက်ငြိမ်း, သိမ်မွေ့သည်ထက် သိမ်မွေ့လာတော့ ခန္ဓာကိုယ်ကြီးဟာ စောစောကပြောခဲ့သလို လေပြည့်နေတဲ့သားရေ အိတ်ကြီးလို မီးအိမ်ပုံကြီးလို ပုံတက်တော့မလို ဖောင်းကြွပြည့်တက် လာတာကို ရုပ်ဥပစာဆိုက်ပြီလို့ ခေါ်တယ်။

အဲဒီအခါ မဏ္ဍလခေါ်တဲ့ တစ်လံမျှသော ကိုယ်ခန္ဓာထဲမှာပဲ လွန်စွာကြည်လင်တောက်ပနေတဲ့၊ သန့်ရှင်းတည်တံ့နေတဲ့ အဿာဿ ပဿာသ ပဋိဘာဂနိမိတ်ကိုပဲ မြင်နေရမယ်၊ ကြည့်နေရမယ်။ ဒါ--- နာမ်ဥပစာဆိုက်တယ်ခေါ်တာပါပဲ။ ဒါပါပဲ---ကဲ--ကြိုးစားကြ။

သာဓု --- သာဓု --- သာဓု။

*

## ကိုယ့်ဝေစုကိုယ် ရအောင်ယူကြ တရားတော်

သာသနာက ရှိနေပေမယ့် ဒီသမထ ဝိပဿနာတရားတွေက အမြဲထွန်းကားနေတာမဟုတ်ဘူး။ တစ်ခါတစ်ရံမှသာ ထွန်းကားတာ။

ယခုအခါလို ဒကာ ဒကာမတွေစုပေါင်းပြီး တရားထိုင်ကြရတယ်ဆိုတာ ရှေးက ကြားဖူး မြင်ဖူးသလား၊ မရှိဘူးဗျား။ တရားထိုင်ရကောင်းမှန်းတောင် သိရတာမျိုးမဟုတ်ဘူး။ လွန်ခဲ့တဲ့ အနှစ် ၆၀ လောက်ကမှ တရားထိုင်ကြရတယ်။

ဝိမုတ္တိယုဂခေတ်ဆိုတာ ဒါ ပြောတာ။ ရှေးက ဘုန်းတော်ကြီးတွေ စာတတ်ပေတတ်ပုဂ္ဂိုလ်ကြီးတွေလဲ ဒီဝိမုတ္တိယုဂခေတ်ကြီးနှင့် မပွင့်ထွန်းသေးတော့ သီလစုတင်တွေကိုပဲ လုပ်သွားကြရရှာတာ။

ဒကာဒကာမတွေလဲ ဘုရားဒကာ ကျောင်းဒကာ ဆွမ်းဒကာ ဆွမ်းအမ၊ လှူကာ တန်းကာ ဥပုသ်စောင့်ကာနှင့် ဒါနသီလလောက်ပဲ ယူသွားနိုင်ကြရှာတာ။ ဆရာတွေကလဲ မပြနိုင်ဘူး။

လောကမှာ ဥတုရာသီတွေ သူ့ရာသီနှင့်သူ ပြောင်းလဲနေသလို ခေတ်တွေကလဲ သည်အတိုင်းပဲ။ အမြဲတမ်း မိုးကရွာနေတာမဟုတ်ဘူး။ ဒါကြောင့် မိုးရွာတုန်း ရေခံကြ။

သာသနာကလဲ ၂၄၀၀ ကျော် ကျန်သေးတယ်ဆိုပေမယ့် ကိုယ်နှင့်မဆိုင်ဘူး။ ကိုယ်ကယူမှ ကိုယ့်သာသနာ။ မိုးရွာနေပေမယ့် ကိုယ်ကထွက်ပြီး မိုးရေမခံဘူး၊ မချိုးဘူးဆိုရင် ကိုယ့်မှာ အမွတ်သိပ် အညာလောင် ဘယ်ပြေပါ့မလဲ၊ချေးညှော်တွေလဲ ဘယ်မှာပြောင်ပါ့မလဲ။

- မစင်လူးလျှင်၊ အေးကြည်လင်သည့်၊ ရေစင်ရှိလျက်၊ မဆေးခက်၊ ကန်တွက်မရှိပေ။

- ရန်သူဝိုင်းထား၊ ထိုယောက်ျားကား၊ ပြေးသွားဖို့ရာ၊ လမ်းပေါက်သာလျက်၊ ပြေးမထွက်၊ လမ်းတွက်မဟုတ်ချေ။

## မရှိတာထက် မသိတာခက်

လူတွေဟာ အင်မတန် သနားစရာကောင်းတယ်၊ "မရှိတာထက် မသိတာခက်၊" မရှိတာက ကိုယ်လည်သလို ခိုးစား၊ လုစား၊ တိုက်စား၊ လိမ်စား ရသေးတယ်။ မသိပြီလားဆိုမှဖြင့် ဘယ်သူကမှ မကယ်နိုင်ဘူး၊ ဆုံးမမယ့်လူမရှိ သွန်သင်မယ့်လူမရှိ ဩဝါဒပေးမယ့်လူ မရှိ။

ဒီမသိတဲ့ အဝိဇ္ဇာဟာ တစ်သံသရာလုံး နှိပ်စက်ခဲ့တာ၊ ဒုက္ခပေးခဲ့တာဗျာ့။

ဘုရားသာသနာနှင့်တွေ့တုန်း ကိုယ့်မှာ အခွင့်ကောင်းကြီးရလို့ရမှန်းမသိ၊ လာဘ်ကြီးဆိုက်လို့ ဆိုက်မှန်းမသိ၊ လွန်ခဲ့တဲ့အနှစ် ၇၀ လောက်ကစပြီး လူတွေပါ စုပေါင်းပြီးတရားထိုင်ကြတဲ့ အခွင့်ကောင်းတွေပေါ်ပေါက်လာတယ်ဆိုပေမယ့် ခုထိ တရားဆိုတာ ဘာမှန်းမသိတဲ့လူတွေက တစ်ပုံကြီး။

ခုအခါ နိုင်ငံခြားသားတွေတောင် တရားထိုင်ကြလို့ ကံကောင်းတဲ့လူတွေများ အဲသလိုရကြတာ။ ဝေးတဲ့လူတွေက နီးကုန်ကြပြီ။ တချို့ နီးတဲ့လူတွေက ခုထိ ဝေးနေကြတုန်း၊ ကိုယ့်အလုပ်ကလေးနှင့် ကိုယ့်သားသမီး မြေးမြစ်တွေနှင့်ကိုယ် မေ့နေလိုက်ကြတာ။

မသိပြီလားဆိုမှဖြင့် အတော်သနားစရာကောင်းတာ၊ မသိတာလောက်ကြောက်စရာကောင်းတာ လောကမှာမရှိဘူး။ အဝိဇ္ဇာတဏှာဝသေန ဒွေ မူလာနိ၊ အဝိဇ္ဇာနှင့်တဏှာရေ သောက်မြစ်ကြီးဟာလဲ ခိုင် မှ ခိုင်၊ မြဲ မှ မြဲ။

မြတ်စွာဘုရားကလဲ တဖွဖွပြောပါတယ်။ 'စတုန္နံ အရိယသစ္စာနံ အနနုဗောဓာ' ဒီသစ္စာလေးပါးတရားတွေကို မသိမမြင်ကြလို့ 'သံသရိတံ' သန္ဓာဝိတံ အမှာကဉ္စေဝ တုမှာကဉ္စ' သင်တို့တစ်တွေရော ငါဘုရားပါ ဒီသံသရာဝဲဂယက်ကြီးထဲမှာ တဝဲလည်လည် မြုပ်ချည်ပေါ်ချည် နေခဲ့ရ---လည်ခဲ့ရတယ်---တဲ့။

## လယ်တီဆရာတော် ဩဝါဒ

လယ်တီဆရာတော်ဘုရားကြီးများ သူ့ခေတ် သူ့အခါ လူတွေနိုးကြားအောင် အများကြီးနှိုးဆော်တိုက်တွန်းတော်မူရှာတာ--- သူကိုယ်တိုင်လဲ တစ်တောဝင် တစ်တောထွက် သက်စွန့်ကြိုးပမ်းအားထုတ်တော်မူရှာတာဗျ။

ဆရာတော်ကြီးက ဓမ္မဒီပနီ၊ စာမျက်နှာ ၁၂၀-မှာ အခုလို ရေးခဲ့တာ--

'ယခု ဘုရားသာသနာတော်မှာ ရဟန်းဘဝ လူ့ဘဝ ရကြသူတို့ နောက်ဘုရားသာသနာနှင့်အလွန် စခန်းတိုက် ဆိုင်ကြကုန်ပြီ။

ယခုလို အလွန်ကြုံကြိုက်ခဲ၏။ ယခုကြုံကြိုက်နေကြပေသည်။

ယခုမျက်မြင် လူအပေါင်းတို့သည် စခန်းကောင်းကို 'ထိုင်မိ' လျှက် ရှိကြသည်။

အရိမေတ္တေယျဘုရားရှင် ယခုအန္တရကပ်ကုန်၍ နောက်ဆုတ်ကပ်တွင် တစ်သိန်းတမ်း ပွင့်လတ့်။ အနှစ်နှစ်သိန်း သုံးသိန်း သာသနာထွန်းလင်း၍ ကွယ်လတ့်။ ဘုရားသာသနာ ကွယ်သည့်နောက် ဤကမ္ဘာမှာ ပွင့်လာရန် ဘုရားမရှိပြီ။

ဤကမ္ဘာကုန်လျှင် သုညကမ္ဘာတွေများစွာလာ၍ မှောင်အတိသွားတော့မည်။

ယခုအခါ သာသနာတွင်းကြုံကြိုက်၍ရသော မျက်စိနှစ်လုံးသည် 'ဒဿနာနုတ္တရိယ'အကြောင်းဖြစ်ပေ၏။

စကြာမင်းစည်းစိမ်, သိကြားမင်းစည်းစိမ်, ဗြဟ္မာမင်း
စည်းစိမ်တို့ထက်မြတ်၏။ တစ်ကြိမ်တစ်ခါမျှ မြင်ရခြင်းသည်
အကုဋေမက အဖိုးထိုက်တန်၏။'

လယ်တီဆရာတော်ကြီးများ အမျိုးမျိုး နှီးဆော်တိုက်တွန်းတော်မူရှာတယ်။ 'ပုထုဇ္ဇနော ဥမ္မတ္တကော' ပုထုဇဉ်တွေဟာ အရူးတွေပဲတဲ့၊ အရူးဆိုတာ ကိုယ့်စိတ်ကိုယ်အစိုးမရလို့ ထမင်းတစ်လုတ်တောင်ဟုတ္တိပတ္တိမစားနိုင်ရှာဘူး--တဲ့။

အရွယ်သုံးပါး တစ်ပါးပါးမှာ အရအမိ အားထုတ်ကြ---ဆိုပြီး မဟာဓနသူဌေးသားဥပမာပြပြီး ပထမအရွယ်ကအားထုတ်ခဲ့မယ်ဆိုရင် အရဟတ္တဖိုလ်ဆုကြီးရမယ်။ ဒုတိယအရွယ်အားထုတ်ရင် အလတ်စား အနာဂါမ်၊ တတိယအရွယ်အားထုတ်ဦးတော့ အနည်းဆုံး သောတာပန်ဖြစ်မယ်။

စီးပွားလုပ်မယ်ဆိုလဲ ပထမအရွယ်မှာ အချိန်ရှိတုန်း လုံ့လစိုက်က ပထမတန်းစား သူဌေးကြီးဖြစ်နိုင်ပုံ စသည်ဖြင့် - ယခုတော့ သူဌေးသားဟာ 'ဖွတ်မရ ဓားမဆုံး' လောကီရော၊ လောကုတ္တရာပါ ဆုံးရှုံးရတာတွေ ဥပမာပြပြီး ရေးပြ ဟောပြတော်မူခဲ့တယ်။

'တိဏ္ဏ မညတရံ ယာမံ၊ပဋိဇဂ္ဂေယျ ပဏ္ဍိတော' အရွယ်သုံးပါး တစ်ပါးပါးမှာ အရအမိ ကြိုးစားအားထုတ်ရမယ်တဲ့။

သူကိုယ်တိုင်လဲ ကြိုးစားပမ်းစား အားထုတ်တော်မူတာဗျာ၊ အာဂအာဇာနည်ကြီးတွေဗျာ။ဦးပဥ္စင်းတို့ ဆရာတော့် ဒီပနီတွေ အဆုံးအမတွေ ဖတ်ကြဗျာ၊ သူ့ထေရုပ္ပတ္တိတွေ အတုယူကြ၊ ကြိုးစားကြဗျာ့။

ပြောရဦးမယ်--၊ သူ့ထေရုပ္ပတ္တိတစ်နေရာမှာ ပဋိဘာဂနိမိတ်နှင့်စပ်ပြီး ဆရာတော်ကြီးအတွေ့အကြုံ သူကိုယ်တိုင်မိန့်တော်မူခဲ့ပုံ--ပြောရဦးမယ်။

## လယ်တီဆရာတော်နှင့် ပဋိဘာဂနိမိတ်

၁၂၅၇ ခုနှစ်က၊ လယ်တီဆရာတော်ကြီး မဇ္ဈိမဒေသ အိန္ဒိယဘုရားဖူးကြွတယ်။ သူတို့ခေတ်က လေယာဉ်ပျံမပေါ်သေးဘူး။ သင်္ဘောနှင့် ငါးရက်လေးညသွားရတယ်။ လမ်းမှာလဲ ပင်လယ်ခရီးမူးနောက် အော့အန်ပြီး ဒုက္ခခံသွားကြရတာ။

မဇ္ဈိမဒေသ ဘုရားပွင့်တော်မူတဲ့နေရာတွေလိုက်ဖူးတော့ အကြီးအကျယ် သံဝေဂဖြစ်တော်မူပုံရပါတယ်။ ဘုန်းကြီးတို့ရောက်သွားတော့လဲ သည်အတိုင်းပါပဲ၊ ဘုရားမွေးဖွားပြီး သဗ္ဗညုတဉာဏ်ရဘုရားဖြစ်တော်မူတဲ့ဒေသမှာ သာသနာဆိုတာ လုံးဝမရှိသလောက်ဖြစ်နေပြီလေ။

ဘုရားပရိနိဗ္ဗာန်ပြုပြီး အနှစ် ၁၀၀ လောက်ပဲ တည်တည်ငြိမ်ငြိမ်ရှိတာ၊ အနှစ် ၅၀၀ လောက်ပဲ ခံတယ်။ နမြောစရာကြီး၊ လွမ်းစရာကြီး။

လေးအသချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ခဲ့ရတဲ့ပါရမီတွေနှင့် မကာမိဘူးဗျာ။ အဲဒီမှာ သာသနာက အမြစ်ပြတ်သလောက်ဖြစ်သွားရတာ။ ဦးပဥ္စင်းတို့ ဘုန်းကြီးတို့ က်ကောင်းလို့ ဒီမှာ ခုလိုရနေကြတာ။

အရှင်မောဂ္ဂလိပုတ္တတိဿ တတိယသံဂါယနာ ဦးဆောင် မထေရ်ကြီးနှင့် အရှင်သောဏ၊ အရှင်ဥတ္တရတို့ကျေးဇူးကြောင့် ဘုရားပွင့်တဲ့အိန္ဒိယမှာ သာသနာပြတ်သွားပေမယ့်၊ ဦးပဥ္စင်းတို့ ဘုန်းကြီးတို့ သာသနာနှင့် တွေ့နေကြရတာ---။

အဲ--လယ်တီဆရာတော်ဘုရားကြီးက အဲသလို သံဝေဂတွေဖြစ်တော်မူပုံရပါတယ်၊ အိန္ဒိယကပြန်လို့ ရန်ကုန်ရောက်တော့ တကတည်း သူ့ မုံရွာလယ်တီတိုက် မပြန်တော့ဘူးဗျာ။

ရန်ကုန်တောင်ဘက် ဒလတောကြီးတန်းကြွပြီး ဆပဂံ-တောရမှာ တ-ျးကို ဖောက်ချလုပ်တော့တာပဲ။ ဘယ်သူပင့်ပင့် မပြန်တော့ဘူး။

တိုတိုပြောကြပါစို့၊ ဆပဂံတောထဲမှာ ပထမ ကသိုဏ်းတွေ အားထုတ်တယ်၊ နောက် အာနာပါန အားထုတ်တယ်လို့ ထေရုပ္ပတ္တိမှာ ဆိုတယ်။

ပြောချင်တာက အဲသလိုအားထုတ်တော့ နိမိတ်တွေဘာတွေ ခု ဦးပဥ္စင်းတို့လိုရတာပေါ့လေ---၊ အဲသလို နိမိတ်တွေရလာပေမယ့် ဘာလုပ်ရမှန်း မသိဘူး၊ ရှေ့ဆက် ဘယ်လိုသွားရမှန်း မသိဘူး၊ ဘာနိမိတ်ဆိုတာလဲ သဲသဲကွဲကွဲ မသိဘူး။

အဲဒီမှာ အခက်တွေ့တော့တာပါပဲ။ စာတွေ့ သူမတူအောင် တတ်ပေမယ့်၊ အလုပ်နည်းပြမယ့်ဆရာမှ မရှိပဲဟာကိုး။

အဲသလို အလင်းရောင်နိမိတ်ကြီးက ပထမ ဆီးဖြူသီးခန့်၊ နောက် ဂုံညင်းလုံးခန့်--ချဲ့ ချဲ့ ပြီးပွားလိုက်တာ အလင်းနိမိတ်ကြီးက တဖြည်းဖြည်း ကျယ်ကျယ်သွားပြီး ပင်လယ်ပြင်ကြီးလို အလင်းကြီးဖြစ်သွားသတဲ့။

အဲဒီမှာ ဘာလုပ်ရမှန်းမသိဘဲ၊ 'တွေ'သွားပုံရတယ်၊ အဲဒီမှာ ဆရာတော်ကြီးက စဉ်းစားသတဲ့။

'ပဋိဘာဂနိမိတ်တို့မည်သည်မှာ ငြိမ်သက်တည်ကြည်ရမယ်လို့ ကျမ်းဂန်ကဆိုတယ်၊ ယခုမူ ငါ့နိမိတ်ကား မငြိမ်သက်ပါကလား၊ လှုပ်ရှားနေပါကလား၊ ပဋိဘာဂနိမိတ် ဟုတ်ပုံမရဘူး၊ အာရုံလိမ်ကြီးဖြစ်မယ်။'

ပြမယ့်ဆရာမရှိတော့ အခက်အခဲတွေ့ပုံနော်--၊ တကယ့်အာဇာနည် ဒေါင်ဒေါင်မြည်၊ ဒင်ဒင်ပြေး ပုဂ္ဂိုလ်ကြီးတွေတောင်မှ အဲသလိုဗျာ့၊ 'ဆရာမပြ, ငါးပိဖုတ်တောင် မတတ်' ဆိုတာလို၊ တရားအလုပ် လွယ်တာမဟုတ်ဘူး။

ဒါနဲ့--အဲဒီနိမိတ်ကြီး မလိုချင်တော့ဘူး။ မလိုချင်ပေမယ့် မျက်စိမှိတ်လေ ပေါ်လေ--ပိုထင်ရှားလေဖြစ်နေရော။ ခု--ဦးပဥ္စင်းတို့ ဖြစ်တာမျိုးပေါ့။

အဲသလို အထင်မှားသွားပြီး ဒီနိမိတ်ကြီးကို ဖျက်ပစ်ဖို့ ကြိုးစားတာ၊ ဖျက်လို့ကမရ၊ နောက်ဆုံး ကြံရာမရတော့--တစ်ညမှာ ရသမျှ ဖယောင်းတိုင်တွေ၊ ဆီမီးခွက်တွေ ပတ်ပတ်လည်ထွန်းညှိပြီး မချိမဆံ့ မရဖာရ အလင်းရောင်အစားထိုး ဖျက်ရှာရတာ၊ နောက်တော့လဲ ပဋိဘာဂနိမိတ်ကြီး ပျက်ရောဆိုပါတော့လေ။

အဲဒီမှာ ပထမတော့ စိတ်ဓာတ်တွေတက်လာပြီး -

'သာသနာနောက်ဖျား၊ ပေါက်ဖွားကြဆူဆူ၊
ယောဂျားပ ငါလိုလူ၊ ဇမ္ဗူမှာ ရှာစမ်း၊ အားလုံ့လ အလံထူ၊
စံမတူ ထိုးတော့ ဥဒါန်း' ဆိုပြီး ကြုံးဝါးတဲ့တေးထပ်တွေ
ရေးစပ်ပြီး အားတက်နေပုံရပါတယ်၊ ထင်ရတာပေါ့လေ။

အဲသလို မချိမဆံ့ ပဋိဘာဂနိမိတ်ကြီးဖျက်ပစ်ပြီးတော့ ဆရာတော်ကြီး အဲဒါ အလွန်ရခဲတဲ့ ပဋိဘာဂနိမိတ်ကြီးဆိုတာ သိသွားပြီ၊ သိသွားပေမယ့် လွယ်လွယ်နှင့် ပြန်ထူထောင်လို့ ရတာမှမဟုတ်ဘဲ။

နောက်တော့ ဆရာတော်ကြီး သေသေချာချာ သိပါတယ်။ ဒါနှင့် လယ်တီဝဏ္ဏိတ(ဦးလှတင်)တို့၊ ဆည်ကြီးတောရဆရာတော် (ဦးဇဝန)တို့ကို အမိန့်ရှိဖူးတယ်။

'ငါ့--အဲဒီတုန်းက ပဋိဘာဂနိမိတ်ကို အတုကြီး အာရုံလိမ်ကြီးထင်ပြီး ဖျက်ဆီးလိုက်ရတယ်၊ ဒီနိမိတ်ကြီးကိုသာ ပိုင်ရင်ကွာ စကြဝဠာတစ်ခွင်လုံး လိုရာသုံးလို့ရတယ်' တဲ့။

ဒါ တကယ်ပိဋကအာဇာနည်ကြီးတွေတောင် ဆရာမရှိတော့ အဲလိုဗျာ့။ တရားနည်းလမ်းတွေက သာသနာရှိတယ်ဆိုပေမယ့်၊ အချိန်အခါတိုင်း ထွန်းကားတာမဟုတ်တော့ လမ်းတွေတိမ်ကော၊ တိမ်ကောရာက ပျောက်၊ သာသနာဆိုတာ ဒီလိုကွယ်တာပဲ---။

## ကင်းဝန်မင်းကြီး မျက်ရည်ကျတဲ့တရား

ဒါ့ကြောင့် 'ယထာဘူတံ ဉာဏာယ သတ္တာပရိယေသိတဗ္ဗော' အမှန်အတိုင်းသိအောင် တကယ်တတ်သိတဲ့၊ လမ်းညွှန်ပြသနိုင်တဲ့ ဆရာ---ရှာရမယ်' ဆိုတာပေါ့။

ဒါ ဆရာတော်ကြီးကို အပြစ်ပြောတာမဟုတ်ဘူးနော်၊ ဦးပဥ္စင်းတို့ အချိန်အခါတန်ဖိုး၊ တရားတန်ဖိုး၊ ဆရာတန်ဖိုး သိဖို့ ဘုန်းကြီးပြောတာပါ။

နောင်အခါရောက်တော့ ဆရာတော်ကြီး ကောင်းကောင်းကြီး သိရှိမကပါဘူး၊ ကမ္မဋ္ဌာန်းကျမ်းတွေ အများကြီး လက်တွေ့နှင့်စာတွေ့ ဟပ်ပြီး ရေးပြသွားတယ်။

ဟို--၁၂၆၅ ခုနှစ်လောက်က အာနာပါနရှုပွားပုံတရားကို မန္တလေးနန်းတော်ထဲမှာ ကင်းဝန်မင်းကြီးစတဲ့ ဝန်ကြီး မှူးကြီး လူကုံထံတွေကို ဟောပြတော့ ကင်းဝန်မင်းကြီးခမျာ မျက်ရည်တောင်မဆည်နိုင်ဘူးဆို---မဟုတ်လား။ သွားလေသူ ပါတော်မူ သီပေါမင်းကြီးကို လွမ်းတာရော၊ ဒီလိုအသက်ကြီးမှ ဒီတရားမျိုးနာရ ကြားရတာရော--ရောထွေးပြီး စိတ်နှလုံးမသာမယာ ငိုကြွေးရရှာတာပေါ့။

ခု ဦးပဥ္စင်းတို့တတွေ 'မုတ်ဆိတ်ပျားစွဲ' လွယ်လွယ်ကလေး ရနေတာမဟုတ်လား၊ ဒီတရားတွေက အမြဲထွန်းကားနေမှာမဟုတ်ဘူး ဗျာ့။ မိုးရွာတုန်းရေခံ၊ နေပူတုန်းစပါးလှန်း၊ လ သာတုန်းဗိုင်းငင်။

- ခွင့်သာခိုက်ကမှ မလိုက်ချင်ရင်
  အမိုက်နင့်ပြင် ရှိသေးလိမ့်လား။

- ခွင့်သာဆဲကမှ မခဲချင်ရင်
  အလွဲနင့်ပြင် ရှိသေးလိမ့်လား။

- ခွင့်သာတုန်းကမှ မရုန်းချင်ရင်
  အရှုံးနင့်ပြင် ရှိသေးလိမ့်လား---တဲ့။

လယ်တီဆရာတော်ကြီး ဘုန်းကြီးတို့၊ ဦးပဥ္စင်းတို့တတွေကို မာန်မဲခဲ့တာလေ၊ ကြိုးစားကြဗျား။

လယ်တီဆရာတော်သာလား၊ ဘုန်းကြီးတို့ဘုရားလောင်း ကော ဒီတရားအလုပ်တွေမှာ ဆရာရှိလို့လား။ စဉ်းစားကြည့်လေ--။

သူ့ခမျာ--ကိုယ့်လမ်းကိုယ်ထွင်ပြီး သွားရရှာတာ၊ မသေ ကောင်း မပျောက်ကောင်း---ဗျာ့။

## အလောင်းတော်၏ဇာတိဒုက္ခ

အလောင်းတော်ရဲ့ ဘဝလာပုံခရီးကို နည်းနည်းလေး နောက်ပြန်ဆုတ်ပြီး ကြည့်ရအောင်။

သူဟာ ဘုရားလောင်းဟာ ဟိုတုသိတာနတ်ပြည်ကနေ သတ္တဝါတွေ ကယ်ဖို့ဆိုပြီး ဝိုင်းတောင်းပန်ကြလို့ 'သေတာကေတု' နတ်သားဘဝကနေ ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ မိဖုရား ခေါင်ကြီး မယ်တော်မာယာဝမ်းကြာတိုက်မှာ ကိုးလဆယ်လ ပဋိသန္ဓေ နေတော်မူရတယ်။

အလွန်ချမ်းသာတဲ့ နတ်စည်းစိမ်တွေ စွန့်လွှတ်ပြီး လူ့ဘဝ အမိဝမ်းပုပ်ခေါင်းထဲ ကိုးလဆယ်လ အောင်းရတာ...သူ့ အတွက် ငရဲခံရတာပဲ မဟုတ်ဘူးလား။

စဉ်းစားကြည့်စမ်းလေ၊ ဇာတိဒုက္ခကြီး ဘယ်လောက် ကြီးသလဲ၊ ဘယ်လောက် ကြောက်စရာကောင်းသလဲ၊ အလောင်း တော်ရဲ့ သတ္တဝါတွေ ကယ်ချင်တဲ့ ကရုဏာ ဘယ်လောက် ကြီးမားသလဲ။

လူ့ခန္ဓာ၊ လူ့ဘဝ စပြီး သန္ဓေတည်ကတည်းက ဆင်းရဲလိုက် ရတာ...ငရဲတစ်မျိုးပါပဲ။ ဒါတောင် တချို့က "ဇာတိပိ ဒုက္ခာ"လို့ ဟောတော်မူတာတောင် ဒုက္ခလို့ မထင်ကြဘူး။ ပဋိသန္ဓေနေရတာ ဘာန်းတာမှတ်လို့ သဘာဝပဲဆိုပြီး လွယ်လွယ် ပြောကြ ထင်ကြတာ။ ဘုရားက ဒုက္ခပါဆိုတာတောင် ဒုက္ခမှန်း မသိအောင်

ကန်းနေကြတာ။

မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက သတ္တဝါတွေရဲ့ ပဋိသန္ဓေနေရတဲ့ ဘဝအစ ဇာတိဒုက္ခကြီး ကြီးမားကြောက်လန့်ဖွယ်ကောင်းပုံကို လင်္ကာရေးထားတာ ရှိတယ်ဗျာ။

"အသစ်စာကျက်၊ ထက်အောက်ဝန်းရံ၊ ပုပ်နံ့ညှီလှောင်း၊ ကျဉ်းမြောင်းမဲမိုက်၊ မိဝမ်းတိုက်ဝယ်၊ ဘင်ဍသောက်လို (မစင်ဘင်ပုပ်ထဲက သောက်လို)၊ ကျောက်ကို ဝမ်းပြု၊ (အမေ့ကျောကုန်းဘက်မျက်နှာလှည့်ပြီး)၊ ဒူးနှစ်ခုကြား၊ ဦးခေါင်းထားလျက်၊ မေးကြားလက်ဆုပ်၊ သစ်ငုတ်တို့မှာ၊ မျောက်အိုကုတ်သည့်နှယ် . . .၊ မလှုပ်မယှက်၊ သေသောက်လက်ဝယ်၊ ဆိတ်သုံငယ်လို၊ အလမ္ပာယ်မိ၊ မြွေမချိသို့၊ အမိစပ်ခါး၊ ပူအေးစားလည်း၊ ကိုယ်သားဆတ်ဆတ်၊ သက်ပြတ်တစေ၊ ဆယ်လနေ၍၊ လေကမ္မဇ၊ ဦးစောက်ချသား၊ (ကမ္မဇလေမှုတ်လိုက်တော့ မိုက်ထဲမှာပဲ ကျွမ်းပြန်ကျတာကို ပြောတာ)၊ မဂ်ဝသို့ရောက်၊ သံကောက်ပေါက်မှ၊ (သံကောက်ပေါက်ဆိုတာ တံခါးခတ်တဲ့ သော့ပေါက်ကို ပြောတာ။) ဆွဲမြောက်ဆင်ပြောင် (အပေါက်ကျဉ်းကျဉ်းကလေးထဲက ဆင်ပြောင်ကြီးကို မရှိမဆန့် ဆွဲထုတ်လိုက်သလို)၊ သံတောင်ကြိတ်ချေ၊ (သံတောင်ကြီး နင်းဖိကြိတ်ချေခံရသလို)၊ ပုံ–နေရယ်ဂိက၊(ငရဲသားလိုပါပဲ . . . တဲ့)၊ ပြင်သို့ကျလည်း၊ အပ်ဆွသည့်ဟန်၊ ကြီးပြန်ဒုက္ခ၊ (အသားကလေးက နုနု၊

အဝတ်အနီးတွေ ကြမ်းကြမ်းကြီးနှင့် ထွေးကြ ပိုက်ကြ၊ လေစိမ်းကတိုက်၊ အပ်နှင့်ဆွသလား အောက်မေ့ရလောက်အောင် ဆတ်ဆတ်ခါသနာတဲ့)၊ အပ်ဆွသည့်ဟန်၊ ကြီးပြန်ဒုက္ခ...) များပြားလှသည်၊ လက်စ ဇာတိမူရင်းတည်း။

## ကြိုက်ရာ ပုံဖော်လို့ရတဲ့ လူ့ဘဝ

အဲသလို ဒုက္ခနှင့် စရပေမယ့် လူ့ဘဝရတာ အလောင်းတော်ကြီးက အင်မတန် ပျော်သတဲ့ဗျာ၊ ဒီလူ့ဘဝမှာပဲ တရားအလုပ်ကလုပ်လို့ရတာ မဟုတ်လား။

မြောက်ကျွန်၊ တာဝတိံသာတို့ထက် ဇမ္ဗူဒိပ်ကျွန်း၊ လူ့ဘဝက အသာရတာ ၃–မျိုး။

'သူရာ၊ သတိမန္တာ၊ ဣဓ ဗြဟ္မစရိယဝါသော'

ရဲရင့်တယ်၊ သတိရှိတယ်၊ ဒီမှာမှ တရားကျင့်လို့ရတယ်... ဆို မဟုတ်လား။ ဒီတော့ အလောင်းတော်ကြီး ပျော်တာပေါ့။

မောဂ္ဂလိပုတ္တတိဿ ဖြစ်မယ့် တိဿဗြဟ္မာကြီးကလဲ လူပြည်ဆင်း သာသနာပြုရမှာ ပျော်လိုက်တာတဲ့ဗျာ။ အမိဝမ်းပုပ်ခေါင်းထဲ အောင်းရမယ့်ဒုက္ခတွေ မမြင်တော့ဘူး။

သာသနာပြုရမယ်ဆိုရင် လူ့ဘဝမှာ ဘယ်လောက် ဒုက္ခရောက်ရောက်၊ နတ်စည်းစိမ်၊ ဗြဟ္မာ့စည်းစိမ်တွေနှင့်တောင် လဲနိုင်ကြတာဗျာ့။

ဦးပဥ္စင်းတို့ သီလရှင်တို့ ကိုယ်ရနေတဲ့ ဘဝ ဘယ်လောက် တန်ဖိုးရှိတယ်ဆိုတာ သိရမှာဗျာ၊ မေ့မေ့လျော့လျော့ နေလို့ မတော်ဘူး၊ နတ်တွေက လူ့ဘဝကိုမှ သုဂတိဘဝတဲ့။ (ဣတိဝုတ်၊ ပဥ္စပုဗ္ဗနိမိတ္တသုတ်၊ ၂၄၇။)

ခုလို တရားအားထုတ်ရတာဟာ သာသနာတော်ကို ပူဇော်ရာလဲ ရောက်တယ်။ တရားတော်တွေ မပျောက်မပျက် ရအောင် စောင့်ရှောက်ရာလဲကျတယ်၊ ကိုယ့်ကိုယ်ကိုယ် ကယ်တင် ရာလဲ ရောက်တယ်....ဟုတ်ဘူးလား။

နတ်ပြည်ဆိုတာက ကာမဂုဏ်ချမ်းသာတွေနှင့် နစ်နေကြ တာ၊ အပါယ်လေးပါး ကျပြန်တော့လဲ ဒုက္ခကြီးလိုက်တာ၊ ချမ်းသာလွန်ကဲ ဆင်းရဲလွန်ကဲတဲ့ ဘဝတွေ၊ လူ့ဘဝကတော့ ချမ်းသာဆင်းရဲ ဒွန်တွဲနေတာ၊ သတိသံဝေဂရှိရင် ကိုယ်လို သလောက် အထက်တန်း ရောက်နိုင်တဲ့ဘဝ၊ မဟုတ်ဘူးလား။

တိပိဋကရေ မင်းကွန်းဆရာတော်ကြီးက အမိန့်ရှိတယ်။ လူ့ဘဝဆိုတာ အပူအအေး ရောနေတဲ့ ဘဝ၊ ပန်းပဲသမားဟာ သံချောင်းသံပြားကို မီးရဲရဲထဲ ထည့်လိုက်၊ ရေထဲချလိုက်နှင့် သံချောင်းသံပြားကို ကိုယ်လိုချင်တဲ့ တံစူး၊ ဆောက်၊ ကိရိယာ လုပ်လို့ ရသလိုပဲ...တဲ့။ ကောင်းလိုက်တဲ့ ဥပမာ။

တချို့က ကုသိုလ်ကောင်းမှုလုပ်ရင် ဒီဘဝကသေတော့ နတ်ပြည်ရောက်ဖို့ မျှော်လင့်နေကြတာတွေ ရှိသေးတယ်။ သူတို့က

လက်ရှိ လူ့ဘဝတန်ဖိုး သိမှ မသိကြပဲ။

နတ်ဘဝဆိုတာ သက်တမ်းတွေကလဲ ရှည်ပါဘိသနှင့်၊ နတ်ပြည်က တစ်ကြော့ပြန်လာရင် ဒီမှာ သာသနာက မရှိတော့ ဘူးလေ။ စဥ်းစားကြည့်စမ်း၊ အပါယ်ငရဲကိုလဲ သည်အတိုင်းပဲ။ သာသနာတော်နှင့် တွေ့ရတဲ့ လူ့ဘဝ နှယ်နှယ်ရရ မဟုတ်ဘူးဗျာ့။

## မင်းစည်းစိမ်နှင့် တောင်းစားရတဲ့ ဘဝ

သိဒ္ဓတ္ထမင်းသား ဘုရားအလောင်းတော်ဟာ မင်္ဂလာမရှိတဲ့ အနိဋ္ဌာရုံတွေ မမြင်ရအောင် ခမည်းတော် သုဒ္ဓေါဒန မင်းကြီးက အစောင့်အရှောက်တွေ ဝန်းရံချပြီး စီစဉ်ထားတာ။

မာတုဂါမ အဆိုအက အရံအရွေတွေနှင့်၊ ဆောင်းနွေမိုး သင့်တော်တဲ့ ရမ္မ၊ သုဘ၊ သုရမ္မ နန်းသုံးဆောင်နှင့် ပျော်အောင်ထားတာ၊ တောထွက်သွားမှာစိုးလို့။

ဘုရားအလောင်းတော်က သည့်ထက် ချမ်းသာတဲ့၊ ကြီးကျယ်တဲ့ နတ်စည်းစိမ်တွေ စွန့်လွှတ်ခဲ့ပြီးမှ ဒီလူ့စည်းစိမ်လောက် ဘယ်မက်မောလိမ့်မတုံး။

ဒါနှင့် အမျိုးမျိုး ချုပ်ချယ်ဟန့်တားထားတဲ့ ကြားထဲက တောထွက်ဖြစ်အောင် ထွက်ခဲ့တယ်။ အနော်မာသောင်ကမ်း တစ်ဘက်ရောက်တော့ ဆံတော်ပယ်ဖြတ်ပြီး ရသေ့ ရဟန်း ပြုလိုက်တယ် မဟုတ်လား။

အဲဒီ ဆံတော်၊ ဝတ်လဲတော်တွေ ခုထိ တာဝတိံသာ နတ်ပြည်က စူဠာမဏိစေတီနှင့် အကနိဋ္ဌ ဗြဟ္မာ့ဘုံက ဒုဿ စေတီတော်တွေထဲမှာ ရှိနေတုန်း မဟုတ်လား။

ဦးပဥ္စင်းတို့တစ်တွေ ကြိုးစားပမ်းစား ရှုပွားကြလို့ ရဏ်ပိုင်း ကလေးနှင့် နတ်ဗြဟ္မာတွေ၊ ဈာန်အဘိညာဉ်ရ ပုဂ္ဂိုလ်တွေသာ ဖူးရတာ နည်းတဲ့ကံလား၊ လာဘာနုတ္တရိယ၊ ဒဿနာနုတ္တရိယ ဆိုတာ ဒါခေါ်တာ။

အလောင်းတော် တောထွက်ပြီး ရာဇဂြိုဟ်ရောက်တော့ မြို့ထဲ လှည့်လည်ဆွမ်းခံ၊ ပဏ္ဍဝတောင်ခြေမှာ ဆွမ်းစား၊ ရှင် ဘုရင်ဘဝက လာတာ၊ ဆင်းရဲသား အစားအစာတွေ ဘယ်မှာ မျိုကျလိမ့်မတုံး၊ ရှင်ဘုရင်ဘဝက ကောင်းမှ စားရတဲ့ဘဝ။

ကြည့်စမ်းလေ...၊ သတ္တဝါတွေ ကယ်ချင်လို့ ဘယ်လောက် ဒုက္ခခံရသလဲ။

ရာဇဂြိုဟ် အနီးပတ်ဝန်းကျင်မှာ ထင်ရှားကျော်ကြားတဲ့ နေရာဒေသတွေ တစ်နေရာပြီး တစ်နေရာ၊တစ်ဆရာပြီး တစ်ဆရာ နည်းခံအားထုတ်တယ်။ အာဠာရ ကာလာမရသေ့ကြီး၊ ရာမပုတ္တ ဥဒက ရသေ့ကြီး၊ ဒါ လောကီဆရာတွေပေါ့၊ ဘုရားဟာ လောကီမှာသာ ဆရာထားတာ၊ လောကုတ္တရာမှာ ဆရာမရှိဘူး။ 'န မေ အာစရိယော အတ္ထိ'။ ပြိုင်ဘက် မရှိဘူး၊ 'သဒိသော မေ န ဝိဇ္ဇတိ'။

## ဥရုဝေလတော ဒုက္ကရစရိယာဝှလိုဏ်

အာဠာရတို့၊ ဥဒကတို့ ဆရာကြီးတွေ ပေးတာက မြေလျှိုးမိုးပျံတဲ့ အတတ်၊ သူ့လိုချင်တာက မသေတဲ့တရား၊ ဒီတော့ ရာဇဂြိုဟ်ကနေ တောင်ဘက်ဆက်သွားတယ်။ ဥရုဝေလတော၊ ဂယာသီသတောင်၊ နေရဉ္ဇရာမြစ်။

အဲဒီနေရာရောက်တော့ အလောင်းတော်က သိပ်ကျေနပ်သွားပြီး အဲဒီမှာပဲ စတည်းချတရားအားထုတ်ဖို့ ဆုံးဖြတ်လိုက်တာ။ အခု ဗုဒ္ဓဂယာ အရှေ့မြောက်ဘက်၊ နေရဉ္ဇရာမြစ်ရဲ့ အရှေ့ဘက်ကမ်းပေါ်၊ အင်မတန် သာယာတယ်။

ဘုန်းကြီးရောက်တယ်၊ တောတောင်ရေမြေ အင်မတန် ကြည်နူးစရာ ကောင်းပါတယ်၊ အဲဒီမှာ သူဌေးသမီးသုဇာတာရွာ သေနာနိဂုံး၊ ရသေ့တစ်တောင် ရှင်တစ်ထောင်ချွတ်ဖို့ အသွား နဂါးမင်းနှင့် တန်ခိုးပြိုင်တဲ့နေရာ၊ ရွှေခွက်မျှောတဲ့ နေရာ၊ လွမ်းစရာတွေပေါ့လေ၊ ခုထိ ရှိသေးတယ်။

ဘုန်းကြီး ဥရုဝေလတော ဒုက္ကရစရိယာ ၆–နှစ် ကျင့်တော်မူတုန်းက သီတင်းသုံးတဲ့ ကျောက်လိုဏ်ဂူကြီးလဲ ရောက်တယ်။ အဝင်ပေါက်က ထက်အောက်ဝဲယာ တစ်လံကျော်ကျော်ကလေး ရှိတယ်။

နွေရာသီမှာ အလွန်ပူပြီး၊ ဆောင်းတွင်းမှာ အလွန်ချမ်းအေးတဲ့ ဒေသ။

"အလောင်းတော်ခမျာဟာ ဖျာတို့၊ ခေါင်းအုံးတို့လဲ မပါ။ ခြုံစရာစောင်လဲ မရှိ။ ဘယ်လိုများ နေရှာပါလိမ့်မတုန်း။ နေမကောင်းလို့မှ စားစရာဆေးက မပါ။

ဘုန်းကြီး စဉ်းစားမိတယ်။ ဦးပဥ္စင်းတို့ ဘုန်းကြီးတို့ အတွက် သူ့ခမျာ ဒုက္ခခံ လုပ်သွားလိုက်တာ၊ မတွေးဝံ့စရာကြီး၊ ခု ဦးပဥ္စင်းတို့ တုံးခေါက်သွားစားရုံပဲ၊ နေစရာ ဆေးဝါး ဘာမှ မလိုဘူး။

ဘုန်းကြီးက အဲဒီ ဒုက္ကရစရိယာ ကျောက်လိုဏ်ဂူကြီးကိုလဲ ပေါင်ဒါတွေ ရေမွှေးတွေနှင့် အားရအောင် ပူဇော်ခဲ့တာ။

## ဒုက္ကရစရိယာကျင့်ပုံ ပြန်ဟော

မြတ်စွာဘုရား အလောင်းတော် ဒုက္ကရစရိယာ ကျင့်တော်မူခဲ့ရပုံကို ပဏ္ဏာသပါဠိတော်ကြီး၊ ဗောဓိရာဇ ကုမာရသုတ်၊ ပါသရာသိသုတ်တွေမှာ ပြန်ပြီး ဟောပြတော်မူထားတယ်။

"ဒုက္ကရစရိယာ ကျင့်တဲ့နေရာမှာ သည့်ထက် ပြင်းပြင်း ထန်ထန်ကျင့်တဲ့ ပုဂ္ဂိုလ် ရှေးကလဲ မရှိခဲ့ဖူးဘူး။ ခုလဲ မရှိပါဘူး။ နောင်လဲ ရှိမှာ မဟုတ်ပါဘူး" ...တဲ့။ မိန့်တော်မူတယ်။ 'တောဝ ပရမံ၊ နယိတော ဘိယျော (မဇ္ဈိမ၊ ၂၈၉။) ဘယ်သူမှ သည့် ထက် ပင်ပန်းအောင် ကျင့်နိုင်တဲ့သူ မရှိနိုင်တော့ဘူး' ဆိုလို တာပေါ့။

ကိုယ်နှင့် အသက်ကို ဖက်ရှက်လောက်မျှ အမှုမထား၊ မြက်ခြောက်လောက်မျှ အမှုမထား၊ အသက်စွန့်ပြီး ကျင့်ရာရ တာဗျာ့။

အစားအစာကို စားတယ်ဆိုရုံ စား၊ သစ်သီး တစ်ခြမ်း၊ သစ်သီးတစ်လုံး၊ ပဲပြုတ်ရေ တစ်လက်ဆွန်းလောက် သောက်ပြီး ကျင့်တာ၊ တစ်ခါတလေ ဘာမှ မစားဘူး။

ကြာတော့ အသားအရေတွေ ခြောက်ကပ်ပြီး ညှိုမည်းလာ တယ်၊ ၃၂–ပါးသော လက္ခဏာတော်တွေ ပျောက်ကုန်တာပေါ့။

အရိုးပေါ် အရေတင်၊ ဦးခေါင်းတော်ဟာလဲ ဗူးသီးနုနု နေလောင်ထားသလို တွန့်ရှုံ့ပြီး အရိုးခေါက်ခက် မျက်တွင်း ဟောက်ပက်ဖြစ်သွားတယ်၊ ဝမ်းရေကို ကိုင်လိုက်ရင် ကျောထိ သွားအောင် ရှုံ့သွားတယ်။ တကယ့် မသေကောင်း၊ မပျောက် ကောင်း၊ အရိုးအခြင်ကျဲကျဲ မဲခြောက်သွားတာ။ ဆီးသွားလို့မရ၊ ဝမ်းသွားလို့ မရ။

အော်…တရားဆိုတာ ပြင်းပြင်းထန်ထန် ကျင့်တိုင်း ကောင်းတာမဟုတ်ဘူး၊ လမ်းစဉ်မှန်ကန်မှုက အဓိက၊ '**လမ်းမှားတဲ့ အကျင့်မှာ ဝီရိယများတဲ့လူ ဆင်းရဲတယ်၊ လမ်းမှန်တဲ့ အကျင့်မှာ ဝီရိယ နည်းတဲ့လူ ဆင်းရဲတယ်**'တဲ့။ အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောတော် မူတယ်။

## အပွါဏကရှာန်အကျင့်

ဘုရားအလောင်းတော် အားထုတ်တာ ဘယ်လောက်ထိ အားထုတ်လဲဆိုရင် အံကြိတ်တက်ခေါက်ပြီး ကိလေသာစိတ်ကို ဖိနှိပ်တယ်။ တစ်ကိုယ်လုံး ချွေးတွေ ပြန်ပြီး ပူလောင်လာသတဲ့။

နောက်...ထွက်လေဝင်လေတွေ ပါးစပ်၊ နှာခေါင်းနှင့် နားမှ မထွက်အောင် ထိန်းချုပ်ပြီး အောင့်ထားတဲ့အကျင့် ကျင့်ပြန်တယ်။ ဆရာမရှိတော့ စိတ်ကူးတည့်ရာ ရမ်းလုပ်နေရရှာ တာလေ...။

ထွက်လေဝင်လေ ထိန်းချုပ်အောင့်ထားတဲ့ အကျင့်ကို 'အပ္ပါဏကဈာန်' ခေါ်တယ်။ အာနာပါနတော့ အာနာပါနပါပဲ၊ ဒါပေမယ့် လမ်းမှားတဲ့ အာနာပါနပေါ့။

လေကို အောင့်ချုပ်ထားတော့ နားကွဲထွက်သွားမတတ် ခံရတယ်။ ခေါင်းတွေ၊ ဝမ်းဗိုက်တွေလဲ ပွင့်ထွက်သွားမတတ် နာတယ်ပေါ့။ မသေရုံတစ်မယ်ပဲ။ စကြံ လျှောက်ရင်း ပုံလျက်သား မူးမေ့ လဲကျသွားတော့ နတ်တွေက သေပြီထင်ကြတာပေါ့။ မွေးညှင်းပေါက်က နတ်ဩဇာထည့်မှာကိုလဲ ငြင်းပယ်ပြီး အသေ အလဲ ကျင့်တော်မူရတာ။

ဘုန်းကြီးတို့ ဦးပဥ္စင်းတို့တစ်တွ အပုံတစ်ထောင်ပုံ တစ်ပုံ တောင် ရှိပါ့မလား။ ပြီးတော့ ဘုရားအလောင်းတော်လို ရမ်းပြီး လုပ်ရတာလဲ မဟုတ်။ သေချာပေါက် အကျိုးရမှာ။ ထုပ်ဆီး

တိုးသလို ခေါင်သူကြီးက အနိုင်ရသွားတော့ နောက်လူတွေ ရွေးထွက်အောင် တိုးစရာ မလိုတော့ဘူးဗျ၊ အလောင်းတော်ကြီး အသက်နှင့်ရင်းပြီး အနစ်နာခံ ကျင့်ပေးသွားလို့ ခု လွယ်လွယ် ကလေး ရတာဗျ။

အဲသလို ဒုက္ကရစရိယာ လွန်စွာ ခဲယဉ်းပင်ပန်းတဲ့ အကျင့် ကြီးကို ၆–နှစ်လုံးလုံး ကျင့်တော်မူခဲ့တဲ့ ဒဏ်ကြောင့် တစ်သက်လုံး ခေါင်းကိုက် ခါးနာ စွဲတော်မူရတာတဲ့ဗျ၊ အရပ်ပြောပြောရင် သေရာပါတော့တာပါပဲ။

## ဘုရားဖြစ်မယ့် အာနာပါန

ခြောက်နှစ်လောက်လဲ ရှိရော၊ ဒါဟာ ဘုရားဖြစ်မယ့် သဗ္ဗညုတဉာဏ်ရမယ့် အကျင့်မဟုတ်ဘူးလို့ စဉ်းစားမိတယ်။

နောက်ပြီး ကံကောင်းထောက်မလို့ ရက်သား လသား ၁၀ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာပွဲလုပ် စဉ်က ဇမ္ဗူသပြေပင်ရိပ်မှာ အာနာပါနရှုလို့ ပထမဈာန်ရတာကို သွားပြီး သတိရတယ်။

'ဧသေဝ မဂ္ဂေါ ဗောဓာယ' – ဒီအာနာပါန အကျင့်ကမှ ငါလိုချင်တဲ့ ဘုရားစင်စစ် ဧကန်ဖြစ်မှာပါလားလို့ သဘောပေါက် သွားသတဲ့။ ကံကောင်းပေလို့ပေါ့။

အဲသလို ဒုက္ကရစရိယာ မသေကောင်း မပျောက်ကောင်း

အကျင့်ကြီးကနေ မရှိမ ပဋိပဒါလမ်းစဉ် ပြောင်းတာက ၆နှစ် လုံးလုံး ပြည့်ပြီး မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ကဆုန်လဆန်း ၁–ရက်လောက် ဖြစ်တယ်။

နည်းလမ်းမှန်တော့ ၁၅–ရက်လောက်ပဲ ကျင့်ရတယ်လို့ ပြောလို့ရတယ်။ ကဆုန်လပြည့် ဘုရားဖြစ်တာ မဟုတ်လား။

အတုယူစရာ ကောင်းတာက အဲသလို ၆–နှစ်လုံးလုံး ပင်ပန်းကြီးစွာ မရှိမဆန့် ဒုက္ခတွေ ခံစားရပေမယ့် စိတ်ဓာတ်ကျ မသွားဘူး၊ ဝီရိယတွေလဲ လျှော့မပစ်ဘူးတဲ့။ ခု လူတွေက နည်းနည်းအခက်တွေ့ နောက်ဆုတ်ဖို့ပဲ။

ထိုးနန်းစည်းစိမ် ပြန်ပြီး ခံစားဦးမှပဲလို့လဲ တစ်ခါမှ စိတ်မကူးမိဘူး...တဲ့။ ရှေ့ကိုသာ မဲပြီး တိုးကျင့်တာတဲ့ဗျာ။ အားကျစရာ မကောင်းဘူးလား။

ဒီလို ကျင့်ရတာလဲ သားစဉ်မြေးဆက် အတုယူ အားကျရ အောင် ကျင့်ရတာတဲ့ဗျာ၊ ဒုက္ကရစရိယာ အကျင့်ကို ပဓာန အလုပ်လို့လဲ ခေါ်တယ်။

## အတွင်းအပြင်ရန် မာရ်ဆယ်တပ်

သူတော်ကောင်းတရားဆိုတာ လွယ်လွယ်နှင့် မရနိုင်ဘူး၊ မဟုတ်တဲ့ အလုပ်သာ ကူညီမယ့်လူရှိတာ၊ ကောင်းတဲ့အလုပ်ဆို တာ ကူညီမယ့်လူ မရှိတဲ့အပြင် ဝိုင်းပြီး ဖျက်ဆီးချင်ကြသေး။

အလောင်းတော် တောစထွက်ကတည်းက မာရ်နတ်က လာတား၊ 'မကြာမီ စကြဝတေးမင်း ဖြစ်တော့မှာ၊ တောမထွက်ပါနှင့်'တဲ့။

ပဓာနအလုပ် ဒုက္ကရစရိယာ ကျင့်ပြန်တော့လဲ အကျိုးလိုလားသလိုလိုနှင့် 'သေသွားလိမ့်မလဲ၊ ရပ်လိုက်ပါ။ အသက်ရှင်နေသေးရင် ကုသိုလ်တွေ အများကြီး ရနိုင်တာလဲ' ဆိုပြီး ထားတာ။

ဟော...ဘုရားဖြစ်တော့မယ်ဆိုတော့ သူမခံနိုင်တော့ဘူး၊ စကြဝဠာနှင့် အပြည့် စစ်တပ်တွေနှင့် ဝိုင်းတိုက်တော့တာပဲ၊ ၄၅-ဝါ ကာလပတ်လုံးလဲ နှောင့်ယှက်၊ ပရိနိဗ္ဗာန် စံတော်မူတဲ့အထိ မလွတ်တမ်း ဒုက္ခပေးခဲ့တာကလား။

ဘုရားရှင်ဟာ တစ်နေ့မှ တစ်နာရီကျော်ကျော်ကလေး အနားယူပြီး မနားမနေ ဟောပြော၊ သက်တမ်းကတိုတော့ တက်သုတ်ရိုက် ဟောရရှာတာ။ အတိုက်အခိုက်တွေကလဲ ပေါပါဘိသနှင့်။

မာရ်နတ်ကြီးတင် မဟုတ်ဘူးဗျာ့။ တိတ္ထိဂိုဏ်းအသီးသီးကလဲ ဘုရားကိုပဲ ဝိုင်းတိုက်ကြ၊ အသရေ ဖျက်ကြ။ အကြိမ်ကြိမ် သေကြောင်းကြံတဲ့အထိ လုပ်ကြတာ မဟုတ်လား။ သူ့လို ကိုယ့်လိုဆိုရင် လွင့်သွားမှာပေါ့။

သီလ၊ သမာဓိ၊ ပညာ၊ ပါရမီ လက်နက်တွေကျတော့ ဘယ်လူ၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာကမှ မပြိုင်ရဲဘူးဗျာ့။ ပွဲတိုင်း

အောင်တဲ့၊ သိပ်အားကိုးရတဲ့ တရားတွေဗျာ့။ ဘုရားရှင်သုံးသွားတာ အများအားဖြင့် 'ခန္တီမေတ္တာဗလေန စ'၊ ဒီလက်နက်ပဲ မဟုတ်ဘူးလား။

## သေလူထားလုပ် နောက်မဆုတ်

ဦးပဥ္ဇင်းတို့ ကြပ်ကြပ် မေတ္တာပို့ကြ၊ အမျှဝေကြဆိုတာဒါဗျာ့။ မေတ္တာရှင်ဆိုတာ ဓားတွေ လှံတွေလို အမြဲထက်ရှနေတော့ ဘယ်သူကမှ မထိရဲဘူး။ (သံယုတ်၊ သတ္တိသုတ်။)

အဲဒီ အပြင်က ရန်တွေ ကြည့်ရင်လဲပဲ သူတော်ကောင်းတစ်ယောက်၊ သူတော်ကောင်းအလုပ်၊ သူတော်ကောင်း တရားဖြစ်ထွန်းပြန့်များဖို့ မလွယ်ဘူးဆိုတာ ပေါ်လွင်တယ်။

"ဓဝံဗုဒ္ဓါ အစိန္တိယာ၊ ဗုဒ္ဓဓမ္မာ အစိန္တိယာ"

အဲဒီ အဒိဋ္ဌေယျ ဂုဏ်သတ္တိတွေ သိနေ,ရှိနေတော့လဲ တစ်လောကလုံး ဘာမှ ကြောက်စရာ မရှိဘူးဗျာ့။ ဘယ်သူတွေ ဘယ်လောက် တန်ခိုးကြီးတဲ့လူတွေ ဘယ်လိုနှောင့်ယှက်နှောင့်ယှက်၊ သူတော်ကောင်းတရားက အမြဲအနိုင်ရနေမှာ မလွဲဘူးဗျာ့။

ဝီရိယရှိရှိ၊ သတ္တိရှိရှိ ကြိုးစားကြဗျာ့။ ပြောရဦးမယ်။

ဘုရားအလောင်းတော် ဒုက္ကရစရိယာအကျင့် ကျင့်တုန်းက မာရ်နတ်က ရပ်ဖို့လာပြောတော့ အလောင်းတော်က ပြောတယ်။

"ဟဲ့...မာရ်နတ် ဖြူဆံမြတ်ကို ခေါင်းမှာထိုးပြီး တိုက်တဲ့ အသေခံစစ်သားလို ငါက သေလူ၊ စစ်ပွဲမှာ အရှုံးပေးပြီး အသက်ရှင်နေရတာထက် သေတာက မြတ်တယ်။

'န နံ အသူရော ဇိနာတိ' –

'သူရဲဘောကြောင်တဲ့သူသာ ရှုံးတာ၊ ငါ အရှုံးမခံဘူး။ အဲသလို မာရ်နတ်နှင့် အချီအချ ပြောကြတာတွေ၊ မာရ်နတ် ပရိယာယ်၊ မာရ်နတ်ရဲ့ တပ်မကြီးဆယ်တပ် ရှိပုံတွေ၊ ဘုရား လောင်းက ကြိမ်းပပြောဆိုပုံ ဘုရားဖြစ်တော်မူပြီး ပြန်ဟောပြတာ၊ သုတ္တနိပါတ် ပဓာနသုတ်ဆိုတာ ရှိတယ်။

လယ်တီဆရာတော်ဘုရားကြီးက မြန်မာပြန် ဖွင့်ဆို ထားတာ၊ ယောဂီတိုင်း ဖတ်ဖို့ကောင်းတဲ့ စာအုပ်။ အင်မတန် လက်သံပြောင်တဲ့ အရေးအသား။ အပြင်ရန်ထက် အတွင်းရန်က ပိုပြီး ကြောက်စရာကောင်းပုံ သတိပြုဖို့ပေါ့။

ဒီမှာတော့ ယောဂီတိုင်း ရင်ဆိုင်ရမယ့် ပဓာနသုတ်လာ မာရ်တပ်မကြီး ၁၀–ခုပဲ အတိုချုပ် ပြောရအောင်။

၁။ ကာမာ တေ ပဌမာ သေနာ။

ဝတ္ထုကာမ၊ ကိလေသာကာမတပ်ကြီး၊ လူ ကာမဂုဏ်၊ ရဟန်းကာမဂုဏ် နှစ်သေကြပုံ။

ပျားသကာ တင်လဲထဲ ပရွတ်ဆိတ်တွေ၊ ယင်တွေ စားရင်းနှင့် နစ်သေရသလို၊ နောက်တပ်တွေ မရောက်ခင် ဒီကာမတပ်ထဲမှာ သေကြရတယ်။

၂။ ဒုတိယာ အံရတိ ဝုစ္စတိ –

သံဝေဂရလို့ တရားလုပ်ပြန်ပါတော့လဲ တဆန့် ငင်ငင် မပျော်ပိုက်နိုင်ပြန်ဘူး၊ တောထဲမှာ ရိပ်သာမှာ မပျော်ဘူး။

၃။ တတိယာ ခုပ္ပိပါသာ တေ–

တရားအလုပ်ခွင်မှာ ရသမျှနှင့် မျှတရောင့်ရဲမှု မရှိဘဲ မွတ်သိပ်ဆာလောင်မှု နှိပ်စက်ခံရပြီး အလုပ်ခွင်က လက်လျှော့ ထွက်သွားသူသွား။ အစားသည်းမခံနိုင်တဲ့ လူတွေပေါ့။

၄။ စတုတ္ထီ တဏှာ ဝုစ္စတိ။ (ပါဠိတော်မှာ စတုတ္ထိ တဏှာ ပဝုစ္စတိ။)

စတုတ္ထတပ်မကြီးက တရားလုပ်ရာမှာ အပျင်းကြီးခြင်း၊ ဒီတပ်မှာ လန်တဲ့လူလန်ကျပေါ့။ တချို့များ တောကျောင်းက ထွက်ပြေးကြတယ်။

၅။ ပဉ္စမံ ထိနမိဒ္ဓံ တေ –

ပဉ္စမက ထိန မိဒ္ဓ တသမ်းသမ်း တဝေဝေ အိပ်ချင်ထိုင်းမှိုင်းတဲ့တပ်။

၆။ ဆဋ္ဌာ ဘီရူ ပဝုစ္စတိ –

နံပါတ်ခြောက်က ကြောက်စိတ်ဝင်လာတာ။

တစ်ယောက်ထဲ မအိပ်ရဲဘူး၊ သစ်ငုတ်တို တစ္ဆေထင် ကြောက်တာ။

၇။ သတ္တမီ ဝိစိကိစ္ဆာ တေ–

တရားက ဟုတ်မှ ဟုတ်ရဲ့လား၊ တရားရမှ ရပါ့မလား၊ သံသယတွေ ဝင်နေတာ။

၈။ မဂ္ဂေါ ထမ္ဘော တေ အဋ္ဌမော–

တရားက နည်းနည်း ထူးလာတယ်ဆိုရင် ငါမှ ငါ၊ ငါတို့တရားမှ ငါတို့တရား မာန်တက်လာရော၊ နှိမ့်ချမှုမရှိ၊ မောက်မောက်မာမာ ပြော၊ တစ်ဘက်သား ဂုဏ်ကျေးဇူး ပယ်ဖျက်၊ ဒီနံပါတ်ရှစ် တပ်မကြီးထဲ သေသွားတဲ့ ယောဂီလို့ ဆိုရတယ်။

၉။ လာဘော သိလောကော သက္ကာရော၊ မိစ္ဆာလဒ္ဓေါ စ ယော ယသော။

ဟော...တရားတွေ ကြိုးစားအားထုတ်လို့ အထိုက် အလျောက် တိုးတက်လာတယ်၊ အသိအမြင်ကလေး ဘာလေး ရှိလာတယ်၊ သမာဓိ ပညာတွေ တိုးလာပြီဆိုရင် တရားတန်ခိုးနဲ့ လာဘ်လာဘတွေ ပေါလာ။ ကျော်ကြားမှုတွေ ပူဇော်သက္ကာရတွေ ရောက်လာ။ ဒါနှင့် မကျေနပ်တော့ ဥာဏ်နီ ဥာဏ်နက်တွေ လုပ်ပြီး အခြံအရံ အကျော်အစောဖြစ်အောင် လုပ်ရော၊ ဒီနံပါတ် ၉– တပ်မကြီးရှေ့မှာ မှောက်လျက်လဲ ကျဆုံးရတော့တာပါပဲ။

၁၀။ ယော စတ္တာနံ သမုက္ကံသေ၊ ပရေ စ အဝဇာနတိ။

ဒီနံပါတ် ၁၀–တပ်မကြီးဆိုတာက ကိုယ့်ကိုယ်ကိုယ် မြှောက်ပင့်ချီးပပြီး သူတစ်ဘက်သားကို ရှုတ်ချတာပါပဲ။ တရား

တစ်စွန်းတစ်စ တိုးတက်လာရင် ကိုယ့်ကိုယ်ကိုယ် အထင်ကြီး၊ သူများ အထင်သေး ရှုတ်ချ။

ရှေ့က တပ်တွေ အောင်ခဲ့ပြီးမှ နောက်ဆုံးတပ်ရောက်မှ လက်မြှောက်အရှုံးပေးရမယ်ဆိုရင် သာပြီး မနစ်နာပေဘူးလား။ ဒါကြောင့် အပြောအဆို မာန်မာနတွေလဲ စောင့်စည်းရတယ်။

## အရိယူပဝါဒကံကြီး သတိပြုကြ

ဒီမာရ်ဆယ်တပ်နှင့် စပ်လို့ ယောဂီတွေအတွက် အရေးအကြီးဆုံး လိုက်နာဖို့အချက် ပြောရဦးမယ်။ ဒါ သိပ်အရေးကြီးတယ်။

ယောဂီဟာ ကိုယ်အားထုတ်တဲ့ တရားကလွဲလို့ အခြားတရားနည်းတွေကို အထင်သေး အမြင်သေး ဖြစ်တတ်တယ်။ ကဲရဲ့ရှုတ်ချမိတတ်တယ်၊ တခြား ဆရာ၊ တခြားဂိုဏ်းတွေကိုလဲ အထင်သေး အမြင်သေး ပြောဆိုမိတတ်တယ်။

ဒါ သိပ်ကြောက်စရာကောင်းတဲ့ အပြစ်ကြီးဗျာ၊ အရိယူပဝါဒကံခေါ်တယ်။ အဝိစိကို ဇောက်ထိုးဆင်းမှာ ကြားလား။ ဘယ်နည်းမဆို ကောင်းတာချည်းပဲ။ ဘယ်ဆရာမဆို ကျေးဇူးကြီးတာချည်းပဲ။ ကိုယ့်ဟာမှ ကိုယ့်ဟာ မလုပ်နှင့်။

နောက်ပြီး ရှိသေးတယ်။ ဒါက ပိုလို့တောင် အရေးကြီးသေးတယ်။

ယောဂီအချင်းချင်း ပြိုင်ဆိုင်တဲ့ စိတ်တွေ ဖြစ်တတ်တယ်။ မနာလိုဝန်တိုတဲ့ စိတ်တွေလဲ ဖြစ်တတ်တယ်။ အထင်သေး အမြင်သေး ရှုတ်ချကဲ့ရဲ့ ပြောဆိုမိရင် ပြီးပါရောလား၊ အဖတ်ဆယ်လို့ မရဘူး၊ ဘယ်သူမှ ကယ်လို့ မရဘူးဗျာ၊ သိပ်ကို အပြစ်ကြီးတာ။

တရားအားထုတ်ဖော်အချင်းချင်း အင်မတန် ဖြစ်လွယ်တယ်။ အလွန် ကြောက်စရာကောင်းတယ်။

အရပ်ထဲမှာ ရောင်းရင်း ဝယ်ရင်း ဖြစ်တဲ့ငရဲက ဒီတရား ရိပ်သာတွေ သူတော်ကောင်းတွေကြားမှာ ဖြစ်တဲ့ ငရဲလောက် ကြောက်စရာမကောင်းဘူး၊ ကြပ်ကြပ်သတိထားကြ။

ပြစ်မှားမိရင် ဘယ်လို ကြိုးစားအားထုတ်လို့မှ တရားက မတက်တော့ဘူး၊ သေရင်လဲ အဝီစိ တန်းသွားမှာဗျာ။ ဒါ့ကြောင့် ကာယကံ၊ ဝစီကံ၊ မနောကံ အပြစ်ကြီး အပြစ်ငယ်တွေကို ကိုယ့်အချင်းချင်းလဲ ဝန်ချတောင်းပန် ကန်တော့ရတယ်။

အချင်းချင်းမို့ ရှက်လို့ မကန်တော့ရင် သွားပြီ...သံသရာ ပါရော။ လောကကြီးမှာ ဒီအရိယူပဝါဒကံလောက် ကြောက်စရာ ကောင်းတာ မရှိဘူးဗျာ၊ လွယ်လွယ်ကလေး ဖြစ်တတ်တာ။ ကျန်တဲ့ အနန္တရိယကံတွေက ဖြစ်ခဲတယ်။

## လယ်တီဆရာတော် ဆေဖန်သတိပေး

ဒီမာရ်ဆယ်တပ်နှင့် စပ်ပြီး လယ်တီဆရာတော်ဘုရားကြီး အထူး မှတ်ချက်မှာထားတော်မူတာ ဦးပဥ္စင်းတို့ကို ဖတ်ပြရဦးမယ်။ 'ပဓာနသုတ်နိဿယ'မှာ ဘယ်လိုမှာထားသလဲဆိုရင်–

"ရဟန်းတို့၌ တဏှာဖြင့် သာယာလောက်သော သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ၊ တိုက်တာ၊ ကျောင်းကန်၊ အရံ ဥယျာဉ်၊ ခုတင်၊ ညောင်စောင်း၊ အခင်းအရုံ အလုံးစုံသည်လည်း ရဟန်းတို့၏ ကာမဂုဏ်ဝတ္ထုစုပင်တည်း။

ဗုဒ္ဓုပ္ပါဒ ဒုလ္လဘာ၊ ပဗ္ဗဇိတ ဒုလ္လဘကို သိကြလျက် ဂိဟိဘောဂ (လူ့အသုံးအဆောင်)ကို မစွန့်နိုင်၍ ဂိဟိဘောဂ အလယ်၌ ပုထုဇဉ်အနေနှင့် သေဆုံးကြသော လူတစ်စု၊

ရုက္ခမူလ ကျောင်း၊ ပံသုကူသင်္ကန်း၊ ပိဏ္ဍိယာလောပ ဆွမ်း၊ ပူတိမုတ္တ ဆေးတို့ကို ရဟန်းခံစဉ်အခါ ကြားဖူးကြပါလျက် ဂဟပတိ (လူဒကာ) တို့ လှူဒါန်းသော ကျောင်းသင်္ကန်း ဆွမ်းဆေးတို့ကို မစွန့်နိုင်၍ **ပဗ္ဗဇိတ ကာမဂုဏ်** အလယ်၌ ပုထုဇဉ်အနေနှင့် သေဆုံးကြသော ရဟန်းစု၊

ဤလူရှင်ရဟန်းတို့သည် မာရ်မင်း၏ "ကာမ" ဟူသော ပထမတပ်မတော်ကြီးနှင့် ဆိုင်မိ၍ မလှတမ သေဆုံးကြသော သူတို့ပေတည်း။

အချို့သော ရဟန်းတို့သည် ပထမတပ်ကြီးမှ အလွတ် ထွက်ခဲ့၍ (ထွက်ခဲ့ပြီးခါမှ) တောအရပ်တွင် ခုတင် ပဋိပတ်နှင့်

နေကြရာ "အရတိ၊ ခုပ္ပိပါသာ၊ တန္ဒီ၊ ထိနမိဒ္ဓ၊ ဘီရု" ဤတပ်ကြီးငါးတန် ဝိုင်းမိပြန်၍ လွတ်အောင် မထွက်နိုင်ကြဘဲ ထိုတပ်ထဲမှာပင် ပုထုဇဉ်ဘဝနှင့် မလှတမ သေဆုံးကြကုန်၏။ ယခုကာလ၌ ဂါမဝါသီ (ရွာနေ) ရဟန်းတို့သည် ပထမ တပ်တွင်းမှာပင် မြုပ်ဆုံးကုန်ကြ၏။ အရညဝါသီ (တောနေ) ရဟန်းတို့သည် နောက်တပ် ငါးတပ်အတွင်းမှာ မြုပ်ဆုံးကုန်ကြ၏။ သတ္တမတပ်သို့ ရောက်အောင် လာနိုင်သောသူပင် မရှိကြပြီ။"

ဒါ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး အမိန့်ရှိပုံ၊ ဆရာတော်ကြီးက တင်းတင်းရင်းရင်း မညှာမတာ ဆုံးမသတိပေး သွားတာဗျာ့။

## ဥရုဝေလတောတွင် သီတင်းသုံးပုံ

အလောင်းတော် ဒုက္ကရစရိယာ ကျင့်တုန်းက မာရ်နတ်က အကျိုးလိုလားသလိုလိုနှင့် လာတားတော့ အလောင်းတော်က ပြင်းပြင်းထန်ထန် ပြတ်ပြတ်ပဲ ပြန်ပြောပြီး မဇ္ဈိမပဋိပဒါ လမ်းစဉ် ပြောင်းကျင့်တာ၊ ထွက်လေဝင်လေ ခေါ်တဲ့ အာနာပါနပဲ ကျင့်တာပေါ့။

ဥရုဝေလတောအုပ်ရဲ့ တောင်ဘက် မနီးမဝေး သုဇာတာ တို့ရွာ သေနာနိဂုံးဆိုတာ ရှိတယ်။ အဲဒီမှာ ဆွမ်းခံ၊ အစာအာဟာရ တွေ မျှတအောင် ပြန်စား၊ အဲဒီတော့မှ ၃၂–ပါးသော လက္ခဏာ

တော်တွေ ပြန်ပေါ်လာတာ၊ အသားအရေတွေလဲ တောက်ပလာတာပေါ့။

အဲသလို အစာအာဟာရတွေ ပြန်စားပြီး ကျင့်တော့ ၆–နှစ်လုံးလုံး ဝေယျာဝစ္စလုပ်ပြီး ပံ့ပိုးနေတဲ့ ပဉ္စဝဂ္ဂီငါးဦးက 'အစာမစားဘဲ အပြင်းအထန် ကျင့်လို့မှ မရတာ၊ စားကာသောက်ကာနှင့် အားထုတ်လို့ တရားထူး ဘယ်မှာရမလဲ၊ သိဒ္ဓတ္ထ ကမ္ဘဋ္ဌာန်းက ထွက်သွားပြီ' ဆိုပြီး ကျောပေးထွက်သွားကြတာ။ ဗုဒ္ဓဂယာရဲ့ မြောက်ဘက် ၁၈–ယူဇနာဝေးတဲ့ ဗာရာဏသီမြို့ အနောက်ဘက်က မိဂဒါဝုန်တောထဲ ထွက်သွားကြတာ။

အနီးအနားမှာ လူသူမရှိတော့ အလောင်းတော်မှာ ပိုပြီး သမာဓိရ၊ တရားတွေ တက်တာပေါ့။

ငယ်ငယ်က အားထုတ်ဖူးတဲ့ အာနာပါနပဲ အားထုတ်တာ၊ ပဉ္စဝဂ္ဂီတို့ ထွက်သွားတာက တန်ခူးလကွယ်နေ့လောက်၊ ကဆုန်လဆန်း ၁၄–ရက်ထိ၊ နှစ်ပတ်လောက် အတွင်းမှာပဲ ဝိဝေကရပြီး သမာဓိအားတွေ တစ်ရှိန်တည်း တိုးတက်လာတော့တာပဲ။

ကဆုန်လဆန်း ၁၄–ရက်နေ့ညမှာ မြင်းမိုရ်တောင်ကို ခေါင်းအုံးလုပ်ပြီး အိပ်စက်ရတယ် စသည်ဖြင့် ဘုရားဖြစ်မယ့် အိပ်မက်ကြီး ၅–ပါး မြင်တော်မူတယ်။

## ဘုရားဖြစ်မည့်နေ့ နေ့ထိုင်ပြမှုပုံ

၁၀၃–ခု၊ ကဆုန်လပြည့်နေ့ နံနက် သေနာနိဂုံး အနီးက ညောင်ပင်ကြီးအောက်မှာ သူဌေးသမီး သုဇာတာ လှူတဲ့ ဂဏာနို့ဆွမ်းကို အဖိုးတစ်သိန်းတန်တဲ့ ရွှေခွက်ကြီးပါ အလှူခံပြီး သေနာနိဂုံးရဲ့ အနောက်မြောက်ဘက် နေရဉ္ဇရာ မြစ်ကမ်းထိပ်ကို သွားတယ်။

စိမ်းညိုသော ရေရှိလို့ 'နေရဉ္ဇရာ'ဆိုတဲ့ မြစ်ရေက နွေရာသီမှာ ခြေကျင်းဝတ်လောက်၊ ဟိုနားသည်နား ရေစီးကြောင်းကလေးတွေပဲ ရှိတာ၊ မြစ်အရှေ့ဘက်ကမ်းတစ်နေရာ အရိပ်ကောင်းတဲ့ သစ်ပင်ရိပ်မှာ အလောင်းတော်က နို့ဂဏာ ရွှေခွက်ကို ချပြီး ရေချိုးတယ်။ အဲဒီ ရေချိုးတဲ့နေရာက ဘုရားရှင် အဆူဆူတို့ ရေချိုးတော်မူသွားကြတဲ့ နေရာ၊ 'သုပ္ပတိဋ္ဌိတ'ရေဆိပ်...တဲ့။

ရေမိုးသန့်စင်ပြီး အရိပ်အာဝါသကောင်းတဲ့ သစ်ပင်ရိပ်မှာ ဆွမ်းဘုဉ်းပေး၊ ထန်းသီးအစေ့ခန့် ၄၉–လုတ် ဘုဉ်းပေးတဲ့ ဆွမ်းက ဘုရားဖြစ်ပြီး ၇–ရက် ၇–လီ=၄၉ ရက် ဘာမှ မဘုဉ်းပေးဘဲ နေတော်မူနိုင်တယ်။

ရွှေခွက်ကို အဓိဋ္ဌာန်မျှောပြီး နေရဉ္ဇရာ မြစ်ကမ်း စိမ်းလန်းစိုပြည်တဲ့ အင်ကြင်းတောကြီးထဲမှာ အာနာပါန ကမ္မဋ္ဌာန်းကိုပဲ စီးဖြန်းပြီး နေ့သန့်တော်မူတာ။

အဲဒီအင်ကြင်းတောထဲမှာပဲ ဈာန်သမာပတ် ရှစ်ပါးနှင့် အဘိညာဉ် ၅–ပါး ရတော်မူတယ်။

ဒီမှာ အထူးသတိပြုဖို့က အာနာပါန ကမ္မဋ္ဌာန်းဟာ ဈာန်အဘိညာဉ်ကိုလဲ ရစေနိုင်တယ်၊ အာသဝေါကုန်ခန်းပြီး ဘုရား၊ ရဟန္တာလဲ ဖြစ်စေနိုင်တယ် ဆိုတာပဲ။

အာနာပါနဟာ သမထလဲ ဖြစ်တယ်။ ဝိပဿနာလဲ ဖြစ်တယ်။ စွယ်စုံရ ကမ္မဋ္ဌာန်း။ ဘုရားရှင်အဆူဆူ ဒီအာနာပါနကိုပဲ အားထုတ်ပြီး ဘုရားဖြစ်တော်မူကြတာ။ ပေါ့ပေါ့ဆဆ မထင်မှတ်ကြနှင့်။ လွယ်လွယ်ကလေး အပြစ်မပြောမိဖို့ သတိထား ကြရမှာ။ ခု... ဦးပဥ္စင်းတို့ ဘုရားလျှောက်တဲ့လမ်း လျှောက်နေကြတာ မဟုတ်ဘူးလား။

မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ကဆုန်လပြည့်နေ့၊ ညနေချမ်း အချိန်ရောက်တော့ အလောင်းတော်ဟာ ဥရုဝေလ အင်ကြင်းတော ထဲက ထွက်၊ နေရဉ္ဇရာ မြစ်ရေတိမ်ကလေးကို ဖြတ်ဆင်းပြီး အနောက်ဘက်ကမ်းခြေမှာရှိတဲ့ မဟာဗောဓိ ညောင်ပင်ဆီကို ကြွသွားတာ။

## ဘုရားရှင်အဆူဆူတို့ ပွင့်တော်မူရာဌာန

အဲဒီ ဗောဓိညောင်ပင်ရှိရာ အရပ်က သာမည နေရာမဟုတ် ဘူးဗျာ၊ ဘုရားရှင် အဆူဆူ ပွင့်တော်မူရာဖြစ်တဲ့ မြေထူးမြေမြတ်၊

ဘူမိနက် မြေဦးကင်း ဘူမိသီသ၊ ဗောဓိမဏ္ဍာ–သဗ္ဗညုတဉာဏ် ပွင့်ထွန်းရာ ဗောဓိမဏ္ဍိုင်။

ကမ္ဘာမြေကြီး စဖြစ်တော့ ဒီနေရာက စတာ၊ ကမ္ဘာ ပျက်ရင်လဲ ဒီနေရာက နောက်ဆုံးမှ ပျက်ရတာ။ ဘဒ္ဒကမ္ဘာမှာ ဘုရား ၅–ဆူ ပွင့်မယ်ဆိုရင် အဲဒီနေရာမှာ ဦးစွာ မြေဦးကင်း မြေဦးခေါင်း စတင်ပေါ်လာပြီးတော့ ကြာပွင့်ကြီး ၅–ပွင့် နိမိတ်ပြပေါ်လာသတဲ့။ ၂–ဆူပွင့်မယ့် ကမ္ဘာဆိုရင် ၂–ပွင့်ပေါ့။

အဲသလို ထူးမြတ်တဲ့ နေရာ၊ ဒါကြောင့် နေ့စဉ်ဦးချကြ၊ တစ်ခါဦးချရင် ကမ္ဘာတစ်သိန်း အပါယ်မလားဘူးလို့ ပြောရတာ။ ဦးပဉ္ဇင်းတို့ကော နေ့စဉ် ဦးချကြရဲ့လား။ အဲသည်နေရာမှာ အသောကမင်းကြီး မဟာဗောဓိစေတီတော်ကြီး တည်ထားတာ ဦးပဉ္ဇင်းတို့ ဖူးပြီးကြပြီ မဟုတ်လား။

အဲဒီ နေရာထူး နေရာမြတ်ဆီ အလောင်းတော် သိဒ္ဓတ္ထ ဥရုဝေလတော၊ အင်ကြင်းတောထဲက ထွက်၊ နေရဉ္ဇရာမြစ်ကို ဖြတ်ပြီး ကြွလာတော့ မြက်ထမ်းသမား သောတ္ထိယ–က မြက်ရှစ်ဆုပ်လှူတာကို ယူပြီး အဲဒီညောင်ပင်ကြီး အရှေ့ဘက်မှာ ဖြန့်ခင်းလိုက်တော့ အပ္ပရာဇိတခေါ်တဲ့ ရတနာပလ္လင်ကြီး ပေါ်ပေါက်လာတာ မဟုတ်လား။

အပ္ပရာဇိတပလ္လင်္ကေ၊
သီသေ ပုထဝိပုက္ခလေ။

အဘိသေကေ သမ္ဗုဒ္ဓါနံ၊
အဂ္ဂပ္ပတ္တော ပမောဒတိ။

အဲဒီ ပုလ္လင်ပေါ်မှာ ဗောဓိပင်ကျောပြု၊ အရှေ့ဘက် မျက်နှာမူထိုင်ပြီး သကာလ 'အရေအကြော အသားအသွေးတွေ ခန်းချင် ခန်းခြောက်ပါစေ၊ သဗ္ဗညုတဉာဏ်မရရင် ငါ မထတော့ဘူး' ဆိုပြီး အာနပါနတရား ရှုပွားတော်မူတော့ ဈာန် အဘိညာဉ် ဝိပဿနာ တရားတွေ ဆင့်ကာ ဆင့်ကာ ဖြစ်ပွား တာဗျာ့။

နေမဝင်ခင် မာရ်စစ်တပ်ကြီးလဲ ပြိုကွဲ၊ ညဦးယံမှာ မိမိ–သူတစ်ပါးတို့ရဲ့ ရှေးရှေးဘဝတွေ မြင်တဲ့ ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်၊ သန်းခေါင်းယံမှာ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံမှာ အာဝက္ခယဉာဏ်တွေရပြီး သဗ္ဗညုဘုရား စင်စစ် ဖြစ်တော်မူခဲ့တာ။

## အာနာပါန ဣန္ဒြာသယ ကမ္မဋ္ဌာန်းကြီး

ဒါ့ကြောင့် ပါရာဇိကဏ် အဋ္ဌကထာနိဒါန်းနှင့် မူလပဏ္ဏာသ ဘယဘေရဝသုတ် အဋ္ဌကထာ (မ–ဋ္ဌ–၁၊ ၁၂၉) တွေမှာ–

'ဘဂဝတော ပနိဒံ စတုတ္ထဈာနံ
ဗောဓိရက္ခမူလေ နိဗ္ဗတ္တိတံ'

စသည်ပြင့် မြတ်စွာဘုရားရှင်သည် ဤအာနာပါန သတိပဋ္ဌာန်ကို ရှုမှတ်ပွားများတော်မူတဲ့အတွက် ဗောဓိပင်ရင်းမှာပဲ စတုတ္ထဈာန်

အဘိညာဉ်တွေကနေ ဝိပဿနာ တက်ပြီး သဗ္ဗညု ဘုရားအဖြစ်သို့ ရောက်တော်မူတယ်။ အာနာပါန ကမ္မဋ္ဌာန်းဟာ လောကီ လောကုတ္တရာ လိုရာ ဂုဏ်ကျေးဇူးတွေ အကုန်လုံးကို ရစေနိုင်တယ် ...လို့ ချီးကျူး ဖွင့်ဆိုတော်မူကြရတယ်။

ဦးပဥ္စင်းတို့ ယောဂီတို့တစ်တွေလဲ သူတကာပြောတာ နားမယောင်ကြဘဲနှင့် နိဗ္ဗာနမဂ္ဂ အာနာပါန သမထ ဝိပဿနာ တရားကို ကြိုးကြိုးစားစား အားထုတ်ကြပါ။

ဦးပဥ္စင်းတို့ ကြားဖူး သိဖူးပြီးသားပါ၊ မြတ်စွာဘုရား ဖြစ်တော်မူစ၊ တရားက နက်နဲလွန်း၊ သတ္တဝါတွေက မိုက်မဲလွန်းလို့ တရားမဟောတော့ဘူးဆိုပြီး စိတ်ကူးမိသေး...ဆို မဟုတ်လား။

နောက် သဟမ္ပတိ ဗြဟ္မာမင်းကြီးကလဲ တောင်းပန်တယ်။

"မဂဓတိုင်းတစ်ခုလုံး မသူတော်တရားတွေ လွှမ်းဖုံးနေပါတယ်၊ မြတ်စွာဘုရားသာ တရားမဟောလျှင် လောကကြီး ကိုယ်ကျိုးနည်းတော့မှာပါ"ဆိုပြီး တောင်းပန်တာ။

ဘုရားရှင်ကလဲ တစ်လောကလုံးကို သုံးသပ်ဆင်ခြင် တော်မူတော့ မြင်တော်မူပါတယ်။ ၄၅-ဝါ ကာလပတ်လုံးလဲ တစ်နေ့ကို ၂-ကြိမ်၊ နံနက်တစ်ကြိမ် ညနေတစ်ကြိမ် သတ္တ လောကကြီးကို သမန္တစက္ခု သဗ္ဗညုတဉာဏ်ကွန်ရက် ဖြန့်ကျက် ကြည့်ရှုတယ် မဟုတ်လား။

မြင်တာပေါ့ဗျာ၊ အကုန်လုံးကို မြင်တာ၊ အသေးစိတ်

ခရေစေ့တွင်းကျ ဘာမှမကျန်ရအောင် မြင်တာကလား။

သေလေ ယထာ ပဗ္ဗတ မုဒ္ဓနိဋ္ဌိတော-

တောင်ပေါ်က စီးကြည့်သလို မြင်တာဗျာ့။

**တစ်လောကလုံးကို ကြည့်ရှုရှု ဝေစုထားခဲ့**

ဘုန်းကြီးတို့ ဦးပဥ္စင်းတို့တစ်တွေ အဲဒီတုန်းက ဘယ်ချောင်ကပ်နေမှန်းမှ မသိတာ၊ ရှောင်ခဲ့ကြတာလေ၊ ဂဂ်ါဝါဠူ သဲစုမက ဘုရားရှင်အဆူဆူ ရှောင်ခဲ့ကြတာ၊ အရှောင်ကောင်း အတိမ်းကောင်းတွေ၊ လူလည်တွေ၊ ဟိုဘက်က မိန်းမလည်တွေ၊ ဟုတ်ဘူးလား။

ဘယ်လို ရှောင်နေနေ၊ ကပ်နေနေ မြတ်စွာဘုရားရှင်က မြင်တော်မူတယ်ဗျာ့။ မယုံမရှိကြနှင့်။

'သန္တိ သတ္တာ အပ္ပရဇက္ခ-

ဇာတိကာ' ကိလေသာမြူ မထူထဲတဲ့ သတ္တဝါတွေ ရှိသေးသားပဲ။

'ဘဝိဿန္တိ ဓမ္မဿ အညာတာရော'

ငါဟောရင် နားလည်မယ့်သူတွေ နောက်လဲ ရှိနေကြသေးသားပဲ၊ မြင်တော်မူတယ်။

'အဿဝနတာ ဓမ္မဿ ပရိဟာယန္တိ'-

အဲဒီသတ္တဝါတွေ ငါမဟောလို့ တရားမနာရရင် ဆုံးရှုံးနစ်နာကြရှာတော့မှာပါကလား။'

အဲဒီလို မြင်တော်မူလို့ ၄၅–ဝါကာလပတ်လုံး အမျိုးမျိုးသော အတိုက်အခိုက်တွေကြားက မနားမနေ တက်သုတ်ရိုက်ပြီး ပေးခဲ့တာဗျာ့။ ဒုက္ခခံ အသက်စွန့်ပြီး ပေးခဲ့တာ။ ခု ဦးပဥ္စင်းတို့ ဘုန်းကြီးတို့တစ်တွေ လွယ်လွယ်ကလေး ရနေကြတာ နည်းတဲ့ ကံတွေလား...

မြတ်စွာဘုရား ပဥ္စင်းတို့တစ်တွေကို မြင်တော်မူလို့ ထားခဲ့တာဗျာ့၊ အဲဒီထဲမှာ ကိုယ့်ဝေစုပါတယ်ဗျာ့။ ကိုယ့်ဝေစုကို ခုလို အချိန်အခါမျိုးမှ အရမယူနိုင်ဘူးဆိုရင် သွားပြီဗျာ့။

မြတ်စွာဘုရားရှင်က ပရိနိဗ္ဗာန် စံလွန်တော်မူခါနီးမှာ အထူး သတိပေးသွားတယ်။ ဦးပဥ္စင်းတို့ ဘုန်းကြီးတို့ အခုနေကြရတာ ဘာမှ အကောင်းမရှိဘူး။ 'အပျက်တောကြီး'တဲ့။ 'ဝယဓမ္မာ သင်္ခါရာ' ပျက်ပြီးရင်း ပျက်ရင်း၊ တစ်ပျက်ထဲ ပျက်နေတဲ့ အပျက်တောကြီး...တဲ့။

'အပ္ပမာဒေန သမ္ပာဒေထ'– မမေ့ကြနှင့်၊ သတိလက်မလွှတ်ကြနှင့် သတိမြဲကြ။ အမြဲတမ်း ရှုမှတ်မှု သတိကလေးနှင့် နေကြ...တဲ့။

ယေ သုပ္ပယုတ္တာ မနသာ ဒဠ္ဟေန၊
နိက္ကာမိနော ဂေါတမသာသနမှိ၊

ဂေါတမ သာသနမှိ = အခွင့်အခါ ကောင်းတဲ့ ဒီမြတ်စွာဘုရား သာသနာမှာ။ မနသာ ဒဠ္ဟေန၊ မလှုပ်မလဲ မြဲမြဲခိုင်ခဲ့သော

သမာဓိ စိတ်ဓာတ်ဖြင့်။ သုပ္ပဋိပန္နာ၊ နည်းမှန်လမ်းမှန် သမ္မာပ္ပဓာန်၊ လုံ့လနှင့် ကြိုးစား ပွားများ အဟုတ်အားထုတ်တဲ့ ပုဂ္ဂိုလ်တွေ။ ပတ္တိပတ္တာ၊ ရောက်သင့် ရောက်ထိုက်တဲ့ အရဟတ္တဖိုလ်သို့ ရောက်၍၊ တစ်နည်းအားဖြင့် ရထိုက်သော ဝေစုကို ရရှိကြကုန်သည်ဖြစ်၍။ နိက္ခာမိနော၊ သံသရာဝဋ်က လွတ်မြောက်ကုန်ကြပြီ။ (ရတနသုတ်)

ဝီရိယရှိတဲ့ ပုဂ္ဂိုလ်တွေ ဇွဲရှိတဲ့ ပုဂ္ဂိုလ်တွေ စိတ်ဓာတ်ကြံ့ခိုင်တဲ့ ပုဂ္ဂိုလ်တွေကတော့ ဒီဘုရားသာသနာမှာ အသီးအသီး ဝေစုတွေ ယူသွားကြပြီး၊ 'နိဗ္ဗုတိ ဘုဥ္ဇမာနာ' နိဗ္ဗာန် ချမ်းသာကြီးကို ခံစား စံစား နေကြရပြီ...တဲ့။

ဦးပဥ္စင်းတို့တစ်တွေ၊ တို့...ယောဂီတွေလဲ ကိုယ့်ဝေစုကလေး အရယူပြီး ဒီဘုရားသာသနာမှာ 'ဒုက္ခခပ်သိမ်း၊ ချုပ်ပြတ်ငြိမ်း၊ ဓာတ်သိမ်း ပြည်နိဗ္ဗာန်' ဝင်စံရအောင် ကြိုးစား အားထုတ်ကြဗျား...။

ဒသမနပါရဂူကျမ်း
ပထမ (သမထ)ပိုင်း ပြီး၏။

* * *

(နောက်ဆက်တွဲ)

# ကန္နီဆရာတော်ဘုရားကြီးကိုယ်တိုင် ရေးသားတော်မူခဲ့သော အားထုတ်စဉ်အကျဉ်း

## သတိပြုရန် မှာထားချက်

ယောဂီပုဂ္ဂိုလ် ဖြစ်တော်မူကြပေသော ရဟန်းရှင်လူ အကြွင် အကြွင် သူတော်ကောင်းတို့။ အကျွန်ုပ် ရေးသားစီရင်အပ် ခဲ့ပြီးသော ဤယောဂီပါရဂူကျမ်းကို သုံးသပ်ကြည့်ရှု အားထုတ် တော်မူကြရန်မှာ သတိပဋ္ဌာန် ပါဠိတော်၏ ပဌမ အာနာပါနပဗ္ဗကို မူတည်၍၊ ကြွင်းသော ပါဠိအဋ္ဌကထာ ဋီကာတို့ကို မူလီသွတ်၍ သုံးသပ်ဆင်ခြင်ရန် ပြလိုက်ပါသည်။

ထိုသို့ ပြခဲ့ပြီးသောအတိုင်း ပုဗ္ဗာပရ သာမညာ ဝိသေသ အနုသန္ဓေတို့ကို ရတ်ခြည်း သိမ်းဆည်းခြင်းငှာ ခဲယဉ်းကြလိမ့်မည် ထင်မှတ်ပါ၍ လုပ်စဉ်လမ်းရိုးအကျဉ်း သွားဟန်မျှကို ဤသို့ မှတ်တော်မူကြပါကုန်။

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်တည်းဟူသော ချမ်းသာကြီးသုံးတန်ကို ကေန်တောင့်တလေ့ ရှိတော်မူကြပေသော အမျိုးကောင်းသား ယောကျ်ားသူတော်စွာတို့သည် လက်မွန်အစ ပဌမရှေးဦးစွာ သဗ္ဗတ္ထက ကမ္မဋ္ဌာန်းသုံးပါးကို အာရုံသိမ်းလျက် ဓမ္မတာနည်း၊ ပဝတ္တိနည်း နှစ်ပါးတို့တွင် ရှေးဦးစွာ ဓမ္မတာကို ခင်းလျက် ပဝတ္တိကို သွတ်သွင်းအားထုတ်ကုန်ရာ၏။

ထိုတွင် ပဌမနည်း၌ ပြခဲ့ပြီးသော သန္နိဋ္ဌဝါရဖြင့် 'ဝါရ ရေတွက်ခြင်းကို' နေ့ရက်များစွာ အားထုတ်ခြင်းကို ပြုကုန်ရာ၏။ ထိုသို့အားထုတ်၍ အာရမ္ဘဏသက်တိက၊ ကသိဏသက်တိက တို့ကို ရင့်သန်လှသဖြင့် ဒုတိယနည်းကို ပြောင်းရွှေ့သည်ရှိသော် အကြင်မျှလောက် ကာလပတ်လုံး ဥဂ္ဂဟနိမိတ်သည် မပေါ်သေး၊ ထိုမျှလောက် ကာလပတ်လုံး ပကတိ ထွက်သက် ဝင်သက်ကို မလွှတ်ရ၊ အကြင်အခါ ဥဂ္ဂဟနိမိတ်သည် ထွက်၏။ ထိုအခါ ပကတိ ထွက်သက် ဝင်သက်ကို လွှတ်၍ အဿာသ ပဿာသ နိမိတ်ဖြင့် အားထုတ်ရာ၏။

(၁) အကြင်သူသည် မိမိရသော ဥဂ္ဂဟနိမိတ်ကို မပျောက်ပျက်အောင် စောင့်ရှောက်တတ်သဖြင့်၊ ပဋိဘာဂသို့ ကူး၍ တတိယသို့ သက်နိုင်ပါမူ ဥဂ္ဂဟာသားမည်၏။

(၂) အကြင်သူသည် နိမိတ်ကို မပျောက် မပျက်ရအောင် မစောင့်ရှောက်တတ်သည် ဖြစ်၍လည်းကောင်း၊ သတိမေ့

လျော့သည်ဖြစ်၍လည်းကောင်း ဥဂ္ဂဟမှ ပဋိဘာဂသို့ မကူးမူ ပျောက်ခဲ့၏။ မိမိနှင့် ငါးတောင်ကွာမျှ၌သာလျှင် ကာရံသကဲ့သို့ထင်၏။ ထိုသူကို အကြိမ်ကြိမ် ကြာမြင့်စွာ အားထုတ်စေ၍ နိမိတ်မပေါ်လာက တတိယသို့သာလျှင် အသက်ခိုင်းရပါမူ **မဏ္ဍလသားမည်၏။**

(၃) အကြင်သူသည် မိမိရသော ဥဂ္ဂဟနိမိတ်သည် တူရူမသွားမူ၍ မြင်းမြီးဆံကို လေလှန်၍ တိုက်သကဲ့သို့ ထင်ခဲ့၏။ ထိုအခါ နှာဝမှ ငါးတောင်ခန့် အတွင်း၌ မိမိစိတ်ဖြင့် အကွင်း ငယ်ငယ် ကြီးကြီးတို့ကို ဆက်စေလျက်၊ ၎င်းအကွင်း၏အတွင်းသို့ သွတ်၍ မှတ်ပါများလတ်မူ နိမိတ်သည် ယူဆောင်တိုင်းရသဖြင့် တတိယသို့ သက်ရမူ **ပဗ္ဗသား** မည်၏။

(၄) အကြင်သူသည် နှာဝ၏ တူရူ၌ကား မထင်၊ မနီးမဝေးသော အရပ်၌ မှန်တုံးကဲ့သို့လည်းကောင်း၊ မှန်အိုးကဲ့သို့လည်းကောင်း၊ မှန်သေတ္တာကြီးကဲ့သို့လည်းကောင်း ထင်ခဲ့၏။ ထိုထင်သော အကြည်နိမိတ် အစိုင်အခဲကြီးကို မိမိထိပ်ပေါ်သို့ တင်၍ တတိယသို့သက်ရပါမူ **ဩကာသသား** မည်၏။

(၅) အကြင်သူသည် ၎င်း ဒုတိယနည်းကို အားထုတ်သော အခါ နိမိတ်ကို ဆောင်ယူစဉ် လောင်မီးကျသကဲ့သို့

ဦးခေါင်းကိုလည်းကောင်း၊ ကိုယ် ထက်ဝက်ကိုလည်းကောင်း၊ ကိုယ်အားလုံးကိုလည်းကောင်း လောင်ကျွမ်းခဲ့၏။ ထိုကျွမ်းသောအတိုင်း တတိယသို့ သက်ရပါမူ ပရိဆိန္နသား မည်၏။

၄င်း ငါးယောက်သော ယောဂီတို့တွင် ဥဂ္ဂဟသားဖြစ်အောင် အားထုတ်ရာ၏။ အားထုတ်၍ မရမှသာ မဏ္ဍလစသည်ကို သက်စေရာ၏။ ဤငါးယောက်သော သူတို့တွင် အဘယ်သူမဆို တတိယ၏ အစ, အလယ်, အဆုံး သုံးပါးသို့ သက်နိုင်သည်သာ ပဓာနတည်း။

ထိုသို့ တတိယနည်းကို သက်ပြီးမှ သြဓိ၊ အနွောဓိ၊ အနန္တောဓိကို ရောက်စေရာ၏။ ဉာဏ်မသက်သော အားမရှိသော သူတို့မှာမူ သြဓိ၌ပင်လျှင် တန့်ရပ်၍ စတုတ္ထနည်းသို့ ကူးစေရာ၏။ အနန္တောဓိသို့ ရောက်ပြီးသောသူသည်လည်း သြဓိသို့ ပြန်လျက် စတုတ္ထသို့ သက်စေရာ၏။

၄င်းနည်းလေးပါးတို့တွင် ပဌမနည်း၌ မဂ္ဂင်စောင့်ပုံကိုကား ပြခဲ့ပြီးပြီ၊ ဒုတိယ၌မှာကား နာဝမှသည် မိမိထားသော အမှတ်သို့ ရောက်အောင် ထွက်သက် ဝင်သက်ကိုလည်းကောင်း၊ ၄င်း၏ နိမိတ်ကိုလည်းကောင်း အားပင့်၍ အားပင့်၍ လွတ်ခြင်း၊ အမှတ်မှသည် နာဝသို့ ရောက်အောင် အားပင့်၍ ပင့်၍ ရှိုက်ခြင်းသည် သမ္မာဝါယာမ မည်၏။

အားပင့်တိုင်း အားပင့်တိုင်း သိခြင်းသည် သမ္မာသတိ မည်၏။ အာရုံတစ်ပါးသို့ မပြေးမသွားစေခြင်းသည် သမ္မာသမာဓိ မည်၏။

တတိယ၌ အစမှသည် အလယ်၊ အလယ်မှသည် အဆုံး၊ အဆုံးမှသည် အလယ်၊ အလယ်မှသည် အစ, ပဋိဘာဂနိမိတ်ကို အားပင့်၍ ပင့်၍ ရှုခြင်းသည် သမ္မာဝါယာမ မည်၏။

အစ, အလယ်, အဆုံး၊ အဆုံး, အလယ်, အစ သိခြင်း သည် သမ္မာသတိ မည်၏။

အာရုံတစ်ပါးသို့ မပြေးမသွားစေခြင်းသည် သမ္မာသမာဓိ မည်၏။

စတုတ္ထ၌ အစမှအဆုံးသို့ ရောက်အောင်၊ အဆုံးမှအစသို့ ရောက်အောင် ညှင်း၍ညှင်း၍ ရှုခြင်းရှိုက်ခြင်းသည် သမ္မာဝါယာမ မည်၏။

ညှင်းတိုင်း ညှင်းတိုင်း သိခြင်းသည် သမ္မာသတိမည်၏။

အာရုံတစ်ပါး မပြေးမသွားခြင်းသည် သမ္မာသမာဓိ မည်၏။

ဤလေးပါးသော နည်းတို့၌ သန္နိဋ္ဌာဝါရဖြင့် သတိမြဲသော သူကိုသာလျှင် ဒုတိယနည်းသို့ ပြောင်းရာ၏။ ထို ဒုတိယ နည်း၌လည်း ဥဂ္ဂဟနိမိတ်ရ၍ ပဋိဘာဂသို့ သက်လျက် တည်သော သူကိုသာ တတိယနည်းသို့ ပြောင်းရာ၏၊ နိမိတ် မရသေးပါမူ

ပဌမနည်းသို့ ပြန်၍ သက်စေရာ၏။ ပဋိဘာဂသို့ သက်၍ တည်ပါမှ ဦးခေါင်းကို ဖြတ်၍ အစ္ဈတ္တသို့ မသက်မချင်း အကြိမ်များစွာ သွတ်သွင်း၍ အစ,အလယ်,အဆုံးတို့ကို ယူရာ၏။ အစ္ဈတ္တဗဟိဒ္ဓမခြား တသားတည်းကဲ့သို့ နေပါမှ စတုတ္ထသို့ သက်ရာ၏။

၄င်းစတုတ္ထဒ္ဓ ဘွန့်ရပ်၍ ဓမ္မတာအစွမ်းဖြင့် ပေါ်လာသော အရှိန်မစဲ တသဲသဲ ဖြစ်ပေါ်လျက်နေသော ဝဏ္ဏရုပ်ကို အဿာသ ပဿာသနှင့်တကွ ဘယ်ရွေ့ ဘယ်မျှပင် များသော်လည်း တပေါင်းတည်း ပြု၍ ဤရုပ်တရားတို့သည် ဖောက်ပြန်ခြင်း၊ လက္ခဏာရှိ၏။ ဖရိုဖရဲ ကျဲခြင်း ကိစ္စရှိ၏။ အဗျာကတဟု ယောဂီပုဂ္ဂိုလ်အား ထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။ ဝိပဿနာဉာဏ် သည်သာလျှင် နီးစွာသော ပဒဋ္ဌာန်ရှိ၏ဟု လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကို သိမ်းရုံး၍ (ရုပ် ရုပ်) (ရုပ် ရုပ်)ဟု ရုပ်ကို သိမ်းဆည်းရာ၏။

သံသယ မပြတ်ကင်းသည် ဖြစ်၍လည်းကောင်း၊ ပိုင်းခြား လိုသည် ဖြစ်၍လည်းကောင်း နောက်က ပြခဲ့ပြီးသော သျှောင်ကိုင် နည်းသုံးချက်တို့ဖြင့် ရုပ်ကို သိမ်းဆည်းရာ၏။

၄င်းနောက် ထိုရုပ်လျှင် အာရုံရှိသော ဝိပဿနာ နာမက္ခန္ဓာ အပေါင်းကို ဘယ်ရွေ့ ဘယ်မျှပင် များသော်လည်း တပေါင်းတည်း ပြု၍ ဤနာမက္ခန္ဓာသည် အာရုံကို ညွတ်ခြင်း လက္ခဏာ၊ စိတ်

စေတသိက်တို့ကို ယှဉ်စေခြင်း ကိစ္စ၊ ကွဲပြားခြင်း မရှိဟု ယောဂီပုဂ္ဂိုလ်အား ထင်ခြင်း ပစ္စုပဋ္ဌာန်၊ ဝိပဿနာဉာဏ်လျှင် နီးစွာသော ပဒဋ္ဌာန်ရှိ၏ဟု လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကို သိမ်းရုံး၍ ပြခဲ့ပြီးသော ပဌမက သုံးပါးတို့တွင် တစ်ပါးပါးဖြင့် လည်းကောင်း၊ ဝိညာဏပဌမကဖြင့်လည်းကောင်း (သိသည်–သိသည်ဟု) နာမ်ကို သိမ်းဆည်းရာ၏။

၄င်းနောက် ဝိပဿနာ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် အကြောင်းကင်း၍ မဖြစ်ရာ၊ အကြောင်းကား အဘယ်သည်တို့နည်းဟု စူးစမ်းလတ်သော် သုတမယဖြင့် ရအပ်သော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရ ဟူသော ပဋိစ္စသမုပ္ပါဒ်ကို မြင်သိရ၍ ဤအကြောင်းငါးပါးသည် ဤဝိပဿနာ ခန္ဓာနာမ်ရုပ်တို့ကို ဖြစ်စေဘိ၏ဟု အာရုံဖြင့် သိမ်းယူ၍ (ပြုပြင်သည်ဟူ၍လည်းကောင်း)၊ (ပြုပြင်၍ ဖြစ်သည်ဟူ၍လည်းကောင်း)၊ (ပြုပြင်သောကြောင့် ဖြစ်သည်ဟူ၍လည်းကောင်း) အကြောင်းကို သိမ်းဆည်းရာ၏။

၄င်းနောက် ဤအကြောင်း ငါးပါးကြောင့်ဖြစ်သော ပဋိသန္ဓေခန္ဓာ, ပဝတ္တိခန္ဓာ နှစ်ပါးတို့တွင် ပဝတ္တိခန္ဓာဟု ဆိုအပ်သော ရုပ်နာမ်တရား ဤနှစ်ပါးတို့သည် ရှေး၌လည်း ဖြစ်ဖူးလှလေပြီ၊ နောင်အခါ၌လည်း ဖြစ်ရဦးလတ္တံ့၊ ယခုအခါ၌လည်း ဖြစ်ဆဲရှိ၏ဟု အတိတ်,အနာဂတ်,ပစ္စုပ္ပန် ကာလသုံးပါးတို့တွင် ပစ္စုပ္ပန်

ကာလ၌ သိမ်းရုံး၍ (ဖြစ်ဆဲ ဖြစ်ဆဲ)ဟု အစွန့်ကို သိမ်းဆည်း ရာ၏။

**ပုဗ္ဗကိစ္စ လေးပါးပြီး၏။**

ငင်းနောက် အဒ္ဓါနပစ္စုပ္ပန်ဟု ၌ ရုပ်လျက် ဥပမာ ငါးပါး တို့တွင် တစ်ပါးပါး၌ ထင်လာသော ဝိပဿနာအာရုံတစ်ခု၏ အတွင်း၌ ရအပ်သော ရုပ်တရားကိုလည်းကောင်း၊ နာမ်တရားကို လည်းကောင်း ကာလငံ့လင့်၍ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ဩဠာရိက၊ သုခုမ၊ ဟီန၊ ပဏီတ၊ သန္တိကေ၊ ဒူရေ ဤ၍တစ်ဆယ့်တစ်ပါးတို့၏ ပြားဟန်ကို အဖန်ဖန် စူးစမ်း ဆင်ခြင်လျက် ရုပ်ကို ရှေးဦးစွာ လက္ခဏာဝဝတ္တာန ဝါရဖြင့် အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တဟူ၍ လည်းကောင်း သုံးသပ်ဆင်ခြင်ရာ၏။

ငင်းနောက်မှ ဤနည်းအတူ နာမ်ကို ဆင်ခြင်ရာ၏။ ရုပ်နာမ်ကို ဆင်ခြင်ရာ၏။ ငင်း၌ ရုပ်တို့၏ အဖြစ် မမြဲ၊ အပျက် မမြဲခြင်းသည် အနိစ္စမည်၏။ ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် နှိပ်စက်ခြင်းသည် ဒုက္ခမည်၏။ 'မဖြစ်ပါလင့်၊ မပျက်ပါလင့်'ဟု တောင့်တ၍ မရခြင်းသည် အနတ္တမည်၏။

ဤနည်းအတူ အနိစ္စ၌ ဖြစ်ခြင်းပျက်ခြင်းသည် ဥပ္ပါဒဝယ၊ အခိုက်အတန့် တည်ခြင်းသည် တာဝကာလိက၊ ဖောက်ပြန်ခြင်း

အဆုံးသို့ရောက်ခြင်းသည် ဝိပရိနာမကောင်း၊ နိစ္စမဟုတ်သည်၏ အဖြစ်သည် နိစ္စပဋိက္ခေပ ဟူသော **အနိစ္စလက္ခဏာလေးပါးတို့ကို** ထင်အောင်လည်းကောင်း၊

ဒုက္ခ ဒုက္ခ ဝိပရိဏာမဒုက္ခ၊ သင်္ခါရဒုက္ခ၊ ပဋိစ္ဆန္နဒုက္ခ၊ အပဋိစ္ဆန္နဒုက္ခ၊ ပရိယာယဒုက္ခ၊ နိပ္ပရိယာယဒုက္ခတို့ဖြင့် အတန်တန် ပူလောင်ခြင်းတည်းဟူသော သန္တာပ၊

၄င်းဒုက္ခ ၇–ပါးတို့သည် နှိပ်စက်အပ်သည်ဖြစ်၍ သည်းမခံနိုင်ခြင်းတည်းဟူသော ဒုက္ခမ၊ ထိုသို့ သည်းမခံနိုင်သော်လည်း တေဘုမ္မက ဒုက္ခနယ်မှ မလွတ်သေးရကား ဒုက္ခဝဋ္ဋုက၊

သုခ မဟုတ်သည်၏ အဖြစ်ဟုဆိုအပ်သော သုခပဋိက္ခေပ ဟူသော **ဒုက္ခလက္ခဏာလေးပါးတို့ကို** ထင်အောင်လည်းကောင်း၊

အတိတ်စသည်ဖြင့် ပြားသောအာယဝတ္တန၊

အစိုးမရခြင်းတည်းဟူသော အသာမိက၊

ပြုပြင်ခြင်းစသည်မှ ဆိတ်သော သုညတ၊

တိတ္ထိတို့သည် ကြံဆအပ်သော အတ္တနိဝါသီ၊ သယံဝသီ၊ ကာရက ဝေဒက တို့မှ ဆန့်ကျင်ဘက်ဖြစ်သော အတ္တပဋိက္ခေပ ဟူသော အနတ္တလက္ခဏာ လေးပါးတို့ကို ထင်အောင် သုံးသပ်ရာ၏။

ဤထက် အလွန် မဟာဝိပဿနာ ၇ပါးသို့ ရောက်အောင် လည်းကောင်း၊ လက္ခဏာဝတ္ထာနဝါရ ဖြင့် ဝိပဿနာဉာဏ်

ဆယ်တန်ကို သုံးတန်သော သမ္မသန၊ နိဗ္ဗိန္န၊ ပက္ခန္ဒနစာတ်သို့ ရောက်အောင် သုံးသပ်ဆင်ခြင်၍ သြက္ကမ ဓာတ်တော်ကြီးသို့ သက်စေရာ၏။

အကယ်၍ သြက္ကမဓာတ်သို့ မသက်သေးပါမူ အကြိမ်ကြိမ် အဖန်ဖန် အတန်တန်သော ဝိပဿနာဓာတ်သုံးပါးတို့ဖြင့် ရက်လ များစွာ အားထုတ်ရာ၏။

ထိုသို့ အားထုတ်ပါလျက် သြက္ကမဓာတ်သို့ မသက်သေး ပါမူ အနုလောမ ခန္ဓီဝါရဖြင့် သုံးသပ်ဆင်ခြင်ရာ၏။

ဤသို့ အားထုတ်ပါလျက် သြက္ကမဓာတ်သို့ မသက်သေး ပါမူ အနုလောမ ခန္ဓီဝါရဖြင့် သုံးသပ်ဆင်ခြင်ရာ၏။

ဤသို့ အားထုတ်ပါလျက် သြက္ကမဓာတ်သို့ မသက်သေးပါ မူ နာမရူပပဝတ္တိက္ကမဝါရဖြင့် သုံးသပ်ဆင်ခြင်ရာ၏။

ဤသို့ အားထုတ်ပါလျက် သြက္ကမဓာတ်သို့ မသက်သေး ပါမူ မဟာဝိပဿနာဝါရဖြင့် သုံးသပ်ဆင်ခြင်ရာ၏။

ဤသို့ ပုဗ္ဗကိစ္စမှစ၍ ဝိပဿနာဉာဏ် ဆယ်တန်တိုင်တိုင် သော်လည်းကောင်း၊ မဂ်ဉာဏ်သို့တိုင်တိုင်သော်လည်းကောင်း သုံးသပ်ဆင်ခြင်စဉ် အခါ၌ကား သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ဟူသော ကာရာပကင်္ မဂ္ဂင်ငါးပါးတို့ဖြင့် တမုဟုတ္တမျှ မလစ်လပ်ရအောင် စောင့်ရှောက် ရာ၏။

အဘယ်ကဲ့သို့နည်းဟူမူ ဝိပဿနာစိတ်ကို အားထုတ်ခြင်းသည် သမ္မာဝါယာမ မည်၏။

ရုပ်နာမ် တရားတို့၏ ထင်ခြင်းသည် သမ္မာသတိ မည်၏။ အာရုံတစ်ပါးသို့ မပြေးသွားစေခြင်းသည် သမ္မာသမာဓိ မည်၏။

ရုပ်နာမ်တရားကို ကြံဆခြင်းသည် သမ္မာသင်္ကပ္ပမည်၏။

ဖြစ်ခြင်းပျက်ခြင်း အစရှိသော အနိစ္စ၊ ဒုက္ခ၊ အနတ္တကို မြင်ခြင်းသည် သမ္မာဒိဋ္ဌိမည်၏။

ထိုသို့ လုံ့လ စောင့်ရှောက်ရာ၏။ ဤသို့ ပုဗ္ဗကိစ္စမှစ၍ ဝိပဿနာဉာဏ် ဆယ်တန်သို့တိုင်တိုင် အားထုတ်အပ်သော ယောဂီအား ရှေးဦးစွာသော သစ္စာလေးပါး မြတ်တရားကို သိခြင်းမည်၏။

အစဖြစ်သော သစ္စာလေးပါးကို သိရုံနှင့် ကိစ္စအပြီးသို့ မရောက်သေး၊ အကြင်သူသည် သင်္ခါရုပေက္ခာဉာဏ်သို့ တိုင်အောင် ဆိုက်၍ သစ္စာလေးပါးကို အစသိခြင်းဖြင့် သိရကား အနှစ်ကစ်ရာ၊ အနှစ်တစ်ထောင် စသည်တို့တိုင်တိုင် ကိလေသာနီဝရဏ စသည်တို့ကို ပယ်၍ သိခြင်း မဟုတ်သည်ဖြစ်၍ ပယ်နိုင်ပါငြားသော်လည်း ကိစ္စမပြီးသေး၊ မိမိကိုယ်ကိုသာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဟု ထင်မှတ်များတတ်သည်။

"တသ္မာ ဟိ သမထ ဝိက္ခမ္ဘိတာနံဝါ ဝိပဿနာ ဝိက္ခမ္ဘိတာနံဝါ ကိလေသာနံ သမုဒါစာရံ အပဿတော၊ သောတာပန္နော အဟံတိ ဝါ၊ (ပ) အရဟာ အဟံတိ ဝါ အဓိမာနော ဥပ္ပဇ္ဇတိ" ဟူသော ပဋ္ဌာသ အဋ္ဌကထာကို ထောက်။ ထို့ကြောင့်–

ဝိပဿနာအခိုက်၌ သစ္စာလေးပါးကို သိခြင်းသည် **အစ၏ သိခြင်းမည်၏**။

မဂ်တို့၏ အခိုက်၌ ပရမတ္ထတရားတို့၏ ဝိသုဒ္ဓိ နိရောဓ ဧကန်အမှန် အသစ်တစ်ခုကို ပစ္စက္ခအားဖြင့် အာရုံပြုရ၍ သစ္စာလေးပါးကို သိခြင်းသည် **အလယ်၏သိခြင်း** မည်၏။

ရဟန္တာတို့၏ စရိမဝိညာဏ စုတိစိတ်တော်၏ ဘင်္ဂက္ခဏ ၏ အခြားမဲ့၌ အနုပါဒိသေသ နိဗ္ဗာန်အာရုံကို ခိုလှုံဝင်ရောက် မျက်မှောက်ပြုတော်မူကြရခြင်းသည် သစ္စာလေးပါးကို **အဆုံးသိခြင်း**မည်၏။

ဤသိခြင်းသုံးပါးတို့တွင် အစ၏ သိခြင်းဖြင့် **လောကီယ သစ္စိကိရိယာ** မည်၏။

သောတာပတ္တိမဂ်အခိုက်၌ နိဗ္ဗာန်ကို လက်ပေါ်၌ တင်ထား သော ပတ္တမြားကို မြင်သကဲ့သို့ ပစ္စက္ခမြင်ခြင်းသည် **လောကုတ္တရာ ဒဿနသစ္စိကိရိယာ** မည်၏။

အထက် မဂ်သုံးတန်တို့ဖြင့် နိဗ္ဗာန်ကို အာရုံပြု၍ လောကဓံ တို့နှင့် တွေ့ကြုံပါကြသော်လည်း တုန်လှုပ်ခြင်း မရှိသဖြင့်

မျက်မှောက်ပြုရခြင်းသည် **လောကုတ္တရာဘာဝနာ သစ္စိကိရိယ** မည်၏။

၄င်း ဘာဝနာသစ္စိကိရိယ၌ ပထမမဂ်ကို မျက်မှောက်ပြုပြီးသော်လည်းကောင်း၊ မဂ်၏ ဖလသမာပတ်ကို ဝင်စားလိုလတ်မူ မိမိ မျက်မှောက်ပြုအပ်ခဲ့ပြီးသော နိဗ္ဗာန်ကို နိန္နပေါဏ ပဗ္ဘာရပြု၍ ဥဒယဝယဉာဏ်ကစ၍ အနိစ္စ အနိစ္စဟု စသည်ဖြင့် ဝသီဘော်တက်အောင် နှလုံးသွင်းရာ၏။ ဤသို့ နှလုံးသွင်းရာ၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တသညာ မလွတ် သေးပါမူ ၄င်းသမာပတ်သည် **သင်္ခါရအားမည်၏**။

၄င်း သင်္ခါရအားကို လွှတ်၍ မိမိထားလိုသရွေ့ ကာလပတ်လုံး နိဗ္ဗာန်၌သာလျှင် မိမိအားကို ထား၍ သန္တမေတံ၊ ပဏီတမေတံဟု ထားနိုင်ပါမူ **သန္တအားမည်၏**။

လွှတ်လိုက်သော အာရုံသည် သင်္ခါရအား၊ သန္တအားတို့ကို လွန်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုရပါမူ **နိရောဓအား**မည်၏။

အထက်မဂ်သုံးတန်တို့၏ သမာပတ်ကိုလည်း ဤနည်းကို မှီး၍ ဝင်စားရာ၏။

**(အထူးမှာ)** တတိယမဂ်သို့ ရောက်ခဲ့လျှင် သင်္ခါရအားကို လွှတ်နိုင်၏။

ဤသို့ ပထမမဂ်သို့ ရောက်ပြီးသော ယောဂီသည် အထက်မဂ်သုံးတန်တို့၏ အကျိုးငှာ အားထုတ်လိုလတ်မူ ပထမမဂ်၏ အာလယကို ဖြတ်၍ ဒုတိယမဂ် စသည်တို့ကို ကိုင်းရှိုင်းညွတ်ဝှမ်းသော စိတ်တို့ဖြင့် ဥဒယဝယ ဉာဏ်မှစ၍ ဝိပဿနာ ဓာတ် လေးပါးတို့ကို အသစ်တည်ထောင် အားထုတ်စီးဖြန်းကုန်ရာ၏။

(၁) ဤသို့ ပြအပ်ပြီးသော စကားအစဉ်၌ သရဏဂုံနှင့်တကွ သီလတို့ မြဲသမျှကာလပတ်လုံးသည် သီလဝိသုဒ္ဓိ မည်၏။ သီလသာသနာလည်း မည်၏။ အဓိသီလသိက္ခာလည်း မည်၏။ ပုဗ္ဗာယဂ် မဂ္ဂင်သုံးပါးကိန်းဝပ်၏။
(၂) ပထမနည်းမှ စတုတ္ထနည်းသိမ်းမူ စိတ္တဝိသုဒ္ဓိ မည်၏။ သမာဓိသာသနာလည်း မည်၏။ အဓိစိတ္တသိက္ခာလည်း မည်၏။
(၃) ရူပပရိဂ္ဂဟ၊ နာမပရိဂ္ဂဟအတွင်းသည် ဒိဋ္ဌိဝိသုဒ္ဓိ မည်၏။
(၄) ပစ္စယ ပရိဂ္ဂဟ၊အဒ္ဓါနပရိဂ္ဂဟ အတွင်းသည် ကင်္ခါဝိတရဏ ဝိသုဒ္ဓိ မည်၏။
(၅) အကြင်အခါ အမှတ်မဲ့သော ဩဘာသ စသည်တို့သည် ဆိုက်ရောက်၏၊ ထိုဩဘာသ စသည်တို့ကို လွန်မြောက်ခြင်းသည် မဂ္ဂါမဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိ မည်၏။

(၆) ငါးပါးသော ဝါရတို့တွင် တစ်ပါးပါးသော ဝါရဖြင့် ပက္ခန္တနဓာတ်သို့ တိုင်အောင် ဝိပဿနာကို အားထုတ်ခြင်းသည် ပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိ မည်၏။
လောကီ အဓိပညာ သိက္ခာလည်း မည်၏။
လောကီ ပညာ သာသနာလည်း မည်၏။
လောကီ ကာရာပကင် မဂ္ဂင်ငါးပါးလည်း ကိန်းဝပ်၏။
ကလျာဏ ပုထုဇဉ်လည်း မည်၏။
သုတဝါ အရိယ သာဝကလည်း မည်၏။

(၇) နိဗ္ဗာန်ကို ပစ္စက္ခမျက်မှောက်ပြုရ၍ သောတာပတ္တိမဂ်သို့ ရောက်ခြင်းသည် လောကုတ္တရာဉာဏ ဒဿန ဝိသုဒ္ဓိ မည်၏။ လောကုတ္တရာ ကာရာပကင်မဂ္ဂင်ငါးပါးလည်း ကိန်းဝပ်၏။ သေက္ခပုဂ္ဂိုလ်လည်း မည်၏။ လောကုတ္တရာ အဓိပညာလည်း မည်၏။

(မူရင်းအတိုင်း ပြီး၏)

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

# အပ္ပနာစျာန်ထူထောင်နည်း

[ဤအပ္ပနာစျာန် ထူထောင်နည်းမှာ မြေဇင်းတောရ
ဆရာတော်ကြီး၏ လက်ရေးမှတ်စုမူအတိုင်း
ထည့်ထားပါသည်။ စီစဉ်သူ]

**၁၆-ပါး၊ ၃၂-ပါးသော အခြင်းအရာ**

၁။ ဒီဃ, ရဿ, သဗ္ဗကာယ ပဋိသံဝေဒီ,
ပဿမ္ဘယံကာယသင်္ခါရံ ဟူသော ပထမစတုက္က။ (၄)

၂။ ပီတိပဋိသံဝေဒီ, သုခပဋိသံဝေဒီ, စိတ္တသင်္ခါရပဋိသံဝေဒီ,
ပဿသမ္ဘယံ စိတ္တသင်္ခါရံ - ဟူသော ဒုတိယစတုက္က။ (၄)

၃။ စိတ္တပဋိသံဝေဒီ, အဘိပ္ပမောဒယံ စိတ္တံ, သမာဒဟံ စိတ္တံ, ဝိမောစယံ စိတ္တံ - ဟူသော တတိယစတုက္က။ (၄)

၄။ အနိစ္စာနုပဿီ, ဝိရာဂါနုပဿီ,နိရောဓာနုပဿီ, ပဋိနိဿဂ္ဂါနုပဿီ - ဟူသော စတုတ္ထစတုက္က။ (၄)

ဤ(၄)ပါးသော စတုက္ကတို့အပေါင်းသည် (၁၆)ပါးသော ဝတ္ထုဖြစ်သည်။

ထိုဝတ္ထု (၁၆)ပါးကို အဿာသ၊ ပဿာသနှစ်ပါးဖြင့် မြှောက်၍ (၃၂)ပါးသော အခြင်းအရာဖြစ်သည်။

'ပီတိ ပဋိသံဝေဒီ အဿသိဿာမိတိ သိက္ခတိ။ ပီတိပဋိသံဝေဒီ ပဿသိဿာမိတိ သိက္ခတိ' ဟူသော ပါဠိတော်အရရှေးဦးစွာ သမာဓိသက်သက် ပွားရသေးသည်။

### သမာဓိပွားပုံကား

၁။ နှစ်သက်ခြင်းပီတိကို ထင်ရှားသိစေလျက် ထွက်သက်ကို ငါလွှတ်အံ့။

နှစ်သက်ခြင်းပီတိကို ထင်ရှားသိစေလျက် ဝင်သက်ကို ငါရှိုက်အံ့။

### ရူပါဝစရ ပဋ္ဌမဈာန်ပွားနည်း

၂။ ရူပါဝစရ ပဋ္ဌမဈာန်၌ရှိသော ဖရဏာပီတိကို နှစ်သက်ရွှင်လန်းသောစိတ် ဖြစ်စေလျက် ထွက်သက်ကို ငါလွှတ်အံ့။

ရူပါဝစရ ပဋ္ဌမဈာန်၌ရှိသော ဖရဏာပီတိကို နှစ်သက်ရွှင်လန်းသောစိတ် ဖြစ်စေလျက် ဝင်သက်ကိုငါရှိုက်အံ့။

(ဖြစ်စေလျက်-သိစေလျက်) ကြိုက်ရာဆို။

ဒုတိယစျာန်ပွားသောအခါ ပဌမစျာန်ကို အပြစ်မြင်၍ပွား။

ပွားပုံကား

ပဌမစျာန်သည် ရန်နှင့်ရင်းကြမ်းတမ်းသည့် နီဝရဏဘေးရန်နှင့် အလွန်နီးကပ်၏။ အောက်ကျသေး၏၊ ထိုထက် အကျိုးအာနိသင်ကြီးမြတ်သော ဒုတိယစျာန်ကို တက်၍ ပွားရမူကား ကောင်းလေစွ - ကောင်းလေစွ ဟု ဆန္ဒဥဿာဟဖြင့် ပဌမစျာန်ကို အပြစ်မြင်၍ တက်။

## ရူပါဝစရ ဒုတိယစျာန်ပွားနည်း

၃။ ရူပါဝစရ ဒုတိယစျာန်၌ရှိသော ဖရဏာပီတိကို နှစ်သက်ရွှင်လန်းသောစိတ် ဖြစ်စေလျက် ထွက်သက်လွှတ်အံ့။
ရူပါဝစရဒုတိယစျာန်၌ရှိသော ဖရဏာပီတိကို နှစ်သက်ရွှင်လန်းသောစိတ် ဖြစ်စေလျက် ဝင်သက်ရှိုက်အံ့။

## တတိယ စတုတ္ထစျာန်ပွားနည်း

ဖော်ပြခဲ့သည့်အတိုင်း ဒုတိယစျာန်ကို အပြစ်မြင်၍ တတိယစျာန် ပွား။

၄။ ရူပါဝစရတတိယစျာန်၌ရှိသော ဖရဏာပီတိကို နှစ်သက်ရွှင်လန်းသောစိတ် ဖြစ်စေလျက် ထွက်သက်လွှတ်အံ့။
(ထွက်သက်နေရာတွင် ဝင်သက်ဆိုရုံသာ၊ ၎င်းနောက်နည်းတူ။)
'ပီတိပဋိသံဝေဒီ' စသော ပါဠိအရ တတိယစျာန်အထိ (၄)နည်း ပြီး၏။

'သုခပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။
သုခ ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ' ဟူသော
ပါဠိတော်အရ ရှေးဦးစွာ သမာဓိသက်သက် ပွားများ
ရသေးသည်။

ပွားပုံကား

၁။ စိတ်အေးချမ်းမှုကို ထင်ရှားဖြစ်စေလျက် ထွက်သက်လွှတ်အံ့။ စိတ်အေးချမ်းမှုကို ထင်ရှားဖြစ်စေလျက် ဝင်သက်ရှိုက်အံ့။

## ပထမဈာန်ပွားနည်း

၂။ ပဌမဈာန်၌ရှိသော သုခ စိတ်အေးချမ်းခြင်းကို ထင်ရှားဖြစ်စေလျက် ထွက်သက်လွှတ်အံ့။ ဝင်သက်ရှိုက်အံ့။

## ၎င်းပထမဈာန်အပြစ်မြင်ပုံ

ပထမဈာန်၌ရှိသောသုခသည် ရန့်ရင်းကြမ်းတမ်းသော နီဝရဏနှင့် နီးသေး၏။

ကာမရတိ - ကာမသုခနှင့်နီးသေး၍ အောက်တန်းကျသေးသည်။ ထိုထက်မြတ်၍ အကျိုးကြီးသော ဒုတိယဈာန်၌ရှိသော သုခကိုပွားများရပါမူ ကောင်းလေစွ၊ ကောင်းလေစွဟု အပြစ်မြင်၍ ဒုတိယဈာန် တက်ပွားလေ။

## ဒုတိယဈာန်ပွားနည်း

၃။ ဒုတိယဈာန်၌ရှိသော သုခ စိတ်အေးချမ်းခြင်းကို ထင်ရှားဖြစ်စေလျက် ထွက်သက်လွှတ်အံ့။ --- ဝင်သက်ရှိုက်အံ့။ (၎င်းဒုတိယဈာန်ကို အပြစ်မြင်လေ။)

တတိယဈာန်ပွားနည်း

၄။ တတိယဈာန်၌ရှိသော သုခ စိတ်အေးချမ်းခြင်းကို ထင်ရှားဖြစ်စေလျက် ထွက်သက်လွှတ်အံ့။ --- ဝင်သက်ရှိုက်အံ့။ (ဎင်းတတိယဈာန်ကို အပြစ်မြင်လေ။)

စတုတ္ထဈာန်ပွားနည်း -

၅။ စတုတ္ထဈာန်၌ရှိသောသုခကို စိတ်အေးချမ်းခြင်းကို ထင်ရှားဖြစ်စေလျက် ထွက်သက်လွှတ်အံ့။ --- ဝင်သက်ရှိုက်အံ့။

'သုခပဋိသံဝေဒီ' ဟူသော ပါဠိတော်အရ ဤတွင်ပြီး၏။

စိတ္တသင်္ခါရ ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။
စိတ္တသင်္ခါရ ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

ယခင်က သုခသက်သက်သာ ပွားခဲ့သည်။ ဝေဒနာမပါ။ တစ်ဖန် ဝေဒနာထည့်၍ ပွား ။

သမာဓိသက်သက်ပွားနည်း

၆။ သုခဝေဒနာ ထင်ရှားဖြစ်စေလျက် ထွက်သက်လွှတ်အံ့။ --- ဝင်သက်ရှိုက်အံ့။

သမာဓိသက်သက်ဒုက္ခပွားနည်း

၇။ ဒုက္ခဝေဒနာ ထင်ရှားဖြစ်စေလျက် ထွက်သက်လွှတ်အံ့။ --- ဝင်သက်ရှိုက်အံ့။

သမာဓိသက်သက် ဥပေက္ခာပွားနည်း

၈။ ဥပေက္ခာဝေဒနာ ထင်ရှားဖြစ်စေလျက် ထွက်သက်လွှတ်အံ့။ --- ဝင်သက်ရှိုက်အံ့။

(ဝေဒနာ ၃-ပါး ပြီး၏။)

သမာဓိသက်သက် ရူပသညာ

၉။ ရူပသညာ ထင်ရှားဖြစ်စေလျက် ထွက်သက်လွှတ်အံ့။ --- ဝင်သက်ရှိုက်အံ့။

၁၀။ သဒ္ဒသညာ ထင်ရှားဖြစ်စေလျက်

၁၁။ ဂန္ဓသညာ

၁၂။ ရသ သညာ

၁၃။ ဖောဋ္ဌဗ္ဗသညာ

၁၄။ ဓမ္မသညာ ထင်ရှားဖြစ်စေလျက် ထွက်သက်လွှတ်အံ့။ --- ဝင်သက်ရှိုက်အံ့။

(ဇင်းဓမ္မ ၃ ရက် ဆက်ပြီး ပွားပြီးခဲ့၏)

ဇင်းဓမ္မသညာကို ရက်လများစွာပွားနိုင်လျှင် မရသေးသော စာ ကျက်လို့ရလွယ်၏။ နှစ်ပေါင်းများစွာကပင် မေ့နေသည့်စာကို ပွားရင်း၊ အာရုံပြုလျှင် အကုန်ပြန်ပေါ်သည်။ အလွန်ကျက်ရခက်သည့်စာပင်ဖြစ်စေ လွယ်ကူစွာရ၏။

မြင်းခြံမြို့နယ်မှ ဆရာတော်တစ်ပါး ဇင်းကို တစ်လတိတိ ပွားရာ ယေ်စဉ်က လေ့လာခဲ့ဖူးသည့် ဘင်္ဂလီ-သက္ကဋစသည် အကုန်ရသတဲ့။ ကန္ဒီဆရာတော်နှင့် မအူပင်ဆရာတော် ဦးသီရိတို့က

အင်ချောင်ဆရာတော်ကို 'တရားအားထုတ်နေသည့် ပုဂ္ဂိုလ်များ ပိဋကတ်မှော်အောင်သည်' ဟု မိန့်သတဲ့။

ဆရာတော်ကလည်း မှန်ကြောင်းဝန်ခံ၏။(ဦးပဥ္စင်းလည်း မေ့နေသည့် ပစ္စယနိဒ္ဒေသပဌာန်းပါဠိတော်ကို ပွားရင်းအာရုံပြုရာ အကုန်ပြန်ပေါ်သည်။)

၁၅။ ရူပါဝစရ ပဌမဈာန်၌ရှိသော သုခဝေဒနာကို ထင်ရှားဖြစ်စေလျက် ထွက်သက်လွှတ်အံ့။ --- ဝင်သက်ရှိုက်အံ့။

၁၆။ ၎င်းပဌမဈာန်၌ အပြစ်မြင်၍ ဒုတိယဈာန်၌ရှိသော သုခဝေဒနာကို ထင်ရှားဖြစ်စေလျက် ထွက်သက်လွှတ်အံ့။ --- ဝင်သက်ရှိုက်အံ့။

၎င်းဒုတိယဈာန်ကို အပြစ်မြင်။

၁၇။ တတိယဈာန်၌ရှိသော သုခဝေဒနာကို ထင်ရှားဖြစ်စေလျက် ထွက်သက်လွှတ်အံ့။ --- ဝင်သက်ရှိုက်အံ့။

၁၈။ ရူပါဝစရစတုတ္ထဈာန်၌ရှိသော သုခဝေဒနာကို ထင်ရှားဖြစ်စေလျက် ထွက်သက်လွှတ်အံ့။ --- ဝင်သက်ရှိုက်အံ့။ (၎င်းစတုတ္ထဈာန် အပြစ်မြင်။)

၁၉။ ရူပါဝစရ ပဥ္စမဈာန်၌ရှိသော ဥပေက္ခာဝေဒနာကို ထင်ရှားဖြစ်စေလျက် ထွက်သက်လွှတ်အံ့။ --- ဝင်သက်ရှိုက်အံ့။

**စိတ္တသင်္ခါရပဋိသံဝေဒီစသော ပါဠိတော်အရ ဤတွင်ပြီး၏။**

'ပဿမ္ဘယံ စိတ္တသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ။
ပဿမ္ဘယံ စိတ္တသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ'-
ဟူသော ပါဠိတော်အရ -

၂၀။ ရုန့်ရင်းသော ဒုက္ခဝေဒနာ ချုပ်ငြိမ်းစေလျက် ထွက်သက်လွှတ်အံ့။ --- ဝင်သက်ရှိုက်အံ့။
(ဇင်းပွားနည်းကား ရိုးရိုးပွားနည်း၊ အောက်ပါအတိုင်းလည်း ပွားနိုင်သည်။)
ပဌမစျာန်၌ရှိသော ရုန့်ရင်းသော ဒုက္ခဝေဒနာ ချုပ်ငြိမ်းစေလျက် ထွက် --- ဝင်။
(ဒု၊ တ၊ စ --- အတူတူပင်။)

၂၁။ ရူပသညာ၊ သဒ္ဒသညာ၊ ဂန္ဓသညာ၊ ရသ သညာ၊ ဖောဋ္ဌဗ္ဗသညာ၊ ဓမ္မသညာ ဟု (၆)မျိုးရှိသည်တွင် -
ရူပသညာချုပ်ငြိမ်းစေလျက် ထွက်သက်လွှတ်အံ့။
--- ဝင်သက်ရှိုက်အံ့။ ဇင်းကား ရိုးရိုးပင်။
ရူပသညာတစ်ခုသာ ပွားခဲ့ရသည်၊ သဒ္ဒစသည်ကား မထူးဟု မိန့်၏။
ပဌမစျာန်မှာ - ရူပသညာ၊ သဒ္ဒသညာ စသည် (၆)ပါး၊
ဒုတိယစျာန်မှာ ရူပစသည် (၆) ပါး၊
တတိယစျာန်မှာ (၆) ပါး၊
စတုတ္ထစျာန်မှာ (၆) ပါး၊
ပဥ္စမစျာန်မှာ (၆)ပါး အသီးသီးပွားနိုင်သည်။

ပွားပုံကား

ပဌမစျာန်၌ရှိသော ရူပသညာ ချုပ်ငြိမ်းစေလျက် ထွက်-ဝင်။

ပဌမစျာန်၌ရှိသော သဒ္ဒသညာ ချုပ်ငြိမ်းစေလျက် ထွက်-ဝင်။

ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မ တူ၏။

(ဒု-၆၊ တ-၆၊ စ-၆၊ မ-၆ အကုန်ပွားနိုင်၏။)

'ပဿမ္ဘယံ စိတ္တသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ။ ပဿမ္ဘယံ စိတ္တသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ' ဟူသော ပါဠိတော်အရ ပွားနည်းပြီး၏။

(ခေါင်းစဉ် ၂ နံပါတ်၊ ဒုတိယစတုက္က (၄)နည်း ဤတွင် အကုန်ပြီးပြီ။)

တတိယစတုက္ကမှာ ၄-နည်းရှိသည်။

'ကထံ စိတ္တပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊ စိတ္တပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ' ဟူသော ပါဠိတော်အရ ပွားပုံ (ရှေးဦးစွာ သမာဓိသက်သက်ပွား)

၂၂။ အပ္ပနာသမာဓိကိုသိသောစိတ် ထင်ရှားဖြစ်စေလျက် ထွက်သက်လွှတ်အံ့။ အပ္ပနာသမာဓိကိုသိသောစိတ် ထင်ရှားဖြစ်စေလျက် ဝင်သက်ရှိုက်အံ့။

၂၃။ ရူပါဝစရ ပဌမစျာန်၌ရှိသော ဖဿဇာပီတိကိုသိသောစိတ် ထင်ရှားဖြစ်စေလျက် ထွက်သက်လွှတ်အံ့။ --- ဝင်သက် ရှိုက်အံ့။ ၎င်းစျာန်အပြစ်မြင်၍ -

၂၄။ ဒုတိယစျာန်၌ရှိသော ဖရဏာပီတိကိုသိသောစိတ် ထင်ရှားဖြစ်စေလျက် ထွက်သက်လွှတ်အံ့။ --- ဝင်သက်ရှိုက်အံ့။ ၎င်းဒုတိယစျာန်အပြစ်မြင်။

၂၅။ တတိယစျာန်၊ စတုတ္ထစျာန် တူ၏။

၂၆။ ရူပါဝစရပဥ္စမစျာန်၌ရှိသော ဥပေက္ခာဝေဒနာထင်ရှားသိစေလျက် ထွက် - ဝင်။

(၎င်းပါဠိတော်အရ ပြီး၏။)

### တတိယစတုက္က ပါဠိတော်

'ကထံ အဘိပ္ပမောဒယံ စိတ္တံ အဿသိဿာမီတိ အဘိပ္ပမောဒယံ စိတ္တံ ပဿသိဿာမီတိ သိက္ခတိ' ဟူသော ပါဠိတော်အရ ရှေးဦးစွာ သမာဓိသက်သက်ပွားပုံ။

၂၇။ ရူပါဝစရအပ္ပနာစျာန်စိတ်ကို အထူးရွှင်လန်းနှစ်သက်ခြင်းကို ဖြစ်စေလျက် ထွက်သက်လွှတ်အံ့။ --- ဝင်သက်ရှိုက်အံ့။

၂၈။ ရူပါဝစရပထမစျာန်ပီတိ၌ရှိသော အပ္ပနာစျာန်စိတ်ကို အထူးရွှင်လန်းနှစ်သက်ခြင်းကို ဖြစ်စေလျက် ထွက်သက်လွှတ်အံ့။ --- ဝင်သက်ရှိုက်အံ့။

၂၉။ ၎င်းပဌမစျာန်ကို အပြစ်မြင်၍ ဒုတိယစျာန်နည်းတူပွား၊ ပထမစျာန်အတိုင်း ၎င်းဒုတိယစျာန်၌ အပြစ်မြင်။

၃၀။ ရူပါဝစရတတိယစျာန် ပီတိ၌ရှိသော အပ္ပနာစျာန်စိတ်ကို အထူးနှစ်သက်ရွှင်လန်းခြင်းဖြစ်စေလျက် ထွက်သက်လွှတ်အံ့။ --- ဝင်သက်ရှိုက်အံ့။

(အဘိပ္ပမောဒယံ ပါဠိတော်အရ ပြီး၏။)

## တတိယစတုက္ကပါဠိတော်

'ကထံ သမာဒဟံ စိတ္တံ အဿသိဿာမီတိ သိက္ခတိ။ သမာဒဟံ စိတ္တံ ပဿသိဿာမီတိ သိက္ခတိ'ဟူသောပါဠိတော်အရ

## ရှေးဦးစွာ သမာဓိသက်သက်ပွားပုံ

အပ္ပနာစျာန်စိတ်ကို အထူးသဖြင့် တည်ကြည်စေလျက် ထွက်သက်လွှတ်အံ့။ --- ဝင်သက်ရှိုက်အံ့။

၎င်းသမာဓိသက်သက်ပွားပြီး နောက်ရက်မှာ တာဝတိံသာမှ စောင်းတန်း(၃)သွယ်နဲ့ဆင်းပုံ၊ ပင်လယ်ကသစ်ပင်ရင်း အဘိဓမ္မာတရားဟောပုံ၊ တန်ခိုးတော်နှင့် မိမိ၏ရှေ့တွင် စကြံကြွနေပုံ စသည် အလိုရှိရာ ကစားနိုင်သည်တဲ့။

မိမိလည်း အနည်းငယ်လက်တွေ့အားဖြင့် ကစားခဲ့၏။

ပ၊ ဒု၊ တ စျာန်များ နောက်က ပွားခဲ့ပြီဖြစ်သည့်အတွက် ဤ၌ စတုတ္ထစျာန်ကိုကျော်၍ ပြသည်။

တတိယစျာန်၌ အပြစ်မြင်၍ -

ရူပါဝစရစတုတ္ထစျာန် သုခကေဂ္ဂတာ၌ရှိသော အပ္ပနာစျာန်စိတ်ကို အထူးသဖြင့် တည်ကြည်စေလျက် ထွက်သက်-ဝင်သက်။

(၎င်း သမာဒဟံ စိတ္တံ - ပါဠိတော်အရ ပြီးပြီ။)

## တတိယစတုက္ကပါဠိတော်

'ကထံဝိမောစယံစိတ္တံ အဿသိဿာမီတိ သိက္ခတိ၊ ဝိမောစယံ စိတ္တံ ပဿသိဿာမီတိ သိက္ခတိ' ဟူသော ပါဠိတော်အရ

ရှေးဦးစွာ သမာဓိပွားပုံ

အပ္ပနာဈာန်စိတ်ကို ရှုန့်ရင်းသော နီဝရဏမှလွတ်စေလျက် ထွက်သက်လွှတ်အံ့။ --- ဝင်သက်ရှိုက်အံ့။

ရူပါဝစရ ပထမဈာန် ဖရဏာပီတိ၌ရှိသော အပ္ပနာဈာန်စိတ်ကို ရှုန့်ရင်းသောနီဝရဏမှ လွတ်ငြိမ်းစေလျက် ထွက်သက်လွှတ်အံ့။ --- ဝင်သက်ရှိုက်အံ့။

၎င်းပထမဈာန်၌ အပြစ်မြင်။

ရူပါဝစရ ဒုတိယဈာန် ဖရဏာပီတိ၌ရှိသော အပ္ပနာဈာန်စိတ်ကို ရှုန့်ရင်းသော နီဝရဏမှ လွတ်ငြိမ်းစေလျက် ထွက်သက်လွှတ်အံ့။ --- ဝင်သက်ရှိုက်အံ့။

တတိယဈာန်မှာ ဒုဈာန်အပြစ်မြင်၍ ထပ်တူပွားလေ။

စတုတ္ထဈာန်မှာ သုခကောဋ္ဌာတ၌ရှိသော ဟုဆို၊ ဖရဏာပီတိနုတ်။

ပဉ္စမဈာန်မှာ ဥပေက္ခာကောဋ္ဌာတ၌ရှိသော ဟုဆို၊ ဖရဏာပီတိနုတ်။

၎င်းဝိမောစယံ ပါဠိအရ ပြီးပြီ။

(အပ္ပနာဈာန် ထူထောင်နည်း ပြီး၏)

[ဒဿနပါရဂူကျမ်း၊ ဝိပဿနာ(ဒုတိယပိုင်း) ဆက်လက် ထွက်ပေါ်လာပါမည်။]



ကမ္ဘာလှည့်ဘုရားဖူးရင်းသေမင်းကိုအောင်နိုင်သူ
ကိုရင်ကြီးဦးတောမောင်
(အသက်-၆၁၊ ၁၃၆၃-တန်ဆောင်မုန်းလပြည့်ကျော်
၁၂-ရက်၊ ကွယ်လွန်)။



ယောဂီဦးလှရွှေ
အသက်(၇၂)

ရောဂါမျိုးစုံကို တရားဖြင့်အန်တုအနိုင်ယူသူ
ယောဂီဒေါ်မြမြဝင်း (မန္တလေး)



၃-နှစ်သမီးအရွယ်မှစ၍ မျက်စိနှစ်ကွင်းအလင်း
မရသော်လည်း ဓမ္မစက္ခုရသူ
ယောဂီ ဒေါ်ခင်သိန်း (၄၂-နှစ်)

# အမှား ပြင်ဆင်ချက်

| စာမျက်နှာ | မှား | မှန် |
|---|---|---|
| (ည) | အရှင်သီလတိဿ | အရှင်သျှီလတိဿ |
| (တ) | အိပ်မပျာ် | အိပ်မပျော် |
| (ဓ)၊ (န) | သီလတိဿ | သျှီလတိဿ |
| ၁(ဂ) | သံသရာ | သံသာရ |
| ၆၊ ၁၇ | မေတ္တာဘာဝနာ | မေတ္တာဘာဝနာ |
| ၁၉ | တရားရနိုင်တဲ့ပူ | တရားရနိုင်တဲ့သူ |
| ၂၅ | မရှိဘူးလေ။ | မရှိလောက်အောင် ဆန်းကြယ်တယ်လေ။ |
| ၃၃ | 'မာ'ဝံ | 'မာ'ဝ |
| ၃၄ | မောဒတိ | မောဒတိ |
| ၆၀ | အနိမိတ္တော | အနိမိတ္တော |
| ၇၁ | မြင်သွားတာပဲ | ပြင်သွားတာပဲ |
| ၈၂ | ကာ ယေ | ကာယေ |
| ၁၂၂ | လယ်ကတွေ | လယ်ကတွင် |
| ၁၂၂ | ကြိုလဲ မှတ်ရမယ် | ကြိုလဲ |
| ၁၂၃ | မနသိကာတဗ္ဗ ' | မနသိကာတဗ္ဗံ |
| ၁၃၆ | စိတ်တွေ | စိတ်စေတသိက်တွေ |
| ၁၇၈ | ထင်ရှာမှာ | ထင်ရှားမှာ၊ |

မုဒ္ဒအသံစာပေ – မှ
ဓမ္မာစရိယဦးဌေးလှိုင်ရေးသားသောထွက်ပြီး
စာအုပ်များ

## ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ



ဟန်လင်း-သရေခေတ္တရာ ပျူခေတ်မှ မျက်မှောက်ခေတ်အထိ မြန်မာနိုင်ငံ၌ ထွန်းပေါ်ခဲ့သော ရဟန္တာပုဂ္ဂိုလ်ထူးကြီးပေါင်းများစွာတို့၏ထေရုပ္ပတ္တိနှင့် ကျင့်စဉ်များ၊ သာသနာရေစီးကြောင်းနှင့် မဟာယာန အမူအကျင့်၊ ဂိုဏ်းဂဏ အမွှေခံတော်များအကြောင်း ခြေခြေမြစ်မြစ် စိစစ်တင်ပြထားသည်။

ပုဂ္ဂိုလ်ထူးကြီးများ၏ ပုံတော်များကိုလည်း ကြွေရောင်စက္ကူချောများဖြင့် ရိုက်နှိပ်ထားသည်။

အမြဲပူဇော်လက်စွဲပြုရမည့် စာအုပ်ကောင်းတစ်အုပ်။

## သီဟိုဠ်ခေတ်စံတော်ဝင်အရိယာများ




'ရဟန္တာနှင့် ပုဂ္ဂိုလ်ထူး' ပထမတွဲအဖြစ် သမိုင်းကွင်းဆက်များနှင့်တကွ ဟန်လင်း-ဗိဿနိုး-သရေခေတ္တရာ ရှေးဦးမြန်မာ့သာသနာကို နောက်တွေ့ သမိုင်းပစ္စည်းအထောက်အထားများ၊ ဓာတ်ပုံ-မြေပုံ များဖြင့် ဖော်ပြထားသည်။

သီဟိုဠ်သာသနာ၏ အပြည့်အစုံ၊ ထေရဝါဒသည် ဟီနယာနမဟုတ်၊ ရှင်ဥပဂုတ်ကား မဟာယာန၊ ဂေါတမဗုဒ္ဓသည် ဗမာလူမျိုး စသော သမိုင်းစိစစ်ချက်၊ ဗုဒ္ဓဝါဒရေးရာ သဘောတရားစိစစ်ချက်တို့ များစွာ ပါဝင်သည်။



## ချမ်းမြေ့စွာအနေနည်း

## သမ်းညွန်တရားတော်

ကမ္မနိယာမ၊ မေတ္တာအာနိသင်၊ ပရိတ်စွမ်းအား၊ သေနည်းသင်တန်း၊ သမထ ဝိပဿနာတရားတော် အခန်း ၅ ခန်းဖြင့် တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ ထူးခြားလေးနက်ထက်မြက်သော မေတ္တာပွားပို့နည်းများ၊ ဆူဝေလျှံကျလာသော ပရိတ်ရေနှင့် ပရိတ်ဆီ၊ တောင်စောင့်နတ်ကြီးနှင့် တောတွင်းဝိဇ္ဇာဓိုရ်များ လာရောက်ကြပုံ၊ မြန်မာပြည်က ရဟန္တာများစသည်ဖြင့် . . . ။

## မြန်မာ့သာသနာမော်ကွန်းတင်
## ဓမ္မဒူတ (ပတွဲ – ဒုတွဲ – တတွဲ)



ဒါန၊ သီလ၊ ဘာဝနာ သူရဲကောင်းများအကြောင်း တကယ့်ဖြစ်ရပ်မှန်များ၊ အမေရိကန်နှင့် ဣန္ဒိယ သို့ ဓမ္မဒူတ အောင်မြင်မှုသတင်းများ၊ ရှိသမျှ အကုန်လှူသောပါမောက္ခကြီး၊ နေ့စဉ် ပိဋကတ်သုံးပုံ ရွတ်ဖတ်ပူဇော်သော ဆရာတပည့်၊ ဆရာတော် ဦးစန္ဒိမဏိ၊ အနာဂါရိက ဓမ္မပါလ၊ အမေရိကန်ရေတပ်ဗိုလ်မှူးကြီး အော်လကော့၊ ဥပဒေပါရဂူ အမ်ဘေဒကာ၊ ရာဇဂုရု ပယင်းတွင်းဆရာတော်ဘုရားကြီး၊ ရာဇဂုရုသုံးဘွဲ့ရ အရှင်သာရမေဓာရခိုင်ဆရာတော်ဘုရားကြီး စသည်တို့၏ ထေရဝါဒ ပြန် လည်ပျိုးထောင်ပုံ၊ နီပေါနိုင်ငံ သာကီပင်တို့ ထေရဝါဒကို အသက်စတေး၍ထူထောင်ကြပုံ စသော သာသနာဝင်သမိုင်းတွင် အထူးမော်ကွန်းတင်ရမည့် ဖြစ်ရပ်မျိုးစုံ စသည်ဖြင့် အထောက်အထား ခိုင်ခိုင်လုံလုံ ဓာတ်ပုံမှတ်တမ်း အစုံအလင်ဖြင့်။

## ကမ္ဘာကို ချုပ်ကိုင်မည့်သူ



၁၂ နှစ်တိုင်တိုင် ပျောက်ကွယ်နေရာမှ ယခင် မူရင်းအတိုင်း ပြန်လည်ရိုက်နှိပ်ထားသည်။ လောကီဝိဇ္ဇာဓိုရ် ဂန္ဓာရီတန်ခိုးရှင်တို့၏ လျှို့ဝှက်ချက်နှင့် တဘောင်ကိန်းခန်းများ၊ ဈာန်ပျံရဟန်းတော်တို့၏ ထေရုပ္ပတ္တိများ၊ သိပ္ပံပညာ၊ စိတ်ပညာ၊ ဗုဒ္ဓအဘိဓမ္မာ ရှုထောင့်မျိုးစုံတို့မှ မျက်မှောက်ကမ္ဘာ့အခြေအနေကို သုံးသပ်ချက်များ၊ ပညာရှင်တို့၏ အနာဂတ်ကမ္ဘာ အတွက် ဟော ကိန်းများ၊ ရဟန္တာအရှင်မြတ်တို့၏ ဗျာဒိတ်တော်များ စသည်ဖြင့် . . .။




## ရတနာသုံးပါးကျေးဇူး

သားသမီးငယ်များအား စစ်မှန်စင်ကြယ်သော ဗုဒ္ဓအမွေပေးလိုသော မိဘတိုင်းအတွက် ဘာသာရေး အခြေခံအနိမ့်ဆုံး အဆင့်မှ သမထ ဝိပဿနာ အလုပ်ခွင်အထိ လက်တွေ့ကျသော ကျင့်စဉ်များ၊ ဒါနတန်ခိုး၊ သီလတန်ခိုး၊ မေတ္တာတန်ခိုး၊ သစ္စာစွမ်းရည် စသောမယုံကြည်နိုင်လောက်အောင် အားကျအတုယူ အံ့ဩဖွယ်ကောင်းသည့် ကိုယ်တွေ့ ဖြစ် ရပ်မှန် ၄၀ ခန့် ပါဝင်သည်။

လူတိုင်းအတွက် ကြီးပွား ချမ်းသာရေး ကျမ်းကြီးဟု ဆိုနိုင် သော "ဆုတောင်းခန်း မြင် ကွင်းကျယ်" စသည်ဖြင့် စာမျက် နှာ ၅၀၀ ကျော်။

## ခရီးဖော်



စင်ကြယ်သော ထေရဝါဒသာသနာ၏ အဆိပ်အတောက်များကို ဖယ်ထုတ်ရှင်းလင်းပြီး ဘဝအတွက် အကောင်းဆုံး အချက်အလက်များကို ရွေးထုတ် ညွှန်ကြားပေးမည့် စာအုပ်၊ လက်တွေ့လုပ် ဆောင်ရမည့် ဆောင်ရန်၊ ရှောင်ရန်တို့ကို အချိန် တိုအတွင်း သိရှိနားလည်ရန် အရှင်းလင်းဆုံး ရေးထားသည့် စာအုပ်။

## အနာဂါမ် ဆရာသက်ကြီး




အာနာပါန သတိပဋ္ဌာန် အလုပ်ကို စာဖတ်သူတိုင်း နားလည်အောင် အရှင်းလင်းဆုံးရေးထားသောစာအုပ်။ သူ့ဘဝ-သူ့တရားနှင့် သူ့ကျေးဇူးအပိုင်းကြီးသုံးပိုင်း။

နိုင်ငံရပ်ခြားမှ ပါမောက္ခကြီးများ၊ ပါရဂူကြီးများပင်လျှင် ဆရာသက်ကြီး၏ ကမ္မဋ္ဌာန်းနည်းဖြင့် ထူးခြားစွာ ပြောင်းလဲသွားကြပုံ ကိုယ်တွေ့ရေးသားချက်များ။

သမိုင်းဝင်ဓာတ်ပုံများကို ကြွေရောင်စက္ကူဖြင့် တခမ်းတနား ဖော်ပြထားသည်။

## မေတ္တာဝါဒ




နိကာယ်ငါးရပ်လာ မေတ္တာ၏ စွမ်းအားသတ္တိထူးများကို ဖော်ပြ၍ သိပ္ပံပညာ-စိတ်ပညာတို့နှင့် နှိုးနှောစိစစ်ထားခြင်း၊ မိုးညှင်းဆရာတော်၊ တောင်တန်းဆရာတော် စသော ပုဂ္ဂိုလ်ထူးများစွာတို့၏ မေတ္တာ လက်တွေ့ အသုံးချပုံများ၊ ကမ္ဘာဦးခေတ်မှ ယနေ့ခေတ်အထိ ထူးခြားသော မေတ္တာကိုယ်တွေ့ ခေတ်လမ်းများ၊ မေတ္တာဓာတ်ရိုက်ပုံ၊ မေတ္တာစျာန်ထူထောင်နည်း၊ မေတ္တာစျာန်မှ ဝိပဿနာတက်ပုံ စသော မေတ္တာနှင့် စပ်၍ ရှင်းလင်းလွယ်ကူလေးနက်သည့် စာအုပ်။

# ကမ္ဘာလှည့်တရား




မြန်မာနိုင်ငံ၌ အသက် ၂၈ မှ သက်တော် ၆၈ နှစ် အထိ သီတင်းသုံးနေထိုင်ပြီး ကမ္ဘာကို သုံးပတ်ပတ်၍ ဟောခဲ့သော တရားများ။

တောင်ငူမြို့ မစ္စတာ သော်မဆင် ဦးဆောင်သော ကရင်အမျိုးသား ၇၀၀၀ တို့ ဗုဒ္ဓဘာသာဝင်ရာ၌ နှုတ်ခွန်းဆက် အားပေးစကား။

သိပ္ပံနည်းကျ ဘာသာတရားစိစစ်ဟောပြောချက်များ၊ ကမ္ဘာ့ခေါင်းဆောင်ကြီးများထံ ဗုဒ္ဓဝါဒဖြင့် ကမ္ဘာ့စစ် တားဆီးရေး နှိုးဆော်ချက်များ။

ဓမ္မပဒဖတ်ရာမှ ဗုဒ္ဓဘာသာဝင်ဖြစ်လာခဲ့ပုံ၊ သူ့ဘဝ၊ သူ့အမြင် ကိုယ်တွေ့များအား ကမ္ဘာလှည့်ဟောကြားခဲ့သော တရားတော်များကို စုစည်း၍ ဘာသာပြန်ထားသည်။

ကမ္ဘာ့သာသနာပြုလုပ်ငန်း စိတ်ပါဝင်စားသူတိုင်း လက်မလွတ်တမ်း ဖတ်ရှုသင့်သည့် စာအုပ်ကောင်းတစ်အုပ်။

# ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာကြီး




ကမ္ဘာ့ကုလသမဂ္ဂ ဘာသာရေး ထိပ်သီးညီလာခံ သြဘာလက်ခုပ်သံကြားက ကိုယ်တွေ့ ကမ္ဘာ့ငြိမ်းချမ်းရေး တရား။ ကမ္ဘာ့ထိပ်သီးစီးပွားရေးညီလာခံကြီးတွင် ဆရာကြီး ဦးဂိုအင်ကာ၏ ဟောပြောချက်များ။

ကမ္ဘာ့တိုက်ကြီး ၅ - တိုက်၊ နိုင်ငံပေါင်း ၃၂ နိုင်ငံမှ ယောဂီပေါင်း ၇၅၀ တို့ ပထမ အကြိမ် မြန်မာနိုင်ငံသို့ ဘုရားဖူးခရီးရောက်ရှိပြီး ဓမ္မရသ-ဓမ္မပီတိခံစားရပုံ ဆရာကြီး ဦးဂိုအင်ကာ၏ ရေးသားချက်များ။

ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးကို အရကျက်ထားနိုင်သော တိပိဋကဓရဆရာတော် ဦးဝိစိတ္တသာရာဘိဝံသအကြောင်း ဦးဂိုအင်ကာ၏ ကိုယ်တွေ့မှတ်တမ်း။

ဦးဂိုအင်ကာ၏ အဘိုး (ဗာဗာ) ပြောပြလေ့ရှိသော အနှစ်တစ်ရာကျော်က မြန်မာလူမျိုးတို့အကြောင်းနှင့် ဦးဂိုအင်ကာ၏ ဘဝတစ်စိတ်တစ်ဒေသ စသည်ဖြင့် သမိုင်းဝင်ဓာတ်ပုံမှတ်တမ်းများ ပါရှိသည့် စာအုပ်ကောင်းတစ်အုပ်။

## သန္ဒိဋ္ဌိကတရားတော်များ



ကျေးဇူးတော်ရှင် ဝေဘူဆရာတော်ဘုရားကြီး ရန်ကုန်မြို့သို့ ကြွရောက်စဉ်က ဟောပြောပြသညွှန်ကြားခဲ့သော တရားတော်များကို မူရင်းတိတ်ခွေ မှတစ်ဆင့် ခံရာခဲဆစ် ကူးယူပြီး၊ စိစစ်ရွေးချယ်ကာ စုဆောင်း စီစဉ်ထားသည်။

## အကာလိကတရားတော်များ

ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး၏ ဟောပြောချက်မူရင်းတိတ်ခွေမှ ရှားရှားပါးပါးကူးယူဖော်ပြထားသည့် ဓမ္မအနှစ်သာရရှိရှိတရားတော်များဖြစ်သည်။

ဟေ်ပဿိက တရားတော်များ၊ ဩနနေယျိက တရားတော်များ စသည်ဖြင့် ဆက်လက်၍ ဖော်ထုတ် ပူဇော်သွားမည် ဖြစ်ပါကြောင်း။

